
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) (ဗျူး စာပေ)
အမှတ်-၅၂၀(က)၊ အင်း၀(၄)လမ်း။
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးကျော်ရင် (ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ်-၂၂၇၊ ၃၂လမ်း။ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။

ပုံနှိပ်ခြင်း - ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလ။

အုပ်ရေ - ၅၀၀ အုပ်

တန်ဖိုး - ၁၀၀ ကျပ်

ဖြန့်ချိရေး - ဖိုးလပြည့်စာပေ
အမှတ်-၂၂၉၊ ၃လွှာ၊ ၃၁-လမ်း။
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၁၆၃၇၆၄၊ ၀၉-၅၀၈၉၈၅၄

၈၉၅.၈၃
လွန်းတမို
ညို့ချက်ပြင်းသည်ထိုနှင်းဆီ/လွန်းတမို၊ ရန်ကုန်၊
ဗျူးစာပေ၊ ၂၀၀၄။
(၂၇၂)စာ၊ ၁၂ စင်တီမီတာ × ၁၇.၇ စင်တီမီတာ
(၁) ညို့ချက်ပြင်းသည်ထိုနှင်းဆီ

အခန်း ( ၁ )

"ကြီးမေရေ ... ဟောဒီမှာ ကြီးမေ သမီး လင်းလက်လ၊ ကြောင်အိမ်ထဲက ဟင်းတွေလာခိုးစားနေတယ် ... "

"အမလေးဟယ် ... ကုန်ပါပြီ ... ကြည့်စမ်း ... "

တိမ်တံခွန်က ကြီးမေ ကြားအောင် အထိတ်တလန့်အော်လိုက်သလို လင်းလက်လကိုလည်း ထွက်ပြေးလို့မရအောင် အင်းချုပ်ကိုင်ကာ ဆွဲထားလိုက်တော့ ... နောက်ဖေးမီးဖိုခန်းထဲမှာ တဝုန်းဝုန်း တဒိုင်းဒိုင်းနဲ့ အသံတွေကပါ ဆူညံသွားသည်။

"လ,နော် ... နင်မပြေးနဲ့ ... "

"ဝုန်း ... "

"ဒုန်း ... "

"ဟာ ... ပြေးပြီ ကြီးမေရေ ... ငါးဖယ်ကြော်တွေ ပါးစပ်ထဲမှာ ပလုတ်ပလောင်းသွပ်ပြီး ကြီးမေသမီး ပြေးပြီ ... "

"ကြည့်စမ်း ... ကြည့်စမ်း ... တော်တော်ဆိုးတဲ့ကောင်မလေး"

"လိုက် ... ကြီးမေ ... လိုက် ... လိုက် ... နောက်ဖေးပေါက်



www.burmeseclassic.com

www.burmeseclassic.com



ကနေ ကြီးမေ သမီး ခုန်ဆင်းပြေးသွားတာ ... ကျွန်တော့်ကိုလည်း လက်သည်းနဲ့ကုတ်ပြီး ရိုက်သွားတယ်"

"ဘယ်မှာလဲ ... ဘယ်မှာလဲ ... ဘယ်ကိုဆင်းပြေးသွားတာလဲ"

ဒေါ်မြတ်လွန်းမေမှာတော့ တစ်ယောက်တည်း အဝတ်တွေ လျှော်ရ မီးပူတိုက်ရနဲ့ ချက်ပြုတ်ပြီးတာတောင် တချက်လေး နားရသေးလို့လား။

ခြံဝင်းကျယ်ကြီးတစ်ခုထဲမှာ နှစ်အိမ်တစ်အိမ် အတူနေကြတဲ့ မိသားစုတွေပါ။ တိမ်တံခွန်အော်တော့မှ လျှော်လက်စအဝတ်တွေပစ်ချပြီး မီးဖိုချောင်ထဲက ကြောင်အိမ်သုံးဆင့်ကို အပြေးအလွှားသွားကြည့်လိုက်တော့ ... ချိုင့်အဖုံးလည်းလန်၊ ငါးဖယ်ကြော်ပန်းကန်လည်းမှောက်နဲ့ ...

ဘယ်လိုလုပ်မလဲ ...

တစ်အိမ်လုံးမှာ ဒီသားအမိနှစ်ယောက်ပဲ ရှိပါတယ်။ မအေကိုလည်း ပိုင်းမကူ၊ ချက်တာ ပြုတ်တာလည်း စိတ်မဝင်စား၊ ဒေါ်မြတ်လွန်းမေ စိတ်တိုလာလို့ ဒင်းငယ်ထိပ်ကို ခေါက်တော့လည်း ကိုယ့်လက်ပဲနာ။ ကိုယ်ပဲ ဒေါသဖြစ်ရ ကိုယ်ပဲ စိတ်တိုရနဲ့။

ခုလည်း ...

ငါးဖယ်ကြော်တွေ ပါးစပ်ထဲမှာ ပလုတ်ပလောင်းထည့်ပြီး ပြေးပြီတဲ့။

"ကုန်ပါပြီ ... ကုန်ပါပြီ ... ညစာအတွက် ငါးဖယ်ကြော်သုပ်ကလေး လုပ်စားမယ်ဆိုပြီး ချိုင့်ထဲကို တကူးတက ကြော်ထည့်ထားတာ၊ အခု ... ဒီအငတ်မ ဘယ်ရောက်သွားပြီလဲ"





မှောက်နေတဲ့ ချိုင့်ကိုကြည့်လိုက်တော့ ...

အခု နှစ်ဆယ်လောက်ကြော်ထားတာ၊ အခုဒီမှာ ဘာကျန်တော့လို့လဲ ... ငတ်တဲ့နေရာမှာ နှစ်ယောက်မရှိအောင် ငတ်တဲ့ လင်းလက်လ။ တက္ကသိုလ် ပထမနှစ်လည်း စတက်နေပြီ။ ခုထိ ကလေးစိတ်က မကုန်ချင်သေး။

ဟိုဘက်က တိုက်မြင့်ကြီးပေါ်မှာနေတဲ့ ပျို့မွေးချိုသား တိမ်တံခွန်က တက္ကသိုလ် နောက်ဆုံးနှစ်တက်နေတာမို့ လူကြီးစိတ်လေးဝင်လာတာ မှန်ပေမယ့် ဒီကျေးဇူးရှင်မလေး လင်းလက်လကတော့ ဒီနှစ်အိမ် နှစ်မိသားစုကြားမှာ သူ့ပဲဗိုလ်။ သူ့ပဲသခင်။

"အဲဒါ ... လူမမိရင် ကြီးမေသမီးက ကြောင်မကြီးပူစီကို လွှဲချဦးမှာ ... ကျွန်တော်ကလည်း လှေကားထိပ်ကနေ ရိပ်ခနဲမြင်လိုက်လို့ မသင်္ကာဖြစ်ပြီး နောက်ကလိုက်ချောင်းတာ၊ ကွက်တိပဲ ... အဲဒါ ... ကြီးမေ ကြပ်ကြပ်အလိုလိုက်၊ ကြာရင် ကြီးမေသမီး ပျက်မယ် ..."

ခြံထဲမှာရှိသမျှ လူကုန် လင်းလက်လကို မနိုင်။

တိမ်တံခွန်ဆိုတာကလည်း အရွဲ့ဆိုကတည်းက လင်းလက်လအိပ်နေတဲ့ ပုခက်ကလေးကို လာလာလွှဲသိပ်ပေးတတ်တဲ့ ကလေး။ ခြံကြီး တစ်ခြံထဲမှာ သွေးမတော်သားမစပ်တွေ၊ နှစ်အိမ်တစ်အိမ် အတူနေလာခဲ့ကြတယ်ဆိုပေမယ့် ကိုယ်ခံယူထားတာက ပျို့မွေးချိုသားလည်း ကိုယ့်သား၊ ကိုယ့်သမီး လင်းလက်လကလည်း ပျို့မွေးချိုသမီး။

တစ်ခြံထဲမှာနေရင်း ...



www.burmeseclassic.com

www.burmeseclassic.com



ပို့မွေးချိုက သားတစ်ယောက်မွေးခဲ့သလို ...

မြတ်လွန်းမေကလည်း သမီးတစ်ယောက် မွေးခဲ့သည်။

ဒီမောင်နှမနှစ်ယောက် အတူသွား အတူကစား အတူ ကျောင်းတက်နဲ့ ဒီအရွယ်ထိ ရောက်လာတာ။

ဘာပဲပြောပြော ...

တိမ်တံခွန်က အေးအေးလေးနဲ့ တည်တည်ကလေး နေတတ်ခဲ့ပေမယ့် လင်းလက်လကတော့ အားလုံးသိတဲ့အတိုင်း တစ်ခြံလုံးကို ငယ်ငယ်လေးကတည်းက စွာစွာ စွာစွာလေးနဲ့ ဗိုလ်ကျ အနိုင်ယူလာတာလေ။

ခင်ပွန်းသည် ဆုံးသွားလို့ ကိုယ့်မှာအားကိုးတိုင်ပင်စရာ ယောက်ျား မရှိတော့တာ မှန်ပေမယ့် ခင်ပွန်းဘက်က ရလိုက်တဲ့ အမွေတွေနဲ့ လက်ငုတ်လက်ရင်းအဖြစ် ကျန်ခဲ့တဲ့ စီးပွားရေးလေးက မပူမပင် မကြောင့်မကျနေနိုင်အောင် အထောက်အကူလေးပေးခဲ့တော့ မှဆိုးမပေမယ့် သမီးလင်းလက်လကို ဒီအရွယ်ထိရောက်အောင် စောင့်ရှောက်ပေးနိုင်လာခဲ့တာပဲ ဖြစ်သည်။

ခင်ပွန်းသည် ထားခဲ့သည့် ရောင်စုံအော့ဖ်ဆက်ပုံနှိပ်တိုက် လုပ်ငန်းလေးက လက်ဖျားငွေသီးနေအောင် မရခဲ့သည့်တိုင် တဝမ်းတစ်ခါးလေးကတော့ ရှိခဲ့တာ အမှန်ပဲဖြစ်သည်။

သေချာတာက ...

အပြင်မှာ ကိုယ်တိုင်စီးပွားထွက်မရှာရတာမှန်ပေမယ့် တစ်နေ့ တစ်နေ့ ဒီသမီးအတွက်ပဲ ဦးမှောက်ခြောက် ခေါင်းစားနေရတာက စာဖွဲ့ပြလို့တောင် ကုန်နိုင်ပါတော့မလား။





မနက်မိုးလင်းကတည်းက ...

ဟိုဟာမကြိုက်ဘူး၊ ဒီဟာမကြိုက်ဘူးနဲ့ အမျိုးမျိုးချေးများနေလို့ ထီးကလေးချိုင်းကြားညှပ်ပြီး ဈေးကို အခေါက်ခေါက်အခါခါ ပြေးရတာလည်းကိုယ်။ ဝယ်လာပြန်တော့လည်း ဟိုလိုမချက်နဲ့၊ ဒီလိုမချက်နဲ့ဆိုပြီး အမျိုးမျိုးဆရာလာလုပ်နေလို့ ငံပြာရည်ပဲ လျှော့ရတော့မလိုလို ဆီပဲထည့်ရတော့မလိုလိုနဲ့ ဟင်းချက်ရင်း အယောင်ယောင်အမှားမှားတွေလည်း ဖြစ်လို့ဖြစ်။

ကျောင်းသွားနေတဲ့အချိန်မှာ

နားအေးပါးအေးလေးနဲ့ တရားလေးထိုင် ပုတီးလေးစိပ်လုပ်နိုင်ပေမယ့် ဟိုမောင်နှမနှစ်ယောက် ကျောင်းကပြန်ရောက်လာပြီဆိုတာနဲ့ ကိုယ်ကဦးရင် ကိုယ်တိုင် သူကဦးရင်သူတိုင် အပြန်ပြန်အလှန်လှန် ရိုက်ကြနှိပ်ကြ ထိပ်ခေါက်ကြနဲ့ လမ်းမှာကတည်းက ပွက်ပွက်ညံလာခဲ့ကြတာ။

သုံးနှစ်ကြီး သုံးနှစ်ငယ်တွေမို့ ...

ကိုကြီးလုပ်တဲ့ တိမ်တံခွန်က ညီမလေးမို့ အရှုံးပေးလာခဲ့ပေမယ့် စိတ်ဆိုးလည်း ခဏ၊ ဒေါသဖြစ်လည်း ခဏနဲ့ လင်းလက်လတရှုံ့ရှုံ့ငိုပြီဆိုတာနဲ့ ဟိုက ကိုင်ပေါက်လွှင့်ပစ်ထားသမျှ ပစ္စည်းတွေကို ပြန်လိုက်ကောက်ရင်း လင်းလက်လကိုပဲ ပြန်ပြန်ချော့ရတာ ဘယ်တုန်းက တိမ်တံခွန်က အနိုင်ယူဖူးလို့လဲ။

တိမ်တံခွန် သုံးနှစ်သားအရွယ်လေးတုန်းကဆို ...

ရှစ်လဗိုက်ကြီးလွယ်ထားရတဲ့ ဒေါ်မြတ်လွန်းမေအနားကို သွားပြီး အထဲက ကလေးလေးလှုပ်နေတာကို ဗိုက်နားကပ်ပြီး နားထောင်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကြီးမေနော် ... ကျွန်တော့်ကို ညီမလေးမွေးပေးရမယ် နော်၊ ဟာ ... ဟာ အထဲက ညီမလေးက ကျွန်တော့်ကို ခြေထောက်နဲ့လှမ်းကန်နေပြီ ကြီးမေရေ ... လှုပ် ... လှုပ်တယ်ဗျ ... ဟား ဟား ..."

အဲလို ညီမလေးလိုချင်ခဲ့တဲ့ တိမ်တံခွန်။

ဗိုက်ထဲမှာ ရှိစဉ်ကတည်းက ခြေထောက်နဲ့ အကန်ခံခဲ့ရတာတောင် မမှတ်ဘဲ သည်းသည်းလှုပ် လိုချင်လာခဲ့တဲ့ ဒီညီမလေးက တက္ကသိုလ် ပထမနှစ်တက်နေတဲ့အရွယ်ကို ရောက်လာတာတောင် သူ့ကိုကြီး တိမ်တံခွန်ကို အမျိုးမျိုး ပြဿနာရှာ ဗိုလ်ကျပြီးတော့ အနိုင်ကျင့်လာတာလေ။

ခုလည်း ... အိမ်နောက်ဖေးက ပြေးဆင်းသွားတာ။

ဘယ်ရောက်သွားမယ်ထင်သလဲ။

တိုက်မြင့်ကြီးနောက်က ရေစင်ကြီးပေါ်မှာ တက်ထိုင်နေလောက်ပြီ။

အခန်း ( ၂ )

"ကိုကြီး ..."

"ဘာလဲဟာ ... ဘာလဲ ... ပြော ... ပြော ..."

ညဆို တိမ်တံခွန် စာကျက်လည်း ကောင်းကောင်းမကျက်ရ။ ဒီမှာ စိတ်ဝင်တစားနဲ့ ရေးစရာရှိတာရေး၊ မှတ်စရာရှိတာ မှတ်ပြီဆို ... နောက်မှာ တိတ်တိတ်လေး လင်းလက်လ ရောက်လာပြီ။

"ညနေက ကိုကြီးနဲ့ ဖုန်းပြောနေတာ ဘယ်သူလဲ"

"အောင်မယ် ... ငါ့ဟာငါ ဘယ်သူနဲ့ပြောပြော နင့်အပူပါလား"

"ဟွန်း ... ကိုကြီး ရွှတ်နေတာ လ, သိတယ်နော်"

"ဘာပြောတယ်"

"အောင်မလေး ... မျက်လုံးကြီးပြူးပြီး ပြန်အော်မနေနဲ့၊ ဒီလိုဆရာကြီးအထာမျိုးတွေကို လတို့က ရိုးနေပြီ ... ဟွန်း... ကိုကြီး အမှန်အတိုင်းပြော ... မပြောရင် မာမီချို့နဲ့တိုင်မယ်"

သူကပဲ ခြိမ်းခြောက်နေသေးရဲ့။

ဖိုးလပြည့်တာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ မရွှေလင်းလက်လ ... "

"ပြောလေ ဘာလဲ ... "

"ဟိုကပြောတာ နင့်အကြောင်းပြောတာ ... "

"ဟင် ... လ,နဲ့ဘာဆိုင်လို့လဲ"

"မျက်နှာလေးက ချစ်ဖို့ကောင်းသလောက် နှုတ်ခမ်းလေးက ချွန်ပြီး တအားစွာလို့တဲ့"

"ဘာ ... ဘာ ... "

လမျက်တောင်ရှည်လေးတွေ ကော့တက်သွားတာ အဆုံးထိ။

"အဲဒါ ... နင်တက္ကသိုလ်စတက်တဲ့ ဖရက်ရှာဝဲလ်ကမ်းနေ့က ငါ့အတန်းဘက်ကို လိုက်လာတဲ့နင့်ကိုကြည့်ပြီး ငါ့သူငယ်ချင်းတွေ အကုန်လက်လှန်သွားတာလေ ... ငါ့လက်ကိုဆွဲပြီး ကန်တင်းဘက်ကို အတင်းခေါ်ထွက်သွားလို့ နင့်ကို မကျေမနပ်ဖြစ်ပြီး ငါ့သူငယ်ချင်းတွေကျန်ခဲ့တာ၊ ပြောတာလည်း အဲဒီနေ့ကအကြောင်းတွေ ပြောနေတာ ... ကဲ အဲဒါ ဘာဖြစ်လဲ ... "

"ပြောစရာလား"

မျက်စောင်းကြီးကိုလည်း ထိုးလိုက်သေးရဲ့။

အဲဒီနေ့က လ,လုပ်သွားတာ ဘယ်သူ့ကိုမှလည်း အားမနာ။ ကိုယ်က သူငယ်ချင်းတွေရှေ့မှာ ထူပူနေရတဲ့အဖြစ်။ နှုတ်ခမ်းလေး စူရန်တွေ့ပြီးတော့ သူငယ်ချင်းအုပ်စုထဲကနေ ကိုယ့်ကိုခွဲထုတ်သွားတာ။

"အခုလည်း ငါ့သူငယ်ချင်းတွေအားလုံးက နင့်ကိုဝိုင်းပြီးတော့ ဝေဖန်နေကြပြီ၊ ငါ့မှာ ဒီလိုအရမ်းချစ်ဖို့ကောင်းတဲ့ ညီမလေး





တစ်ယောက်ရှိတာ အခုမှသိရလို့ နာတယ်တဲ့ ... ကျော်သက်တို့အုပ်စုကလည်းပြောတယ်၊ ငြိမ်းချမ်းတို့ ဝေဖြိုးတို့ကလည်း ငါ့ကိုယောက်ဖ ယောက်ဖနဲ့ အဲဒီနေ့က အတန်းထဲမှာ တစ်နေ့ကုန် ငါ့ကိုဝိုင်းတွယ်နေကြတာ ... နင် နောက်တစ်ခါ ငါ့အတန်းဘက်ကို မလာနဲ့ ... "

"လာမယ် ... ဘာဖြစ်လဲ ... "

"လာရင် ... ငါအော်ထုတ်မှာ ... "

"ကိုကြီးနော် ... "

နှုတ်ခမ်းလေး စူတင်းထားတာလည်း ချွန်ချွန်လေးနဲ့ ဖူးကြွလို့။

ပြီးတော့လည်း သူ့ခုတင်ပေါ်မှာ ပိုင်စိုးပိုင်နင်း လှဲအိပ်ချသည်။ ဒါ ... ဟိုတုန်းကတည်းက လရဲ့ထုံးစံလေ။ ဒီအခန်းထဲလာတိုင်း ဘယ်တော့မှလည်း လူကငြိမ်ငြိမ်မနေ။ ဟိုဟာဆွဲထုတ်လိုက် ဒီဟာဆွဲကိုင်လိုက်နဲ့ ဖွချင်တိုင်းဖွလို့အားရရင် ခုတင်ပေါ် ပက်လက်လေး လှန်လှဲအိပ်ချပြီ။

ပြောလည်းမရ ... အော်ထုတ်လည်း မသွား ...

ငယ်ငယ်တုန်းက ဒီလိုလာလာလုပ်တာ အကြောင်းမဟုတ်ပေမယ့် အခုဟာက ... ကိုယ်လုံးဖူးဖူးတင်းတင်းလေးနဲ့ ဝင်းနှစ်နေတဲ့ လ,ပုံစံလေးက။

"ဟွန်း ... နင် ဒီအချိန်ကြီး ဘာလာလုပ်တာလဲ"

လှည့်မကြည့်ဘဲ ခပ်အောင့်အောင့်လေးတော့ မေးမိသည်။

"ဟာ ... ဘာလာလုပ်ရမှာလဲ ... မေမေနဲ့စိတ်ဆိုးလို့ ဒီမှာလာအိပ်တာလေ"



www.burmeseclassic.com

www.burmeseclassic.com



ခွအုံးကြီးကိုဖက်ပြီး အတင်းခွလိုက်တော့ ...

ခြေသလုံးဝင်းဝင်းနှစ်နှစ်ကလေးက ထင်းခနဲ ပေါ်သွားသည်။

"ဟာ ... အိပ်လို့ရမလား"

ကိုယ့်မှာတော့ ပြောလည်းပြောရ ပြန်လည်းလှည့်ရနဲ့။

ဘယ်လိုလုပ်မလဲ ...

ခုလည်း မာမီမသိအောင် ခြေဖွနင်းပြီး ဒီအပေါ်ထပ်ရောက်အောင် တိတ်တိတ်လေး ခိုးတက်လာတာပဲ နေမှာ။ သိလို့ကတော့ မျက်လုံးပြူး မျက်ဆန်ပြူးနဲ့ ... မာမီ အော်ထုတ်ပြီ။

"ကိုကြီးနော် ... လ,ငယ်ငယ်လေးကတည်းက ဒီခုတင်ကြီးပေါ်မှာ အမြဲတက်အိပ်နေကြဟာကို ရတယ် ... ကိုကြီးက ကိုကြီးစာပဲကျက်ကျက် ဂိမ်းပဲဆော့ဆော့ ... လ, ဒီမှာပဲ အိပ်မယ် ... ဒါပဲ ... ဘယ်သူမှ လာမပြောနဲ့"

တစ်ယောက်ယောက်နဲ့ ပြဿနာဖြစ်လာပြီလားဆို လ,က အဲလို။ မျက်နှာလေးကို ရှုပုတ်တင်းထားသလို နှုတ်ကလည်း ဆီမန်းမန်းသလို တဖွဖွရွတ်နေတာက ... ဘယ်သူ့ကိုပြောလို့ပြောနေမှန်းလည်း မသိ။

"လနော် ... နင် ကြီးမေကို စိတ်ညစ်အောင်လုပ်လာပြန်ပြီလား ... ကိုယ့်မေမေကို စိတ်ညစ်အောင်လုပ်ရင် နင် ငရဲကြီးမှာနော်"

"ကြီးလေ ... ကြီး ... ဘာဖြစ်လဲ ... "

"အေးလေ ... နင်ကတော့ ငရဲကြီးမှာ ဘယ်ကြောက်ပါ့မလဲ ... နင်သာ ငရဲပြည်ရောက်သွားရင် ငရဲမင်းကြီးက နင့်ကိုမြင်





တာနဲ့ ထွက်ပြေးမှာ ... "

"ဟွန်း ... အလကားမေမေ ... လ,လိုချင်တဲ့ ကိုရီးယား Exo ကြောပိုးအိတ်ကလေးကျတော့ ဝယ်မပေးဘဲနဲ့ ... ဖေဖေဆိုးတာ ဆယ်နှစ်ပြည့် ဆွမ်းကျွေးလုပ်မလို့တဲ့ ... အဲဒါ ... လ,နဲ့ဖေဖေကို မေမေ ဘယ်သူ့ကိုပိုချစ်သလဲဆိုတဲ့အဖြေက ရှင်းသွားပြီ ... အဟင့် ... အလကား မေမေ ... ပြောလိုက်ရင် ... သမီးလေးကိုချစ်တယ် ... ချစ်တယ်နဲ့ ... အခု ဘယ်မှာချစ်လို့လဲ ... "

"နားငြီးတယ် လ,ရာ ... "

"အဟင့် ... ကိုကြီးနော် ... ကိုကြီးကိုလည်း လ,အမြဲကြည့်ကြည့်နေတာ ... ကိုကြီးလည်း အလကားပဲ့၊ ဒီအခန်းထဲကို လ,လာပြီဆိုတာနဲ့ အော်ထုတ်ရတာနဲ့ မောင်းထုတ်ရတာနဲ့၊ လကို ဘယ်မှာချစ်လို့လဲ ... သူ့ကိုယ်သူ ချောတယ် ချောတယ်နဲ့ ကျောင်းထဲက ကောင်မလေးတွေရှေ့မှာ ပဲတွေစွတ်စွတ်ပေးနေတာ ... အဟင့် ... ညနေကလည်း ပါးစုံကြီးဖြဲကားပြီး ဖုန်းအကြာကြီးပြောနေတာ ... ဘာကိုကြီးလဲ ... အဟင့် အီးပေါ်လော ကိုကြီး ... "

တွေ့လား ... ကြီးမေကို မကောင်းပြောလိုက် ...

ကိုယ့်ကိုလည်း ပစ်ပစ်နှစ်နှစ်ဝေဖန်လိုက်နဲ့ ...

ဘယ်လိုမှ စကျက်လို့မရအောင် ဂျီကျနေတာလေ။

"လ,ရာ ... နင့်ကိုငါ တောင်းပန်တယ်သိလား၊ ဟိုစားပွဲပေါ်က ပလတ်စတစ်ဗူးထဲမှာ မန္တလေး လမုန့်တွေ ပါကင်လိုက်ကြီးငါထည့်ထားတယ် ... နင်ကြိုက်သလောက်ယူပြီး ပြန်တော့"

"ဟာ ... မောင်းထုတ်ပြန်ပြီ ... အဟင့် ... "

ဒီမှာဖြစ်နေတာက ခုတင်ပေါ်က လကိုလှည့်ကြည့်ချင်ပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် လှည့်မကြည့်ရဲ၊ လည်ပင်းဟိုက်အပွ နီညိုရောင်လေးဝတ်ထား တော့ ပိုဆိုးသည်။ တကယ်ဆို ... ဒီဒုက္ခတွေကို လ,ဆယ်တန်းနှစ် မှာကတည်းက ထူးထူးခြားခြား ခံစားလာခဲ့ရတာလေ။

ခြံဝင်းကျယ်ကြီးတစ်ခုထဲမှာ ...

နှစ်အိမ့်တစ်အိမ်နေပြီး မောင်နှမရင်းချာတွေလို ဆက်ဆံလာ ခဲ့လို့ ဘာဖြစ်ဖြစ် စိတ်ကိုတင်းပြီး ဟန်ဆောင်လာခဲ့ရတာ။ ပြောရရင် ဒီဒုက္ခက အရှင်လတ်လတ်ငရဲကျနေသလား အောက်မေ့ရအောင် ဆိုးမှဆိုး။

"အဟင့် ... စိတ်ညစ်လို့ ကိုကြီးဆီကို လာပါတယ်ဆိုမှ လ, ကိုပဲမောင်းမောင်းထုတ်နေတယ်၊ အခုတလော ကိုကြီးဘာဖြစ်နေ တာလဲဟင် ... ကျောင်းထဲမှာလည်း လ,ကို ခွေးစားစား ကျီးထိုး ထိုးဆိုပြီး ကိုကြီးပစ်ထားတယ် ... လ,က အတင်းလိုက်ရှာတော့မှ ကိုကြီးနဲ့တွေ့ရတာ ... ကိုကြီး ... လကို မချစ်ဘူးလားဟင်"

"လ,ရာ ... နင် ငါ့ကို တော်တော်ဒုက္ခပေးတယ် သိလား"

တိမ်တံခွန် ခေါင်းပေါ်က ဆံပင်တွေကိုပဲ ထိုးသွင်းဆွဲဖွပစ် ကာ တဖြင်းဖြင်း ကုတ်ပစ်မိသည်။ ဟိုတုန်းက ချစ်လားမေးရင် ချစ်တယ် ချစ်တယ် အများကြီး ချစ်တယ်ကွလို့ပြောပြီး လ,ကိုယ် လုံးလေးကို သိမ်းကျုံးလို့ ပွေ့ဖက်ခဲ့ဖူးပေမယ့် ... အခုကျတော့ အဲလိုကြီးလုပ်ရင် ကောင်းပါတော့မလား။

"ကိုကြီးနော် ... လ,မေးတာကို အခုချက်ချင်းဖြေနော်"

ဟော ... တွေ့လား ...

ဖရိုဖရဲပုံစံကလေးနဲ့ ခုတင်ပေါ်က ဆင်းလာပြန်ပြီ။

ဒီလိုဆင်းလာတော့ လည်ပင်းဟိုက်အပွအင်္ကျီလေးကလည်း





...ရဲ့ ဆံပင်ရှည်တွေက ရှေ့မှာတစ်ဝက် နောက်မှာတစ်ဝက်။

"ပြောလေ ကိုကြီး ... လ, မေးတာဖြေမလား မဖြေဘူး ...ား"

ဟော ... ကြည့် ... သူ မကြိုက်တာပြောရင် လူကိုရိုက်ဖို့ ...က်ကိုအဆင်သင့် ရွယ်ထားလိုက်ပြီ။

"လရယ် ... နင်ဘာဖြစ်လို့ နေရာတကာ ကလေးဆန်ချင် နေရတာလဲဟင် ... ခုလည်း ကိုယ့်စာကိုယ်မကျက်ဘဲနဲ့ နင် ငါ့ကို ...သနာလာရှာနေတာ ... နင့်ကိုငါချစ်တာ ဒီခြံထဲကလူတွေမပြော ...့ ... စကြဝဠာကြီးတစ်ခုလုံးတောင် သိတယ် ... "

"ကိုကြီးနော် ... လကို အာဖျံကွိုးမလုပ်နဲ့"

ပြုံးလာတဲ့ ပါးကလေးဟာ ...

လက်ကလေးနဲ့ ခပ်ဆတ်ဆတ်လေး ရိုက်ပစ်လိုက်ချင်စရာ။

"မာမီကဆို ... နင့်ကိုအလိုက်လိုက်လွန်းလို့ ငါ့ကိုတောင် ...နေတာ၊ ဟိုနေ့ကလည်း မာမီပုတီးစိတ်နေတာကို နောက်ကနေ ...ကလိသွားထိုးလို့ မာမီလန့်ပြီး အော်ရသေးတယ်ဆို ... "

"ဟား ... ဟား ... "

တွေ့လား ... ရုပ်ကိုက ...

"အဲဒါ ... မာမီက လ,ကိုတွေ့ရဲ့သားနဲ့ မခေါ်ဘဲ ပဲများနေ ...လို့ တိတ်တိတ်လေး ကလိသွားထိုးတာလေ ... ဘာဖြစ်လဲ ... ...က လ,မှာ မေမေနှစ်ယောက်ရှိတယ်ဆိုတာ လူတိုင်းကိုပြောပြီး ...ား ... "

"အေး ... အမေနှစ်ယောက်ရှိတယ်ပြောပြောပြီး၊ ဟိုအိမ်မှာ ...က်စားလိုက်၊ ဒီအိမ်မှာ ခွတီးလိုက်နဲ့၊ နင် ထင်သလို ဗိုလ်ကျလာ



www.burmeseclassic.com

www.burmeseclassic.com



တာလေ ... ဒီတစ်ခြံလုံး နှင်းသောင်းကြမ်းတဲ့ဒဏ်ကို ဘယ်လောက် ခံစားလာရတယ်မှတ်လဲ ... "

"ခံပေါ့ ... ဘာဖြစ်လဲ၊ လ,မမွေးခင်တုန်းက တစ်ခြံလုံးက မေမေ ဗိုက်ထဲက ကလေးကို မိန်းကလေးဖြစ်ရင် သိပ်ကောင်းမှာပဲဆိုပြီး တမ်းတခဲ့ကြတာလေ ... ဒါကြောင့်မို့ မှတ်လောက်သားလောက်အောင် တစ်ခြံလုံးကို ဒုက္ခပေးနေတာ ... "

"သွားတော့လေ ... လ ... "

သူက အနေအထိုင်မဆင်ခြင်တော့ ကိုယ်မှာ မျက်နှာလွှဲရတာနဲ့ မျက်တောင် တဖျပ်ဖျပ်ပုတ်ပြီး ဟိုလိုလို ဒီလိုလိုလုပ်ပစ်ရတာနဲ့။

"ကိုကြီး ... "

တွေ့လား ... စားပွဲမှာ မေးလေးထောက်ပြီး မျက်တောင်ကော့ကြီးတွေနဲ့ လာကြည့်နေပြန်ပြီ ... "

"ဘာလဲဟာ ... ဘာလဲ ... "

"လ,ကိုချစ်ရင် Exo အိတ်လေးဝယ်ပေးနော် ... "

"အေး ... ဒီခြံထဲမှာ စာလေးကြိုးစားပြီး ငြိမ်ငြိမ်ကုတ်ကုတ်လေးနေရင် ငါဝယ်ပေးမယ်"

"တကယ်နော် ... "

"တကယ် ... တကယ် ... "

"ဘုရားစူး ... "

"စူးဟာစူး ... ကြိုက်သလောက်စူး ... "

သူ့ စိတ်မရှည်နိုင်တာလည်း မပြောနဲ့။

မာမီကဆို စူပါမားကတ်ကြီးတွေသွားတိုင်း လကိုပဲ ဘော်ဒီ





တ်အဖြစ်နဲ့ ခေါ်သွားနေကြ။ လ,လိုချင်တာမှန်သမျှလည်း ဝယ်ပေးရသည်။ လ,စားချင်တာမှန်သမျှလည်း လိုက်ကျွေးရသည်။ ဟိုတစ်ခေါက်ကဆို ဗိုလ်ချုပ်ဈေးထဲမှာ တုတ်ထိုးစားချင်တယ်ဆိုလို့ ဆိုင်ဘေးမှာ ပလတ်စတစ် ထိုင်ခုံလေးချပြီး မာမီပါ ဝင်ထိုင်ခဲ့ရတာ။ ငယ်ငယ်လေးကတည်းက ...

ကိုယ့်သား သူ့သမီးအဆင့်မခွဲဘဲ လ,ကို သည်းသည်းလှုပ်မာမီတို့က ချစ်လာတာလေ။ ဘာပစ္စည်းလေးပဲ ဝယ်လိုက်ဝယ်လိုက် သူ့ကို တစ်ခုဆိုရင် လ,ကိုလည်းတစ်ခု။ သူ့ကို အင်္ကျီတစ်ထည်ဆိုရင် လ,ကိုလည်း အင်္ကျီတစ်ထည်။

ဒါတောင် ... လ,ဘယ်လောက်ကြိုက်ကြိုက် ...

အဲဒီအင်္ကျီလေးက လ,နဲ့မလိုက်ဘူးထင်လို့ မာမီက ဝယ်မပေးရင် နှုတ်ခမ်းလေးဆူပြီး မာမီ့ကိုပဲ တစ်လမ်းလုံး မျက်စောင်းလေးထိုးလာတာ။ ချစ်ခဲ့တာလည်း မာမီက သမီးရင်းနဲ့မခြား။

ဆိုးကောင်းတိုင်းဆိုးနေခဲ့တာက လင်းလက်လ,ဆိုတဲ့ ကျေးရွာင်မလေးပါပဲ။ ခုတော့ Exo အိတ်ကလေးဝယ်ပေးမယ်ဆိုမှ လ,ထွက်သွားလို့ စာဖတ်မယ်ကြံကာရှိသေး ကျောနောက်က ရှုစိဖြစ်လာလို့ ကြည့်လိုက်တော့ ...

"ဟိုက် ... "

"ဒီကောင်မလေးကွာ ... ဟား ... "

မျောက်အမြီး တပ်သလို တပ်သွားတဲ့ စက္ကူရှည်တန်းလန်းကြီးက သူ့ကျောနောက်မှာ ဆန့်ဆန့်ကြီး ကျနေတော့တာလေ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၃ )

"မိုက်တယ်ကွာ ... "

"အသားလေးဝင်းနှစ်နေတာက ကြည့်လို့ကောင်းတာကွ"

"စွာတယ်နော် ... ဟော့ကောင်တွေ ပေါ်တင်ကြီးသွား မကြည့်နဲ့ ... "

"အဲဒါ ... ဗိုင်နယ်ရိုးယား ကမ်မက်စရိကဲ တိမ်တံခွန့်ညီမလို့ ပြောတယ်ကွ"

"ဟာ ... မင်းကလည်း မသိဘဲနဲ့ပြောနေပြန်ပြီ၊ တစ်ခြိတည်းမှာ တိုက်ကြီးတစ်လုံးနဲ့ ပျဉ်ထောင်အိမ်လေးတစ်လုံးဆောက်ပြီး အတူတူနေကြလို့ မောင်နှမတော်တယ် ထင်နေကြတာ"

လ, ကျောင်းထဲကိုရောက်သွားပြီဆိုတာနဲ့ ...

လ,ကို သိသိသာသာ ဖြောင်ငမ်းတဲ့သူကငမ်း၊ မသိမသာ ခိုးကြည့်တဲ့လူက ကြည့် ... မကြားတကြား လှမ်းစတဲ့လူက စနှင့်

လ,ကတော့ လှည့်မကြည့်ပါဘူး။ ဘာဖြစ်လဲ ...

မျက်နှာထားလေးကို တမင်တင်းထားပြီးတော့မှ ခပ်တည်တည်လေးလျှောက်သွားတာ။ ဒီကြားထဲ ကျောင်းဖယ်ရီကားပေါ်





မှာ ကိုကြီးနဲ့ရန်ဖြစ်ရတာလည်း ခဏ ခဏ။

"လနော် ... ကျောင်းကားပေါ်မှာ နင့်နေကြာစေ့ခွံတွေက ရှုပ်သလဲနေပြီ"

"ဟွန့် ... အဲဒါ ဘာဖြစ်လို့လဲ ကိုကြီးရဲ့ ... "

"ဘာဖြစ်ရမလဲ ... ဟိုမှာ အခွံတွေကို မှုတ်ထုတ်လို့ သူများဆံပင်တွေမှာ ကပ်ကုန်ပြီလေ ... "

"အဲတော့ ... "

အဲဒီတော့မှ ပြာပြာသလဲခါချပြီး ရှေ့ထိုင်ခုံက ကျောင်းသူလေးကို တောင်းပန်ရတာလည်း ခဏခဏ။ တောင်းပန်တော့လည်း သူကတောင်းပန်တာမဟုတ်ဘဲ ကိုယ့်ပဲတောင်းပန်ရတာ ဘယ်လောက် မျက်နှာပူဖို့ကောင်းလဲ။

"ဟွန်း ... ကိုကြီးနော်"

"ဘာလဲ"

"လ သိတယ်"

"ဘာ ... ဘာသိတာလဲ"

"ကိုကြီး အရောဝင်ချင်လို့ သွားတောင်းပန်တာ"

"အောင်မယ် ... "

လာလာချည်သေး ... ကိုယ်ကပဲ အရောဝင်ချင်လို့တဲ့ ...

"ဒီမှာ ... "

"မပြောနဲ့ ... မကြားချင်ဘူး"

မျက်စောင်းလည်းထိုး ...

မျက်နှာလေးကိုလည်း ဖျက်ခနဲ ဟိုဘက်လှည့်နဲ့ ...

ဆံပင်ရှည်တွေပါ ... ယမ်းထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရတယ် ... မကြားချင်လည်းနေ ... ပြောရတာ လေကုန်တောင် သက်သာသေးတယ်"

"အလကားကိုကြီး ... အီးပေါလောကိုကြီး ... ဟွန့် ..."

သူ ... စိတ်ကောက်ပြီဆို ...

အဲလိုလည်း မေတ္တာပို့တတ်သေးတဲ့ လင်းလက်လ ...

အမိက ပြဿနာက ... ကောင်မလေးတွေနဲ့ ... ပတ်သက်သွားမှာကို ကြောက်တာ ...

ကျောင်းထဲမှာလည်း ... ဘယ်သူနဲ့မှ ... စကားပြောလို့မရ၊ နှုတ်ဆက်လို့ မရ ... ပြုံးပြလို့ မရ ...

"ကိုကြီးနော် ... လကို မညာနဲ့ ... စောစောက ကိုကြီးကို ပြုံးပြသွားတာ ဘယ်သူလဲ"

"အသိပါ"

"အမယ်လေး ... အသိပြုံးပြတာကလည်း ... ပါးက နားရွက်မှာ တက်ချိတ်တော့မယ်"

ကင်နိတင်းမှာ ထိုင်ပြီဆို ...

လူကို မသက်သာလိုနဲ့ ... စစ်လားဆေးလား ... မေးလား မြန်းလား လုပ်တာတွေကလည်း အကြိမ်ပေါင်း မရေတွက်နိုင် ... ဟိုတစ်နေ့ကဆို ...

"ကိုကြီးနော် ... လ ကျောင်းတက်မှ ကိုကြီးကိုကြည့်နေတာ ... ကိုကြီးနဲ့သိတဲ့အသိတွေက ကျောင်းထဲမှာ အရမ်းများနေပြီ ကိုကြီးနဲ့လ စကားပြောရင်လည်း ကောင်းကောင်းမပြောရဘူး ဟိုလူက ... လာနှုတ်ဆက်လိုက် ... ဒီလူက လာနှုတ်ဆက်လိုက်နဲ့ ကိုကြီးနဲ့ထိုင်ရတာ ... စိတ်တောင် အရမ်းညစ်လာပြီ"





"အောင်မယ် ... နင်ကပဲ စိတ်ညစ်တယ်ပြောရတယ်ရှိသေး ငါက ... နင့်ထက်တောင် ပိုဆိုးသေးတယ်၊ နားလည်လား"

"ဟင် ... ဘာဖြစ်လို့လဲ"

"အဲဒါ ... နင့်ကို စပ်စုချင်လို့ ... တစ်ယောက်ပြီးတစ် ယောက် လာနှုတ်ဆက်နေကြတာလေ၊ နင်က ဖရက်ရှာလေးဆို တော့ ... ငါ့ကိုကြည့်ပြီး ... အားလုံးက မရိုးမရွတွေဖြစ်နေကြတာ ငြိမ်းချမ်းတို့ ဝေဖြိုးတို့ဆိုရင် ... ပိုတောင်ဆိုးသေးတယ်၊ နင့်ရှေ့မှာ တင် ... ငါ့ကို ယောက်ဖလို့ခေါ်သွားတာ ... နင် မကြားလိုက်ဘူး လား"

"ဟား ... ဟား ... အဲဒါ လကြောင့် ကိုကြီး စန်းပွင့်တာ"

"နင် ပျော်မနေနဲ့နော် ... လင်းလက်လ ... မနက်ဖြန်ဆိုရင် နင်နဲ့မေဂျာတူတဲ့ နင့်အတန်းဖော်သူငယ်ချင်းတွေကိုပဲ ... နင် ရှူးပေါင်းတော့ ... ငါ့ဆီလည်း မလာနဲ့တော့"

"လာမယ် ... ဘာဖြစ်လဲ"

"အခုရော ... နင် သူငယ်ချင်းမရသေးဘူးလား"

"ရပြီလေ"

ရပြီဆိုလို့ ... တိမ်တံခွန် အံ့သြသွားသည်။

"ဟင် ... ဘယ်သူလဲ"

"မမေးနဲ့ ... အရမ်းလှတယ်"

"ဘာ ..."

"ကိုကြီးမြင်ရင်တောင် ကြိုက်သွားမှာသေချာတယ်"

"အမယ်လေး ... နင့်သူငယ်ချင်းကို ငါက ကြိုက်စရာလား"

"သွန်းက ... သူ့ဆံပင်လေးကို ... ရွှေရောင်ပြေပြေလေး



www.burmeseclassic.com

www.burmeseclassic.com



တင်ထားတာလေ … ကိုယ်လုံးလေးက ဖူးဖူးလေး … အရပ်လေးက … မြင့်မြင့်လေး … အသားလေး ဝင်းနှစ်နေတာက … လထက်တောင် သာသေးတယ်”

“တကယ် …”

“တကယ်ပေါ့ ကိုကြီးရဲ့ … အဲဒါ … ကိုကြီး လိုက်ကြည့်မလား”

ဆိုလို့ … လိုက်သွားကြည့်တာ …

ဟိုရောက်မှ … မိတ်ဆက်ပေးတာ … ဝကစ်ကစ် … ဖက်တီးပုတ်မလေး …

“ဟား … ဟား”

အဲလိုလည်း ခုန်ပေါက်ပြီးတော့ … အော်ရယ်လိုက်သေးရဲ့၊

ကိုယ့်မှာတော့ ဘယ်လိုလုပ်မလဲ … သွန်းသွန်းဆိုတဲ့ ဝတုတ်မလေးရှေ့မှာ … ရယ်ပဲရယ်ရတော့မလိုလို … ငိုပဲငိုရတော့မလိုလိုနဲ့။

ဒီကြားထဲ … သူငယ်ချင်းတွေက တမှောင့် …

“ဟေ့ကောင် တံခွန် …”

“ဘာလဲကွာ …”

“လင်းလက်လလေးပုံစံက … တကယ်မိုက်တယ်နော် … တံခွန်”

“မင်းတို့ကလည်းကွာ … တဆိတ်ရှိ ဒါပဲပြောနေတာ”

“ပြောတာမဟုတ်ဘူး ဟေ့ကောင် … တကယ်မိုက်လို့ တကယ်ပြောနေတာ … ကိုယ်လုံးလေးလှတာရော … ဆံပင်ကြီးရှည်တာရော … မျက်နှာလေးချစ်ဖို့ကောင်းတာရော … အဲဒါမျိုး





တကယ်ရှားတယ်”

“ဟေ့ကောင် … ဝေဖြိုး … စွာတာလေးကလည်း ချစ်ဖို့ကောင်းတယ်ဆိုတာ … မင်း ထည့်ပြောလိုက်ဦးလေ … ငါတို့အုပ်စုကို … နှုတ်ခမ်းစူစူလေးနဲ့ … မျက်စောင်းလေးထိုးပြီး လှမ်းကြည့်သွားတဲ့ပုံစံလေးကို … အိပ်မက်ထဲမှာတောင် … ငါ တွေ့လိုက်ရသေးတယ် … ဟား … ဟား”

သူငယ်ချင်းတွေက … ဝေဖန်လေ … တံခွန် … အနေရခက်လေ။

“ဒီလို … ကောင်မလေး … မင်းတို့ခြံထဲမှာရှိမှန်းသိရင် … ငါတို့သုံးယောက် ဟိုးအစကတည်းက မင်းတို့ခြံကိုလာလည်ပါတယ် ယောက်ဖရာ … မင်း မလိုချင်ရင် … ငါတို့သုံးယောက်ကိုခွဲပေးကွာနော် … ယောက်ဖ …”

“လ,က အရမ်းဆိုးတယ်ကွ”

“ဟေ …”

“လ,အရမ်းဆိုးလို့ ငါတို့တစ်ခြံလုံး လက်မြှောက်ထားရတာ”

“ဟုတ်လို့လားကွာ …”

“နေပါဦးတံခွန် … မင်းတို့နှစ်ယောက်က မောင်နှမ မတော်ဘဲနဲ့ ဘာဖြစ်လို့ တစ်ခြံတည်းမှာ အတူတူနေနေကြတာလဲ … ပိုင်တာရော ဒီခြံကို ဘယ်သူပိုင်တာလဲ”

“ဟာ … ပိုင်တာက ငါ့ဒက်ဒီပိုင်တာလေ … လ,ဖေဖေနဲ့ ငါ့ဒက်ဒီက အရမ်းချစ်ကြတဲ့ သူငယ်ချင်းတွေ၊ အဲဒါ … လ,ကိုမွေးခင် လ,ဖေဖေ အိမ်ထောင်ကျပြီဆိုကတည်းက ဒက်ဒီက သူ့ခြံထဲမှာပဲ အိမ်ဆောက်နေခွင့်ပေးထားတာ”



www.burmeseclassic.com

www.burmeseclassic.com



"လင်းလက်လက မင်းကိုတော့ တော်တော်ချစ်တဲ့ပုံပဲနော် တံခွန် ... "

"အစ်ကိုတစ်ယောက်လို ချစ်တာပါကွာ"

"ဟော့ကောင် တံခွန် ... ဟိုက အစ်ကိုတစ်ယောက်လိုချစ်တာမှန်ပေမယ့် မင်းကရော ... ညီမလေးတစ်ယောက်လိုချစ်တာ သေချာရဲ့လား ... "

"ဟာ ... သေချာတာပေါ့ကွ ... "

"ဟွန်း ... ငါတို့ကတော့ မယုံဘူးတံခွန် ... ဒီလောက်ချစ်ဖို့ကောင်းတဲ့ကောင်မလေးတစ်ယောက်နဲ့ တစ်ခြံတည်းမှာ နှစ်အိမ်တစ်အိမ် အတူနေကြတာ ... ပြီးတော့လည်း ဆွေမတော် သားမစပ်နဲ့ ... ကြာလာရင် ရင်မခုန်ဘဲနေမလား ... အခု လင်းလက်လကလည်း ကလေးစိတ် မကုန်သေးတဲ့ကောင်မလေးတစ်ယောက်ဖြစ်နေလို့ ... "

"ဟုတ်တယ် ... ကျော်သက် ... မင်းပြောတာ ငါထောက်ခံတယ်၊ ဟိုနေ့က ကန်တင်းမှာ သူ့သူငယ်ချင်း ဝတုတ်မလေးတစ်ယောက်နဲ့ထိုင်နေတာတွေ့လို့ ငါကြည့်လိုက်တော့ ဘိုဘိုကာတွန်းဖတ်ပြီး မျက်နှာလေးက ပြုံးလိုက်မဲ့လိုက်လေး ဖြစ်နေတာကွ"

အဲလို သူငယ်ချင်းတွေက ဝေဖန်လေ ...

တံခွန့်မှာ နေရခက်လေ။ ခုလည်း ... လူကို မျောက်အမြီးချိတ်သလို ချိတ်ပြီး ပြန်ထွက်သွားတာ။ ဒီကောင်မလေး စာရော ကျက်ရဲ့လား။

သူ မသက်သာလို့ ... အပေါ်ထပ် ပြတင်းပေါက်ကနေ ဟိုဘက်အိမ်ကလေးကို လှမ်းကြည့်လိုက်တော့ နှပ်တွေတရှိုးရှိုးညှစ်ပြီး





အိမ်ရှေ့ကားခြေရင်းလေးမှာ ... လ,တစ်ယောက်တည်း တဟင့်ဟင့်လေးနဲ့ ထိုင်ငိုနေတာ။

သေချာတယ် ... ဒီကအပြန်မှာ ကြီးမေနဲ့လနဲ့ ကြိတ်ပြီးတော့ ပြဿနာတက် နေကြပြီဆိုတာ ...

"ညည်း ... ညည်း မငိုနဲ့နော် ... လင်းလက်လ ... "

"အဟင့် ... "

"ရှိုး ... "

အခုမှ ထွက်လာတဲ့နှပ်တွေက ညှစ်လို့တောင်မကုန်။

"ဟဲ့ ... ညည်းကို ငါပြောနေတာ ကြားတယ်နော်"

"ဟာ ... မေမေပဲ လ,ဟာလနေတာကို ဘာဖြစ်လို့ ငိုအောင်လာလုပ်လဲ ... ငိုမယ် ... ဘာဖြစ်လဲ ... အဟင့် ... ဒီဟင်းကြီးကို ... လ,မကြိုက်ပါဘူးဆိုမှ မေမေ ဘာလို့ ခဏခဏချက်လဲ"

"ဟဲ့ ... ငါကြော်ထားတဲ့ ငါးဖယ်ကြော်က ညည်းခိုးစားလို့ ကုန်သွားတာလေ၊ ဒါကြောင့်မို့ ... ရှိတဲ့ ခရမ်းသီးလေးပဲနှပ်လိုက်တာ"

"အဟင့် ... ဟိုဘက် တိုက်ကြီးထဲမှာနေတဲ့ မာမီကလည်း သူ့မွေးဆိုပြီးတော့ ချက်လိုက်ရင် သီးစုံကုလားဟင်း သီးစုံကုလားဟင်းနဲ့ ... လ,မကြိုက်ပါဘူးပြောလည်း ဒါပဲခဏခဏချက်တယ်၊ ပြီးရင် ... သက်သတ်လွတ်ဆိုတာက ပါလိုက်သေးတယ် အဟင့်"

"ဟဲ့ ... ဟိုဘက်တိုက်က ညည်းမာမီက နေမကောင်းလို့တောင် ဈေးမသွားနိုင်ဖြစ်နေတာလေ ... အဲဒါ စောစောကတောင်ညည်းအကြောင်းတွေ ငါ့ကိုလာတိုင်သွားသေးတယ် ... သူမကြိုက်တဲ့ဟင်းကို ချက်တယ်ဆိုပြီး ဟင်းအိုးထဲကို ဆားတွေအများကြီးခိုး



www.burmeseclassic.com

www.burmeseclassic.com



ထည့်ပြီး ... ဗွန်းနဲ့ပါ မွှေသွားတယ်ဆို ... အဲဒါ ညည်းမာမီသွေးတိုး ပြီး သေရင် ညည်းတရားခံ ... "

"အဟင့် ... အလကား မာမီ ... အီပေါလောကိုကြီးကို မွေးထားတဲ့ အီးပေါလောမာမီ ... နှစ်အိမ်လုံးပေါင်းမှ ဒီသမီးလေး တစ်ယောက်တည်းမွေးထားတဲ့ဟာကို ... ပြောလိုက်ရင် ချစ်တယ် ချစ်တယ်နဲ့ ... လ,စိတ်ချမ်းသာအောင် ဘယ်တုန်းက ထားကြလို့ လဲ ... ဒါကြောင့်မို့ ... စိတ်တိုပြီးတော့ သီးစုံကုလားဟင်းအိုးထဲကို ဆားတွေ လက်တဆုပ်စာလောက်ကြီး ပစ်ထည့်ထားခဲ့တာ"

"အဲဒါ ... ညည်းကိုယ်ညည်း ကောင်းတယ်ထင်နေသလား ဟင် ... လင်းလက်လ ... "

"အဟင့် ... လာဆူရဲ့လာဆူကြည့် ... အဟင့် ... ဟင့်"

တွေ့လား ...

ဘယ်လောက်ဆိုးတဲ့ လင်းလက်လလည်းဆိုတာ။

ဒင်းဒုက္ခပေးသမျှကို ပုံ့မွှေးချို့ပါ ခံနေရတာ။

"မေရေ ... လ,အိပ်သွားပြီလား"

"ဟင် ... မှောင်ကြီးထဲကနေ လှမ်းအော်နေတာ ချိုလား"

"ဟုတ်တယ်လေ မေ ... လ, မအိပ်သေးရင် ဒီကိုလှတ်လိုက်၊ ဒီမှာ သူ့အတွက် ကြက်ကုန်းဘောင်လေး ဆိုင်ကဝယ်ထားတာ ရောက်လာပြီလို့ ... "

ကြည့်စမ်း ...

ဒီမကောင်းဆိုးဝါး ကျေးဇူးရှင်မကို ဘယ်လောက်အလိုလိုက် တဲ့ ပုံ့မွှေးချိုလည်းဆိုတာ ... ဒင်းကြိုက်တဲ့ ကြက်ကုန်းဘောင်ကို ဆိုင်ကနေတောင် လှမ်းမှာပေးထားသတဲ့။





အဲဒါပဲကြည့် ... အဲဒါပဲကြည့် ...

"ညည်း ... ညည်း ကြားတယ်နော် ... "

"အဟင့် ... ကြားသားပဲ ... အဲဒါ မာမီကို မချစ်တော့ဘူး ပြောလို့ ဝယ်ကျွေးတာ ... စားမှာပဲ ဘာဖြစ်လဲ ... "

"ဟဲ့ ... မေ လ,ကို လွှတ်လိုက်လေ ... "

"လာပြီ ချိုရေ ... လာပြီ ... လာပြီ ... "

အဲလိုလည်း လ,ကို ချစ်သေးတဲ့ ပုံ့မွှေးချို။

ဘယ်တတ်နိုင်မလဲလေ ...

လ,ကလည်း သူ့လက်ပေါ်မှာပဲ ကြီးလာတဲ့သမီးလေးဆို တော့ ... သူ့သမီးရင်းလေးလိုပဲ ချစ်ရှာလို့နေမှာပေ့ါ။

လ,ကတော့ သိတယ်မို့လား။

မာမီ့ရှေ့ကို ရောက်သွားပြီဆိုတာနဲ့ သူ့ထုံးစံအတိုင်း။

"အဟင့် ... လ,ကဖြင့် ဒီမှာ ဗိုက်ဆာလို့ အူခေါက်သေ တော့မယ်"

"မဒွေးရယ် ... ဒီမှာ လ,ကို ထမင်းပွဲမြန်မြန်ပြင်ပေးလိုက် စမ်း"

လ,မို့လို့ ပုံ့မွှေးချိုကပါ အမိန့်ကိုနာခံနေရတဲ့ဘဝ။

"ဒေါ်ဒွေးနော် ... လကို ထမင်းတွေအများကြီးမထည့်နဲ့၊ လက ဟင်းပဲစားမှာ ... "

"စားပါ ... စားပါ ... "

အိမ်အလုပ်သမားတွေကလည်း လ,ကို ကြောက်ရသည်။

"ဟင် ... မာမီ ဒီအချိန်ကြီးရောက်မှ လ,ကို ဘာတွေခေါ် ကျွေးနေတာလဲ ... "



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားခန်းထဲ ရုတ်တရက် ဝင်လာတာ တိမ်တံခွန်၊ ထမင်းစားပွဲမှာ လကိုမြင်တော့ မျက်လုံးပြူးသွား၏။

“ဘာတွေကျွေးရမှာလဲသားရဲ့ … နှစ်အိမ်စလုံး သူကြိုက်တဲ့ ဟင်းမချက်လို့ဆိုပြီး ပြဿနာရှာနေလို့ ကြက်ကုန်းဘောင်လေးဆိုင်က ဝယ်ကျွေးတာ …”

“ဟာ … ကြက်ကုန်းဘောင်ဆို ဒီကလည်း သိပ်ကြိုက်”

“ဟာ … ကိုကြီးနော် … လာမစားနဲ့ …”

တွေ့လား …

ကြက်ကုန်းဘောင်ပန်းကန်ကို သူ့ဘက်ဆွဲယူပစ်လိုက်တာ။

“မာမီက လတစ်ယောက်တည်းစားဖို့ ဝယ်ကျွေးတာ … ကိုကြီးစားဖို့ ဝယ်ကျွေးတာ မဟုတ်ဘူး …”

“ဟာ … ငါက မာမီ့သားလေ …”

“ဘာဆိုင်လို့လဲ … လ,လည်း မာမီ့သမီးပဲ … ဟုတ်တယ်နော် … မာမီ လ,ငယ်ငယ်တုန်းက မာမီပဲ လ,ကို နို့ဗူးလေးတွေ ဖျော်တိုက်ခဲ့တာလေ”

“ဟုတ်ပါတယ် … ဟုတ်ပါတယ် …”

“လ,ရာ … နင်အရမ်းတော်တယ်ဟာ …”

“တော်တယ်လေ … ဘာဖြစ်လဲ …”

တစ်ယောက်တည်း စားနေတာ ပလုတ်ပလောင်း။

ဘယ်သူ့ကိုမှလည်း မကျွေး။ မာမီကိုတောင် စားပါဦးလား တစ်ခွန်းမပြော။

“ညောင် …”

“အမလေး … သူများက စားကောင်းနေပါတယ်ဆိုမှ ဒီပူစီမ





က လာတောင်းနေပြန်ပြီ … မကျွေးဘူး … မကျွေးဘူး … နင်ကြိုက်သလောက်အော် … အသံပြဲအောင်အော် … တစ်ဖပ်မှ မကျွေးဘူး … သိလား ပူစီမရဲ့ …”

“ဟား … ဟား …”

တကယ်လည်း မကျွေးဘဲ အရွဲ့တိုက်စားနေသလို …

စားရင်းနဲ့လည်း မာမီ့ကို လှမ်းအပြစ်တင်လိုက်သေးသည်။

“အလကား မာမီ … အစောကြီးကတည်းက လကြိုက်တာကို ချက်ထားလိုက်ရင် ပြီးနေတဲ့ဥစ္စာကို၊ အခု … လ,ငိုတဲ့အသံကြားတော့မှ ဒေါ်မွှေးကို အပြေးအလွှားထွက်ဝယ်ခိုင်းတာမို့လား၊ နောက်တစ်ခါ သီးစုံကုလားဟင်းချက်ရင် မာမီအိပ်ခန်းထဲမှာ ချိတ်ထားတဲ့ လ,ဓာတ်ပုံကို ပြန်ဖြုတ်သွားမယ် … ဒါပဲ … မဖြုတ်ဘူးမထင်နဲ့နော် မာမီ … လ, တကယ်ဖြုတ်မှာနော် …”

“ဖြုတ်ပါ … ဖြုတ်ပါ … ဟင်း … ဟင်း …”

လ,ကိုကြည့်ပြီး ဒေါ်ပုံ့မွှေးချို ပြုံးနေတာက တကယ့်ကို ကြည်ကြည်နူးနူးလေးပါ။ ပြောရရင် … ဒီသမီးလေး လင်းလက်လကို ကိုယ့်ရဲ့သမီးအရင်းအချာလေးလိုပဲ ချစ်ခဲ့တာလေ။

အခုချိန်မှာ ထိန်းနေရတာက …

သားရောသမီးပါ ပညာမစုံကြသေးလို့ပါ။

အသက်အရွယ်လေးတွေက ငယ်ကြသေးတော့ ဒီအချိန်မှာ အမှားအယွင်းကလေးတွေ ဖြစ်သွားမှာကိုလည်း ပုံ့မွှေးချို ကြောက်တယ်လေ။ ခက်နေတာက …

လ,က အရမ်းကိုပဲ ကလေးဆန်လွန်းနေတာ။

“ညောင် …”



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် … ဒီပုစိမရုတ် အောင်ပြန်ပြီ … "

"ဟွန်း … "

ကြောင်ကိုတောင် မျက်စောင်းလေး လှမ်းရွယ်လိုက်သေးရဲ့။

"ကဲ … ကျေနပ်တော်မူပြီလား"

"ကျေနပ်တယ်မာမီ … အဲဒါကြောင့် မာမီ့ကိုအာပွားပေးမယ်"

"ရွှတ် … "

"ဟယ် … ဒုက္ခပါပဲ ငါ့ပါးတွေ ဟင်းစော်နံကုန်ပြီ"

အဲလိုလည်း ချစ်အောင်လုပ်တတ်သေးတဲ့ လင်းလက်လ။

ဘယ်လိုလုပ်မလဲ … ကိုယ်လုံးလေးက ဖူးဖူးတင်းတင်း။

အသားလေးက ဝင်းဝင်းစိုစို။

နက်မှောင်စင်းကော့နေတဲ့ မျက်တောင်ရှည်ရှည်ကြီးတွေနဲ့။

စားပြီးလို့ ပြန်ထွက်သွားတာတောင် ရိုးရိုးထွက်မသွားဘဲ သူ့ကိုကြီးနားရွက်တစ်ဖက်ကို ဆွဲလိမ်ပြီး ခြေဖျားထောက်အော်သွားတာက …

"အီးပေါလော ကိုကြီးတဲ့"

ကဲ … ဒီကလေးကို ဘယ်သူက နိုင်တော့မှာလဲ။

လင်းလက်လဆိုတဲ့ နာမည်ကိုပြောင်းပြီး …

လက်လက်ထလို့တောင် ပေးလိုက်ချင်သေးရဲ့။

ခန်း ( ၄ )

"ဒေါက် … ဒေါက် … "

"ကိုကြီးရေ … ကိုကြီး ရေချိုးနေတာလား … "

"ဟာ … လ … စောစောစီးစီး နင်ဘာလာရှုတ်တာလဲ"

ရေချိုးရင်း လ,အသံကိုကြားလို့ မျက်လုံးပြူးရပြီ။

"ဟာ … ရှုတ်တာမဟုတ်ပါဘူး ကိုကြီးရဲ့ … ဒီနေ့ ကျောင်းတ်တယ်လေ၊ အဲဒါ … လ,ရုပ်ရှင်သွားကြည့်ချင်လို့ … "

"ဟာ … ငါဒီနေ့ မအားဘူး"

"ကိုကြီးနော် … ကိုကြီး မလိုက်ရင် လ,တစ်ယောက်တည်း ကြည့်မှာနော် … မကြည့်ရဲဘူး မထင်နဲ့၊ အာဒမ်ရယ် ဧဝရယ် ရယ် အရမ်းကောင်းတယ်ဆိုလို့ … "

"မရဘူး … မရဘူး၊ သူငယ်ချင်းတွေနဲ့ ငါချိန်းထားတယ်"

"ကိုကြီးနော် … ပြဿနာမရှာနဲ့ … "

မျက်နှာလေး ရှုပုတ်သွားတာ လင်းလက်လ။

ဟွန်း … လိုက်မပို့လို့ကတော့ …

ဒီအခန်းထဲကနေ အေးအေးဆေးဆေး ပြန်သွားမယ်ထင်နေ



www.burmeseclassic.com

www.burmeseclassic.com



သလား။

"ဒေါက် ... ဒေါက် ... "

"မြန်မြန်ချိုးပါ ... ကိုကြီးရဲ့ ... "

"ဂျောက် ... ဒေါက် ... "

တွေ့လား ... အဲဒီကိုကြီး ... ရေချိုးခန်းထဲကနေ မွေးမွ တဘက်အဖြူကြီး ပတ်ထွက်လာတာ"

"ဟာ ... ဖယ်လေ ... အဝမှာ ဘာလို့ပိတ်ရပ်နေတာလဲ"

"ဟာ ... ကိုကြီးထွက်လာရင် ရေသုတ်ပေးမလို့ စောင့်နေတာလေ ကိုကြီးရဲ့ ... သိတယ် ... သိတယ် ... ရေမြန်မြန်သုတ်ပေးမှ ကိုကြီးမြန်မြန်ပြင်လို့ ပြီးမှာ လ,သိတယ်"

လ,မျက်နှာသုတ်ပဝါကြီး ကိုင်ထားတာ။

လ,အရပ်နဲ့ မမီလို့ ဆံပင်တွေခြောက်သွားအောင် ခြေဖျားလေးထောက်ထောက်ပြီး အတင်းလိုက်သုတ်ပေးနေတာလေ။

ဒါကို ... အခန်းထဲမှာ ပတ်ပြေးနေတာ ကိုကြီး။

"မသုတ်နဲ့ ... မသုတ်နဲ့ ... ငါဟာငါ သုတ်မယ်"

"ဟာ ... ကိုကြီးကလည်း ... "

လ,ကိုကြီးကို မချစ်တာလည်း အဲဒါ။

လကိုများ တစိမ်းတစ်ယောက်လို ကိုကြီးထင်နေသလား လစိတ်ထဲမှာ စွဲနေတာက ကိုကြီးဟာ လ,ရဲ့ကိုကြီးအရင်း။

"ဟာ ... ဟာ ... လ,နော် ... "

ပြောတာလည်းမရ။ ဖယ်တာလည်း လက်မခံ။

"ဟား ဟား ... ကိုကြီးသုံးတဲ့ ဆပ်ပြာနံ့လေးက အရမ်းမွှေးတယ်နော် ကိုကြီး ... ကိုကြီးဆံပင်တွေမှာတောင် စွဲနေပြီ





တယ်၊ ငံ့ ... ငံ့ ... ကိုကြီးခေါင်းလေးငံ့ ... "

ပြုံးသနာပဲ ...

ကိုယ်က ငံ့ပေးလိုက်တော့လည်း လက မျက်နှာချင်းဆိုင်မှာ အသား မထိအောင်ရှောင်တော့လည်းမလွတ်။ ပိုဆိုးတာက လ,ဆီက ကိုယ်သင်းနံ့လေးကမွှေးနေတာ။ ပြီးတော့လည်း ... ကိုယ့်မျက်လုံးတွေက လည်ဟိုက်လက်ရှည်လေးဝတ်ထားတဲ့ လ,ဆီက နေ မမြင်သင့်တာတွေ မြင်နေရတဲ့အဖြစ်။

ခေါင်းပေါ်က ဆံပင်တွေသုတ်ပြီးတော့ ...

ကျောတွေ လက်မောင်းတွေ ရင်ဘတ်တွေ ...

"မိုက်တယ် ကိုကြီးရာ ... ကိုကြီးရင်ဘတ်မှာ အမွေးစိမ်းနုလေးတွေဖြာနေတာ ... ဟား ဟား ... ကိုကြီးက ဂျိမ်းစဘွန်းမင်းသား ရှောင်ကွန်နရီအတိုင်းပဲ ... အရပ်ကြီးကလည်းရှည်၊ မျက်ခုံးမွေးကြီးတွေကလည်း ရှည် ... "

"ရပြီ ... မသုတ်နဲ့တော့ ... "

"ဟာ ... ခြေသလုံးတွေ သုတ်ပေးရဦးမယ်လေ ကိုကြီးရဲ့"

"လ,ရာ ... နင်တကယ်ရှုတ်တယ်ဟာ"

လ,က ကိုယ့်ရှေ့မှာ ဒူးထောက်ထိုင်သုတ်တော့ ဘယ်လိုလည်း ကောင်းနိုင်ပါတော့မလဲ။

"ဟား ဟား ... ကိုကြီးရဲ့ ခြေသလုံးမွေးတွေကလည်း ထူထပ်ပြီးတော့ကို စိမ်းရှည်နေတာ၊ တကယ်ပါပဲ ... ဂျပ်ကလေးနဲ့ပြီး ရိတ်လိုက်လို့ကတော့ ဟား ဟား ... "

ဘယ်လောက်ကလေးဆန်ဆန်တွေးတဲ့ လင်းလက်လေး ဆိုတာ။



www.burmeseclassic.com

www.burmeseclassic.com



"လ,နော် … နင် ငါ့ကို ဖားပြီးတော့ လာလုပ်ပေးနေတာ ငါ မသိဘူးများ အောက်မေ့နေလို့လား … နင်ခေါ်တဲ့နောက်ကို မလိုက်ဘူးဆိုတာ ငါအပြတ်ပြောပြီးသား … "

"ကိုကြီးက ဘယ်သွားမှာလဲ … "

"စမ်းချောင်းဘက်ကို သွားမှာ … "

"စမ်းချောင်းမှာ ကိုကြီးသူငယ်ချင်းရှိလို့လား"

"ရှိတာပေါ့ဟ … "

"ယောကျ်ားလေးနော် … "

"ဘယ်က ယောကျ်ားလေးရမှာလဲ … မိန်းကလေး … မိန်းကလေး … အိစက်နေအောင် လှတဲ့ကောင်မလေး … ဟွန်း … နာမည်သိချင်ရင်တောင် ပြောပြလိုက်လို့ရသေးတယ်"

"ဟာ … ကြည့်စမ်း … ကိုကြီးနော် … "

"ကိုကြီးမနော်နဲ့ … သူ့နာမည်က ချယ်မွှန်းထင်တဲ့"

"တကယ် … "

တွေ့လား …

ပြန်မေးရင်း မျက်လုံးကြီးပါ ပြူးထွက်သွားတာ။

"ဟာ … တကယ်ပါဆိုမှ နင့်မျက်လုံးကြီးက ဘာလို့ပြူး သွားရတာလဲ … သူက ငါတို့မေဂျာက သူငယ်ချင်း၊ အဲဒါ … မွေးနေ့ ဖိတ်ထားလို့ လက်ဆောင်လေးသွားပို့ပေးရမှာ၊ ဟိုမှာ … မတွေ့ ဘူးလား … လက်ဆောင်ဗူးလေးကိုတောင် ပါကင်တိတ်လေးနဲ့ ပိတ်ပြီး ဟိုစားပွဲပေါ်မှာ တင်ထားတာ"

"အမလေး … ဒီလောက်တောင်ဖြစ်နေတာ သွားပါ … သွားပါ … သူများကိုပေးမယ့် လက်ဆောင်ကိုလည်း မကြည့်ချင်





တော့ပါဘူး"

မျက်စောင်းလေးထိုးပြီး လ,ပြန်ထွက်သွားတော့မှ …

သူ စိတ်ချလက်ချလေးနှင့် မွေးနေ့ပွဲသွားဖို့ ပြင်လိုက်သည်။

အဝတ်အစားကိုတော့ အပြာနုနု ရှပ်လက်ရှည်ကလေးနှင့် စတိုင်လ်ပန် အညိုရောင်လေးကိုပဲ သူက ရွေးလိုက်ပါသည်။

ချယ်မွှန်းထင်တဲ့ … သဘောကောင်းပြီး စိတ်ထားဖြူသည့် သူငယ်ချင်း။ ဖိတ်ထားတာလည်း သူ့ငယ်ချင်း ဆယ်ယောက် လောက်တော့ရှိမည်။

ဘာပဲပြောပြော … မဖြစ်မနေတော့ သူသွားရမှာပဲ။ ပြီးတော့ … ချယ်မွှန်းထင်ဆိုတာက ပထမနှစ်တက်လာကတည်းက ပြောမနာဆိုမနာ ခင်လာတဲ့သူငယ်ချင်းလေ … ခုတလော လ,ရှိ နေလို့ ချယ်မွှန်းထင်နဲ့ ကန်တင်းမထိုင်ဖြစ်တာ ဘယ်လောက် တောင် ကြာနေပြီလဲ။

မွေးနေ့ပွဲမှာ တွေ့ကြတော့လည်း … အားလုံးက လ,ကိုပဲ စိတ်ဝင်စားပြီး မေးနေကြတာ။ လ,ကို ချစ်ဖို့ကောင်းလို့တဲ့။

နှုတ်ခမ်းလေးဆူပြီး စိတ်ကောက်နေတဲ့ပုံကလေးက ပိုပြီး တော့တောင် ချစ်ဖို့ကောင်းသေးသတဲ့။ မွေးနေ့ပွဲကို ခေါ်မလာလို့ တောင် သူတို့က ပိုင်းပြီးတော့ အပြစ်ပြောနေကြတာ။

ခေါ်လာလို့ကတော့ …

ငါးပါးမကဘူး … သံဃာစင်ပါ မှောက်သွားမှာ။

"တံခွန် … "

"ပြောလေ … ချယ် … "

"လကို ချယ်နဲ့မိတ်ဆက်ပေးနော် … "



www.burmeseclassic.com

www.burmeseclassic.com



"အမလေး ချယ်ရယ် … မလုပ်ပါနဲ့"

"ဘာဖြစ်လို့လဲ တံခွန်ရဲ့ … "

"လက အရမ်းဆိုးတယ်လေ … ချယ် … "

မွေးနေ့ပွဲပြီးလို့ အပြန်မှာ …

သူငယ်ချင်းတွေစုပြီး ရုပ်ရှင်သွားကြည့်တော့ ချယ်လည်းပါ တယ်လေ။ တိုက်တိုက်ဆိုင်ဆိုင် လကြည့်ချင်တဲ့ အာဒံနဲ့ဧဝ။

"ဟာ … တံခွန် … ဟိုမှာ ဘယ်သူလဲဆိုတာ မင်းကြည့် လိုက်စမ်း … "

"ဟာ … သေပြီဆရာ … "

ရုံထဲဝင်ဖို့ စောင့်နေတုန်း …

လည်ဟိုက်အပွ အညိုရောင်လေးကို တင်းကြပ်နေ အပျော့စားဘောင်းဘီရှည် အနက်ရောင်လေးနဲ့ တွဲဝတ်ထားပြီ တက္ကစီပေါ်ကနေ ဆင်းလာတာ လင်းလက်လ … ။

"ကြည့်စမ်း … ဒီကောင်မလေး … "

သူတို့အုပ်စုလိုက်ကြီး ရပ်နေတာကိုလဲ … လ,က မြင်ပုံ

သူတို့ကိုကျော်ပြီး လက်မှတ်ရုံဘက်ကို တင်ကော့ လေးနဲ့ ဆက်လျှောက်သွားတော့ ရပ်နေသူတွေအားလုံးရဲ့ မျက် တွေက လ,ဆီမှာ။ ပြောရရင် … ဒီလူအုပ်တွေကြားထဲမှာ …

လ,ပုံစံလေးက ဝင်းဝင်းထင်းထင်းလေးနဲ့ တအားချ ကောင်းနေတာလေ။ သေချာတာက သူ့ကိုမကျေနပ်လို့ အရွဲ့တို ပြီး လ, တစ်ယောက်တည်း ခိုးထွက်လာတာပဲဖြစ်မည်။

သူ ဒေါ်ပွကာ မျက်နှာလေးရဲပြီး …

ဘာလုပ်လို့လုပ်ရမှန်းလည်း မသိ။





သွားလိုက်ခေါ်ရင်လည်း သူငယ်ချင်းတွေကြားမှာ ပြဿနာ ရှုတ်ပြီး ခေါင်းက အချောင်စားရဦးမည်။ မခေါ်ဘဲ လွှတ်ပေးလိုက် ပြန်တော့လည်း ဘဲအုပ်တစ်ရာနှစ်ရာကြားမှာ ဒီကောင်မလေး ကောင်းပါတော့မလား။ တော်တော်ဆိုးတဲ့ လင်းလက်လ …

သူငယ်ချင်းတွေအားလုံးကလည်း လ,ဒီလို ဆိုးတတ်တာ လေးကိုမြင်ပြီး လက်ဖျားခါသွားကြသည်။ ချယ်ဆို တအံ့တသြလေး နဲ့။

"တံခွန်ရယ် … မကောင်းပါဘူး လကို သွားခေါ်လိုက်နော်"

"မခေါ်ဘူး ထားလိုက် … "

စိတ်တိုတိုနဲ့ တံခွန်ပြောမိသည်။ ဘာလဲကွာ … အမိပွာယ် မရှိ။ လ, ဒီလို ပြဿနာရှာချင်တိုင်းရှာလို့ရမလား။

မာမီနဲ့ကြီးမေ သိရင် ဘယ်လောက်စိတ်ပူလိုက်မလဲ။

"ဟာ … တံခွန် … လူအုပ်ထဲမှာ မင်းညီမ ပျောက်သွားပြီ ကွ"

သူ လှမ်းကြည့်နေမိတာ။ လူအုပ်ကြီးကိုကျော်ပြီး ခြေဖျား လေးထောက်ကာ ထောက်ကာနဲ့။ တကယ်ကြည့်လိုက်တော့လည်း အစရှာလို့မရအောင် လက ပျောက်သွားသည်။

"နေ … နေ … ဟေ့ကောင် … မင်းသွားမခေါ်နဲ့"

"အဲဒါ … မခေါ်ဦး … "

"အား … "

တွေ့လား … သူခိုးကျင့် သူခိုးကြံနဲ့။

နောက်ကပေါ်လာပြီး နားရွက်ကို ဆွဲလိမ်ပစ်တာ။

"နင် … နင် ဒီကို တစ်ယောက်တည်း ဘာလာလုပ်တာလဲ

www.burmeseclassic.com



ဟင် လင်းလက်လ … ပြောစမ်း … နင် ငါ့ကိုပြောစမ်း … ”

“ဟွန်း … ကိုကြီးနော် … လူကိုလာမဟောက်နဲ့”

တွေ့လား … သူကတောင် နှုတ်ခမ်းလေး ဆူပြလိုက်သေး။

“တက္ကစီကားပေါ်က မဆင်းခင်ကတည်းက ကိုကြီးတို့အုပ်စု ကိုတွေ့လိုက်လို့ တမင် မသိချင်ဟန်ဆောင်ပြီး ဆက်လျှောက်သွား တာ၊ ဟား ဟား … ဘယ်ရမလဲ … လင်းလက်လလေ သိတယ်မို့ လား … ကိုကြီး မမြင်အောင် ပုန်းလိုက်တာ မသိဘူးမထင်နဲ့ … ဟွန်း … ဂျလည်ကြီး … ”

ပခုံးကိုရိုက်ပြီး လက်မောင်းကိုပါ လက ဝင်ချိတ်သည်။

ချယ်ရ်ကိုလည်း မျက်တောင်လေးကော့ပြီး လှမ်းကြည့်၏။

သူငယ်ချင်းတွေက လက်ကိုကြည့်ပြီး ပြုံးစိစိလုပ်နေကြပေမယ့် သူကတော့ ပြုံးဖို့နေနေသာသာ ချယ်ရ်ကိုလည်း အားနာ၊ သူငယ်ချင်း တွေကိုလည်း မျက်နှာပူနဲ့။

“တံခွန် … တံခွန့်ညီမလေးကို ချယ်နဲ့မိတ်ဆက်ပေးဦးလေ”

“ဩော် … အင်း … ဟုတ်တယ်ချယ် … ကိုယ်မေ့သွား မှတ်ထားနော် … ဒါ ကိုယ့်ညီမလေး လင်းလက်လတဲ့ … ဖစ်ဆ ပထမနှစ်တက်နေတာ”

“မမက ချယ်မှုန်းထင်ပါ ညီမလေး … ”

“ဟဲဟဲ … ကိုယ်က ကျော်သက်လေ … ရင်းရင်းနှီးနှီးလေ ဖြစ်သွားအောင် ကိုသက်လို့ပဲ မှတ်ထားလိုက်နော် ညီမလေး”

စပ်ဖြဲဖြဲနှင့် ကျော်သက်က သူ့ကိုယ်သူ အတင်းဝင်မိတ်ဆ သည်။ ဒါကို ဝေဖြိုးကလည်း အားကျမခံ။

“ဟဲဟဲ … ကိုယ်က ဝေဖြိုးတဲ့၊ ညီမလေး ကိုကြီးနဲ့ကိုယ်





အရမ်းခင်တာ ဘယ်လောက်ထိ ခင်သလဲဆိုရင် ကိုယ့်မှာရှိရင်လည်း သူ့ကိုပေး … သူ့မှာရှိရင်လည်း ကိုယ်ကယူ … ”

“အောင်မယ် … လူကိုများ … ”

“ဟား … ဟား … ”

လ, နှုတ်ခမ်းလေး စူထော်သွားတာက …

ဘယ်လိုမှတောင် ပြန်ဖြေချလို့မရ။

“လ, နင်အခု တက္ကစီငှားပြီး ပြန်တော့ … ”

“ဟာ … ဘာလို့ပြန်ရမှာလဲ … ”

ချိတ်ထားတဲ့ လက်မောင်းကိုလည်း မလွှတ် …

ချယ်နဲ့ဝေးသွားအောင်လည်း ဒီဘက်ကိုအတင်းဆွဲသည်။

“ဟာ … မပြန်လို့ရမလား … ငါတို့အုပ်စုက လက်မှတ် ခြောက်စောင်ပဲ ဝယ်ထားတာ … နင့်အတွက် လက်မှတ်မရှိဘဲနဲ့ နင်ဘယ်လိုလုပ် ကြည့်မလဲ … ”

“ရတယ် … လ,ဟာလ မှောင်ခိုက ဝယ်ကြည့်မယ်”

“လ,ရာ … နင်တကယ်ပြဿနာရှာတယ်ဟာ”

“ရတယ်လေ တံခွန် … ငါ့အတွက် လက်မှတ် လကိုပေး လိုက် … ငါအနစ်နာခံတယ် … ”

“ငါလည်း ပေးတယ်ကွာ … ”

ဝေဖြိုးနဲ့ကျော်သက် … ခုထိ … ပြုံးဖြီးဖြီးလုပ်နေကြဆဲ။

“မလိုဘူး သိလား … ဘယ်သူမှလည်း လကို ပေးစရာမလို ဘူး … လနဲ့ကိုကြီး ကြည့်ဖို့ လက်မှတ်နှစ်စောင်ဝယ်လိုက်မယ် ဒါပဲ … ”

လ,ကတော့ သူ့ဟာသူပဲ အမိန့်ချ၊ သူ့ဟာသူပဲ စီစဉ်နဲ့ …



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ သူငယ်ချင်းတွေနဲ့ တကွဲတပြားစီ ဖြစ်သွားသည်။

ခုမှာထိုင်တော့ … အက်ဘီအိုင် စုံထောက်တွေဝင်သလို။

"ကိုကြီး … "

"ဘာလဲဟာ … "

"လကို မလိမ်နဲ့ ကိုကြီးမှန်မှန်ဖြေ … ဟိုအစ်မကြီးချယ်မှုန်းထင်ဆိုတာ ကိုကြီးရည်းစားလား … ကိုကြီး အပြတ်ရှိုင်းပြီး ခြံထဲက ထွက်သွားတာလေ … "

"နှင် … နှင် မဟုတ်တာတွေ လျှောက်မပြောနဲ့နော် လ"

"ဘာ မဟုတ်တာတွေလဲ … ဘာမဟုတ်တာတွေလဲ"

"ဟား … ဟား … "

ရုပ်ရှင်ရုံထဲမှာ ဗိုက်ခေါက်ကို အသားကုန်လိမ်ဆွဲနေတာကြည့် …

"လ,ကြည့်လိုက်တော့ ကိုကြီးနားမှာ ကပ်နေတာ ပခုံးချင်းတောင် ထိတော့မယ် … အဲဒါ ရည်းစားမဟုတ်ရင် ဘာလဲ … ပြော … ပြော … "

ဘေးနားတစ်ပိုက်မှာ ကြည့်နေတဲ့သူတွေကိုလည်း အားမနာ။ ရုံထဲမှာ လ,သောင်းကြမ်းချင်တိုင်း သောင်းကြမ်းနေတာ။

ပြနေတဲ့ ရုပ်ရှင်ဇာတ်ကားကိုလည်း ကောင်းကောင်းမကြည့်။ ဘယ်လိုလုပ်မလဲ …

"လနော် … ကိုကြီးနဲ့ချယ်မှုန်းထင် သူငယ်ချင်းတွေပါလို့ လကို ဘယ်နှစ်ခါပြောရမလဲ … ကိုကြီးမှာ ရည်းစားမရှိတာ သိရဲ့သားနဲ့ … လ မရစ်စမ်းနဲ့"

"ဟာ … ရစ်တာမဟုတ်ဘူးလေ ကိုကြီး ဘာလို့ လကို





မခေါ်ဘဲ ထွက်သွားလဲ … ကိုကြီးမှာ ဒီညီမလေးတစ်ယောက်တည်းရှိတာ ကိုကြီး သိရဲ့သားနဲ့ … ကလိမ်ကကျစ်လုပ်ချင်လို့ လကို ခြောင်ထားခဲ့ပြီး ကိုကြီးထွက်သွားတာ"

"အေး … နှင် အဲလိုလိုက်လုပ်တာ အကြောင်းမဟုတ်ဘူး၊ သူငယ်ချင်းတွေက နှင်နဲ့ငါကို တစ်မျိုးထင်ကုန်ရင် ကောင်းမလား"

"ထင်စရာလား … ထင်စရာလား … ကိုကြီးနဲ့လ မောင်နှမတွေဆိုတာ လူတိုင်းသိတယ် … လုပ်မနေနဲ့ … "

"ဟာ … တိုးတိုးပြောလေ … "

"တိုးစေချင်ရင် ကွာစေ့ခွာပေး … ဒါပဲ … ရော့ … "

ကွာစေ့အိတ်ကို လက်ထဲပစ်ထည့်သည်။

ဖို့ရိုးဖားလျား ဖြစ်နေသည့် ဆံပင်တွေကိုလည်း ဖျတ်ခနဲ ပင့်တင်ကာ အခုမှ ပြန်ရှင်း၏။

"ဒါပဲနော် ကိုကြီး … အခုကတည်းက ကိုကြီးကို လအပြတ်ပြောထားမယ်၊ ကိုကြီးက ရည်းစားတစ်ယောက်ထားရင် လက ရည်းစားနှစ်ယောက်ထားမယ် … မယုံတော့မရှိနဲ့ … "

ကြိမ်းနေတာလည်း မီးကုန်ယမ်းကုန်။

မျက်လုံးလေးက ပြူးလိုက် နှုတ်ခမ်းလေးက မဲ့လိုက်နဲ့။

ရုပ်ရှင်လွှတ်တော့လည်း သူငယ်ချင်းတွေအားလုံးကို ဘယ်သူမှ နှုတ်မဆက်ဘဲ ရှေ့ကနေ ဆောင့်အောင့်နဲ့ ထွက်သွားသည်။

အဲ … နောက်တစ်နေ့ ကျောင်းတက်တော့မှ …

ကျေးရူးရှင် လုပ်ချင်သွားတဲ့ ပြဿနာက …

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၅ )

"လနော် ... နင်မပြေးနဲ့ ... "

"ဟာ ... ကိုကြီး ... "

တံခွန် ဒေါ်ပွပြီး လကို ကျောင်းထဲမှာ လိုက်ရှာတော့လည်း မတွေ့။

သွန်းသွန်းပြောတော့ လက နေမကောင်းလို့ဆိုပြီး အတန်းမတက်တော့ဘဲ ပြန်သွားတယ်ဆိုလို့ ကျောင်းဖယ်ရီနဲ့ ပြန်လာတာ။

ခုတော့ ...

နေမကောင်းလို့ ပြန်သွားတဲ့ ကျေးဇူးရှင်လေးက ...

သူ့အခန်းလေးထဲက ခုတင်ပေါ်မှာ မြိုင်ရာဇာတွတ်ပီကာ တွန်းတစ်အုပ်နဲ့ အခန့်သားဖိမ်ကျလို့ သူ ... ဝုန်းခနဲ တက်လာတာ မြင်တော့ ထွက်ပြေးဖို့ကြိုးစားတာ ခလုတ်တိုက်မလဲတာ ကံကောင်း။

"လာစမ်း ... လင်းလက်လံ ... "

"ဟာ ... ကိုကြီးနော် ... လ,ကို ဆွဲမထားနဲ့"

လ,က ခုတင်ပေါ်နောက်ပြန်ပစ်ထိုင်ချလိုက်တော့ နှစ်





ယောက်သားလုံးထွေးကာ ပူးလျှက်ကြီး ခုတင်ပေါ် ပစ်ကျသွားသည်။

"ဟဲ့ ... အို ... ဒီနှစ်ယောက် ဘာဖြစ်နေကြတာလဲ၊ ကြည့်စမ်း ... ကြည့်စမ်း ... ဒုက္ခပါပဲ ... "

ဒေါ်မြတ်လွန်းမေ ရင်ဘတ်ဖိလျှက်။

"ဟာ ... ဘာဖြစ်ရမလဲ ကြီးမေ ... ကြီးမေ သမီး ပြဿနာရှာတာလေ ... ကျွန်တော့်သူငယ်ချင်း ချယ်မှုန်းထင် လက်ပြတ်မသွားတာ ကံကောင်း ... "

"အမလေး ... ဘယ်က သူငယ်ချင်း ချယ်မှုန်းထင်လဲ"

"ကျောင်းကလေ ... ကျောင်းက သူငယ်ချင်း ချယ်မှုန်းထင်ပေါ့ ကြီးမေရဲ့ ... ကြီးမေ သမီး လင်းလက်လလေ ... မနေ့က ကျွန်တော့်မွေးနေ့ပွဲသွားကာနီး မွေးနေ့လက်ဆောင်ပေးဖို့ မှန်လုလုလေးတစ်ချပ်ကို ပါကင်ဗူးလေးနဲ့ သေသေချာချာထုတ်ထားတာ အဲဒါ ... အဲဒါ ... သံညှပ်ကြွက်ထောင်ချောက်နဲ့လဲပြီး ပါကင်ဗူးထဲ ပြန်ထည့်ပေးလိုက်လို့ ... "

"ဘုရားရေ ... ကြည့်စမ်း ... "

"ဘယ်လောက်ဆိုးတဲ့ ကြီးမေ သမီးလည်းဆိုတာ၊ အဲဒါ ... ဒီမနက်ကျောင်းသွားမှ ကျွန်တော်သိလို့ ဒေါ်ပွပွနဲ့ပြန်လာတာ ... ပါကင်ဗူးလည်း ဖွင့်လိုက်ရော ဖြောင်းခနဲဆိုပြီး ချယ်မှုန်းထင် လက်ခိုးလေး ညှပ်သွားတာ ... "

"အမလေးကွယ် ... "

"အဲဒါ ... ကြီးမေ သမီးကောင်းလားဟင် ကြီးမေ ... "

ဒေါ်မွှေး ပြောတော့ မီးဖိုခန်းထဲက သံညှပ်ကြွက်ထောင်ချောက်ကို



www.burmeseclassic.com

www.burmeseclassic.com



ခြေဖော့နင်းပြီး ကြီးမေသမီး လာခိုးသွားတာတဲ့ ...”

“အောင်မယ် ...”

တွေ့လား ...

သူကပဲ မျက်လုံးပြူးကြီးနဲ့ ပြန်ကြည့်ရတယ်ရှိသေး။

“အဲဒါ ... အမြင်ကတ်လို့ လုပ်တာလေ ဘာဖြစ်လဲ ...”

“ကြည့်စမ်း ... ကြည့်စမ်း ...”

အမြင်ကတ်လို့တဲ့။

ဘယ်သူ့ကို အမြင်ကတ်တာလဲဟင်။

သူ့ကိုကြီးကိုလား ... ချယ်မှုန်းထင်ဆိုတဲ့ ကောင်မလေးကိုလား။

“ကြား ... ကြားတယ်နော် ကြီးမေ ... ကြီးမေသမီး ကျွန်တော့်ကိုပြောနေတာ ... ဟော ... ဟော တွေ့လား ... တွေ့လား ဟိုမှာ နှုတ်ခမ်းလေးကိုက်ပြီးတော့တောင် ကျွန်တော့်ကို ကြည့်နေတာ ...”

“ဟာ ... ကြည့်တယ်လေ ... အဲဒါ ... ချယ်မှုန်းထင်ဆိုတဲ့ အဲဒီမမနဲ့ ကိုကြီးဖုန်းပြောပြီး မွေးနေ့ပွဲကို ချိန်းနေကတည်းက လ, ခိုးနားထောင်နေတာ၊ မေးလိုက်ရင်လည်း မဟုတ်ဘူး မဟုတ်ဘူးနဲ့ ကိုကြီး ဘာလို့ လ,ကို ညာသလဲ ... ဒါကြောင့်မို့ ... ကိုကြီးသွားတော့မယ်ဆိုတာ သိလို့ ကိုကြီးအခန်းထဲကိုလာပြီး ကြွက်ထောင်ချောက်နဲ့ လဲထည့်ပေးလိုက်တာ”

“ဘယ်မှာလဲ ... ငါ့မှန် ...”

“စိတ်တိုလို့ ရိုက်ခွဲပစ်လိုက်ပြီ ...”

“တွေ့လား ...”





သူ့ ခေါင်းခါနေတာ တကယ့်ကို စိတ်ပျက်လက်ပျက်လေး။

“မိလနော် ... နင် ... ကိုယ့်ကိုကြီးကို ...”

“ဘာကိုကြီးလဲ ... ဘာကိုကြီးလဲ ... အဟင့် ... လကပဲ ကိုကြီးကို အမြဲချစ်ခဲ့ရတာ၊ ကိုကြီးကျတော့ လကို ဘယ်တုန်းကချစ်လို့လဲ ... ဟိုအစောကြီးကတည်းက ကျောင်းပိတ်ရက်ကျရင် လကို ရုပ်ရှင်လိုက်ပြပါလို့ ပြောထားတာ ...”

ဟော့ကြည့် ... မျက်ရည်က အတောင့်လိုက် ကျလာပြီ။

“အဲဒါ ... လပြောထားတာကို ကိုကြီးအရေးစိုက်လို့လား၊ အဟင့် ... မဆီမဆိုင် မမချယ်မှုန်းထင်ရဲ့ မွေးနေ့ကျတော့ ဖွမ်းနေအောင်ပြင်ပြီး ကိုကြီးသွားတယ်”

“ဟာ ... အဲဒါ ငါ့သူငယ်ချင်းတွေလေ ...”

“အဟင့် ... လာမပြောနဲ့ ...”

နောက်ဆုံးကျတော့ ...

ချော့လို့လည်းမရ တောင်းပန်လို့လည်း မရတော့။ ငိုဟာငိုငိုဆိုပြီး ဒီအတိုင်းထားခဲ့တာ။ တံခွန်က ပြန်ထွက်သွားသည်။

ကျန်ခဲ့တာ သားအမိနှစ်ယောက် ...

“ဂျောက် ...”

ခေါ်မြတ်လွန်းမေ ဟိုကြည့်ဒီကြည့်နဲ့ အိမ်တံခါးပိတ်ပြီဆိုသ, သိပြီ။

“အဟင့် ... မေမေနော် ...”

“ဒေါက် ...”

“အား ... သေပါပြီ ... မေမေရဲ့ ...”

ခေါင်းကို မပြောမဆို ခေါက်ထည့်လိုက်တာ, မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



လေးရှုပြီး တကယ့်ကို အိစလန်ဝေသွားသည်။

"ညည်း ... မအော်နဲ့နော် မိလ ... လူကြီးက ဒီအတိုင်း လက်ပိုက်ကြည့်နေလို့ ညည်းလုပ်နေတာတွေအားလုံး ကောင်းတယ်ထင်မနေနဲ့ ... ညည်းကိုညည်း ... ကိုကြီး တိမ်တံခွန်နဲ့မောင်နှမအရင်းတွေ ထင်နေသလား ... ပုံ့မွေးချိုကို ညည်း မာမီအရင်း ထင်နေသလား ... ညည်း ... ညည်း ... ငါ့ကိုပြောစမ်းပါ ..."

မပြောမဖြစ်တော့လို့သာ ဒီစကားတွေကိုပြောရပေမယ့် တကယ်တမ်းကျတော့ ... ဒီလို သွေးခွဲစကားမျိုးတွေကို မြတ်လွန်းမေ မပြောချင်။

ဒါဟာလည်း ...

တစ်နေ့တစ်ခြား ပြောင်းလွဲလာတဲ့ အရွယ်လေးတွေကြောင့်ပါ။

ခုပဲကြည့်လေ ...

နှစ်ယောက်စလုံးအရွယ်တွေ ငယ်ကြတော့လို့လား ...။

တိမ်တံခွန်ကလည်း လူပျိုကြီးဖားဖား ...

လင်းလက်လဆိုတဲ့ အိမ်က ကျေးဇူးရှင်မကလည်း ဝင်းဝင်းနှစ်နှစ်ကလေးနဲ့ တကယ့်ကို ဖူးတင်းကြွရွလာတာ။ ဒါကို ဖြစ်ချင်တာဖြစ်ဆိုပြီး လွှတ်ထားလို့ရပါတော့မလား။

ပြီးတော့ ... ကိုယ်က သမီးရှင် ...

အနေအထိုင် ဆင်ခြင်ရမှာ မိန်းကလေးတစ်ယောက်ရဲ့တာဝန်။

မပြောရင် မဖြစ်တော့လို့သာ ကိုယ်ကပြောရတာ။





တစ်ခုခု ဖြစ်လာရင် ဘယ်လိုလုပ်မလဲ ...

တစ်ခုခုဖြစ်သွားရင် ဘယ်လိုရှင်းမလဲ။

ဟိုဘက်က ကိုယ့်သမီးနဲ့သဘောတူခဲ့ရင် အကြောင်းမဟုတ်တွေ့နိုင်ကြရင် တစ်သက်လုံး မကြည့်ချင်တော့အောင် ဒီမျက်နှာတွေ အပျက်ခံတော့မလား။ ပြီးတော့လည်း ... တိမ်တံခွန်မှာ ရည်ရွယ်ထားသူရှိနေပြီလားဆိုတာ ကိုယ်ကသိတာမဟုတ်။

တကယ်လို့ရှိနေခဲ့ရင် ကိုယ့်သမီးက ...

တွေးမိလေလေ ဒေါပွရလေလေဖြစ်ရတာက ကိုယ့်သမီးလင်းလက်လကိုပါပဲ။

"ညည်း ... ညည်း ... ငါ့မျက်နှာကို သေသေချာချာကြည့်စမ်း လင်းလက်လ ..."

"ဟာ ... ကြည့်နေတယ်လေ ... မေမေ ထပ်ခေါက်မာစိုးလို့ ... အဟင့် ..."

တွေ့လား ... ခေါင်းခေါက်လိုက်ရင် ကွယ်လိုက်ဖို့ ဒင်းကတက်တပြင်ပြင်နဲ့။ လွတ်တဲ့တစ်ဖက်က မျက်ရည်သုတ် ... လွတ်တဲ့တစ်ဖက်က ခေါင်းကိုကာ ... မိဘကို တကယ်ဒုက္ခပေးတဲ့ကောင်မလေး။

"ငါ ... ငါပြောချင်တာ ... ဒီနေ့ကစပြီး ညည်းအနေအထိုင်ဆင်ခြင် ... မိန်းကလေးက မိန်းကလေးပီပီသသလေးနေ ..."

"အဟင့် ... အခု လူက ဘယ်လိုနေနေလို့လဲ မေမေရဲ့"

"ချယ် ... ချယ်မှုန်းထင်ဆိုတဲ့ ကောင်မလေးက တိမ်တံခွန်ညီတားလား ဘားလားမသိဘဲနဲ့ ညည်းဒုက္ခသွားပေးနေလို့ ပြောနေတာလေ ... ညည်းလုပ်တာ သိသွားရင် ဟိုကောင်မလေး ချယ်မှုန်း



www.burmeseclassic.com

www.burmeseclassic.com



ထင်က ညည်းကို နောက်ကွယ်မှာ ဘာတွေပြောမယ်ထင်သလဲ”

“အဟင့် … သမီးက သက်သက်မဲ့ပျော်စေချင်လို့ ဇရုတ်ကျ တဲ့ဟာကို … သူတို့က ဘာပြောမှာမို့လို့လဲ မေမေရဲ့ … ကိုကြီးကို လ,ရဲ့ကိုကြီးဆိုတာ တစ်ကျောင်းလုံးသိနေကြတဲ့ဥစ္စာ …”

“ဟဲ့ …”

“ဟာ … မေမေနော် … လကို ထပ်မခေါက်ပါနဲ့”

“ခေါက်တော့ ဘာဖြစ်လဲဟင် … ခေါက်တော့ ဘာဖြစ်လဲ”

“ဒီမှာ … ဒီမှာ … ဘုသီးထနေပြီ မေမေရဲ့ … အဟင့် … ဟင့် … ဟင့် …”

မြတ်လွှန်းမေ တကယ်ဆူပြီ ဆဲပြီဆို …

တဟင့်ဟင့်လေးနဲ့ငိုတတ်တာ ဒင်းရဲ့ငယ်ငယ်လေးထဲက အကျင့်။

“ဘာကိုကြီးလဲဟင် မိလ … ညည်းမသိဘူးလား။ ညည်းမသိ ဘူးလား … ဒီခြံကြီးထဲမှာ အတူမွေးအတူကြီးလာလို့ မောင်နှမတွေ လို ဖြစ်နေတယ်ဆိုတာ … သေသေချာချာစဉ်းစားကြည့်ရင် ဘာမှ သွေးမတော်သားမစပ်တဲ့တစိမ်း … အခုပဲ ညည်းကိုညည်း ပြန်ငုံ့ ကြည့်စမ်း … မှန်ရှေ့မှာသွားပြီး ညည်းရဲ့ကိုယ်လုံးကိုယ်ပေါက်လေး ကို ညည်း ပြန်လှည့်ကြည့်စမ်း …”

“ဟာ … အဲဒါ လ,နေ့တိုင်းကြည့်တယ်လေ မေမေရဲ့”

“ဟင် … ကြည့်တော့ ဘာတွေ့လဲ …”

“အဟင့် … အဲဒီမေမေ လကို ဘာတွေလာမေးနေမှန်းမသိ ဘူး … ကိုယ့်ကိုယ်ကိုယ် ပြန်ငုံ့ကြည့်တော့ လက ဘာတွေ့ရမှာလဲ”

တွေ့လား …





ဒင်း … ကလေးစိတ်မကုန်သေးတာ အဲဒါကိုပြောနေတာ။

“ညည်းကိုယ်လုံးလေးလေ … ညည်းရဲ့တင်ပါး လုံးလုံးချွန် ချွန် ပစ်ပစ်တစ်တစ်လေးလေ …”

“အဟင့် … ဒုက္ခပါပဲ အဲဒီမေမေ …”

“အဲဒါ … ညည်းကို မငယ်တော့ဘူးလို့ပြောနေတာ၊ ညည်း ကလေးမဟုတ်တော့ဘူးလို့ ပြောနေတာ … ရှင်းပြီလား … ရှင်းပြီ လား …”

“ခေါက် …”

“သေပါပြီ … မေမေရယ် … အဟင့် … ဟင့် …”

စိတ်မရှည်နိုင်တော့လို့ …

နောက်တစ်ချက် ထပ်တီးပစ်လိုက်တာလေ။

“ညည်း … ညည်း မငိုနဲ့ …”

“မေရေ … ကလေးကို တံခါးပိတ်ပြီး နင်ဘာတွေနှိပ်စက် နေတာလဲ …”

“ခေါက် … ခေါက် …”

“တံခါး ဖွင့်ပါဦး မေရဲ့ …”

ဟော … ကြည့် … ဒင်းငိုသံကြားလို့ ပုံ့မွေးချို လိုက်လာ ပြီ

အဲဒါပဲ … ဒင်းငိုသံကြားရင် ပုံ့မွေးချို မနေနိုင်တာ အဲဒါပဲ။ ဖျက်ကြ ဖျက်ကြ … ဒင်းကို ဟိုအတန်းရောက်သွားအောင် ဖျက် လိုက်ကြစမ်း။

“ခေါက် … ချောက် …”

ပြေးဖွင့်လိုက်တော့ ချိုက တံခါးဝမှာ ပြုံးပြုံး …



www.burmeseclassic.com

www.burmeseclassic.com



"အဟင့် ... မာမီ ... "

အံမယ် ... အံမယ် ... ဒင်းမာမီကို ဒင်းပြေးဖက်နေတာ ကြည့်စမ်း ...

"လကို မေမေက ဆူနေလို့ လငိုနေတာ မာမီရဲ့ ... အဟင့်ဟင့် ဟင့် ... လကို ဘာတွေပြောနေမှန်းလည်း မသိဘူး၊ ခေါင်းကို ခေါက်တာလည်း အီစိမ့်နေပြီ ... "

တွေ့လား ... ဒင်းထောင်တော့မယ်ပေါ့။

မြတ်လွန်းမေ ခေါင်းကြီးကာ မျက်လုံးပါ ပြူးထွက်သွားသည်။

"မိလ ... ညည်း မဆိုင်တာတွေ ထည့်မပြောနဲ့နော်"

ပြူးပြူး ပြဲပြဲရင်း အံကိုပါ ကြိတ်ထားရသည်။

"အဟင်း ... တိုင်ပါစေ မေရယ် ... သမီးလေးမှာ ဒီအမေနှစ်ယောက်ပဲရှိတဲ့ဟာကို ... အခုလာတာလည်း လငိုတဲ့အသံကြားလို့လာတာ ... ကဲ ကဲ ... မျက်ရည်လေးသုတ်ပြီး မာမီနောက်ကို လလိုက်ခဲ့ ... လကြိုက်တဲ့ အဖိုးကြီးနားရွက်နဲ့ ကြာဇံဟင်းခါးပူပူလေး မာမီချက်ထားတယ် ... တုတ်ထိုးလေးလုပ်ထားတာလည်း ရှယ် ... ရှယ် ... "

လ့ကို အဲလိုချစ်တဲ့ ပွဲ့မွေးချို။

မအေကိုလည်း နှုတ်ခမ်းလေးမဲ့ကာ မျက်စောင်းလေးထိုးပြီး ကြည့်သွားလိုက်သေးရဲ့။

"မဒွေးရေ ... "

"ရှင် ... မမ ... "

"ငရုတ်သီးစပ်စပ်လေးနဲ့ ဘိတ်ချဉ်လေးတစ်ပွဲလောက်ပြင်





မြန်လုပ်စမ်း ... ဒီမှာ လကို ခေါ်လာပြီ ... "

"ဟုတ် ... မမ ... "

"ကဲ ... မာမီစီစဉ်ထားတာလေကို လ့ကြိုက်တယ်မို့လား"

စားပွဲပေါ်က ဟင်းပွဲတွေကိုပြပြီး မာမီမေးနေတာလေ။ ဒါကိုတောင် လ့က ...

"အဟင့် ... အချိုလေး ပါတယ်နော် ... "

အထွန့်လေးက တက်လိုက်သေး။

"အို ... ပါတယ်လေ ... လ ... "

မာမီပြလို့ ကြည့်လိုက်တော့ ကတ်ကြေးလေးနဲ့ညှပ်ပြီး အဆင်သင့်လေး ကြိုက်တာစားလို့ရအောင် သစ္စာဖန်းကလေးထဲမှာ ထည့်ထားတာလေ။

ကြာဇံဟင်းခါးလေးကလည်း ပူပူနွေးနွေးလေး။

"သားရေ ... ဒီမှာ လ့ရောက်နေပြီ ... "

"ဟွန်း ... မာမီ ... အဲဒီကိုကြီးကို မခေါ်နဲ့ ... မုန်းတယ်"

"ဘာလဲဟင် လ ... ကိုကြီးနဲ့ရန်ဖြစ်ထားတယ်ပေါ့"

"ဟွန်း ... ဖြစ်တာပေါ့ မာမီ့သားက လေမိကြီး ... ဖိုးတွမ်ကြီး အကြီးစားကြီး ... မာမီကွယ်ရာမှာ ပွေနေရှုတ်နေတာ မာမီ သိလို့လား ... "

"ဘုရားရေ ... လ့ ကိုကြီးက ပွေတယ်ရှုတ်တယ် ဟုတ်သား"

"လ့နော် ... နင် ငါ့ကိုမချွန်နဲ့ ... "

"ချွန်မယ် ... ဘာဖြစ်လဲ ... ကိုကြီး ဘာလို့ လ့ကိုညာလဲ"

"ဒီမောင်နှမတွေကွယ် ... စားလည်းရန်ဖြစ် သွားလည်းရန်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နဲ့ ... တစ်သက်လုံးတည့်အောင် ဘယ်လိုနေကြတော့မှာလဲဟာ
မာမီ့ကို ပြောကြစမ်း ... "

"အမလေး မာမီ့သားနဲ့လား လ,က တစ်သက်လုံးနေမှ
သဘောမတူတဲ့ မိန်းမနဲ့ယူလို့ကတော့ မာမီ့ကို အမွေပြတ်စွန့်လွှ
နိုင်းပြီး အိမ်ပေါ်ကပါ ဆင်းနိုင်းမယ် ... အခုလည်း ကိုကြီးနဲ့တွဲ
တဲ့ မမချယ်မှုန်းထင်ဆိုတာ ပုတက်စိန် ဖျက်ရွက်စိန် မှည့်တစ်လုံး
ဟား ... ဟား ... လူက မလှဘဲနဲ့ ပေးထားတဲ့နာမည်က ချယ်မှု
ထင်တဲ့ ... "

"ဟုတ်လားဟင် သား ... လ,ပြောနေတာ ... "

"အလကားပါ မာမီရာ ... လျှောက်ပြောနေတာ ... "

"ဘာလျှောက်ပြောတာလဲ ... ဘာလျှောက်ပြောတာ
အဲဒီပုတက်မနဲ့ ကျောင်းထဲမှာလည်း ကိုကြီးခိုးတွဲနေတာလေ၊
မြင်မှာစိုးလို့ ကန်တင်းမှာထိုင်တာတောင် ဂျောင်ကလောင်လေး
မှာ ကိုကြီးသွားထိုင်တာ ... ကိုကြီးကို လ,အမြဲလာလာချောင်း
ကိုကြီးမှ မသိတာ ... နောက်တစ်ခါဆို ကိုကြီးငြင်းလို့မရအော
ခဲနဲ့ထုမယ်"

တွေ့လား ...

ပြောနေတာ တကယ်ထုမဲ့ရုပ်။

"ကဲပါ ... မာမီမေးပါဦးမယ် ... ချယ်မှုန်းထင်ဆိုတာ ဘ
သူလဲ ဘယ်မှာနေတာလဲ ... မိဘတွေက ဘာလုပ်သလဲ ... "

"ကျောင်းက သားသူငယ်ချင်းပါ မာမီရာ ... မနေ့က
မှုန်းထင် မွေးနေ့ပွဲဖိတ်တာ သွားမိလို့ ပြဿနာအမျိုးမျိုးရှာနေ

"မမရေ ... ဒီမှာ ဘိတ်ချဉ်လေး ရပြီနော် ... "





ကြက်သွန်ဖြူလေးနှာပြီး ငရုတ်သီးစိမ်းလေးနဲ့ စပ်ထားတဲ့
ဘိတ်ချဉ် ... ပြီးတော့လည်း ရယ်ဒီမိတ် ပုလင်းလေးနဲ့လာတဲ့အချဉ်။

လ,ကတော့ သူ့ကိုကြီးရှင်းပြနေတာကို မယုံသလို နှုတ်ခမ်း
လေးမဲ့လို့။

တုတ်ထိုးဗန်းကိုလည်း သူက အရင်စနိုက်သည်။

"ဟား ... မိုက်တယ်ကွာ ... ကြည့်စမ်း ... "

"ကဲ ... ဒီနေ့တော့ သားနဲ့သမီးကို မာမီရည်ရွယ်ထားတာ
တွေ ကြေပြောမယ်နော် ... ဒါကိုပြောချင်လို့ ဒီတုတ်ထိုးပွဲလေးကို
ပွဲဆင်လိုက်တာ ... "

မာမီပြောတာကို လက စိတ်မဝင်စား။

အူချိုတွဲကိုပဲ ကတ်ကြေးလေးနဲ့ မွှေနှောက်ကာ ရှာနေ
သည်။

"မာမီ အဓိကပြောချင်တာက ယောက်ျားလေးပဲဖြစ်ဖြစ်
မိန်းကလေးပဲဖြစ်ဖြစ် အရွယ်ရောက်လာရင် မဖြစ်မနေ တတ်ထား
သင့်တဲ့ ပညာတွေအကြောင်း မာမီက ဒီနေ့ပြောချင်တာ"

"ဟား ... ဘိတ်ချဉ်လေးနဲ့ တို့စားရတာရှယ်ပဲ ... ဒေါ်ငွေး
ရေ ... ဘိတ်ချဉ်လေးထဲကို သံပုရာသီးလေး တစ်ခြမ်းလောက်ထည့်
ညှစ်ထည့်ပေးပါဦး ... ရှီး ... ဒီမှာ အရမ်းစပ်သွားပြီ"

"ဟဲ့ ... မငွေးရေ ... မြန်မြန်လုပ်စမ်း"

"ဖလူး ... ဖလူး ... ရှီး ... အား ... "

ခေါင်းကလေးလည်းခါ လက်ကလေးလည်းခါ။

ကိုယ်ပြောနေတာလည်း စိတ်မဝင်စား။

လ,ကတော့လေ တကယ်ခက်တော့တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ရေ … မာမိ … ရေ … "

နဲ့ ရေဆိုလို့ ရေခဲသေတ္တာဖွင့်ပြီး ရေပုလင်းပြေးယူရတာလဲ ကိုယ်။ ပြောနေတဲ့စကားလည်း ဘယ်ရောက်လို့ ရောက်သွားမှန်း မသိ။

ရေတိုက်လိုက်တော့မှ ရှုးရှုးရှဲရှဲဖြစ်နေတာတွေအားလုံး ငြိမ်သွားသည်။

"ဟဲ ဟဲ … ဘိတ်ချဉ်ထဲက ငရုတ်သီးစိမ်းကိုက်မိသွားတာ"

"စားပါ … စားပါ … ဒီမှာ အူချိုလေး … ဟင်းဟင်း … "

မာမိကိုယ်တိုင် ကတ်ကြေးနဲ့ညှပ်ပေးရတဲ့အဖြစ်။

ပြီးတော့မှ … ကိုယ့်စကားကိုယ်ပြန်ဆက်ရသည်။

"ကဲ … ရပြီလား … ရရင် မာမိဆက်ပြောမယ်နော်"

"ရပြီ … ရပြီ … ပြောလို့ရပြီ … "

အဲလို လင်းလက်လ …

နားထောင်နေတာတောင် …

ပလုတ်ပလောင်းလေးစားရင်း နားထောင်နေတာပဲကြည့်

"အဲဒီပညာက ဘာလဲဆိုတော့ ယောကျ်ားလေးက စီးပွားရှာတဲ့ပညာ၊ မိန်းကလေးက အိမ်ထောင်မှုထိန်းသိမ်းတဲ့ပညာ … "

"ဟာ … ကိုကြီးနော် … သူများကြိုက်တဲ့အူချို ကိုကြီး မစားနဲ့ … "

"အောင်မယ် … ဒီတစ်ဖတ်လေးပဲ ယူစားတဲ့ဟာကို"

"ကိုကြီးစားချင်ရင် နားရွက်စား … ဟဲဟဲ … နားရွက်စားရင် အကြားအာရုံ ပိုကောင်းတယ်တဲ့ စားကြည့် … စားကြည့်"

ပြောရတာလည်း ပျံ့မွှေးချို စိတ်ဓာတ်ကျသွားသည်။





ကလေးနှစ်ယောက်ကိုကြည့်ပြီး မပြုံးဘဲလည်း ကိုယ်က မနေနိုင်။

"ဟာ … ပြောလေ မာမိ … "

သားပြောတော့မှ စကားဆက်ဖို့ ပြန်သတိရသည်။

"အဲဒါ … သားရော သမီးရော ကျောင်းတက်တာလည်း တက်၊ အချိန်တွေအားရင် သားကလည်း စီးပွားရှာတာသင်၊ သမီးကလည်း အိမ်ထောင်မှုထိန်းသိမ်းတဲ့ပညာတွေသင်"

"ဘာတွေသင်ရမှာလဲ မာမိရဲ့ … "

ဒါကိုတော့ လ,က လှမ်းမေးလိုက်တာဖြစ်သည်။

"ဥပမာဆိုပါတော့ကွယ် … ဟင်းချက်နည်း … "

"အမလေး မာမိရယ် … ကိုယ့်အိမ်မှာ ချက်တတ်ပြုတ်တတ်တဲ့လူတစ်ယောက် ငှားထားလိုက်ရင်ပြီးနေတာပဲဥစ္စာ … လတို့ကတော့ ဝါသနာမပါရေးချမပါ … လုံးဝမပါ … ဟွန်း … "

လက်ကလေးခါပြီး နှုတ်ခမ်းလေးကပါ မဲ့လိုက်သေး။

"လ,နော် … မာမိက စေတနာနဲ့ပြောနေတာ၊ နင်ကောင်းကောင်း နားထောင်စမ်း … "

"ဟာ … အဲဒါတွေ လ,မသင်ချင်လို့ ပြောတာလေ"

"လ … "

တံခွန် မျက်နှာထားလေးက မာသွားသည်။

"ဟာ … ဘာလဲ ကိုကြီးရာ … "

"နင့်ကို မိန်းကလေး ပီသစေချင်လို့ မာမိကပြောနေတာ၊ နင်ယောကျ်ားရသွားလို့ ထမင်းတွေ ဟင်းတွေ မချက်တတ်ရင် ယောကျ်ားက နင့်ကို အိမ်ပေါ်က ကန်ချလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အမလေး ... ကန်ချတော့ ဘာဖြစ်လဲ ... ကိုယ့်အိမ်ကိုယ် ပြန်လာမှာပေါ့ ... ဟုတ်တယ်နော် မာမီ ..."

"ဟုတ်ပါတယ် ... ဟုတ်ပါတယ် ဟင်း ဟင်း ..."

"ကဲ ... ကြားတယ်နော် ကိုကြီး ..."

လ ... ဒီလောက်ပြောရင် ပျံ့မွှေးချို သဘောပေါက်ပြီ။

အနုနည်းနဲ့မရရင် အကြမ်းနည်းနဲ့ သင်ပေးရတော့မှာပဲ။

မတတ်နိုင်ဘူးလေ ...

သားနဲ့သမီးရဲ့ နောင်ရေးကို ကိုယ်ပဲရည်ရွယ်ခဲ့တာဆိုတော့။

"လ ..."

"ရှင် မာမီ ..."

"မာမီတစ်ခွန်းပဲ ပြောမယ် ... ရှေ့အပတ်ကစပြီး စနေ၊ တနင်္ဂနွေကျောင်းပိတ်ရက်တိုင်းမှာ မာမီနဲ့ဈေးကိုလိုက်ရမယ် ... မီးဖိုချောင်မှာ ဟင်းချက်နည်း သင်ရမယ် ... ဒါပဲ ..."

"ဟင့် ... မာမီကလဲ ..."

လ, ငိုမဲ့မဲ့လေး ဖြစ်သွားတာကိုကြည့်ပြီး ...

တိမ်တံခွန် ရယ်နေတာ တဟားဟားနဲ့ ...

ဒေါ်ပျံ့မွှေးချိုကတော့ ...

တစ်ချက်လွှတ် အမိန့်တော်ကို ချမှတ်ခဲ့ပါပြီ။

အခန်း ( ၆ )

"အဲဒါပဲမေ ... ချိုကတော့ လကို အပြတ်ပြောလိုက်ပြီ"

"ဟင် ... ဒါဆို လကရော သင်မယ်ပြောသလား"

"အမလေး မေရယ် ... မေ့သမီးလား အဲလိုသင်မယ်ပြောမှာ၊ မျက်နှာလေးရှုံ့မဲ့ပြီးတော့ ပွစိပွစိနဲ့တောင် ချို့ကိုပြောသွားသေးတာ အဲဒါ ... နောက်တစ်ပတ်ကစပြီး ချိုဈေးသွားတိုင်း လကိုခေါ်သွားမယ် ... သားငါးဟင်း ချက်စရာတွေနဲ့ အိမ်သုံးပစ္စည်းတွေကို ဘယ်လိုရွေးချယ်ပြီးတော့ ဝယ်ရတယ်ဆိုတာ လ,သိသွားတတ်သွားအောင်လို့ ..."

"အမလေး ချိုရယ် ... နေဖင်ထိုးတာတောင် အိပ်ရာက မထချင်တဲ့ဟာလေးကို ချိုမို့ ဒုက္ခခံသင်ချင်နေရသေးတယ်"

"အခုရော ... မေ့သမီး ဘယ်သွားလဲ ..."

"ဟိုမှာလေ ... ကျောင်းကပြန်လာကတည်းက ကျောပိုးအိတ်ကို ဘုန်းခနဲ ပစ်ချပြီး အိပ်ခန်းထဲ ခြေထောက်လေးဆောင့်ပြီး သွားတာပဲ ..."

"ဟွန်း ... သူ့ကိုကြီးနဲ့ စိတ်ကောက်လာကြပြန်ပြီ ထင်

www.burmeseclassic.com



တယ်"

အပြင်က အမေနှစ်ယောက်ပြောနေတာ ...

လ, ကြားသားပဲ။

တမင် ထွက်မလာချင်လို့ ထွက်မလာတာ။

ဟုတ်တယ်လေ ... ဘာဖြစ်လဲ ...

ဒီနေ့ ကျောင်းမှာ ကိုကြီးနဲ့စိတ်ကောက်လာတာ အမှန်ပဲ။

"အဟင့် ... အလကား ကိုကြီး ... "

တွေးမိလေ လမျက်ရည်ဝဲရလေပါ။

လ,ထင်တာက ကိုကြီးနဲ့ မမချယ်မှုန်းထင်ကို အမြင်ကတ် လို့သာပြောနေရပေမယ့် သူငယ်ချင်းလို့ပဲ စိတ်ထဲက ရိုးရိုးရှင်းရှင်း လေးထင်ထားခဲ့တာ။ ဒီနေ့ ... လွတ်နေတဲ့ စာသင်ဆောင်အခန်းထဲ မှာ ကိုကြီးနဲ့မမချယ်မှုန်းထင် ပုတ်လိုက် ခတ်လိုက်နဲ့ နှစ်ယောက်ထဲ စကားတွေရယ်မောပြောနေတာကို မြင်ခဲ့ရတာလေ။

လ,ကိုကျတော့ ...

ကလေး ... ကလေးဆိုပြီး ချောင်ထိုးထားတယ်။

လ,မှာတော့ လ,တို့ အတန်းဘက်ကို ကိုကြီးလာမလား လာမလားဆိုပြီး အတန်းအပြင်ဘက်ကို ကြည့်လိုက်ရတာအမော။ ကိုကြီးမလာလို့ တမင်သွားနေကြလမ်းက မသွားဘဲ ဟိုဘက် အဆောင်တွေဘက်ကနေ ပတ်ကြည့်လိုက်တော့မှ သူတို့နှစ် ယောက်ကို တွေ့လိုက်လို့ လ,ဝမ်းနည်းပြီး မျက်ရည်တွေ ချက် ချင်းဝဲတက်သွားခဲ့တာ။

ကိုကြီးရယ် ...





ကိုကြီးကို လရဲ့ ကိုယ့်ကိုကြီးလို ချစ်ခဲ့တာပါ။

လ,ချစ်တဲ့အချစ်လေးက ဖြူစင်ပါတယ်ကိုကြီးရယ်။

ဒါပေမဲ့ ... ကိုကြီးကတော့ လကို Exo အိတ်လေးဝယ်ပေး ဖို့တောင် သတိမရတော့ဘူးလေ။ ကိုကြီးတို့နှစ်ယောက်နားကို လည်း လ,ဆက်လျှောက်မသွားတော့ပါဘူး။ ဒီပွဲမှာ လကို အားပေး တဲ့သွန်းသွန်းကိုတော့ လတကယ်ကျေးဇူးတင်တယ်။ လကျတဲ့ မျက်ရည်လေးကိုလည်း သွန်းသွန်းက သုတ်ပေးတယ်လေ။

"လရယ် ... နင့်ကိုကြီးက နင့်ကိုပစ်ထားတာ မဟုတ်ပါဘူး၊ အတန်းပြီးတာနဲ့ ဖယ်ရီကားပေါ်တောင် မတက်သေးဘဲ၊ နင့်ကို တစ်ယောက်တည်း ရပ်ရပ်စောင့်ပေးနေတဲ့ဟာကို ... အဲဒါ ... နင့် ကို ချစ်လို့ပေါ့ လရဲ့ ..."

"အဟင့် ... ကိုကြီးက လ,ထက်စာရင် မမချယ်မှုန်းထင်ကို ပိုချစ်နေလို့ လ,ဝမ်းနည်းတာ၊ နောက်ဆိုရင် လကိုတောင် ကိုကြီး ချစ်မှာ မဟုတ်တော့ဘူး ..."

"လ,ရယ် ... နင်အထင်မလွဲစမ်းပါနဲ့၊ နင်ဆိုးတဲ့ဒဏ်ကို နင့် ကိုကြီးက တစ်သက်လုံးခံလာခဲ့တဲ့ဥစ္စာကို ... မမချယ်မှုန်းထင်ဆို တာလည်း တက္ကသိုလ်မှာ သုံးနှစ်ပေါင်းလာတာဆိုတော့ ဒီလောက် တော့ခင်မှာပေါ့ ... ပြီးတော့လည်း နင့်ကိုကြီးက သဘောလည်း ကောင်းတယ်၊ လူချစ်လူခင်လည်း များတယ် ... ကယ်မက်စတီမှာ တော့ နင့်ကိုကြီးက စတားပဲ ..."

သွန်းသွန်းနဲ့ပြောခဲ့တာကို ပြန်တွေးရင်း လမျက်ရည်သုတ်ရ သည်။ ထိုအချိန်မှာပဲ တံခါးခေါက်သံလေးနဲ့အတူ ပေါ်လာတဲ့အသံ လေးက ... ။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက် … ဒေါက် … "

"လ,ရေ … လ … အခန်းထဲမှာရှိလား … "

"ဟင် … ကိုကြီး … "

လ,စိတ်ကောက်သွားမှန်းသိလို့ ကိုကြီးလိုက်လာတာလေ။

မျက်ရည်တွေ ကိုကြီးမမြင်အောင် လ,ကပျာကယာသုတ်လိုက်ရသည်။ ကျောင်းထဲမှာ မြင်ခဲ့ရတဲ့ကိစ္စကိုလည်း လ,မပြောတော့ပါဘူး။ မသိချင်ဟန်ဘဲ ဆောင်နေလိုက်ပါတော့မယ်။

"ဒေါက် … ဒေါက် … "

"လ, တံခါးဖွင့်လေ … အိပ်ချင်ယောင်ဆောင်မနေနဲ့၊ ဒီမှာ လ,လိုချင်တဲ့ Exo အိတ်လေး ကိုကြီးဝယ်လာတယ်"

"ဟယ် … ကြည့်စမ်း … "

Exo အိတ်လေး ဝယ်လာတယ်တဲ့။

လ, အပြေးအလွှား တံခါးဖွင့်ပေးလိုက်တော့ …

"ဒီမှာလေ လ … ခုပဲ ကက်ပီတယ်ကနေ ကိုကြီးဝယ်လာတာ၊ ဘယ်လောက်မိုက်လဲဆိုတာ ဒီမှာ ကြည့်စမ်း … "

"ဟင် … "

ကိုကြီးလက်ထဲမှာ ကိုင်ထားတာ။

အရောင်တူ ဒီဇိုင်းတူ Exo အိတ်လေး နှစ်အိတ်။

"ရော့ … ဒီအိတ်ကို လ,ယူလိုက် … "

"ဟို … ဟိုတစ်အိတ်ကရော … "

"အဲဒါ … ချယ်မှုန်းထင်မှာထားလို့လေ … "

"ဩော် … ဩော် … "

လ,ရင်ထဲမှာ နင့်သွားအောင် ခံစားသွားရတာ။





ကိုကြီး မမြင်အောင် ဟန်ဆောင်ပြုံးလိုက်ရင်ကောင်းမလား။

"ဟား … ဟား … ကိုကြီးကတော့လေ တကယ်ပဲသိလား၊ ရှာတယ်လေ ကိုကြီး … လ,ဒီတစ်အိတ်ရရင် ကျေနပ်ပြီ၊ ကျေးဇူးနော် ကိုကြီး … အရိုဂတော ဂိုဆိုင်းမတ် … ဟား ဟား … "

အမြင်ကတ်ကတ်နဲ့ ဂျပန်လိုပါ ပြောပစ်လိုက်တာ။

"တွေ့လား … ကျောင်းကပြန်လာတုန်းက မျက်နှာကတစ်မျိုး … "

ဟော … တွေ့လား … လ,စိတ်ကောက်နေတာ ကိုကြီးသိတယ် … ကြည့်စမ်း … ဒါဆို … လ,စိတ်ကောက်တာသိလို့ ဒီ Exo အိတ်လေးဝယ်လာတာဆိုရင် နောက်တစ်အိတ် ဝယ်လာတာကရော ဘယ်သူစိတ်ကောက်နေလို့လဲ။

ကိုကြီးရယ် … လ, သိပါပြီ။

"ပြောစမ်း … ကျောင်းကပြန်လာတော့ မျက်နှာလေးက သုန်မှုန်ရှုပုတ်နေပြီးတော့ … အခုရော ဘာလဲ … လ,အိပ်နေတာလား"

"ဟာ … မအိပ်ပါဘူး ကိုကြီးရဲ့ … "

"ကြီးမေရော … "

"နောက်ဖေးမှာ ဟင်းချက်နေတယ်လေ … "

"ဒါဆို … ကိုကြီးသွားတော့မယ်နော် … "

"ဟုတ် … "

လ,ငယ်ထိပ်လေးကိုပါ ဖျတ်ခနဲ တစ်ချက်လှမ်းပုတ်ပြီးတော့မှ ကိုကြီးက ထွက်သွားသည်။ အခုမှ ခုတင်လေးပေါ် ပစ်လှဲ



www.burmeseclassic.com

www.burmeseclassic.com



ချိုး လ တကယ်ငိုရပါပြီ။

"မိလ ... ညည်းတစ်ယောက်တည်း အခန်းထဲမှာ ငိုနေတာလား ... တံခါးဖွင့်စမ်း ... "

ဘုရားရေ ...

လ ရှိုက်ငိုနေတဲ့အသံလေးကို မေမေ ကြားသွားပြီ။

တံခါးက ဂျက်ထိုးမထားတော့ မေမေ ဖိတွန်းလိုက်တာနဲ့ တင် တံခါးရွက်လေးက သူ့အလိုလိုလေး ပွင့်သွားသည်။

"ဟွန်း ... ငါသိတယ် ... ကျောင်းက ပြန်လာကတည်းက ညည်းဘာဖြစ်လာတယ်ဆိုတာ ငါသိတယ်နော် မိလ ... "

မေမေ မျက်လုံးပြူးကာ ...

ဆောင့်ဆောင့်အောင့်အောင့်နဲ့ပဲ ခုတင်ပေါ် ဆောင့်ခနဲဝင်ထိုင်ချသည်။

"ပြောစမ်း ... ညည်းနဲ့တံခွန် ဘာတွေဖြစ်နေကြတာလဲ"

"အဟင့် ... "

မေးကာမှ လ ပိုရှိုက်မိသည်။

"ချယ်မှုန်းထင်ဆိုတဲ့ ကောင်မလေးနဲ့ ညည်းကိုကြီးကို ညည်းက သဝန်တိုနေတာလား ... စောစောက ညည်းကိုကြီး အိတ်ကလေးလာပေးရင်း ပြောသွားတာ ... ငါကြားတယ်နော်"

"ကို ... ကိုကြီးက လ ကို မချစ်လို့ပေါ့ မေမေရဲ့ ... "

"ကြည့်စမ်း ... "

ဒေါ်မြတ်လွန်းမေ ဒင်းကို မကျေနပ်တာလည်း ဒါကိုပဲ မကျေနပ်တာ။ ကိုယ်က မိန်းကလေးဖြစ်ပြီးတော့ တံခွန့်ကို





ဘယ်လိုပုံစံမျိုးနဲ့ ဒင်းက ချစ်စေချင်နေတာလဲ။ တံခွန်နဲ့ ချယ်မှုန်းထင် ပတ်သက်နေတာကို ဒင်းက ကြားထဲကနေ အူတိုနေစရာလား။ ခေါက်တော့လည်း ကိုယ်ပဲလက်နာသည်။ ပါးနားဝိတ်ရိုက်ဖို့ ကျတော့လည်း ကိုယ်က မလုပ်ရက်။

"ညည်း ... ညည်းကို ဟိုက ဘယ်လိုချစ်ရမှာလဲဟင် မိလ၊ သူ့မှာလည်း ခင်မင်ရမယ့်သူ ချစ်ရမယ့်လူရှိနေတာ ညည်းက အမဆိုင် ညာမဆိုင် သဝန်ကြောင်ပြီးဖြစ်နေစရာလား ... "

"အဟင့် ... လ ဘယ်မှာ သဝန်ကြောင်လို့လဲမေမေရဲ့ ... မေမေ လ ကို အထင်လွဲနေတာ လသိတယ်၊ လကလွဲရင် ကိုကြီး ဘယ်သူ့ကိုမှ မချစ်စေချင်လို့ပြောနေတာ၊ ကိုကြီး မိန်းမယူသွားရင် လတစ်ယောက်တည်း ဒီခြံထဲမှာ ကျန်ခဲ့မှာ မေမေသိလို့လား ... စားချင်တဲ့မုန့်ကိုရော ဘယ်သူက အပြင်မှာလိုက်ဝယ်ကျွေးတော့မှာလဲ ... "

"ဘုရားရေ ... ကြည့်စမ်း ... ဒါ ... ဒါဆို ညည်းချစ်တာက"

"ဒီကိုကြီးနဲ့ဒီညီမလေး ... ဒီခြံထဲမှာ နှစ်ယောက်အတူတူနေလာခဲ့တဲ့ဥစ္စာကို လ စိတ်ကောက်ရင်လည်း ကိုကြီးက ချော့တယ်၊ လ အနိုင်ကျင့်ရင်လည်း ကိုကြီးက ခံတယ် ... ဒါကြောင့်မို့ ... လ ကိုကြီးကိုပဲ လ ချစ်တယ် ... အဟင့် ... ဟင့် ... ဟင့် ... "

"ဒုက္ခပါပဲ ... "

ဒေါ်မြတ်လွန်းမေမှာတော့ ...

ရင်ဘတ်ကလေး ဖိလိုက် ပင့်သက်လေးချလိုက်နဲ့ ...

ဒင်းကို မျက်တောင်မခတ်ဘဲ ကြည့်နေတာ အသက်တောင် ...နိုင်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ... ဒါဆို ... ညည်းချစ်တာ ကိုယ့်ကိုကြီးတစ်ယောက်
ချစ်တာပေါ့ ... ဟုတ်လားဟင် ... မိလ, ငါက ဘာစိတ်ညာစိ
တွေနဲ့ ညည်းချစ်နေမှာစိုးလို့ ပြောနေတာ ... ပြောနေတာ ...

"အဟင့် ... အသက်ကဖြင့် ဘဝင်ခိုက်နေပြီ ... လ,ဘယ်
လိုချစ်တယ်ဆိုတာ မေမေ ခုထိ မသိသေးဘူးလား"

"ဘုရား ... ဘုရား ... ငါ့အသက်ကိုများ ပြောလိုက်တာ
ဘဝင်ခိုက်နေပြီတဲ့ ... ညည်း အခုမျက်ရည်သုတ်၊ ညည်း ဒီလော
ပြောရင် ငါသဘောပေါက်ပြီ ... ဒက်ဒီမောင်နဲ့ မာမီချိုတို့ရဲ့ကျေးဇူ
တွေ ငါတို့သားအမိအပေါ်မှာ အများကြီးရှိတယ် ... ညည်း တစ်ခု
ဖြစ်ရင် ငါပဲမျက်နှာပူရမယ် ... ငါပဲ အရှက်ကွဲရမယ် ... ညည်း
ကိုကြီး ဘာညာ ဘာညာ ဓာတ်လမ်းတွေဖြစ်မလာရင် တော်ပြ
ကဲ ... ဘယ်မှာလဲ ... ညည်း ကိုကြီးလက်ဆောင်ပေးသွားတဲ့အိတ်
ငါ့ကိုပြစမ်း ... "

"အိတ်က ဟိုမှာ ... "

"အမလေးဟယ် ... အကောင်းစားအိတ်လေးကို ကြမ်းပြ
မှာ လွှင့်ပစ်ထားတာ ကြည့်စမ်း ... ညည်း ... ညည်း တကယ်ဆို
တယ်"

မေမေ ပြန်ကောက်ပြီး ဖုတ်ဖတ်ခါနေတာ။

လ,ကတော့ မကြည့်ပါဘူး။ အဲဒီအိတ်ကိုလည်း ဘယ်တော့
မှ မလွယ်ဘူး။ မုန်းတယ် ... ခြံထဲမှာ အဝတ်လျှော်တဲ့ ဒေါ်အေးတင်
သမီးလာရင် ပေးပစ်မယ်။ ဒါပဲ ...

"ဟွန့် ... "

နှုတ်ခမ်းလေးကို မဲ့ပစ်ပြီး ...





ခုတင်ပေါ်က ဆင်းတော့ လ,မျက်နှာထားလေးက တင်း
တင်းလေးနဲ့ ဝမ်းဒိုးရေခဲသေတ္တာလေးဆီသွားပြီး ရေအေးအေးလေး
တစ်ဖူးဖွင့်သောက်လိုက်မှ ထမင်းဆာနေတာကို သတိရသွားသည်။

"မေမေ ဘာချက်လဲ ... "

"ခရမ်းသီးနှပ် ... "

"အဟင့် တွေ့လား ... အဲဒီမေမေ ... "

"အောင်မလေးဟယ် ... စကားဆုံးအောင် နားမထောင်ဘဲ
နဲ့ ခြေတော့မဆောင့်လိုက်ပါနဲ့ ... ညည်းအတွက် ပုဇွန်ထုပ်ဆီပြန်
လေး ချက်ထားပါတယ်တော် ... ချက်ထားပါတယ် ... အဆင်သင့်
ကြွမြန်းစားသုံးလို့ရအောင်လည်း အုပ်ဆောင်းလေးနဲ့ခူးခပ်ပြီးတော့
အုပ်ထားပါတယ် ... ဟင်း ဟင်း ... "

ဒီလိုပြောလိုက်တော့မှ ...

လျှာလေးတစ်လစ်ထုတ်ပြီးတော့ ပြုံးတော်မူသွားတဲ့
ကျေးဇူးရှင်မက ... နောက်ဖေး ထမင်းစားခန်းထဲပြေးဝင်ဖို့ လိုက်
တာလေး ဖယ်ထွက်လိုက်တော့ ...

"ဒုန်း ... "

"အား ... သေပါပြီမေမေရယ် ... အဟင့် ... ဟင့် ... "

တံခါးရွက်နဲ့ နဖူးနဲ့တိုက်မိသွားတာလေ။

ဘယ်လိုလုပ်မလဲ ... ကိုယ်မွေးထားခဲ့တာကိုက ...

ဖလမ်း ... ဖလမ်း ထ,နေတဲ့ ဟာမလေးကို မွေးထားခဲ့တာ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၇ )

ဘယ်ရမလဲ ...

ဒီကလည်း လင်းလက်လ,ပဲ ...

ကိုကြီး စွဲတာလောက်ကို သနားတယ်ပြော ...

"အဟင်း ... ကိုရန်နိုင်ငယ်က ဘယ်မေဂျာကလဲ"

"ဟာ ... ကိုယ့်ကို လမသိဘူးလား၊ လကိုကြီး တိမ်တံခွ
ကိုယ်က မေဂျာတစ်ခုတည်းမှာ ဖိုင်နယ်ရီးယား အတူတူတက်
တာလေ ... တိမ်တံခွန် ကိုယ့်ကို ကောင်းကောင်းသိတာပေါ့"

သိသိကြီးနဲ့မေးတာလည်း လ ...

မသိချင်ဟန်ဆောင်ပြီး မေးတာလည်း လ ...

ဟွန်း ... ဒီလောက်မမလျှင်ရင် လင်းလက်လဆိုတဲ့
ကို မြောင်းထဲလွှင့်ပစ်လိုက်ပြီ။ တမင်တကာ ကိုကြီးမမြင်အော
ကိုကြီးတို့အတန်းနားမှာ ပဲသွားပေးလိုက်လို့ ... ကိုရန်နိုင်ငယ်
ကြွေပြီးတော့ လိုက်လာတာလေ။

လိုက်လာတော့ သွန်းသွန်းကိုပါခေါ်ပြီး ...





ကန်တင်းမှာ ပေါ်တင်ဝင်ထိုင်ပစ်လိုက်တာ။

"ကိုယ့်ကို ခင်ပါနော် လ ..."

"ဟာ ... ခင်ပါတယ် ... ခင်ပါတယ် ..."

"လ,ပုံစံလေးက တအားမိုက်လို့ ကိုယ်သဘောကျတာ"

"ဟာ ... ကိုရန်နိုင်ငယ်နော် ... မဟုတ်တာနဲ့"

စိတ်မပါပေမယ့် လ,ရှက်ပြုံးလေး ပြုံးလိုက်တာ တကယ်
တ်တိ။

ဒီလောက်တော့ ဗိုင်ပါသေးတယ် ကိုကြီးရာ ...

လင်းလက်လပဲ ဥစ္စာ ... ။

"ဟာ ... ဘာလို့မဟုတ်ရမှာလဲ ... လ, ပြုံးလိုက်တာလေး
လည်း တအားစွဲဖြစ်တယ် ... မျက်တောင်လေးတွေကော့ပြီး
ည်နေတာကလည်း တအားကဗျာဆန်တယ် ... နှုတ်ခမ်းလေး
ရဲနေတာကလည်း အရမ်းစိတ်လှုပ်ရှားဖို့ကောင်းတယ် ...
ပြောပြော လနဲ့ခင်မင်ခွင့်ရတာကိုတော့ ကိုယ်ဂုဏ်ယူတယ်"

ကျေးရူးရှင်က အပြောကောင်းပေမယ့် လ,ကတော့ စိတ်
စားပါဘူး။ ဒါပေမဲ့ ... ဟန်ဆောင်ကောင်းဖို့တော့ လိုသေး
မှာလား။ လ, ဆက်ပြီးတော့ ဟန်ဆောင်ရတော့မှာပဲ။ မတတ်
ဘူးလေ။

အရေးကြီးတာ ကိုကြီးထွက်လာရင် တွေ့သွားဖို့ပဲ။

လ,ထိုင်နေတာကိုက ကိုကြီးမမြင်မှာစိုးလို့ အဝင်လမ်းဘက်
တမင်မျက်နှာလေးလှည့်ပြီး ထိုင်နေတာ။

"လ ..."

"ဟင် ..."



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ပြောတာ လ, ကြားရဲ့လားဟင်"

"ဟာ ... ကြားပါတယ် ကိုရန်ဦးငယ်ရဲ့ ... "

"လ, မျက်လုံးတွေက တစ်ယောက်ယောက်ကို လိုက်ရှာ သလိုပဲ"

"ဟဲဟဲ ... ကိုကြီးလေ ... ကိုကြီး ... လ,ကိုကြီးတွေ့သွ မှာ ကြောက်လို့ကြည့်နေတာ"

"မောင်နှမအရင်း မဟုတ်ဘူးဆို ... "

"ဟင် ... ဘယ်သူပြောလဲ ... "

"ကျော်သက်တို့အဖွဲ့ထဲမှာ ပြောနေကြတာပဲ"

"အဲဒါ မယုံနဲ့ ... "

ဟုတ်တယ်လို့လည်း ဝန်မခံ ...

မဟုတ်ဘူးလို့လည်း လုံးဝမငြင်း ...

"ဟာ ... ဟိုမှာ ... ဟိုမှာ ကိုကြီး ဒီဘက်ကိုလာနေပြီ"

"ဟင် ... "

ကိုကြီး တွေ့သွားပြီ။

"ကိုယ် သွားတော့မယ်နော် လ ... ဒီမှာ ကိုယ့်ရဲ့ဖုန်းနံပါ ကဒ်လေး ... ကိုယ့်ကို သတိရရင် ဖုန်းဆက် ... တာ့တာ ... "

ကိုရန်ဦးငယ် ... တချိုးတည်း ထပြေးသည်။

ကိုကြီး ဒီဘက်ကိုလျှောက်လာတာလည်း ခြေလှမ်းက မြ သလားမမေးနဲ့ ... သေချာပါတယ် ... လနဲ့ကိုရန်ဦးငယ် တွဲထိုင် နေတာ ကိုကြီးတွေ့သွားပြီပေါ့။

ဟား ဟား ... လင်းလက်လလေ ...

ကိုကြီးကို သနားတယ်ပြော ... သနားတယ်ပြော။





"လ, နင်ဘာလုပ်တာလဲ ... "

"အမလေး ... "

မျက်နှာကို လက်နဲ့ရှယ်လိုက်တာ ...

တကယ်ရိုက်ချတော့မယ့်အတိုင်း ...

နောက်မှ ... လ, နားရွက်တစ်ဖက်ကို ဆွဲလိမ်ပစ်လိုက်လို့ အော်လိုက်ရတာလေ။

"အား ... အား ... နာတယ်နော် ကိုကြီး ... "

ကိုကြီး ရှုးရှုးရှားရှားဖြစ်နေတာ ရယ်ဖို့ကောင်းလိုက်တာ။

"လွှတ်နော် ... ကိုကြီး ... ဟဲဟဲ ... "

တခွန် တကယ်လည်း ဒေါသဖြစ်လာတာ။

ဝေဖြိုးနဲ့ ကျော်သက် သတင်းပေးလိုက်လို့။

ဘာလဲကွာ ... အဓိပ္ပာယ်မရှိ။

ရန်ဦးငယ်လို အပွေ့တကာ့အပွေဆုံး အရှုတ်တကာ့အရှုတ် ကောင်ကိုမှ လက်ခံပြီး ပတ်သက်ရတယ်လို့။

"နင် ... နင် ... မသိဘူးလားဟင် ... "

"ဟင် ... ဘာကိုမသိရမှာလဲ ကိုကြီးရဲ့ ... "

"ဒီကောင့်အကြောင်းလေ ... "

"အမလေး ... "

ကိုကြီးအော်နေတာ အသံအကျယ်ကြီးနဲ့။

ဟိုဘက်ဝိုင်းတွေကတောင် လ,တို့ဝိုင်းကို လှည့်ကြည့်ကုန် ကြပြီ။

"ကိုကြီးရယ် ... တိုးတိုးပြောရင်လည်း ရရဲ့သားနဲ့"

"ငါ လက်မခံဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ကိုကြီးရဲ့ ..."

"ဟမ် ... ဘာဟုတ်တာလဲ ... ဘာဟုတ်တာလဲ"

"ဟာ ... ဟာ ... မဟုတ်ဘူးလေကိုကြီး ... ကိုကြီးပြော တာကို ဟုတ်တယ်လို့ပြောတာ ... ဟဲဟဲ ... ကိုရန်ဦးငယ်က ပြော တယ်လေ ... အဲဒါကြောင့် စကားလေးနည်းနည်းလောက် ထို ပြောကြည့်တာ ... ကိုကြီးက လ,ဆီကိုမှ မလာတဲ့ဥစ္စာကို ..."

ကိုကြီးနဲ့လ,တို့နှစ်ယောက်ကို ကြည့်ပြီး ရယ်နေတာ သွန်း သွန်းပါ။

"ကိုကြီးတို့နှစ်ယောက်က တော်တော်ချစ်ကြတယ်နော် ကိုကြီး ... ဘာလဲဟင် ကိုကြီး ... အဲဒါ သွန်းသွန်း သူငယ်ချင်း က အရမ်းဆိုးလို့ ကိုကြီးချစ်တာလား ..."

"ကြည့်စမ်း ... လ, အရမ်းဆိုးတာ သွန်းသွန်းတောင် သိ ပြီ"

"ကိုကြီးနော် ... လ, ဘယ်မှာဆိုးလို့လဲ ..."

ပြောလိုက်ရင် သူ့ပဲအကောင်း ...

"မဆိုးဘူး ဟုတ်လား ... ဟိုမှာ နင်လုပ်လို့ လက်ဖမိုး မှာ ကြွက်ထောင်ချောက်ညှပ်ပြီး သွေးရှူပါ အမာရွတ်ထင်သွားတာ လေ ... ဟိုက နင်လုပ်တဲ့ဟာကို မေ့မယ်ထင်နေသလား"

"အမလေး ကိုကြီးရယ် ... အမာရွတ်လေးထင်တာကိုများ"

လ,က ခပ်ပေါ့ပေါ့လေးပြောပေမယ့် ကိုကြီးက လက်မခံ

"လ,ရာ ... လူတစ်ယောက်ရဲ့ ရင်ထဲက ခံစားချက်ကို န ဘာလို့ ဒီလောက်တောင် ပေါ့ပျက်ပျက်လေးပြောနေရတာလဲဟင် နင့်ကြောင့် ချယ်မှုန်းထင် ဘာတွေခံစားနေရတယ်ထင်သလဲ"





"ဟာ ... ဘာဖြစ်နေလို့လဲ ..."

"သူ့လက်ဖမိုးလေးကို အမြဲကြည့်ပြီးတော့ မျက်ရည်ကျနေ တာလေ"

ပြန်မပြောပေမယ့် လက နှုတ်ခမ်းမဲ့မဲ့လေးနဲ့။

"သူက လှလက်ကလေးတွေကို အမြဲထောင်ထောင်ကြည့် ပြီး သူ့လက်ကလေးတွေ အရမ်းလှတယ်လို့ ဂုဏ်ယူနေတဲ့မိန်းမ၊ တကယ်လည်း ... သူ့လက်ချောင်းလေးတွေက ရှည်ရှည်သွယ်သွယ် လေးနဲ့ လက်ဖမိုးလေးတွေက ဝင်းအိရှင်းသန့်နေတာ ..."

"အမလေးနော် ... အရေးထဲမှာ ကြော်ငြာက ဝင်နေပြန်ပြီ"

လက မဲ့ကာရွဲ့ကာနဲ့ ...

"လ,နော် ... နင်စကားပြောရင် ကိုယ်ချင်းစာတရားနဲ့ပြော၊ သူ ဒီလိုဖြစ်သွားလို့ နင့်ကွယ်ရာမှာ ချယ်မှုန်းထင်ကျေနပ်အောင် ငါဘယ်လိုချော့နေရတယ်ထင်သလဲ ..."

"ကိုကြီးနော် ... လ,မကြိုက်တဲ့ စကားတွေ ကိုကြီး ဘာလို့ လာပြောနေတာလဲ ... သူ ဘာလို့ ကိုကြီးပေးတဲ့ အမှတ်တရ လက် ဆောင်ကို ငမ်းငမ်းတက်သွားဖွင့်လဲ ..."

"ဘာပြောတယ် ..."

"ဟွန်း ... လက်ဖမိုးလေးမှာ အမာရွတ်လေးထင်သွားတာ ကိုပဲ ခံစားနေရတယ်လို့ သူဘာလို့ သူများကိုကြီးကို လာလုလဲ"

"လ, နင်ဆက်မပြောနဲ့တော့ ..."

"ပြောမယ် ... ဘာဖြစ်လဲ ... လ,ကိုကြီးကို ဟိုလူက ပိုင် တယ်၊ ဒီလူက ပိုင်တယ်လာလုပ်နေလို့ရမလား ... လ,တက္ကသိုလ် မတက်ခဲ့တဲ့အချိန်တုန်းက ကိုကြီးကျောင်းမှာ ပွေချင်သလိုပွေ ရှုတ်



www.burmeseclassic.com

www.burmeseclassic.com



ချင်သလိုရှုတ်လို့ရပေမယ့် အခုမရတော့ဘူး၊ အခု … ကိုကြီးရှုတ်ရင် လလည်း ရှုတ်မယ် … ကိုကြီးပွေရင် လလည်းပွေမယ် … ဒါပဲ”

“နင်က …”

တံခွန် မျက်လုံးတွေပြူးထွက်သွားသည်။

“ဟုတ်တယ်လေ … ဘာဖြစ်လဲ … မမချယ်မှုန်းထင်လက်မှာ ဒဏ်ရာရသွားပြီးကတည်းက ကိုကြီးချော့နေတာ လ,မသိဘူးထင်လို့လား၊ ခေါင်းလေးပုတ်ပြီး စာသင်ခန်းထဲမှာ နှစ်ယောက်တည်း ချော့ရတာနဲ့ Exo အိတ်လေးဝယ်ပေးရတာနဲ့ …”

“ကြည့်စမ်း … ဒါလည်း နင်က သိတယ်ပေါ့”

“လင်းလက်လလေ ကိုကြီး … ဟွန်း …”

နှုတ်ခမ်းလေးမဲ့ကာ မျက်စောင်းလေးလည်း လှမ်းထိုးသည်။

“အေး … ငါကလည်း နင့်ကိုပြောလိုက်မယ်၊ ကျောင်းထဲမှာ ငါ့ဟာငါ ပွေချင်လည်းပွေမယ်၊ ရှုတ်ချင်လည်းရှုတ်မယ်၊ နင်ရှုတ်လို့ကတော့ ဟောဒီမှာကြည့်ထား … လက်သီး …”

“ဟာ … ဟ …”

ပြောင်ချော်ချော်လေးနဲ့ လ,က ရယ်လိုက်သေးရဲ့။

တကယ်ပါ … လ,ကြောင့် ချယ်မှုန်းထင် ခံစားသွားရတာကိုသိနေလို့။ ခုတလော … ချယ်မှုန်းထင်နဲ့ ပိုတွဲဖြစ်သွားတာ။ တကယ်လည်း ချယ်မှုန်းထင်ရဲ့ ညာဘက်လက်ဖမိုးလေးပေါ်မှာ အမာရွတ်တစ်ခုက ထင်ထင်ရှားရှား ဖြစ်သွားခဲ့တာလေ။

ဒါကြောင့်မို့ …

လ,ကို တောင်းပန်ခိုင်းရင် ပိုရှုတ်ကုန်မှာစိုးလို့ တံခွန်ကပဲ လ,အစား တောင်းပန်ပေးနေရတာ။ Exo အိတ်လေး အမှတ်တရ





ဝယ်ပေးလိုက်တာလည်း မွေးနေ့လက်ဆောင်လေး အဖြစ်နဲ့ပေါ့။

ဒါကို လ,က ပြဿနာရှာချင်နေလို့ရမလား။

နေရာတကာ သူပဲအနိုင်ယူချင်နေလို့ ဖြစ်မလား။

လ,ကိုလည်း ချယ်မှုန်းထင်က မုန်းသွားသည်။

လ,နဲ့ မပတ်သက်မိအောင် …

သူ့ဘက်က အမြဲရှောင်တော့မယ်တဲ့။

ရုပ်ရှင်ရုံမှာ ဆုံမိကြတုန်းက ဘယ်သူ့ကိုမှ အရေးမစိုက်သလိုလုပ်သွားတဲ့ လ,ရဲ့လုပ်ရပ်ကိုလည်း သူဘယ်တော့မှ မမေ့နိုင်ပါဘူးတဲ့။

ကိုယ်က ဘယ်လိုပြောတော့မလဲ။

ကိုယ့်ဘက်က ဆိုးနေတာက လင်းလက်လ …

ဝယ်ပေးထားတဲ့ Exo အိတ်ကို သုံးရက်တစ်ခါ အဝတ်လာလျှော်တဲ့ ဒေါ်အေးတင် သမီးကို ပေးပစ်တာပဲကြည့်။

ပြောရင်လည်း ကိုယ်ကပဲ သူ့ကိုနှိပ်စက်နေသလို သူ စိတ်ဆင်းရဲအောင်ပဲ အားလုံးက ဝိုင်းလုပ်နေကြသလို ဟိုလူပြန်ပြောဒီလူပြန်ပြောနဲ့ ချယ်မှုန်းထင်ဆို ဘယ်လိုလုပ်မလဲ။

သူ့အစ်ကိုနဲ့ကျောင်းအားတဲ့အချိန်တိုင်းမှာ စီးပွားရေးလိုက်လုပ်နေတာ။ သူ့အစ်ကိုက တိုက်ခန်းဆောက်တဲ့ ကန်ထရိုက်။ မြေရှင်နဲ့ စီးပွားတူ စာချုပ်တွေချုပ်ပြီး ရန်ကုန်မြို့အနှံ့အပြားမှာ ကန်ထရိုက်တိုက်တွေ တစ်လုံးပြီးတစ်လုံး လိုက်ဆောက်နေတာ။

ဒါကို ချယ်မှုန်းထင်က အစ်ကို့ခြေရာနင်းဖို့ ကြိုးစားနေတာလေ။ ဘယ်လောက်စီးပွားရေးလဒ်မြင်သလဲ။ ကိုယ့်ကိုတောင် နှစ်ယောက်ပေါင်းအရင်းအနှီးထည့်ပြီး ကန်ထရိုက်လုပ်မလားတဲ့။



www.burmeseclassic.com

www.burmeseclassic.com



လ,နဲ့ကတော့ တခြားစီ။

တကယ်တမ်းကျတော့ ကိုယ်က လကိုချစ်ပေမယ့် ကြီးမေက ကိုယ့်ကိုယုံလို့ ကိုယ့်လက်ထဲကိုအပ်ထားတာ။ မဖြစ်သင့်တာ မဖြစ်အောင် ဆင်ခြင်ရမှာ ကိုယ့်တာဝန်။ တစ်ခုခုဖြစ်သွားရင် မျက်နှာပူ အားနာနေရမှာကိုယ် ... ။

ဘယ်လိုလုပ်မလဲ ...

လ,ပုံစံလေးက တစ်နေ့တခြား ချစ်ဖို့ကောင်းလာလေ။

ကိုယ်က ကိုယ့်စိတ်ကိုယ်ထိန်းရလေပဲ။

ဒါကြောင့်မို့လည်း ... ချယ်မှုန်းထင်နဲ့ ပိုတွဲဖြစ်သွားတာ။ ကြီးမေကိုလည်း စိတ်မဆင်းရဲစေချင်ပါဘူး။ မာမီကလည်း ဘာရည်ရွယ်ချက်နဲ့ပြောသလဲမသိဘူး။ ဘွဲ့မရခင် အနေအထိုင် ဆင်ခြင်ကြစမ်းတဲ့။ မောင်နှမတွေလို တစ်ခြံတည်းအတူနေလာကြပြီးမှ တစ်ခုခုဖြစ်သွားရင် ပတ်ဝန်းကျင်ရဲ့ မေးငေါ့အပြစ်တင်တာ ခံရမှာကြောက်လို့ မာမီပြောခဲ့တာပဲ ဖြစ်မှာပေါ့။

တံခွန် ... ဒီလိုပဲ တွေးပြီး ...

လ,ဆီကို မသွားတော့ဘဲ ရှောင်နေခဲ့တာဖြစ်သည်။

"ကိုကြီးနော် ... လ,ကို စကားမပြောဘဲ တစ်ယောက်တည်း ဘာတွေ တွေးနေတာလဲ"

လ,အသံလေးဝင်လာတော့မှ အသိက ပစ္စုပ္ပန်ကို ပြန်ရောက်လာသည်။

"မတွေးပါဘူး ... ဘာဖြစ်လို့လဲ ... "

"လ, မွေးနေ့လည်း ရောက်တော့မယ်နော် ... အဲဒါကိုကြီးသလား ... "

"သိသားပဲ ... ဒီဇင်ဘာ နှစ်ဆယ့်လေး ... "

"ဘုရားလိုက်ပို့ရမယ်နော် ... ကိုကြီး ... "

"အေး ... အားရင် လိုက်ပို့မယ် ... "

"ကိုကြီးနော် ... ဘာအားရင်လိုက်ပို့မှာလဲ ... အရင်တုန်းကလည်း အားအားမအားအား နှစ်တိုင်းလိုက်ပို့ပေးနေကြဥစ္စာကို မမချယ်မှုန်းထင်မွေးနေ့ကိုကြတော့ အဝီလည်းရှိုင်းသွားတယ်၊ ရုပ်ရှင်လည်းလိုက်ပြတယ် ... မရဘူး ... ကိုကြီး ဂျိုကျောင်လုပ်လို့ကတော့ သိမယ် ... "

"လ,ရာ ... နင့်ကြောင့် ငါအရမ်းစိတ်ညစ်တယ်ဟာ"

တံခွန် ... လမျက်လုံးတွေကိုလည်း စိုက်မကြည့်ရဲပါ။

ကြည့်လိုက်တိုင်းလည်း ရင်ထဲမှာ ဘယ်လိုဖြစ်သွားမှန်းမသိ။

လ,နဲ့ပတ်သက်လာတိုင်း ...

ပင့်သက်ချနေရတဲ့ အဖြစ်ဟာ ...

အချစ်ကြောင့်လား ...

ဒါဆိုရင် လရင်ထဲမှာရော ...

သူမသိသေးတဲ့အရာတွေ ဘာတွေရှိနေမလဲ ... ။





www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၈ )

"ဆင်းလေ တံခွန် ..."

"ဟင် ... ချယ် ... ဒါ ဘာလဲ ..."

"ဒါ ... ချယ့်ကိုကို ဆောက်နေတဲ့ ကန်ထရိုက်တိုက်လေ"

"အို ... ဘယ်နှစ်လွှာတောင် ဆောက်နေတာလဲ"

တံခွန် ကားပေါ်ကဆင်းရင်း ...

ဆောက်လက်စ ကန်ထရိုက်တိုက်ကို မနည်းမော့ကြည့်လိုက်ရသည်။

"ဒါ ... မြေညီအပါဆိုရင် ခြောက်လွှာတိုက်လေ ... ဆေးသမားတွေနဲ့ကြေပြားသမားတွေ ဝင်နေလို့ ချယ်က ကျောင်းအားရက်တိုင်း လိုတာတွေ ကြည့်ပေးစစ်ပေးနေရတာ ... တံခွန့်ကို လက်တွေ့ပြချင်လို့ ချယ်က ချိန်းလိုက်တာ ... လာ တံခွန် ... အပေါ်ကို တက်ကြည့်မယ် ..."

ချယ်ကိုတော့ အလုပ်သမားတွေက ရိုသေကြပုံရသည်။

ချယ်လာတော့ ခေါင်းလေးတွေ ငြိမ့်ငြိမ့်ပြီး ပြုံးပြနေတာ တစ်ယောက်ပြီးတစ်ယောက်။ အလုပ်သမားတွေအားလုံးကတော့





ချို့တဲ့ကြပုံတွေပါပဲ။ တံခွန်ကိုလည်း ချယ်နဲ့တွဲလာလို့ ...

ရှူးရှူးစမ်းစမ်းလေးတော့ လှမ်းကြည့်နေကြသည်။

ချယ်က အလုပ်လုပ်တာ သွက်လက်ဖျတ်လတ်သလောက် အဝတ်အစားဝတ်တာလည်း ပေါ့ပါသည်။

မရမ်းစေ့ရောင်နုနု လက်တစ်လုံးကြိုး အင်္ကျီကလေးကို ကိုယ်ကြပ်အဖြူရောင် ဘောင်းဘီရှည်ကလေးနှင့် တွဲဝတ်ထားကာ အောက်မှာလည်း ရှူးအနက်ရောင်လေးကို စီးထားသည်။ တံခွန်ကတော့ ရိုးရိုးရှပ်အင်္ကျီ အပြာရောင်နုနုလေးနဲ့ဖြစ်ပြီး ဦးဂျမ်းပုဆိုးကိုပဲ ရိုးရိုးယဉ်ယဉ်ကလေး ဒီနေ့ဝတ်ထားသည်။

"ဟဲ့ ... ဒီနေ့ ကြေပြားသမားတွေ ဝင်မယ်ဆို ..."

"ဝင်နေပြီလေ အစ်မ ... အစ်ကိုမှာသွားလို့ အပေါ်ဆုံးအလွှာကို စကိုင်နေတာ ..."

"ဆေးသမားတွေရော ရောက်နေပြီလား ..."

"ရောက်ပြီအစ်မ ... ရောက်ပြီ ... ကြေပြားသမားပြီးတာနဲ့ ဆေးသမားက တစ်ဆက်တည်းလိုက်ဝင်မှာ၊ အဲဒါ ... ဗိုလ်ထိုင်အိမ်သာမပြီးသေးလို့ ထိုင်စောင့်နေကြတာ"

"ဟဲ့ ... ပြီးခဲ့တဲ့တစ်ပတ်ထဲက ဝင်နေတဲ့ ရေသန့်လိုင်းသမားတွေ ခုထိဘာလို့ မပြီးသေးတာလဲ ..."

"ဟာ ... အဲဒါ အစ်မ မသိဘူးလား ... အလုံဘက်ဆိုဒ်က ပစ္စည်းလိုတယ်ဆိုပြီး လာယူသွားလို့ ... ဒီမှာ ပစ္စည်းပြတ်သွားတယ်လေ ... ယိုးဒယားလမ်းကလည်း ပိတ်သွားလို့ စော်ဘွားကြီးကုန်းမှာ ဈေးတွေခုန်တက်သွားတာ၊ ဒါကို အမိက ပစ္စည်းအရောင်းသွားမှာစိုးလို့ကြာနေတာ ... စောစောကတောင် အစ်ကိုဖုန်းဆက်



www.burmeseclassic.com

www.burmeseclassic.com



လှမ်းမေးသွားသေးတယ်”

“အေး ... အေး ဒါဆိုလည်း ပြီးရော ... ပြီးရော ကိုကိုဖုန်းဆက်ရင် အစ်မရောက်နေပြီဆိုတာ ပြောလိုက်နော် ... တစ်ခုပဲ နင်လုပ်ထားရမှာက တစ်ပတ်အတွင်း ဒီမှာသုံးသွားတဲ့ပစ္စည်းစာရင်း အစ်မလိုချင်တယ် ... ရေမော်တာ ဝယ်တာတွေရော မီးကြိုးရိုက်တာတွေရော အားလုံးပါပစေနော် မောင်လေး ...”

“ဟုတ် ... စိတ်ချပါ အစ်မ ...”

တံခွန် နားမလည်။

ဒီလိုမျိုး ကန်ထရိုက်တိုက်တစ်လုံး ဘယ်ကဘယ်လိုဖြစ်လာတယ်ဆိုတာလည်း တံခွန်ကမသိ။ ကြည့်လိုက်တော့လည်း ပစ္စည်းအတိုအစတွေ ပန်းရံသမားသုံး လက်သမားသုံး လက်ခုတ်ကိရိယာတွေက တိုက်ခန်းတွေထဲမှာ ပြန့်ကြကာ တောင်လိုပုံနေသည်။

“ဟွန်း ... ဘာလဲ တံခွန် ... ဆောက်လက်စ တိုက်ခန်းဆိုတာကိုကြည့်ပြီး တံခွန်ခေါင်းရှုပ်သွားပြီလား”

ချယ်မေးတော့ သူမဖြေနိုင်။

“ဒါ ... ကန်ထရိုက်တိုက်တစ်လုံးရဲ့ အကြမ်းထည်အဆင့်ပဲရှိသေးတာလေ တံခွန် ... နောက်ဆက်တွဲလိုက်ရမယ့် အပိုင်းတွေက အများကြီးကျန်သေးတယ်၊ လာပါ ... ချယ်နောက်မှ အေးအေးဆေးဆေး ရှင်းပြမယ်၊ အခု ... အပေါ်ဆုံးအလွှာကိုတက်ကြည့်ကြမယ်၊ ဟဲဟဲ ... ဒူးချောင်သွားရင် ဆောရီးနော် ...”

တက်ရမှာက ခြောက်လွှာ အပေါ်ဆုံးထိ။

တက်ရင်းနဲ့တောင် အပေါ်မရောက်ခင် အလုပ်သမားတွေဆီက ဆူညံဆူညံ အသံပြုပြုဝါဝါကြီးတွေနဲ့ ဆိုနေတဲ့သီချင်းသံတွေကို စ,ကြားနေရပြီ။





“ခေါင်းလောင်းသံ ... တညံညံပေးတဲ့ ရှာကျောင်းကို”

“အဟင်း ... ကြားတယ်နော် တံခွန် ...”

“ကြားတယ်လေ ... အဲဒါ အလုပ်သမားတွေဆိုနေတာ ...”

“သေချာတာပေါ့ တံခွန်ရဲ့ ... ဒီလောကထဲမှာရှိတဲ့ အလုပ်...တိုင်းလိုလို နယ်ကနေတက်လာပြီးတော့ ရန်ကုန်မှာ လာ...လုပ်ကြတာ၊ ပြောရမယ်ဆိုရင် အကြမ်းထည်အဆင့် အလုပ်...တွေပေါ့ ...”

“တော်တော်ပင်ပန်းမှာပဲနော် ...”

“ဒါပေါ့ တံခွန်ရယ် ... ချွေးတစ်စက်မထွက်ဘဲ ငွေစက္ကူ...ရွက်ကို ဘယ်ကအလကား ရမလဲ ... ချယ်တို့လည်း ပိုက်ဆံ...အများကြီးလိုချင်လို့ ဒီခြောက်လွှာတိုက်တွေကို ခေါင်မိုးက...မြေညီအထိ ဆင်းလိုက်တက်လိုက် လုပ်နေရတာ၊ ဒါပေါ့လေ ...တက်ဆိုရင်တော့ တံခွန်လည်း ကျင့်သားရသွားတော့မှာပေါ့ ...း ဟင်း ...”

ချယ် ... ဘယ်လိုရည်ရွယ်ချက်မျိုးနဲ့ ပြောလိုက်တာလဲ။

တံခွန်ကတော့ ပြုံးမိသည်။

“ချယ်ရယ် ... သူငယ်ချင်းတွေအားလုံးထဲမှာ ချယ့်ကို ကိုယ်...ယ်လောက်ခင်တယ် စိတ်ဝင်စားတယ်ဆိုတာ ချယ်သိပါတယ်၊ ...ကလည်း ကိုယ့်ကိုစီးပွားရေးလုပ်ငန်းတွေ အခုကတည်းက...လာရမယ်၊ သင်ယူရမယ်ဆိုလို့ ချယ်တို့မိသားစုရဲ့ လက်ရှိစီးပွား...လုပ်ငန်းတွေကို ချယ်နဲ့ပေါင်းပြီး ကိုယ်လေ့လာနေတာလေ၊ ... ချယ်မပျော်ဘူးလား”

“ပျော်တာပေါ့ တံခွန် ...”



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ဒက်ဒီက ကုမ္ပဏီစီးပွားရေးလုပ်တာမှန်ပေမယ့် ကို[illegible] ကတော့ စားပွဲမှာထိုင်နေရတာကို ဝါသနာ မပါဘူးလေ"

စကားတပြောပြောနဲ့တက်လာတာ အပေါ်ဆုံးအလွှာ[illegible] ရောက်လို့ရောက်မှန်းပင် မသိလိုက်။

"ဟာ ... ဟော့ကောင်တွေ ... ဟိုမှာ ဘော့စ်ညီမလာနေပြ[illegible]

ချယ့်ကို မြင်တာနဲ့ ... အလုပ်သမားတွေ လှုပ်လှုပ်ရှားရှ[illegible] ဖြစ်သွားသည်။ ချယ်က အလုပ်လုပ်တာ တိကျပြတ်သားတေ[illegible] အလုပ်သမားတွေအားလုံး ချယ်ရောက်လာတာကို နည်းနည်းတေ[illegible] ရှိန်သွားပုံရသည်။

အလုပ်သမားခေါင်းဆောင် ဖြစ်ပုံရတဲ့လူတစ်ယောက်[illegible] ချယ့်ကိုခေါ်တာ အစ်မတဲ့။

"အစ်မ ... ပစ္စည်းတွေမစုံလို့ ကျွန်တော့်တို့ကြာနေတာ[illegible]

"သိတယ် ... သိတယ် ... ပစ္စည်းထိန်းကောင်လေးအော[illegible] က ပြောလိုက်လို့ ကျွန်မသိတယ် ... လုပ်တာကိုင်တာ မြန်တာ[illegible] တာထက် ကြွေထည်ပစ္စည်းတွေကိုင်တာ အကွဲအရှမရှိဖို့ ရှ[illegible] အဓိက ထားနော် ... လူအထိအခိုက် မဖြစ်ဖို့လည်း အရေး[illegible] တယ်"

"စိတ်ချပါ အစ်မ ... "

"အခန်းတွေ ကြိုပြီးပုံရောင်းထားတယ်ဆိုတာ တစ်ခန်[illegible] အလိုက် ဘယ်ပစ္စည်းတွေပါမယ်၊ ဘယ်လိုခင်းကျင်းပြင်ဆင်[illegible] မယ်ဆိုတာကအစ၊ နောက်ဆုံး အချောသတ်အပြီးအစီးပုံကို တေ[illegible] နဲ့ပြပြီး တွဲရောင်းရတာ ... တစ်ခုခုလွဲချော်သွားလို့မရဘူး၊ [illegible] သွားတာတို့ ဓာတ်ပုံထဲကအတိုင်း ရုပ်ထွက်မလာတာတို့ ဖြ[illegible] ရင် ကန့်ထရိုက်နာမည်ပျက်တယ် ... ကန့်ထရိုက်နာမည်ပျ[illegible]





[illegible]တို့လည်း ထမင်းငတ်မယ် ... "

"ဟုတ်ကဲ့ပါ အစ်မ ... ကျွန်တော်တို့ သဘောပေါက်ပါ[illegible]ယ်"

"ဒီနေ့ ဗိုလ်ထိုင်ဘယ်နှစ်လုံး ဆင်မှာလဲ"

"သုံးလုံးလေ အစ်မ ... "

"ကြွေပြားသမားတွေရော ... "

"ဝင်မယ် ... ဝင်မယ် အစ်မ ... ဒီတစ်လုံးပြီးတာနဲ့ စဝင်မှာ" ရင်မောနေရတာ တံခွန်ပါ။

ဒီအလုပ်သမားတွေကို ထိန်းရသိမ်းရ၊ ပစ္စည်းတွေ အလေအလွင့်မဖြစ်အောင် ကြပ်မတ်ရ စစ်ဆေး[illegible] တော်တန်ရုံ တိကျမှု မရှိရင်မလွယ်။ တစ်ခုခုလွဲချော်သွားတာ[illegible] ငွေအထုပ်လိုက်ကြီးကို ပလုံခနဲ ပစ်ချလိုက်သလိုဖြစ်သွားမှာ။ မင်း တော်ပါတယ် ချယ် ...

ဒီအတိုင်းဆက်သွားရင် မင်းအစ်ကိုရဲ့အောင်မြင်မှုတွေကို [illegible]အောင် လိုက်နိုင်သွားတော့မှာ။ ကိုယ် ... မင်းကို ချီးကျူးပါ[illegible] ချယ်ရယ် ... ။ ကိုယ် မင်းကိုလေးစားတယ်။

တံခွန်က ဒါတွေ လေ့လာနေချိန်မှာ ... လ,ကတော့ ...

"အဟင့် ... မာမီ ဘာဝယ်ဦးမှာလဲ ... "

"ဟင် ... သမီးလ ... ဘာဖြစ်လို့လဲ ... "

"ဘာဖြစ်ရမှာလဲ မာမီရဲ့ ... ဒီမှာ မာမီခြင်းတောင်းကြီးကို [illegible]လမ်းလုံးဆွဲလာရတာ လလက်မောင်းတွေ ပြုတ်ထွက်တော့[illegible] အဟင့် ... ဟင့် ... "

ပုဇွန်တောင် ဈေးကြီးထဲမှာ။

ငိုမဲ့ ငိုမဲ့လေးနဲ့ တဟင့်ဟင့်လေးဖြစ်နေတာ လ ... ။



www.burmeseclassic.com

www.burmeseclassic.com



ဈေးဆွဲခြင်းလေးကိုင်ထားတာလည်း ဟိုယိုင်ဒီယိုင်လေး[illegible] ဆံပင်တွေကလည်း တစ်ကိုယ်လုံးမှာ ပတ်လို့ပတ်။ ဟိုဆိုင်ရှေ့မှာ မတ်တပ်ရပ်လိုက် ဒီဆိုင်ရှေ့မှာ မတ်တပ်ရပ်လိုက် လုပ်လာရတော့ ခြေထောက်တွေ ဒူးတွေပါယိုင်နေခဲ့ရပြီ။

"အဟင့်ဟင့် ... တော်တော့နော် မာမိ ... ဆက်မဝယ်[illegible] တော့ ..."

ပြောလို့မရတာလည်း အဲဒီမာမိ။

ကျောင်းပိတ်ရက်မို့ အိပ်ရာထဲမှာ ဖိမ်ကလေးနဲ့နှပ်နေတဲ့[illegible] ကို အတင်းနိုးပြီး ခေါ်လာခဲ့လို့ စူပုပ်သိုးနေတဲ့ မျက်နှာကလေး ဆောင့်ဆောင့်အောင့်အောင့်ကလေး လလိုက်လာရတာလေ။

မာမိ ဘယ်လောက်ထိ အကျင့်ပုတ်သလဲဆိုရင် အမြဲ[illegible] သွားနေကြ ဈေးခြင်းကိုင် ဒေါ်ဒွေးကိုလည်း မခေါ်။

လ,ကိုပဲ တမင်ခေါ်ပြီး မာမိနှိပ်စက်နေတာ။

"လ,ရယ် ... မာမိဝယ်တာ ဘယ်လောက်များသေးလို့[illegible]

"အဟင့် ... မများသာမများတယ် မာမိဝယ်နေ[illegible] တစ်ဈေးလုံးပြောင်တော့မယ်"

"နေဦး ... နေဦး ... ဟိုမှာ အာလူးလတ်လတ်လေး[illegible] တွေလို့ ဝယ်ထားလိုက်ဦးမယ် ... ဟင်း ဟင်း ..."

တွေ့လား ... အဲဒီမာမိ။

ဒီလောက် ပြွတ်သွက်နေအောင် ဝယ်ထားတဲ့ဟာကို[illegible]

"လ, ဒီနားကို တိုးစမ်း ..."

အဲလို ပစ္စည်းတစ်ခုဝယ်တိုင်းဝယ်တိုင်း သူ့အနားကိုပဲ [illegible] တိုးခိုင်းနေတာ ... ပြီးရင်လည်း တရှည်တလျား ရှင်းပြပြီး ဘယ်[illegible] ရွေးရတယ် ဘယ်လိုဝယ်ရတယ်ဆိုတာ သင်ပေးနေတာ ..."





"အဟင့် ..."

ချရပြန်ပြီ ... လက်ထဲက ဒီဆွဲခြင်းကြီး ... ။

"ကဲ ... ကဲ ..."

"အမလေး လရယ် ... ဆွဲခြင်းကို ဒီလောက်တောင် ပစ်ချ[illegible]သလား ... ဒုက္ခပါပဲ ... အထဲကကြက်ဥတွေ ကွဲကုန်မှဖြင့် ... [illegible] လာစမ်းပါ ... မာမိနားကို တိုးစမ်း ..."

စိတ်တိုတိုနဲ့ တိုးပစ်လိုက်တာ။

မာမိ ပခုံးကိုပါ ဝင်တိုက်လိုက်မိပြီ။

"ဟဲ့ ... ဟဲ့ ... ဖြည်းဖြည်းတိုးပါဟဲ့ ..."

မာမိက လ, စိတ်တိုနေတာကို မသိ။

သူ့အာလူးကြီးကိုပဲ ပတ္တမြားအလုံးကြီး ကိုင်စစ်နေသလို [illegible]မျက်မှန်ထူထူကြီးနဲ့ စစ်နေတာ။ ပြီးတော့လည်း ... အာလူး[illegible]ကြီးကို လေထဲမှာ မြှောက်လိုက်ဖမ်းလိုက်နဲ့။

"ဟင်း ဟင်း ... မဆိုးပါဘူး ... အောင်ပန်းသီး စစ်တယ်"

မာမိ သဘောကျသွားတာ မျက်နှာလေးပါ ပြုံးသွားသည်။

"လ, ဒီမှာကြည့် ..."

"ဟင် ... ဘာလဲ မာမိ ..."

"လ, အာလူး စားဖူးတယ်နော်"

"ဟာ ... စားဖူးတယ်လေ မာမိရဲ့ ..."

"အာလူးမှာ အရသာအမျိုးမျိုးရှိတာ လ,သိလား ..."

"သိတယ်လေ မာမိ ... ငရုတ်သီးထည့်တာများရင် စပ်တယ်၊ [illegible]သီးမပါရင် ချိုတယ် ... တိုးတိုး အာလူးကြော်ဆိုရင် ဘယ်[illegible]တ်ကောင်းလဲ ..."

"ကြည့်စမ်း ..."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ပုံ့မွေးချို စိတ်တိုရတာလည်း အဲဒါ။
"မာမီပြောချင်တာ အဲဒါမဟုတ်ဘူး ... မြန်မာပြည်အေ
အမျိုးမျိုးက ထွက်တဲ့အာလူးတွေထဲမှာ၊ အထူးအပါး အပေါ့အဆေ
အစေးအကြံ မတူတဲ့ အာလူးတွေရှိနေတာကိုပြောတာ ... ဖေ
ဒီအာလူးကို ကိုင်ကြည့် ... ဘာထူးခြားလဲ ... "
"ဟာ ... ဘာထူးခြားရမှာလဲ မာမီရဲ့ ... လုံးလုံးကြီးဖေ
"ဟဲ့ ... လုံးတာကို ပြောတာမဟုတ်ဘူး၊ သူ့အရွယ်နဲ့သူ
နေရမယ့် အလေးချိန်ကို ခန့်မှန်းနိုင်းနေတာ၊ သေးပေမယ့် ဖေ
တယ် ... ကျစ်တယ်၊ အခွံကပါးတယ် ... "
"ဟုတ် ... ဟုတ်တယ်လေ မာမီပြောတာ ... "
"ပြီးရင် ... သေသေချာချာကြည့် ... အခွံကိုကြည့် ...
ဘာတွေ့လဲ ... "
ဒုက္ခပါပဲ ... အခွံကိုကြည့်ဆိုမှတော့ ဘာတွေ့မှာလဲ။
အခွံပဲ တွေ့မှာပေါ့ မာမီရဲ့ ... ။
"လ, မာမီမေးနေတယ်လေ ဘာတွေ့လဲ ... "
"အခွံလေ မာမီ ... "
"ဒေါက် ... "
ဖြေလိုက်တာနဲ့ တစ်ဆက်တည်း လ,ခေါင်းလေးကို မာ
ခေါက်လိုက်တာက ဒေါက်ခနဲ ... ။
"အဟင့် ... အဲဒီမာမီ ... ဖြေဆိုလို့လည်း ဖြေရသေးတာ
ခေါက်လည်းခေါက်သေးတယ် ... လ,ဖြေတာ မှားလို့လား မာမီ
ငယ်ထိပ်လေးကိုပဲ လမှာပြန်ပွတ်နေရတာ။
ဈေးဆိုင်က အဒေါ်ကြီးကတောင် လကိုကြည့်ပြီး ပါးစုံကြ
နှစ်ဖက်ဖောင်းတက်သွားအောင်ပြုံးလို့ ... စောစောကလည်း ကြ





ဘားဆိုင်မှာ ထင်းခနဲနေအောင် ဗိုက်ခေါက်ကို ဆွဲလိမ်ခံထားရတာ။
စီဘီကြက်နဲ့ မြန်မာကြက်။
လွယ်လွယ်လေးကိုတောင် မခွဲတတ်လို့တဲ့ ... ။
"ဒီမှာ အခွံကိုကြည့်ခိုင်းတယ်ဆိုတာ အခွံမှာကပ်နေတဲ့မြေ
မှုန့်အစအနလေးတွေကိုကြည့်ခိုင်းနေတာ ... အောင်ပန်းကလော
ဘက်ကလာတဲ့ အာလူးဆိုရင် မြေမှုန်နီနီလေးတွေ ကပ်နေတတ်
တယ်၊ အဲဒီအာလူးဟာ စီးလည်းစီးတယ် ... ကျစ်လည်းကျစ်တယ်၊
အရသာလည်းပိုရှိတယ် ... ကဲ မှတ်ပြီလား ... "
အဲလိုနဲ့ပဲ ... ခြံထဲကို ဒယီးဒယိုင် ပြန်လာခဲ့တဲ့ လ ... ။
ဈေးခြင်းကိုပစ်ချပြီး ကိုကြီးအခန်းပေါ် ပြေးတက်သွားတာ။
"ကိုကြီး ... ကိုကြီး ဘယ်မှာလဲဟင်"
"လက်ထရိန်ထဲမှာလား ... "
"ဒေါက် ... ဒေါက် ... "
ကိုကြီးကိုမတွေ့လို့ အောက်ထပ်ကိုပြန်ဆင်း။
ဧည့်ခန်းထဲမှာလည်း မရှိ၊ စာဖတ်ခန်းထဲမှာလည်း မတွေ့။
ပြာပြာ ပြာပြာနဲ့လိုက်ရှာနေတော့ ...
"ဘုတ် ... "
"အင့် ... "
"ဟာ ... ဒက်ဒီမောင် ... ဆောရီး ... ဆောရီး ... "
စာဖတ်ခန်းထဲကို ပြန်ဝင်လာတဲ့ ဒက်ဒီမောင်ကို တိုက်မိ
သွားတာ ဒက်ဒီမောင် မျက်မှန်လည်း ပြုတ်ကျသွားသည်။
"ဟာ ... ဒီကောင်မလေး ... "
"ဟဲ ဟဲ ... လ, ကိုကြီးကို မတွေ့လို့ လိုက်ရှာနေတာ"
"ဟာ ... လ,ကိုကြီးတံခွန်က အစောကြီးကတည်းက ကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



ရှိလို့ဆိုပြီး အပြင်ကို ထွက်သွားတယ်လေ … ဘယ်ရောက်နေလဲ
ဆိုတာ သိချင်ရင် ဖုန်းဆက်ကြည့်လိုက် … ”

“ဟင် … သူများကိုမပြောဘဲနဲ့ ဘယ်သွားပြန်ပြီလည်းမသိ
ဘူး … ဒက်ဒီမောင်နော် … ကိုကြီးကို လွှတ်မထားနဲ့ … ”

“တံခွန် … ဘာဖြစ်လို့လဲ … ”

“အစ်မကြီးတစ်ယောက်နဲ့ ရှုတ်နေတယ်”

“ဟာ … ဒီကောင် … ”

ဒက်ဒီမောင့်ကို ချွန်ပေးလိုက်တယ်လေ။

ဘာဖြစ်လဲ … ဟား ဟား … ကိုကြီးပြန်လာရင် အဆူခံ
တော့မှာ။ လ, စာဖတ်ခန်းရှေ့ကနေ … ခုန်ပေါက်ပြီး ပြေးအထွက်

“လ, မပြန်နဲ့ဦးနော် … ”

“ဟင် … မာမီ … လ,ကို ဘာခိုင်းဦးမလို့လဲ … ”

“ဒီနေ့ကစပြီး ဟင်းချက်နည်းသင်မယ်”

“အဟင့် … ”

သေပြီ ဆရာပဲ … မာမီကတော့ လက်ို လုပ်ချလိုက်ပြန်ပြီ

လ, ငိုချင်စိတ်ပေါက်သွားတာ …

ဘယ်လိုမှတောင် ထိန်းထားလို့ မရတော့ပါလား။

အခန်း ( ၉ )

“လ, ဖျားနေတယ်ဆို ကြီးမေ … ”

“ဟာ … ဟုတ်တယ်လေ သား … ”

“ဆရာဝန် မခေါ်ဘူးလား”

“ခေါ်တယ်လေ … စောစောကပဲ ဒေါက်တာပြုံးပြုံးလွင်
ပြန်သွားလို့ ဆေးတစ်ခွက်သောက်ပြီး မှိန်းနေတာ … ဝင်သွား
ဝင်သွား … ”

တံခွန် ဝင်လာတာ နိုးရိမ်စွာနဲ့ပါ။

ကြည့်လိုက်တော့ စောင်ပါးပါးလေးခြုံပြီး အိပ်ရာလေးပေါ်
မှာ လ,ကွေးနေတာလေ။ ညအထိလည်းအကောင်း။ ဒီနေ့ကျမှ
လ, ဘာဖြစ်သွားတာလဲ။

“လ, … နေမကောင်းဘူးလား … ”

ဒေါ်မြတ်လွန်းမေ မနက်က ချက်ထားတဲ့ ဟင်းခါးအိုးက
လေးကိုပြန်နွှေးရင်း … နောက်ဖေးမီးဖိုခန်းထဲကပဲ အသံကိုနားစွင့်
ထားမိသည်။

ဖိုးလပြည့်တာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလုပ်မလဲ … ကိုယ်မွေးထားခဲ့တာလည်း ဒီသမီးလေးတစ်ယောက်တည်း။ မနက်က လ,ကို ချိုကခေါ်သွားတာမို့ ကိုယ်ကလည်း ကိစ္စရှိလို့ ပုံနှိပ်တိုက်ဘက်ကို ထွက်သွားတာ။

အပတ်ရှင်း အလုပ်သမားဖိုးလည်းရှင်း …

ကိုယ်ရစရာရှိတာလည်း ယူနဲ့။

အပြန်မှာ ဘုရားပန်းဝယ်ရင်း တိုလီမိုလီလေးတွေ လျှောက်ဝယ်နေတာ အိမ်ရောက်လို့ ကြည့်လိုက်တော့ …

ကျေးဇူးရှင်မက ခုတင်ပေါ်မှာ ကိုယ်တွေခြစ်ခြစ်တောက်အောင်ပူလို့ … ဒါနဲ့ပဲ ဝယ်လာတဲ့ ဘုရားပန်းကို ရေပုံးထဲမှာ ရေပြည့်အောင်ထားပြီး ချို့ကိုပြေးခေါ် … ဒေါက်တာပြုံးပြုံးလွင်ကို ဖုန်းဆက်နဲ့ … နာရီကြည့်လိုက်တော့ ညနေသုံးနာရီကျော် …

"အဲဒါပဲ မေရယ် … ဒီနေ့ဈေးကိုခေါ်သွားပြီး လ,ကို အိမ်သုံးမီးဖိုချောင်ပစ္စည်းတွေ ဝယ်နည်းတွေလည်းသင် … ဟင်းစားဝယ်နည်းတွေလည်းပြနဲ့ မှော … ခြံထဲပြန်ရောက်တော့လည်း ဟင်းချက်နည်း အလွယ်လေးတွေ သင်လိုက်တာ … လ,တော်တော်ပြိုင်းကျသွားတယ်နဲ့တူတယ် … တစ်ခါတည်း တန်းဖျားသွားတာပဲကြည့် … "

အဲဒါ … ပုံ့မွှေးချို ပြောသွားတာလေ။

ဒါဟာ ကိုယ့်သမီးကို မိန်းကလေးပီသစေချင်တဲ့ စေတနာဆိုတာမှန်ပေမယ့် ဒီလိုလုပ်နိုင်း သင်ခိုင်းတဲ့ ရည်ရွယ်ချက်ကိုတော့ မြတ်လွန်းမေ စိတ်ထဲမှာ သိပ်တော့မရှင်း။ မေ့သမီးကို မိန်းကလေးပီပီသသလေးဖြစ်စေချင်လို့နော် မေဆိုတဲ့စကားက ပြည့်စုံလုံလောက်တဲ့ အကြောင်းပြချက်တစ်ခုတဲ့လား။

ဖိုးလပြည့်စာပေ



ဒါမှမဟုတ် … ကျောင်းပိတ်ရက်တွေမှာ …

သား တံခွန်နဲ့ ပတ်သက်နေတာတွေ အချိန်နည်းသွားအောင် ရည်ရွယ်ချက်ရှိရှိနဲ့ ပုံ့မွှေးချိုလုပ်နေခဲ့တာဆိုရင်ရော။

မြတ်လွန်းမေ … ဘာဆက်လုပ်မလဲ။

ပြောရရင် … ပုံ့မွှေးချို ယောက်ျား ဒက်ဒီမောင်က ကုမ္ပဏီစီးပွားရေးလုပ်ပြီး သူတို့မိသားစုတွေ ကားထည်လဲ စီးနေချိန်မှာ မြတ်လွန်းမေတို့သားအမိနှစ်ယောက်က စေတနာရှိလို့ နေခွင့်ပေးထားတဲ့ ခြံထောင့်နောက်ဘက်က ပျဉ်ထောင်အိမ်ဟောင်းကလေးမှာ နေနေရတဲ့အဖြစ်ဟာ မတူကွဲပြားတဲ့ အခြေအနေတစ်ခုကို မီးမောင်းထိုးပြနေတဲ့အဖြစ်။

နောက်ဆုံးတစ်နေ့မှာ … ကိုယ့်သမီး လင်းလက်လကို သူတို့ရဲ့သမီးရင်းတစ်ယောက်ပါလို့ မမြင်နိုင်တော့တဲ့ နေ့တစ်နေ့ ရောက်မလာပါဘူးလို့ ဘယ်သူက အာမခံနိုင်မှာလဲ။

ဒက်ဒီမောင်နဲ့ ကိုယ့်ယောက်ျားက … သိပ်ချစ်ကြတဲ့ ငယ်သူငယ်ချင်းတွေဆိုတာ မှန်ပေမယ့် … ဒီခြံထဲမှာ ဆက်နေခွင့်ဆိုတာကတော့ မယိမ်းမယိုင် ကျောက်စာတိုင်ကြီးတစ်တိုင်လို ထာဝရ ခိုင်မြဲနေမှာတဲ့လား။

ဒေါ်မြတ်လွန်းမေ တွေးမိလေ ရင်ထဲမှာ ပူရလေ။

အရေးကြီးတာ ကိုယ့်ဖက်က လမ်းမှန်နေဖို့ပဲ။

ခုလည်း … သားတံခွန်နဲ့ လ,က အိပ်ခန်းလေးထဲမှာ နှစ်ယောက်တည်း သူတို့အနားမှာ သွားထိုင်မယ်ဆိုပြန်တော့လည်း ကိုယ့်ကို မယုံဘူးလား အမေးက ခံရဦးမည်။

လွှတ်ထားပြန်တော့လည်း ကိုယ့်မှာအခက်။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ နောက်ဖေးကနေ အသံကလေးပဲ ပေးနေလိုက်ရှုံသာ။

"သားတံခွန်ရေ ... မင်းညီမလေး အဖျားကျရဲ့လားဟင်"

"ချွေးလေးတော့ နည်းနည်းစို့လာတယ် ကြီးမေရဲ့ ... "

"အေး ... အေး ... ဒီမှာ ကြီးမေရှိတယ်နော်၊ လ,သောက်လို့ရအောင် ဆန်ပြုတ်ပူပူလေး တစ်ခွက်စာလောက် ပြုတ်ထားမလို့"

"ဟာ ... လ,က ဘာမှမသောက်ချင်ဘူးတဲ့ ကြီးမေရေ"

တွေ့လား ...

စောစောတုန်းကတော့ ဒင်းပဲသောက်မယ် ပြောပြီးတော့။ အခု တံခွန်ရောက်လာမှ မသောက်တော့ဘူးတဲ့။ ဒင်းပါးကို ဗိတ်ဗိတ်ပြီးတော့တောင် ရိုက်ပစ်ချင်တာလေ။ မဟုတ်မှလွဲရော ... တံခွန်နဲ့ပတ်သက်ပြီး တစ်ခုခု စိတ်ဓာတ်ကျသွားလို့။ ဒင်း ... ကောက်ကာငင်ကာ ထဖျားသွားတာပဲနေမှာ။

ပျံ့မွှေးချို ပြောတာကတော့ ... တံခွန်က တစ်နေကုန်အပြင်သွားနေတာ။ ခုထိတောင် ပြန်ရောက်မလာသေးဘူးတဲ့။ ပေါ့ ... ဒေါက်တာပြန်သွားမှ တံခွန် ခြံထဲကို ရောက်လာတာပဲနေမှာ။

ဖြစ်နေတာက ... ဒေါ်မြတ်လွန်းမေ တစ်ယောက်တည်း နောက်ဖေးမီးဖိုခန်းထဲမှာ အတွေးစတွေနဲ့ တစ်ယောက်တည်း ချာချာလည်နေခဲ့တာပဲ ဖြစ်သည်။ တံခွန်ကတော့ ...

"လ, နင်ဘာဖြစ်နေတာလဲ ... "

လက ခုတင်ပေါ်မှာ ... တံခွန်က ခုတင်စောင်းမှာ။

လ နဖူးလေးပေါ်က ဆံပင်စလေးတွေကို ဖယ်ရှင်းပေးနေ





မိတာက ... လ, တကယ်ဖျားနေတယ်ဆိုတာ သိနေလို့ပါ။

ပိုဆိုးတာက လ,မျက်ရည်ကျနေတာ။

အသံမထွက်အောင် တဟင့်ဟင့်လေးနဲ့ လ,ငိုနေတာ။

"လ,နော် ... နင်အရမ်းလည်း ဖျားနေတယ်၊ ပြီးတော့ တစ်ယောက်တည်းလည်း ကြိတ်ကြိတ်ပြီးတော့ ငိုနေတယ် ... နင် ... နင်ဘာဖြစ်နေတာလဲ၊ လ,မသိအောင် ကိုကြီးတစ်ယောက်တည်း အပြင်ကို ထွက်သွားလို့လား ... "

"ဟင့် ... မဟုတ်ပါဘူး"

"ဒါဆို ... ဘာဖြစ်လို့ ငိုတာလည်း လရာ ... ကိုကြီးကို ဦးနှောက်စားအောင် မလုပ်စမ်းပါနဲ့"

"မာမီ ... ရက်စက်တယ် ... အဟင့် ဟင့် ... "

"ဘယ်လို ... "

မာမီ ရက်စက်တယ်ဆိုလို့ ...

တံခွန် မျက်လုံးပြူးသွားတာ အသက်တောင်မရှူနိုင်။

"ဒီ ... ဒီဟင်းတွေ လမချက်ချင်ဘူးလို့ ပြောတာကို ညည်းရမယ့်ဒီဘွဲ့လေးနဲ့ အပြင်မှာ စီးပွားရေးတွေ ဘယ်လိုလုပ် ထွက်လုပ်လို့ရမှာလဲတဲ့ ... တစ်နေ့ကျရင် မာမီတို့အိမ်မှာပဲနေပြီး နောက်ဖေးမီးဖိုခန်းမှာ ထမင်းချက် ဟင်းချက်တာဝန်ယူရမှာတဲ့ ... အဲလို အပြောခံလိုက်ရလို့ လ,ဝမ်းနည်းတာ၊ အဟင့်ဟင့် ... လတို့က ကိုကြီးတို့ခြံထဲမှာ ကပ်နေရတာပါ ကိုကြီးရယ် ... လ,ငယ်ငယ်လေးတုန်းက မာမီကိုယ်တိုင် သီချင်းလေးဆိုပြီး ပုခက်လေးထဲမှာ လွဲသိပ်ပေးခဲ့တယ်ဆိုလို့ ... လ,က အမေအရင်းထက်တောင် မာမီ့ကို ပိုချစ်ခဲ့တာ ... ခုတော့ မာမီက လ,ကို ရက်စက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဟင့် … ဟင့် …"

လမှာတော့ မေမေကြားမှာစိုးလို့ …

အသံမထွက်အောင် ကြိတ်ငိုနေရတဲ့အဖြစ်။

မေမေ့ကိုလည်း ဒီစကားတွေ လ,ပြန်မပြောတော့ပါဘူး။

"မာမီကွာ … လ,ကို ဘာလို့ ဒီလိုပြောလိုက်ရတာလဲ"

"အဲဒါ … အဲဒါ … အဝတ်အစားတွေ လျှော်တတ်အောင်လည်း သင်ထားရမယ်တဲ့ … အဟင့် ဟင့် … ကြမ်းတိုက်ရမယ်တဲ့ တံမြက်စည်းလည်း လှဲရမယ်တဲ့ …"

လ,ငိုတာ တံခွန် သဘောပေါက်ပါပြီ။

"မငိုနဲ့လေ … လ,အနားမှာ ကိုကြီးတစ်ယောက်လုံး ရှိနေတဲ့ဥစ္စာ … လ,ကို ဘယ်တော့မှ အဲလိုအလုပ်မျိုးတွေ ကိုကြီး မခိုင်းဘူး … မငိုနဲ့ တိတ် … တိတ် … ပြီးမှ ကိုကြီးပြန်လာမယ်နော်၊ လ,အတွက် အိုဗာတင်းဖြစ်ဖြစ် မိုင်လိုဖြစ်ဖြစ် ကိုကြီးဖျော်လာခဲ့မယ် …"

တံခွန် စောင်လေးခြုံပေးပြီး ပြန်ထွက်တော့ …

"ဟင် … သားတံခွန် ပြန်ပြီလား …"

"ဟုတ် … ကြီးမေ … ကျွန်တော် ရေချိုးချင်လို့ ခဏပြန်တာ၊ နောက်ပြီးတော့မှ ကျွန်တော်တစ်ခေါက် ပြန်လာဦးမယ်နော် ကြီးမေ …"

"အေးပါကွယ် … အေးပါ …"

တံခွန် ပြန်သွားလို့ အခန်းဝက လှမ်းကြည့်လိုက်တော့ လ,က စောင်လေးခြုံပြီး ကွေးအိပ်နေတာ …"

ဒါနဲ့ ကိုယ်ဘယ်လောက်ပူနေသေးသလဲဆိုတာ သိချင်လို့





ပါးကလေးကို လက်ဝါးလေးနဲ့ကပ်ပြီး စမ်းလိုက်တော့ … ဘုရားရေ

ပါးကလေးပေါ်မှာ … မျက်ရည်တွေ စိုလို့။

သမီးလေးငိုနေတာ ကြည့်စမ်း …

ဒေါ်မြတ်လွန်းမေ … တုန်လှုပ်သွားရသည်။

"မေရေ … လ,သက်သာရဲ့လားဟင် …"

"ချို … လာ တက်ခဲ့လေ … လ,က ဒီမှာ …"

ဒေါ်ပုံ့မွှေးချို အသံကိုကြားလို့ အိပ်ခန်းထဲကနေပဲ တက်လာခဲ့ဖို့ ဒေါ်မြတ်လွန်းမေ ဖိတ်ခေါ်လိုက်မိသည်။ ချိုတက်လာတာ စိုးရိမ်ပူပန်နေတဲ့ ဟန်ကလေးနဲ့ပါ။ သမီးလေးရဲ့ နဖူးကလေးကိုလည်း လက်ကလေးဖြင့် ဖွဖွလေးအုပ်ကာ ချိုက စမ်းပါသည်။

"အင်း … အဖျားကတော့ နွေးနွေးလေး ရှိသေးတယ်နော် မေ …"

"သက်သာသွားမှာပါ ချိုရယ် … စိတ်ပူမနေပါနဲ့ …"

"လ,ကို ဂရုစိုက်နော် … မေ …"

ဒီလိုကျတော့လည်း ချိုက ကြင်နာတတ်သားပဲ။

ဒါကို အိပ်ချင်ယောင်ဆောင်နေတဲ့ လက ကြားတော့ … မျက်နှာလေး ဟိုဘက်လှည့်ထားရင်း နှုတ်ခမ်းလေးမဲ့မိသည်။

"ဟွန်း … မေမေ့ရှေ့မှာကျတော့ လေသံကတစ်မျိုး"

လ,စိတ်ထဲက ပြောမိ၏။

ကိုကြီးလည်း အလကားပဲ … တော်ပါပြီ။

နောက်ဆိုရင် လ,ဟာလ တစ်ယောက်တည်း အေးအေးပဲ နေတော့မယ်။ မာမီပြန်သွားတော့မှ လ,အိပ်ရာက ထသည်။

နောက်ဖေး ထမင်းစားခန်းထဲသွားပြီး …



www.burmeseclassic.com

www.burmeseclassic.com



အိုးတွေ ခွက်တွေ လှန်တော့ …

"ဟဲ့ … ဘာရှာနေတာလဲ … "

"ဗိုက်ဆာလို့ … "

"အုပ်ဆောင်းအောက်မှာ ဆန်ပြုတ်ပန်းကန်လေး အုပ်ထားတယ်လေ"

"အဲဒါ … လ,မသောက်ချင်လို့ပေါ့ မေမေရဲ့ … "

"လရေ … "

"ဟင် … ကိုကြီး … "

ကိုကြီးက အိမ်ရှေ့မှာ ရောက်နေပြီ။

ကြည့်လိုက်တော့ အစိမ်းရောင် ဓာတ်ဗူးလေးကိုင်လို့။

အိုဗာတင်းလား မိုင်လိုလား … တစ်ခုခုလာဖျော်ပို့ပေးတာ ဖြစ်မှာပေါ့။

"ဒီမှာလ … လအတွက် အိုဗာတင်းလေး ကိုကြီး ဖျော်လာပြီ"

ဓာတ်ဗူးလေးကိုင်ပြီး ကိုကြီး ဝင်လာသည်။

"ဟာ … မသောက်ချင်ပါဘူး"

"လ,နော် … ကိုကြီးက စေတနာနဲ့ … "

ကိုကြီးကိုလည်း လ,က လှည့်မကြည့်။

ဒေါ်မြတ်လွန်းမေကတော့ နှစ်ယောက်စလုံးကို အကဲခတ်သလိုလေး ကြည့်နေတာပါ။ တံခွန်ပုံစံလေးက အရင်ကလိုပင် မပြောင်းလဲ။ လ,စိတ်ကောက်တိုင်း ချော့နေကြပုံစံမျိုးကလေးနဲ့ပဲ။ ဒေါ်မြတ်လွန်းမေကို လှမ်းတိုင်သည်။

"ကြီးမေနော် … ကြီးမေ သမီးအဖျားက ပျောက်သေးတာ





မဟုတ်ဘဲနဲ့ တွေ့တာတွေ လျှောက်မစားစေနဲ့ဦး … ကျွန်တော်က လ,ကို အားလေးရှိသွားအောင် အိုဗာတင်းလေး ဖျော်လာတာ"

ဒီလိုတိုင်တော့လည်း …

လ,က မျက်စောင်းလေး လှမ်းထိုးသည်။

"ကဲ … ကဲ … ဒါဆိုရင်လည်း မင်းပဲ လ,ကို အိုဗာတင်းလေး ချော့တိုက်လိုက်တော့ … ကြီးမေကတော့ လိုတာတွေဝယ်ဖို့ အပြင်ခဏထွက်လိုက်ဦးမယ်"

ကြီးမေ … အပြင်ထွက်သွားတော့ …

အိမ်လေးထဲမှာ နှစ်ယောက်တည်းကျန်ခဲ့သည်။

"လ … "

ကိုကြီး ခေါ်ပေမယ့် လက ပြန်မထူး။

မသိချင်ဟန်ဆောင်ပြီး မျက်နှာလေးကို ကြောင်အိမ်ဘက်လှည့်ကာ ကိုယ်စားချင်တာကိုပဲ ချိုင့်တွေ ပန်းကန်တွေကို ဆွဲလှန်ခွင်းရင်း လိုက်ရှာနေသည်။

တွေ့ပါပြီ။ ချိုင့်ကလေးထဲမှာ ဆီကလေးစိမ်ကာ မေမေ ထည့်ထားသည်။ ငါးရံ့ခြောက်ဖုတ်တွေ …

"ဟင် … လ … နင် ထမင်းစားမလို့လား"

"ဟုတ်တယ် … "

လ,က ခပ်မာမာပဲ။

ချိုင့်ကလေးကို ဆွဲယူပြီး ထမင်းကိုပါ ခူးထည့်လိုက်သည်။

"နင် … ဒါတွေစားတော့ အဖျားက ဘယ်လိုလုပ်ကျတော့မှာလဲ"

"သေတော့လည်း အေးတာပဲ … "



www.burmeseclassic.com

www.burmeseclassic.com



တွေ့လား ... လူကိုတောင် ဂွစ်ကန်ကန် ပြန်ပြောနေတာ။

"လ ... "

"ဘာလဲ ကိုကြီးရာ ... "

"လ, စိတ်ကောက်နေတာ ကိုကြီးသိတယ်"

"ဟာ ... မကောက်ပါဘူး၊ ဘာဆိုင်လို့ ကောက်ရမှာလဲ"

"ကောက်တယ် ... ကောက်တယ်၊ လမျက်နှာလေးကို ကြည့်လိုက်တာနဲ့ ကိုကြီး သဘောပေါက်တယ်"

ကိုကြီးက စားပွဲမှာ ဝင်ထိုင်သည်။

"လ ... "

"ဟာ ... ခေါ်ပြန်ပြီ ... "

"မာမီပြောတာကို စိတ်မဆိုးပါနဲ့ လ,ရယ် ... "

လ, မျက်နှာလေးကိုကြည့်ပြီး အသည်းယားနေတာ တိမ်တံခွန်ပါ။ တကယ်ဆို ... ချယ်မှုန်းထင်ချောတာ လ,ကို မမှီဘူးလေ။ လ,က တစိမ့်စိမ့်လေးကြည့်လေ ပိုပြီးတော့ ချစ်ဖို့ကောင်းလေမို့ ... သူ မရိုးမရွကလေးနဲ့ပဲ စိတ်တိုဖြေထားရသည်။

"ကိုကြီးနော် ... လ,ကို မာမီ့အကြောင်းတွေ လာမပြောနဲ့"

"ဟင် ... "

"မာမီ့ကိုမုန်းသလို ကိုကြီးကိုလည်း မုန်းတယ် ... "

"အဟင့် ... "

"ဟာ ... လရယ် ... "

ထမင်းစားရင် လ,ငိုရပြန်ပါပြီ။

"ပြဿနာပဲကွာ ... မာမီ့ရင်ထဲမှာ ဘယ်လိုရည်ရွယ်ချက်





တွေရှိနေလို့ အို ... ဒီလိုမျိုးတွေ လုပ်ခိုင်းနေသလဲဆိုတာ၊ ကိုကြီး မစဉ်းစားတတ်တော့လို့ လ,ဆီကို တစ်ခေါက်ပြန်လာတာ၊ ပြောလေ ... လ, မာမီက ဘာဖြစ်စေချင်တာတဲ့လဲ ... "

"လနဲ့ ကိုကြီးကို ဝေးစေချင်တာ"

"ဘယ် ... ဘယ်လို လ ... "

လ,မျက်ရည်လေး သုတ်နေတာ။

တကယ့်ကို သနားစရာလေးပါ။

"ပြီးတော့လည်း လကိုပြောသေးတယ်"

"ဟင် ... ဘယ်လိုပြောမလဲ ... "

"မိန်းကလေးပီပီသသ နေရမယ်တဲ့ ... "

"နောက်ရော ... "

"ကလက်တက်တက် မနေရဘူးတဲ့ ... "

"အဟင့် ... "

မျက်ရည်လည်းသုတ် ရှိုက်လည်းရှိုက်နဲ့။

"လရယ် ... မာမီက လကို ကောင်းစေချင်လို့ ပြောတာနေမှာပါလရယ် ... မာမီကို အထင်မလွဲပါနဲ့၊ လနဲ့ကိုကြီးကို မောင်နှမအရင်းအချာတွေလိုပဲ မာမီက သဘောထားခဲ့တာလေ"

ပြောရင်း လမျက်ရည်လေးကို သုတ်ပေးတော့ လကမငြင်း။

"မငိုပါနဲ့ လရယ် ... "

အချစ်ဆိုတာ သနားတာက စတာလား။

သူရင်ခုန်နေတာ လ,သိသွားခဲ့မယ်ဆိုရင်ရော ... ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၀ )

"အို ... ဒါဆို သမီးချယ်မှုန်းထင်က အရမ်းတော်တာပေါ့"

"တော်တာပေါ့ မာမီရာ ... ဒီကန်ထရိုက်တိုက်ကြီးကို ကျောင်းတစ်ဖက် အလုပ်တစ်ဖက်နဲ့ ချယ်မှုန်းထင်ဆောက်နေတာလေ ... မာမီ ... အဲဒါ ကျွန်တော့်ကို သူ့အလုပ်ထဲ ခေါ်ခေါ်သွားလို့ ကျွန်တော်သိနေတာ၊ ဆောက်မယ့်တိုက်ကို အင်ဂျင်နီယာတွေနဲ့ တိုင်ပင်ပြီး ဒီဇိုင်းပုံစံလေးလှအောင်လည်း ချယ်ကပဲ စီစဉ်ညွှန်ကြားတာ ... ဟော ... ဟော ... ဟိုမှာ ချယ်လာနေပြီ၊ မာမီကို ချယ်နဲ့ မိတ်ဆက်ပေးမယ် ... "

ချယ်ဆိုတဲ့ ကောင်မလေး ...

ကားပေါ်ကဆင်းပြီး ဒေါ်ပုံ့မွေးချို့တို့ သားအမိနှစ်ယောက်ဆီကို လျှောက်လာတာလည်း သွက်လက်ဖျတ်လတ်လို့ပါ။

အဝတ်အစားဝတ်တာ ခေတ်မှီသလို ...

မျက်နှာထားလေးကလည်း တင်းတင်းဆတ်ဆတ်လေးနဲ့ ပြတ်ပြတ်သားသား လုပ်တတ်ကိုင်တတ် ပြောတတ်ဆိုတတ်မယ် ဆိုတာလည်း မျက်နှာမြင်လိုက်တာနဲ့ ဒေါ်ပုံ့မွေးချို အကဲခတ်မိနေ





သည်။

"တံခွန် ... ရောက်နေတာ ကြာပြီလား"

"ခုပဲ ရောက်တာလေ ချယ် ... ချယ်မလာသေးလို့ မာမီ့ကိုချယ်အကြောင်းတွေ ရှင်းပြနေတာ ... "

"အို ... ဒါ ... တံခွန့်မာမီလား ... "

ချယ်ဆိုတဲ့ မိန်းကလေးက တအံ့တဩလေးနဲ့ ဒေါ်ပုံ့မွေးချိုကိုလှမ်းကြည့်သည်။ လှမ်းကြည့်ရင်း ... ပြုံးပြလိုက်တာကလည်း တကယ့်ကို တရင်းတနှီးလေးပင်။

"ဟုတ်တယ်လေ ... သမီး ... သားက သမီးအကြောင်းတွေ ချီးမွမ်းခန်းဖွင့်နေလို့ မာမီ နားထောင်နေရတာ၊ သမီးက တကယ်တော်တာပဲ ... "

"ဟင်း ဟင်း ... တံခွန်ပြောတာ အရမ်းလည်း မယုံလိုက်နဲ့ဦးနော် မာမီ ... ချယ်က ကျောင်းတစ်ဖက်နဲ့ စီးပွားရှာနေရတာဆိုတော့ အတွေ့အကြုံက နည်းသေးတယ်လေ"

"အမလေးကွယ် ... ဒီလောက်လှတဲ့ ကန်ထရိုက်တိုက်ကို သမီးအရည်အချင်းနဲ့ ဦးစီးဆောက်နိုင်တယ်ဆိုကတည်းက မာမီက သမီးကို အမှတ်ပြည့်ပေးပြီးသား ... သမီးတော်တယ်၊ မာမီ့သားကိုလည်း သမီးလက်ထဲ အပ်တယ် ... "

"ဟင်း ဟင်း ... ကျေးဇူးတင်ပါတယ်မာမီ၊ လာလေ ... တံခွန် ... မာမီ့ကို တိုက်ထဲလိုက်ပြလိုက်ရအောင်၊ တိုက်ထဲရောက်ရင် မာမီ ဒီ့ထက်ပိုသဘောကျသွားမှာ သေချာတယ်"

တိုက်အချောထည် ပြီးနေပြီမို့ ...

အထဲဝင်ကြည့်တော့လည်း စိတ်ချမ်းမြေ့စရာပါ။

ပြင်ထားဆင်ထားတာတွေက ခေတ်မှီသလား မေးနဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်းပြားပါကေးတွေ ခင်းထားတာ၊ ကြွေပြားကပ်ထား
တာ၊ တံခါးလက်ကိုင်သံကွင်းကလေးတွေကအစ နောက်ဆုံးပေါ်
ခေတ်မှီပစ္စည်းတွေချည်းပဲ သုံးထားတော့ မာမီဆို ကြည့်ရင်း
သဘောကျလို့ ... ။

"ကောင်းလိုက်တာ သမီးရယ် ... အခန်းထဲကိုဝင်လာတာ
နဲ့ မာမီတောင် အရမ်းစိတ်ချမ်းသာသွားတယ်၊ သမီးတော်တော်
အိုင်ဒီယာကောင်းတယ် သိလား ... သမီးအောင်မြင်မှာသေချာ
တယ်၊ မာမီ အားပေးတယ် ... "

"ဟင်းဟင်း ... မာမီကတော့ ချယ့်ကို တစ်ချိန်လုံးမြှောက်
နေတော့တာပဲ ... ချယ်က ကြိုးစားဆဲအဆင့်မှာပဲ ရှိပါသေးတယ်
မာမီ ... "

"မာမီ သဘောကျတယ် ... မာမီ သဘောကျတယ် ...
သမီးပြောပုံဆိုပုံလေးက စီးပွားရေးသမား ဖြစ်လာတော့မယ့်
အလားအလာတွေ အများကြီးရှိနေတယ် ... သားကိုလည်း လက်တွဲ
ခေါ်ပါ သမီးရယ် ... "

"စိတ်ချပါ မာမီ ... ချယ်ကလည်း တံခွန်နဲ့ပဲ လက်တွဲအလု
လုပ်ဖို့ စိတ်ကူးထားပါတယ်"

"ဟင်း ဟင်း ... ကောင်းတာပေါ့ကွယ် ... ဒီခေတ်က မေ
တို့လူငယ်တွေ ဦးဆောင်ရမယ့်ခေတ်ပဲ ... မာမီတို့ကတော့ မင်း
လက်ထဲကိုပဲ မင်းတို့ရဲ့အနာဂတ်ကို ဆုံးဖြတ်ခွင့်ပေးရတော့မှာ

မာမီ နှုတ်ဆက်ပြီး ဒရိုင်ဘာ ဦးစိုးနဲ့ပြန်သွားတော့ တံခွန်
ချယ် နှစ်ယောက်တည်း ကျန်ခဲ့သည်။

"တံခွန် ... "

"ဟင် ... ပြောလေ ချယ် ... "





"တံခွန့်မာမီကတော့ ချယ့်ကိုအပြီးအပ်သွားပြီနော်"

"အဲဒါ ... ချယ့်ကိုယုံလို့ပေါ့ ချယ်ရဲ့ ... "

"လင်းလက်လကရော ဒါကိုလက်ခံနိုင်ပါ့မလား"

"ဘာ ... ဘာပြောတယ် ချယ် ... "

မထင်မှတ်ဘဲ လင်းလက်လ နာမည်ကို ချယ်ကထုတ်ပြော
လိုက်သဖြင့် တံခွန် မျက်လုံးလေး အံ့သြကာ ဝိုင်းစက်သွားရသည်။

"လင်းလက်လ ဟုတ်လား ... "

"ဟင်း ဟင်း ... "

ချယ်က ရယ်ပါသည်။

"တံခွန်ရယ် ... လင်းလက်လ နာမည်ကိုကြားလိုက်တာနဲ့
တံခွန် ဘာလို့ အထိတ်တလန့် ဖြစ်သွားရတာလဲ ... "

"ကိုယ် အံ့သြသွားလို့ပါ ချယ် ... "

"ဟင် ... ဒါ အံ့သြစရာလား တံခွန် ... "

ချယ် လှမ်းကြည့်နေတာ သံသယ မျက်လုံးတွေနဲ့။

"လင်းလက်လအကြောင်းကို ဒီနေ့မှ ထူးထူးဆန်းဆန်း
ချယ် ထုတ်ပြောနေလို့ ကိုယ် အံ့သြသွားတာ ... "

"မပြောရင် မဖြစ်လို့ ထုတ်ပြောလိုက်ရတာလေ တံခွန် ...
မာမီက ချယ်ကိုယုံကြည်လို့ အပ်ထားတာမှန်ပေမယ့် လင်းလက်လ
အကြောင်း လိုက်ကျနေမှာကို ချယ်က စိုးရိမ်လို့ပြောတာ"

"ချယ်ကလည်းကွာ ... လင်းလက်လ ဆိုးတာကို ချယ်
လည်း သိရဲ့သားနဲ့ ... "

"အဲဒါ ... ချယ်မှ လက်မခံနိုင်တာလေ တံခွန် ... "

ချယ် ခေါင်းလေးခါပြီး ခပ်မဲ့မဲ့လေး ရယ်ပါသည်။

ချယ် လက်ဖမိုးလေးပေါ်မှာ သေရာပါ အမာရွတ်လေး ထင်



www.burmeseclassic.com

www.burmeseclassic.com



ကျန်သွားခဲ့ကတည်းက ချယ် ခံစားခဲ့ရတာလေ။

ဒါကို ချယ် ဘယ်လိုလုပ် မေ့နိုင်တော့မှာလဲ။

လက်ဖမိုးလေးပေါ်က အမာရွတ်လေးကို ပြန်ကြည့်မိတိုင်း နာကျင်ရတဲ့ ဝေဒနာတစ်ခုက နှလုံးသားနက်နက်လေးပေါ်မှာ လေးတစ်ချောင်း စိုက်ဝင်နေခဲ့သလို ချယ် ခံစားနေခဲ့ရတာ ဘယ်သူတွေက စာနာ နားလည်ပေးခဲ့လို့လဲ။

ဒါကြောင့်မို့ ... ကျောင်းထဲမှာ လင်းလက်လကိုမြင်တိုင်း နာကျင်သော ဝေဒနာလေးနှင့် မျက်နှာလွှဲလွှဲပစ်မိတာ အကြိမ် ပေါင်းများစွာပါ။ နောက်ဆုံးမှာ ပြတ်သားတဲ့ ခံယူချက်က တစ်ခုနှင့် ချယ်ချမိခဲ့တဲ့ ဆုံးဖြတ်ချက်လေးတစ်ခုက လင်းလက် နှလုံးသားထဲမှာ အမာရွတ်လေးတစ်ခု ထင်ကျန်သွားစေဖို့။

ဒီဆုံးဖြတ်ချက်ကြောင့် ...

တံခွန်နဲ့ချယ် ... ပိုလို့နီးကပ်သွားစေခဲ့တာ ဖြစ်သည်။

ချယ်ရည်ရွယ်ခဲ့တာက တံခွန်နဲ့ချယ် ထာဝရလက်တွဲသွား နိုင်ဖို့ တစ်နေ့နေ့မှာ တံခွန်က ချစ်ခွင့်တောင်းလာခဲ့ပါလျှင် အ သင်တုန့်ပြန်သွားနိုင်ဖို့ ချယ် စောင့်စားနေခဲ့တာ ဖြစ်သည်။

ခုထိတော့ ... ရိုးသားတဲ့တံခွန်က ခင်မင်မှုစည်းကလေး မကျော်ခဲ့သေးပါ။ ဒါကိုလည်း ချယ်ရင်မောနေခဲ့တာ အမှန်ပဲ သည်။ ထိုအချိန်မှာ ... အိမ်မှာ တစ်ယောက်တည်းကျန်ခဲ့တဲ့ လက်လကတော့ ...

"ဒေါ်ငွေ ... "

"အမလေး လ,ရယ် ... "

နောက်ဖေးမှာ တစ်ယောက်တည်း ဟင်းတွေချက်နေ ဒေါ်ငွေနားကို ရောက်သွားတော့ လအသံကိုကြားပြီး ဒေါ်ငွေ





သွားသည်။ လ,ကိုလည်း ထိတ်ထိတ်ပျာပျာ လှည့်ကြည့်ကာ ...

"လန့်လိုက်တာ လရယ် ... ဝင်လာတာ အသံမပေး ဘာ မပေးနဲ့ ..."

"ဒေါ်ငွေ ဘာတွေချက်နေတာလဲ ... "

"ဒီမှာလေ ... ဘဲပေါင်းကြံမဆိုင်လေး ချက်နေတာ"

"ကိုကြီးရော ... "

"ကိုကြီး မရှိဘူးလေ ... မနက်ကတည်းက သားအမိနှစ်ယောက် ကားနဲ့ထွက်သွားတာ ခုထိပြန်မလာသေးဘူး ... "

"ဟင် ... လကိုကျတော့ မခေါ်ဘဲနဲ့ ... "

လ,စိတ်ကောက်သွားတာ နှုတ်ခမ်းငှလေးရူလို့။

ဒေါ်ငွေက လ,စိတ်ကောက်သွားတာလေးကိုကြည့်ပြီး နှုတ်ခမ်းလေး ပွင့်သွားရုံလောက်လေး ရယ်သည်။

ပြီးတော့မှ ဟင်းအိုးမွှေလက်စ ဇွန်းပြားလေးကို ရေခွက်ထဲ နှစ်ထည့်ကာ ...

"ဟွန်း ... ညည်းလေး အခုမှလာပြီး စိတ်ကောက်ပြမနေနဲ့ ညည်းကိုကိုကြီးက ရှိုးစမိုးနဲ့ အပျံစားလေးပြင်ပြီး ထွက်သွားတာ"

"ဟင် ... အလကားကိုကြီး။ မာမီချိုနဲ့နှစ်ယောက်ပေါင်းပြီး ဘာတွေကြိတ်ကြံနေကြသလဲမှ မသိတာ၊ တော်ပါပြီ ... သူတို့မခေါ်တာဘဲအေးတယ်၊ ကိုယ့်ဘာသာကိုယ် တစ်ယောက်တည်းပဲ စာဖတ်နေတော့မယ်"

လ,ပြန်ထွက်လာတာ ခေါင်းလေးငိုက်စိုက်ချလို့။

"ချွင် ... "

"ချွင် ... "

"လရေ ... လင်းလက်လ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... "

ခြံရှေ့က ခေါ်သံကြားလို့ကြည့်လိုက်တော့ ကျောင်းက သူငယ်ချင်းသွန်းသွန်း။

"သွန်းသွန်းရေ ... လာပြီ လာပြီ ... "

သွန်းသွန်းကိုတွေ့လိုက်တော့ လ,အရမ်းပျော်သွားသည်။

"နင် ... နင် ... ငါ့ဆီကိုလာလည်တာလားဟင် သွန်းသွန်း"

"ဒါပေါ့ဟာ ... "

သွန်းသွန်းက ရယ်ရယ်မြူးမြူးကလေး ပြန်ပြောသည်။

"နင်တို့ခြံကြီးက အကျယ်ကြီးပဲနော် ... "

"ငါတို့ခြံကြီး မဟုတ်ပါဘူး သွန်းသွန်းရာ ... ဒါ ငါ့ကိုကြီးတို့ပိုင်တဲ့ ခြံကြီးလေ ... ငါတို့နေတာက ဟိုမှာလှမ်းမြင်နေရတဲ့ ပျဉ်ထောင်သွပ်မိုးလေးမှာနေတာ၊ လာ သွန်း ... နင်လာတာ အတော်ပဲ ... ငါ့မေမေနဲ့နင့်ကို မိတ်ဆက်ပေးမယ်"

သွန်းသွန်းကို မေမေ့ဆီခေါ်သွားပြီး မိတ်ဆက်ပေးတော့

"အို ... နာမည်လေးက သွန်းသွန်းတဲ့လား ... "

"ဟုတ်ပါတယ် အန်တီ ... ဒီနေ့ ကျောင်းအားရက်မို့ လဆီကို တမင်လာလည်တာ"

"လကလည်း ဒီမှာတစ်ယောက်တည်းဖြစ်နေတာလေ၊ သွန်းသွန်းလာလည်တော့ အတော်ပဲဖြစ်သွားတာပေါ့၊ ကဲ ... ပြောကြ ပြောကြ ... အပြင်းပြေစကားပြောရင်း စားရအောင် လက်ဖက်သုပ်ပေးမယ်"

မေမေပြန်ထွက်သွားတော့မှ ...

"လ ... "

"ဟင် ... ဘာလဲ သွန်းသွန်း ... ပြောလေ ... "





"လကို သွန်းသွန်းပြောစရာရှိလို့ ... "

"ပြောစရာ ... ဟုတ်လား ... "

သွန်းသွန်း မျက်နှာမကောင်း။

"သွန်းသွန်း ဒီကိုထွက်လာတော့ လမ်းမှာဘယ်သူနဲ့တွေ့ခဲ့တယ်ထင်လဲ ... "

"ဟင် ... ဘယ်သူနဲ့တွေ့ခဲ့လို့လဲ သွန်းသွန်းရဲ့ ... "

"သွန်းသွန်းတို့ရပ်ကွက်ထဲမှာ ချယ်မှုန်းထင်ဆိုတဲ့ ဟိုအစ်မကကန်ထရိုက်တိုက် ဆောက်နေတာလေ၊ အဲဒါ ... လကိုကြီးနဲ့ အဲဒီအစ်မ နှစ်ယောက်တွဲပြီး ဆောက်လက်စ တိုက်ကြီးထဲကထွက်လာတာ အခုပဲ တွေ့ခဲ့တယ် ... "

"ဘုရားရေ ... "

လမျက်တောင်လေး ကော့ပြီး မျက်နှာလေးကပါ ချက်ချင်းမျက်သွားသည်။

"နင် ... နင်တကယ်ပြောနေတာလားဟင် သွန်းသွန်း"

"တကယ်ပြောနေတာပေါ့ လရဲ့ ... "

"ကို ... ကိုကြီး ရက်စက်တယ် ... အဟင့် ... "

"ဟာ ... လ ... "

လက ရုတ်တရက် ငိုချလိုက်တော့ သွန်းသွန်း အထိတ်တလန့်လေးနဲ့ မျက်လုံးပြူးသွားသည်။

"နင် ... နင်မငိုနဲ့လေ ... လ ... "

သွန်းသွန်းအံ့ဩနေတာ မျက်တောင်လေးကိုပင် မခတ်နိုင်။

သွန်းသွန်းနဲ့ စကားတွေပြောပြီး ပြန်သွားတော့မှ ...

လ,ထွက်လာတာ မာမီဆီကိုပါ ခြံထဲမှာ မာမီအပြင်ကိုသွားတိုင်း စီးနေကြ ကားလေးရပ်ထားပြီဆိုတော့ မာမီနဲ့ကိုကြီး ပြန်



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာတာ သေချာသွားပြီပေါ့။

လ,ခြေဖော့နင်းကာ အပေါ်ကိုတက်သွားတော့ အခန်းထဲမှာ ကိုကြီးကမရှိ။ စာဖတ်ခန်းထဲမှာ သွားရှာတော့လည်း မတွေ့။

ဒါနဲ့ပဲ ပျာယာခတ်ပြီး ဘုရားခန်းထဲဝင်သွားတော့မှ ...

"ဘုတ် ..."

"အင့် ..."

"ဝွမ်း ... ချွမ်း ..."

"အမလေးဟယ် ... ငါ့ဘုရားသောက်တော်ရေဇန်းတော့ မှောက်ပါပြီ ... မှောက်ပါပြီ ..."

"ဟာ ... မာမိ ... ဆောရီးနော် ... ဆောရီး ... ဆောရီး ဟဲဟဲ ..."

ခန်းဆည်းလိုက်ကာလေးကို မဖယ်ဘဲ ဒီအတိုင်းဝင်ပစ်လိုက်တော့ မာမီနဲ့တိုက်မိသွားတာလေ။ လမှာတော့ မာမီကိုလည်း တောင်းပန်ရ လွှင့်ကျသွားတဲ့ဘုရားသောက်တော်ရေ ခွက်ကလေးတွေကိုလည်း လိုက်ကောက်ပေးရနဲ့။

"ဒီ ... ဒီအခန်းထဲကို ညည်းလေးဘာလာလုပ်တာလဲဟင် လင်းလက်လ ... မာမီ့ကိုပြောစမ်း ..."

"ဟို ... ဟို ... ကိုကြီး ဘုရားရှိခိုးနေလားဆိုတာ သိချင်လို့ လာချောင်းကြည့်တာပါ၊ မာမီရဲ့ ... ပေး ... ပေး မာမီလက်ထဲက သောက်တော်ရေ ဇန်းလေး လ,ကိုပေး ... လအသစ်ပြန်ကပ်ပေးမယ်"

"ဒုက္ခပါပဲ လင်းလက်လရယ် ... ညည်းလေးနဲ့ကတော့ ခက်သေးတယ်၊ ခက်သေးတယ် ... ဟင်း ဟင်း ... ဘာပဲလုပ်လုပ် ရှုပ်ပြာ ရှုပ်ပြာနဲ့ ကြမ်းပြင်ပေါ်မှာလည်း ရေတွေရွဲကုန်ပြီ ... ညည်းလေး





နဲ့ ချယ်မှုန်းထင်ဆိုတဲ့ ဟိုကောင်မလေးနဲ့ကတော့ တခြားစီပဲ"

"ရှင် ... မာမီ ..."

လမျက်ဝန်းလေး ဝိုင်းစက်သွားတာ ရင်နာနာလေးနဲ့။

ကြည့်ပါဦး ... မာမီပြောလိုက်တာ ချယ်မှုန်းထင်တဲ့။ မာမီက ဘယ်လိုလုပ်ပြီး ချယ်မှုန်းထင်အကြောင်းတွေ သိနေတာလဲ။

"ဟာ ... မာမီက ချယ်မှုန်းထင်အကြောင်းကို သိတယ် ဟုတ်လားမာမီ ... ချယ်မှုန်းထင်ဆိုတဲ့ အဲဒီမမကို မာမီဘယ်တုန်းက တွေ့ခဲ့တာလဲ"

"ဟင် ... အဲဒါ လမသိဘူးလား ... မနက်ကပဲ တံခွန်နဲ့မာမီ ချယ်မှုန်းထင်ဆောက်တဲ့ ကန်ထရိုက်တိုက်ကို သွားကြည့်လာတာလေ ... ဟိုကောင်မလေးက စီးပွားရေးလည်း အကွက်မြင် လုပ်တတ်ကိုင်တတ်လေးကလည်း စည်းစနစ်ကျမှကျ ... ကဲ ... မိန်းကလေးတွေ ဘယ်လောက်အတုယူစရာကောင်းလဲ ..."

တွေ့လား ...

လကြည့်လို့မရတဲ့ မမချယ်မှုန်းထင်ကို မာမီချီးကျူးနေတာကြီးလည်း အလကားပဲ။ လကွယ်ရာမှာ အဲဒီ မမချယ်မှုန်းထင်နဲ့ မွေ့လိမ်ရှုတ် ခြေပုန်းခုတ်ချင်နေတဲ့ကိုကြီး။

"မာမီနော် ... မာမီက ကြည့်လို့ရပေမယ့် လကတော့ ပဲအရင်းများတဲ့ အဲဒီမမ ချယ်မှုန်းထင်ကို လုံးဝကြည့်လို့မရတာ သေချာတယ် ..."

"ဟုတ်ပါပြီ ... ဟုတ်ပါပြီ ..."

"လ မကျေနပ်တာက ကိုကြီးနဲ့အဲဒီမမ ရှုတ်နေတာ"

"ဟင် ..."

လ,စကားကိုကြားတော့ ဒေါ်ပုံ့မွှေးချို မျက်လုံးပြူးသွား



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဟွန်း … လကြည့်လို့မရတဲ့ဟာတွေနဲ့ ကိုကြီးရှုတ်ရင် လ
ကလည်း ကိုကြီးကြည့်လို့မရတဲ့ဟာတွေနဲ့ ရှုတ်မှာပဲ … မာမီလည်း လာမပြောနဲ့ …"

"ဟယ် … ကြည့်စမ်း …"

ဖန်စီနားဆွဲရှည်လေး တယမ်းယမ်းနဲ့။

မဲ့လိုက် ရွဲ့လိုက်ပြောနေတဲ့ လကိုကြည့်ကာ ဒေါ်ပုံ့မွှေးချို အသည်းယားသွားသည်။ ပြောပြီးတော့မှ သောက်တော်ရေဗန်းကို ကိုင်ကာ လဆင်းသွား၏။

ဒေါ်ပုံ့မွှေးချို နောက်က လိုက်ရပြန်ပြီပေါ့။

ဘယ်လိုလုပ်မလဲ …

တစ်အိမ်လုံးကို ဗိုလ်ကျအနိုင်ကျင့်ချင်နေတဲ့ လင်းလက်လ။

"ချို … မင်းတို့သားအမိတွေ ဘာဖြစ်နေတာလဲ"

ခွေ့ခန်းမှာ သတင်းစာထိုင်ဖတ်ရင်း သားအမိတွေ ဆူဆူညံညံအသံကိုကြားလို့ ဒက်ဒီမောင်က မေးလိုက်မိတာဖြစ်သည်။

"လင်းလက်လလေ … ချိုကို ပမာမခန့် ပြန်ပြောပြီး ဆင်းပြေးသွားလို့ …"

"အဲဒါ … အဆန်းလား ချိုရဲ့ …"

ဒက်ဒီမောင်က ရယ်နေနိုင်ပေမယ့် မရယ်နိုင်တာက ချိုလေ။ လနောက်ကို ဆက်မလိုက်တော့ဘဲ စိတ်မောလူမောနဲ့ပဲ ဒက်ဒီ မောင့်ဘေးမှာ ချိုဝင်ထိုင်လိုက်ရသည်။

"ကိုမောင်ရယ် … ရှင်မသိပါဘူး၊ လင်းလက်လ ဘယ်လောက်ဆိုးတယ်ဆိုတာ ရှင်သိရင် မျက်လုံးတောင်ပြူးသွားဦးမယ်"





"ဟင် … ငါ့သမီးလ,က ဘာတွေဆိုးနေလို့လဲ …"

"ဟာ … လ,ဆိုးနေတာ ကိုမောင် မသိဘူးလား"

"ဟ … မင်းကိုမသိလို့မေးနေတာပေါ့ကွ …"

"ကိုမောင့်သား တိမ်တံခွန် သူ့သူငယ်ချင်းကောင်မလေး တစ်ယောက်နဲ့တွဲနေတာကို ကိုမောင့်သမီး လင်းလက်လက ပြဿနာရှာနေတာလေ"

"ဟာ … လင်းလက်လ မကြိုက်ရင် မတွဲစေနဲ့လေ"

ကိုမောင်ကလည်း လကိုထိရင် ဆတ်ဆတ်ထိမခံ။

ဘယ်သူကပဲမေးမေး လင်းလက်လကို သမီးအရင်းပါလို့တောင်ပြောပြီး ကိုမောင်က ချစ်ခဲ့သူ။ ဒီတစ်ခြံလုံးမှာ လ,ဘယ်လိုနေနေ ဘယ်လိုစားစား လကိုပဲ ဦးစားပေးအလိုလိုက်ခဲ့သူ။ လကို ဆိုးတယ်ပြောလည်း ပြုံးပြုံးလေးနဲ့ ခေါင်းတညိတ်ညိတ်လေး လုပ်နေတတ်သူ။ ခုလည်း … ကြည့် …

ကိုမောင်ပြောနေတာ လင်းလက်လ မကြိုက်ရင် မတွဲစေနဲ့လေတဲ့။ ကဲ … အဲဒါ ဒေါ်ပုံ့မွှေးချို ဘယ်လိုလုပ်ရမလဲ။

ဟိုကလည်း သိတယ်မို့လား။

ကိုမောင်က ဒီလိုအလိုလိုက်မှန်း သိလေ မျက်နှာထားမင့်မင့်လေးနှင့် တစ်အိမ်လုံး တစ်ခြံလုံးကို ဗိုလ်ကျအနိုင်ယူလာတာ ဒေါ်ပုံ့မွှေးချိုကိုလည်း လက ဂရုမစိုက်တော့ပါ။

"အခုရော … သားနဲ့သမီးက ဘယ်လိုလဲ …"

"ဟင် … ကိုမောင် ရှင်ဘာကိုပြောတာလဲ …"

"ငါတို့နှစ်ယောက်တိုင်ပင်ထားတဲ့ ကိစ္စလေ …"

"ဟင် … ရှင်က မေးပြီဆိုတော့ ကျွန်မ ဘယ်လိုပြောရတော့မလဲ …"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ပုံ့မွေးချို စိတ်ညစ်နေတာ အဲဒါ။

ကိုယ်က ရည်ရွယ်ချက်ကလေးရှိနေလို့ ဟိုဟာလေး သင်ပေး ... ဒီဟာလေးသင်ပေး လုပ်နေတာတောင် ကိုယ့်စကားလည်း နားမထောင်။

ဟိုတစ်ခါ ... ဟင်းချက်သင်ပေးပြီးကတည်းက ကိုယ့်အနားကိုတောင် မလာတော့တဲ့ လင်းလက်လ။

သူများတွေက ချက်ပြီးပြီဆိုမှ ဟိုအိုးလာလှန် ဒီအိုးလာလှန်နဲ့ ကြောင်အိမ်သုံးဆင့်မှာ ဖွက်ထားတာလည်းမရ။

စေတနာကိုလည်း မသိ။

ကိုယ့်မေတ္တာကိုလည်း အလေးမထား။

ခုလည်း ... ခိုးကြောင်ခိုးဝှက်နဲ့ ခြေဖော့နင်းပြီး အပေါ်ထပ်ကိုတက်လာတာ နှစ်ယောက်တိုက်မိပြီး ကံကောင်းလို့ ကိုယ့်နဖူးကွဲမသွားတာ။

"ဟာ ... ချို ကိုယ်မင်းကို မေးနေတယ်လေ ... "

ကိုမောင့် အော်သံဖြတ်ဝင်လာမှ ကိုမောင်မေးနေတာကို ဒေါ်ပုံ့မွေးချို သတိပြန်ရသည်။

"ကိုမောင်ရယ် ... ရှင်အော်တာ တိုးတိုးအော်စမ်းပါ"

ဘေးဘီကိုလည်း မျက်လုံးလေးဝေ့ကာ ဒေါ်ပုံ့မွေးချို ကြည့်ရသေးသည်။

ဒီသတင်းက ဘေးလူတွေသိအောင် ပေါက်ကြားလို့မဖြစ်တဲ့ သတင်း။ ခြံထဲမှာရော အိမ်ထဲမှာပါ အလုပ်သမားတွေက အလုပ်ကိုယ်စီလုပ်နေကြတာ။ ကြားလို့ကောင်းမလား ...

ကိုမောင့်ကို သတိပေးရသည်။

"*ရှင်မေးနေတာ ကျွန်မ သဘောပေါက်တယ် ကိုမောင် ...*





...လေးတွေ မငယ်ကြတော့ဘူးဆိုတာလည်း ကျွန်မ သဘော...ါက်တယ်၊ တစ်ခုပဲခက်နေတာက ရှင့်သမီး လင်းလက်လက...လေးစိတ်မကုန်သေးတာ ... ရှင့်သားကလည်း ချယ်မှုန်းထင်ဆို...ဲ့ သူ့ကျောင်းက သူငယ်ချင်းကောင်မလေးတစ်ယောက်နဲ့ တွဲနေ...ာဆိုတော့ ... "

"အဲဒါ ... မင်းထိန်းလေ ... ချို ... "

သူ့သား တခြားတစ်ယောက်နဲ့တွဲနေတာကို ကိုမောင်က ...တ်မခံ။ ခပ်ပြတ်ပြတ်ခေါင်းခါပယ်ချရင်း ဖတ်လက်စ သတင်းစာ...ို ခေါက်သိမ်းသည်။

"ကျွန်မလည်း စောင့်ကြည့်နေတာပဲ ... "

"စောင့်ကြည့်မနေနဲ့ ... ကိုယ့်သဘောကိုမင်းသိအောင် ဟို...ုန်းကတည်းက ပြတ်ပြတ်သားသား ပြောခဲ့ပြီးသား ... လ,ဖေဖေ...ဝါတို့ရဲ့ကျေးဇူးရှင်သူငယ်ချင်း ... သူမရှိတော့တဲ့အချိန်မှာ လကို...ောင့်ရှောက်သွားရမယ့်တာဝန်က ကိုယ်တို့မှာအများကြီးရှိတယ်၊ ...ခု ... ကလေးတွေ ပညာမစုံသေးလို့ ဒီအတိုင်းလက်ပိုက်ကြည့်...တာမှန်ပေမယ့် တစ်နေ့နေ့ဆိုတဲ့ ရည်ရွယ်ချက်က ကိုယ်တို့...တို့မှာ ရှိနှင့်ခဲ့ပြီးသား ... "

"ကိုမောင်ရယ် ... အဲဒါ ကျွန်မသိပါတယ်၊ လင်းလက်လကို ...ချစ်သလို ကျွန်မကလည်း ချစ်ခဲ့တာပဲဥစ္စာ ... ခက်နေတာက ...သမီးက ကလေးစိတ်မကုန်သေးတာ၊ ခုလည်း ... ရှင့်သားပြန်...သေးလို့ စိတ်ကောက်ပြီး နှုတ်ခမ်းတတောင်လောက်ဆူနေ...ယ်လေ ... အဲဒါ ဘယ်လိုလုပ်မလဲ ... "

ကိုယ့်မှာတော့ ...

အိမ်မှာ ဆူညံပူတွေ မဖြစ်အောင် ဟိုဘက်လည်းလိုက်ကာရ



www.burmeseclassic.com

www.burmeseclassic.com



ဒီဘက်လည်းလိုက်ဖာရနဲ့။ ဒီသားနဲ့ဒီသမီးကြားမှာ ဖတ်ဖတ်မော၊ခဲ့ရတာလည်း ကိုယ်ပဲ ... ဒါကို ကိုမောင် ဘယ်တုန်းက သိခဲ့လို့လဲ။

"အဲဒါ ... ကလေးကို စိတ်ဆင်းရဲအောင် မင်းသားက လုပ်နေလို့ဖြစ်တာလေ ... သူမကြိုက်တဲ့လူတွေနဲ့ မင်းသားက ဘာလို့သွားတွဲလဲ ... အဲဒါ ... အချိန်မှီ မင်းတား ... ခုတ်ရာတလွဲ ရှရာတစ်ခြားမဖြစ်အောင် အားလုံးကို အနီးကပ် မင်းစောင့်ကြည့် ... လွှတ်မထားနဲ့ ... ရှုတ်ရှုတ်ယှက်ယှက်နဲ့ ဘာဘာညာညာ အသံတွေလည်း ငါမကြားချင်ဘူး ... ဒါပဲ ... "

ကိုမောင်ကတော့ တစ်ချက်လွှတ် အမိန့်ချမှတ်ကာ တိုက်အပေါ်ထပ်ကို တက်သွားခဲ့ချေပြီ။ ချိုကတော့ ဆက်တီခုံကလေးထက်မှာ နှုတ်ခမ်းမဲ့မဲ့လေးနဲ့ပဲ ကျန်ခဲ့လို့ပေါ့။ အဲလို လင်းလက်လကို အထိမခံတတ်သေးတဲ့ ကိုမောင်။

"ဟော ... "

ခြံထဲမှာ ကားတစ်စီး ထိုးရပ်လာတဲ့အသံ။

ဘယ်သူဖြစ်ရမှာလဲ ... အိမ်က သားတော်မောင် တိမ်တံခွန်လေ။

"အား ... အား ... "

"ဘာလုပ်တာလဲ ... ဘာလုပ်တာလဲ ... "

"လ,နော် ... နင် ... နင် ငါ့ကို ... အား ... အား ... "

တွေ့လား ... လင်းလက်လက တိမ်တံခွန်ကို ဗိုက်ခေါက်လိမ်ဆွဲနေတာလေ။

ဒေါ်ပုံ့မွှေးချို ... စိတ်ဓာတ်ကျခဲ့တာ အဲဒါတွေကြောင့်။

အခန်း ( ၁၁ )

"လာမပြောနဲ့ ... လာမပြောနဲ့ ... ကိုကြီးပြောနေတာတွေအားလုံး လဘာတစ်ခုမှ မကြားချင်ဘူး ... လမသိဘဲ အပြင်ထွက်၊ ရှုတ်ချင်တိုင်းရှုတ် ပွေချင်တိုင်းပွေပြီးမှ ... လဆီကို ကိုကြီးပြန်လာတာ ကိုကြီးဘာတွေလုပ်နေတယ်ဆိုတာ လ,အကုန်လုံးသိတယ်"

"ဟာ ... ဟာ ... လ,နော် ... "

လူကို ခွအုံးကြီးနဲ့လည်း ပစ်ပေါက်။ ခေါင်းအုံးကြီးနဲ့လည်း ပိတ်ထုနဲ့။ တံခွန် မနည်းရှောင်နေရသည်။

အခန်းတံခါးကို လော့ခ်ချပိတ်ပြီးတော့မှ လ,စိတ်ကောက်ဖြူသနားရှာ သောင်းကြမ်းနေတာလေ။ ရှင်းပြတော့လည်း လက်မခံ။ ဖြေရှင်းတော့လည်း သဘောမပေါက်နဲ့။

ကဲ ... ဘယ်လိုလုပ်မလဲ။

"မရဘူး ... မရဘူး ... နောက်တစ်ခါ လ,မသိဘဲနဲ့ ကိုကြီးဘယ်မှသွားလို့မရဘူး၊ ကိုကြီးက ကလိမ်ကကျစ် ... လ,သိတယ်"

ဟော ... တွေ့လား ... ပြောရက်လိုက်တာ။

လူကိုများ ကလိမ်ကကျစ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



"လနော် ... နှင် ... ငါ့ကို မတရားမပြောနဲ့ ... "

"ပြောမယ် ... ဘာဖြစ်လဲ ... ကိုကြီး ဘာလို့လကို လိမ်သလဲ"

ကြည့်စမ်း ... ခုတင်ပေါ်ကို ပက်လက်ကလေးလှန်ပြီး လှဲချပစ်လိုက်တာ ... ခြေသလုံးဖွေးဖွေးကလေးတွေ ထင်းခနဲပေါ်သွားတာလည်း တံခွန်က မြင်လိုက်ရသည်။

ပြဿနာပဲ ...

တံခွန် ခေါင်းလေးကုတ်ကာ ငြိမ်နေလိုက်မိ၏။

လ,ဆိုတဲ့ ကောင်မလေးကိုလည်း တံခွန် လှည့်မကြည့်ရဲပါ။

ပြောရရင် ... သူနဲ့ချယ်မွန်းထင် တိုင်းရင်းသားရိုးရာ စားသောက်ဆိုင်လေးတစ်ခုမှာ နှစ်ယောက်ထဲသွားစားရင်း အခုမှ သူက ပြန်လာခဲ့တာလေ။

ဒါကို ... လ,က ပြဿနာလာရှာနေတာ။

သူ ... ချော့လည်း မချော့တတ်ပါ။

လ,ကျေနပ်အောင် ဘယ်လိုရှင်းပြရမလဲဆိုတာလည်း သူမစဉ်းစားတတ်။ သူ အခုမှ တဖြည်းဖြည်းစဉ်းစားရင်း သဘောပေါက်လာတာက ချယ်မွန်းထင်နဲ့လကို သူဘယ်လိုမှ မလဲနိုင်ခဲ့တာဖြစ်သည်။ သူတကယ် ရင်ခုန်နေမိတာ ... လ ... ။

သူ တကယ်ချစ်နေမိတာ လင်းလက်လ။

"ကိုကြီး ... "

"ဟာ ... ဘာလဲဟာ ... "

တွေ့လား ... ။

ခုတင်ပေါ်က ပြန်ထလာပြီ။ နောက်ကနေ သူ့ပခုံးကိုသိုင်း





ဖက်ထားတာ။ ဒီတော့ ... လရဲ့ ပုံ့မွှေးမွှေးကိုယ်သင်းနံ့လေးက သူ့စိတ်တွေကို ခြောက်ခြားသွားအောင် ဆွဲဆောင်လိုက်ပြီပေါ့။

"လကို မညာပါနဲ့ ကိုကြီးရယ် ... "

ပြဿနာပဲ ...

လရဲ့ ဆံပင်ရှည်တွေကပါ သူ့ပခုံးစွန်းလေးပေါ်ကို ထိကျလာခဲ့ပြီ။ ဒီလို ထိကျလာတော့ ... လ,ဆံပင်လေးတွေဆီက ရနံ့မွှေးမွှေးလေးတစ်ခုကိုလည်း သူရလိုက်သည်။

သူ့စိတ်တွေကို မနည်းထိန်းချုပ်ထားရ၏။

"လ, နှင် ... အနေအထိုင် ဆင်ခြင်စမ်း ... "

"ဟာ ... ဘာလို့ဆင်ခြင်ရမှာလဲ ... ကိုကြီးနဲ့ဆို လ,အမြဲတစ်သက်လုံး ဒီလိုပဲနေလာခဲ့တာ ... မရဘူး ... လ,ကို မချစ်ရင် ကိုကြီးဗိုက်ခေါက်ကြီးကိုပါ လိမ်ဆွဲပစ်မယ် ... "

"ဟာ ... လ,နော် ... နင့်ကို ကိုကြီးပြောနေတယ်နော်"

"မပြောနဲ့ ... ကိုကြီး အာဖုံကွီးနေတာတွေ ရိုးနေပြီ"

"လ, နင်နောက်ဆုတ်စမ်း ... "

"မဆုတ်ဘူး ... "

"ဟာ ... လ ... "

သူက အထ ... လ,က အဆွဲနဲ့မို့။

နှစ်ယောက်သား လုံးထွေးကာ နံဘေးက ခုတင်ပေါ်အရှိန်နှင့်ပစ်ကျသွားသည်။ ဖြစ်ချင်တော့ လက အောက်မှာ သူကအပေါ်မှာ။

"ဟာ ... ကိုကြီး ဘာလုပ်တာလဲ ... "

စိတ်မထိန်းနိုင် ဖြစ်သွားရတာ တံခွန်။



www.burmeseclassic.com

www.burmeseclassic.com



လရဲ့ ပါးပြင်ဝင်းမွတ်မွတ်လေးကို နမ်းမိသွားတာ ဘယ်လို့မှ ရှောင်လို့မရနိုင်တော့လို့ပါ။ လ,တစ်ကိုယ်လုံးကို အပေါ်စီးကနေ အတင်းဖက်ထားလိုက်မိသလို လရဲ့ နှုတ်ခမ်းရဲရဲလေးတွေကို ငုံနမ်းပစ်လိုက်မိတာလည်း စက္ကန့်ပေါင်းများစွာ ကြာသွားသည်။

"အွတ် ... အွတ် ..."

နောက်ဆုံးလူချင်း ပြန်ခွာလိုက်တော့မှ ...

"ဘာလုပ်တာလဲဟင် ကိုကြီး ... ကိုကြီး လကို ဘယ်လိုလုပ်လိုက်တာလဲ ..."

နှုတ်ခမ်းလေးတွေကို လက်ဖမိုးလေးနှင့်ဖိသုတ်ပစ်ရင်း တု[...] လှုပ်ခြောက်ခြားနေသည့် မျက်ဝန်းလေးတစ်စုံဖြင့် ခုတင်ပေါ်က[...] လူးလဲထလာတာ လ,မဟုတ်ရင် ဘယ်သူဖြစ်ရတော့မှာလဲ။ ကြည့်လိုက်တော့လည်း လမျက်ဝန်းလေးတွေက ဖြူဖျော့လို့။ နှုတ်ခမ်းလေးတွေက တဆတ်ဆတ်တုန်နေသလို လက်မခံနိုင်သလို ခေါ[...] လေးခါနေတာကလည်း ဆံပင်ရှည်တွေ တဖျတ်ဖျတ်ယမ်းလို့ပါ။

"ငါ ... ငါ ဘာဖြစ်သွားသလဲဆိုတာ နင်သိရင် ဒီမေးခွန်း[...] နင်ထပ်မမေးနဲ့တော့လေ လ ... နင်မေးရင်လည်း ဖြေရမယ့်အဖြေ ငါ့မှာမရှိဘူး ..."

"အဟင့် ... ကိုကြီး ရက်စက်တယ်၊ လ,သိသွားပြီ၊ လ,ကတော့ ကိုယ့်ကိုကြီးတစ်ယောက်လိုပဲ ကိုကြီးကိုချစ်ခဲ့တာ ... ကိုကြီးက ... ကိုကြီးက ... လ,ကို ... လ,ကို ... အဟင့် ..."

"ဟာ ... လ ... နင်မသွားနဲ့ဦး ..."

"ဖယ်နော် ... ကိုကြီး ... လ,အသားကို မထိနဲ့ ..."

"လ ... လ ..."





သူ ဘယ်လိုပဲအော်အော် ...

လ,ကတော့ နောက်ကိုပင် လှည့်မကြည့်တော့ပါ။

"ဟဲ့ ... ဟဲ့ ... ဒါက ဘယ်လိုဖြစ်လာတာလဲဟင် ... မိလ"

ဒေါ်မြတ်လွန်းမေ တစ်ယောက် ပုံနှိပ်စက်က ရသုံးစာရင်းတွေ ပြန်တိုက်စဉ်မှာ အိမ်ပေါ်ကို တဒုန်းဒုန်း ပြေးတက်လာသည့် လင်းလက်လကိုကြည့်ရင်း အော်မေးလိုက်ရတာ ရင်တွေပန်းတွေတောင် တုန်သွားသည်။

"ဂျောက် ..."

"ဒေါက် ..."

"ကြည့်စမ်း ..."

အိမ်ပေါ် ပြေးတက်လာတာ။

မအေ့ကိုတောင် တစ်စက်လေး လှည့်ကြည့်ဖော်မရ။

တံခါးချက်ကိုလည်း ဂျောက်ခနဲ ဒေါက်ခနဲ ပိတ်ချသွားသံကြားလိုက်ရသည်။ မဟုတ်မှလွဲရော ... သူ့ကိုကြီး တိမ်တံခွန်နဲ့ ပြဿနာတက်လာပြန်ပြီထင်ပါရဲ့။ ဒေါ်မြတ်လွန်းမေ စိတ်ဓာတ်ကျရတာ အဲဒါတွေပဲ။

နောက်ဆုံးကျတော့ ...

သက်ပြင်းချရင်း မသိချင်ဟန်ဆောင်နေလိုက်ရသည်။

ပြောလည်း မပြောချင်တော့ပါဘူး။

ပြောရင်လည်း ကိုယ်ပဲ ဆူဆူအောင့်အောင့်နဲ့ မျက်စောင်းထိုးတာ ခံရဦးမယ်။ ထိုအချိန်မှာ လ,ကတော့ သိတယ်မို့လား။

ခုတင်ပေါ်မှာ ငှူငိုင်ငိုင်ကြီးထိုင်ရင်း ...

ပြတင်းပေါက်ဘက်ကို မျက်နှာလေးလှည့်ကာ မျက်ရည်



www.burmeseclassic.com

www.burmeseclassic.com



တွေက တဖြုတ်ဖြုတ်နဲ့ ပါးပြင်လေးထက်ကို စီးကျနေသည်။

ကိုကြီးရယ် ...

ကိုကြီး လကို ဘာလို့ ဒီလိုလုပ်လိုက်ရတာလဲ။

ပြောတော့ဖြင့် ...

လကို ညီမလေးတစ်ယောက်လို ချစ်တယ်ဆို။

ခုတော့ ကြည့်ပါဦး ...

လနှုတ်ခမ်းလေးတောင် ယောင်ကိုင်းသွားပြီလား မသိပါဘူး။

လရင်တွေလည်း အရမ်းတုန်သွားတယ်။

မျက်လုံးတွေလည်း ပြာသွားတယ်။

ကိုကြီး ဘာတွေဖြစ်နေတာလဲ။

ကိုကြီး ဘာတွေဖြစ်သွားတာလဲ ...

တွေးရင်း ... လငိုလို့မဆုံး။

"လရေ ... လ ..."

"ဟဲ့ ... အိမ်ရှေ့က အော်နေတာ ဘယ်သူလဲ ..."

မေမေ့အော်သံ ကြားလိုက်ရသည်။

"ကျွန်တော်ပါ ကြီးကြီးမေ ..."

နောက်ဆက်တွဲ ပြန်ဖြေလိုက်တာ ကိုကြီးရဲ့အသံ။

ဒုက္ခပါပဲ ... ကိုကြီး ဘာလို့ သူများနောက်ကို လိုက်လာတာလဲ။

လမျက်ရည်ကို ကပျာကယာသုတ်ကာ ကြုံ့ကြုံ့လေးထိုင်လိုက်မိသည်။ အရေးကြီးတာ လတို့နှစ်ယောက် ဖြစ်သွားတာကို မေမေ မသိဖို့ဘဲ။





မေမေ သိသွားရင် အကြီးအကျယ်ကွိုင်တက်တော့မှာလေ။

ကိုကြီးရယ် ...

လဆီကို မလာပါနဲ့။

ကိုကြီးနဲ့တွေ့ရမှာ လမျက်နှာပူတယ်။

လ ရှက်လည်းအရမ်းရှက်တယ်။

"အဟင့် ... ဟင့် ..."

မျက်ရည်သုတ်ကာမှ နောက်ဆက်တွဲကျလာတဲ့ မျက်ရည်က သုတ်လို့တောင် မနိုင်။

"လရေ ... လ ..."

"ဒေါက် ... ဒေါက် ..."

အော်သံနဲ့အတူ ...

ကိုကြီး တံခါးကို တဒေါက်ဒေါက် လာခေါက်နေပြီ။

လဖွင့်လည်း မဖွင့်ချင်။

မဖွင့်ရင်လည်း ဘာဖြစ်နေတာလဲဆိုပြီး မေမေက မသင်္ကာသလို မျက်လုံးကြီးနဲ့ လကို ပြူးကြည့်တာခံရဦးမည်။

"ကို ... ကိုကြီးနော် ... ဒီမှာ လအိပ်နေပြီ"

"ဟာ ... မအိပ်နဲ့လေ၊ လ ... ကိုကြီး လကို လမ်းထိပ်အအေးဆိုင်မှာ ရေခဲမုန့် လိုက်ကျွေးချင်လို့လာခေါ်တာ၊ လရေခဲမုန့်စားချင်တယ်ဆို"

တွေ့လား ...

မေမေ့ရှေ့မှာ ကိုကြီး ခပ်တည်တည်နဲ့ ရှိုးပြီး လကိုလာခေါ်နေတာ။ လ မလိုက်ချင်ပါဘူး။

ကိုကြီးကျွေးမယ့် ရေခဲမုန့်လည်း လမစားချင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



"မလိုက်ဘူး … မလိုက်ဘူး … ဒီမှာ လအိပ်ချင်နေလို့"

လပြန်အော်နေတာလည်း ဒေါ်မြတ်လွန်းမေ ကြားသည်။

အခန်းရှေ့မှာ တိမ်တံခွန် မျက်နှာပျက်ပျက်လေးနဲ့ ခေါင်းကုတ်နေတာလည်း ဒေါ်မြတ်လွန်းမေ တွေ့လိုက်၏။

"ဘာတဲ့လဲဟင် တံခွန် …"

"လ,ရေခဲမုန့် စားချင်တယ်ဆိုလို့ ကျွန်တော်လာခေါ်တာ ကြီးကြီးမေ … အဲဒါ ကြီးကြီးမေ သမီးက မလိုက်ချင်ဘူး ပြောနေလို့ …"

"ဟဲ့ …"

ဒေါ်မြတ်လွန်းမေ စိတ်ရှုပ်ရတာ အဲဒါ …

ဟိုက ဒီလောက်လာခေါ်နေတာတောင်။

ဒေါ်မြတ်လွန်းမေ မီးပူတိုက်နေရာကနေ ထရသည်။

"လင်းလက်လ …"

အသံကျယ်သွားတာ …

လ,မျက်လုံး မပြူးဘဲ နေပါတော့မလား။

"ရှင် … မေမေ …"

မျက်ရည်ကို ကပျာကယာသုတ်ရင်း လ,ပြန်ထူးမိသည်။

တံခါးနားကို အပြေးသွားကာ တံခါးကိုပါ ဖွင့်လိုက်သည်။

"ဂျောက် …"

"ဒေါက် …"

"ညည်းတို့နှစ်ယောက် ဘာဖြစ်နေတာလဲဟင် …"

လ,ဆီကို အရင်ဆုံးရောက်လာတာ …

မေမေရဲ့ မျက်စောင်းဝင့်ဝင့်ကြီးတွေပါ။





"ဟာ … ဘာဖြစ်လို့လဲ မေမေရဲ့၊ လ,မလိုက်ချင်လို့ မလိုက်ချင်ဘူးပြောပြီး အိပ်နေတဲ့ဟာကို …"

"ညည်း … ညည်း ငါ့ကိုမှန်မှန်ပြောစမ်း …"

"ဟင် … ဘာပြောရမှာလဲ …"

"ညည်း … ငိုထားတာ ငါသိတယ်"

လ,လောက်တော့ မေမေက စပျော့။

ဒီလောက်ဆို အခြေအနေကို ဒေါ်မြတ်လွန်းမေ သိပြီ။

"ဟဲ့ … ငါမေးတာဖြေလေ …"

"အဲဒါ … အဲဒါ … ကိုကြီးက မခံချင်အောင်စလို့ငိုတာ"

"ဟုတ်လားဟင် သားကြီး …"

ဒေါ်မြတ်လွန်းမေ တံခွန့်ကိုကြည့်ကာ လှည့်မေးသည်။

"ဟုတ် … ဟုတ်တယ် ကြီးမေ၊ အဲဒါကြောင့်မို့ လကိုပြန်ချော့မလို့ ကျွန်တော်လာခေါ်တာ၊ လာပါ လရယ် … နောက်တစ်ခါဆို လကို ကိုကြီးဘယ်တော့မှ မစတော့ဘူးသိလား၊ ကြီးမေ လကို စက်ဘီးနဲ့ ကျွန်တော် ခေါ်သွားမယ်နော် …"

ဒေါ်မြတ်လွန်းမေ ဘာတတ်နိုင်တော့မှာလဲ။

နှုတ်ခမ်းစူစူ မျက်နှာပုတ်ပုတ်လေးနဲ့ စက်ဘီးပေါ်ပါသွားတဲ့ လကိုကြည့်ပြီး ဟင်းချကျန်ခဲ့ရတာ … ဒီသမီးအတွက် ရင်လေးလာရလို့ပါ။

နှစ်ယောက်စလုံးရဲ့ အရွယ်တွေကိုပဲ ကြည့်ဦးလေ။

ကလေးမဟုတ်တော့တဲ့ အရွယ်တွေ။

လ,ကတော့ ထုံးစံအတိုင်း …

အအေးဆိုင်ကို ရောက်သွားတဲ့အထိ ကိုကြီးမျက်နှာကို



www.burmeseclassic.com

www.burmeseclassic.com



လည်းမကြည့်။ ကိုကြီး မေးနေတာလည်း တစ်လုံးမှပြန်မဖြေ။

"လ … ဘာဖြစ်နေတာလဲ … "

မရိုးမရွဖြစ်နေရတာ တံခွန်ပါ။

မခံစားနိုင်တော့လို့ လကိုခေါ်ပြီး ထွက်လာတာ။

ခုထိလည်း မျက်နှာချင်းဆိုင်ထိုင်နေတာတောင် လက မျက်နှာလေးကို တမင်ရှုပုတ်ထားဆဲ။

"ကိုကြီးကို စိတ်ဆိုးလို့ လငိုနေတာလားဟင်"

လကလည်း ကိုကြီးဘယ်လောက်မေးမေး …

ကိုကြီးမျက်နှာကို မကြည့်ရေးချ မကြည့်ဘဲ …

အဲဒါကလည်း လရင်ထဲမှာ လှိုင်းထန်နေရလို့ပါ။

နေ့ခင်းကြောင်တောင်ကြီးမှာ မမျှော်လင့်ဘဲ ချောက်ချောက်ခြားခြား မက်ခဲ့ရတဲ့ အိပ်မက်လေးတစ်ခုက အသက်ရှူမှားနေအောင်ကိုပဲ ခုထိ ခြောက်လှန့်နေရတာလေ။

အဲလိုဖြစ်အောင် ဘယ်သူလုပ်ခဲ့တာလဲ။

လလား … ကိုကြီးလား …

"လရာ … ကိုကြီး အရမ်းစိတ်ညစ်တယ်ကွာ"

"ဟာ … စိတ်ညစ်ရင် သေလိုက်ပါလား"

"လနော် … ကိုယ့်ကိုကြီးကို … "

လ့ဆီကို ပျာပျာသလဲ ရောက်လာတဲ့ကိုကြီးမျက်ဝန်းလေးတွေက ဖြူဖြူဖျော့ဖျော့လေးနဲ့ အပြစ်ကို ဝန်ခံနေသလိုပင်။

ဒါကိုကြည့်ပြီး …

ရင်နာနာနဲ့ လ့နှုတ်ခမ်းလေးက မဲ့သွားသည်။

"ဟွန်း … ဘာကိုယ့်ကိုကြီးလဲ … သူများကို အနိုင်ကျင့်တဲ့





ကိုကြီး … ကိုကြီးကိုလည်း လ့အရမ်း ကြောက်သွားပြီ"

ကိုကြီးနဲ့အကြည့်ချင်း ဆုံမသွားအောင်လည်း လမျက်ဝန်းတွေကို ကပျာကယာ ဖယ်ပစ်မိသည်။

"ကို … ကိုကြီး လကိုတောင်းပန်ချင်လို့ လာခေါ်တာလေ"

"ဘာ … ဘာရယ် … ဘုန်းကြီးခေါင်းခေါက်ပြီးမှ ကိုကြီးက တောင်းပန်ဦးမယ် ဟုတ်လား … "

သည်တစ်ခါတော့ …

ရင်နာနာနဲ့ပဲ ကိုကြီးမျက်ဝန်းတွေကို ပြောင်တည့်တည့်ပဲ စိုက်ကြည့်ပစ်လိုက်သည်။

"သိတယ် … သိတယ် … လ့အဲလိုပြောတော့မယ်ဆိုတာ ကိုကြီးသိတယ်၊ ပြောလေ ပြောပေါ့ … ကိုကြီးကမှ ချစ်တဲ့စိတ်ကို မထိန်းနိုင်တော့တာ … "

"ဘာ … ဘာပြောတယ်"

လ့ အထိတ်တလန့်လေးနဲ့။

မျက်လုံးတွေ ပြူးကျယ်ဝိုင်းစက်ခဲ့ရပြီ။

ဘာလဲဟင် ကိုကြီးပြောလိုက်တာ …

ချစ်တဲ့စိတ်ကို မထိန်းနိုင်တော့လို့တဲ့။

ဒါ … ဘာစကားလဲ။

လ့ကို ကိုကြီးဘယ်လိုစိတ်နဲ့ ချစ်ခဲ့တာလဲ။

လကတော့ ကိုယ့်ကိုကြီးအရင်းအချာတစ်ယောက်လိုပဲ ကိုကြီးကို ချစ်ခဲ့တာ … ကိုကြီးရယ် … လစိတ်တွေကို တွေပြားအောင် မလုပ်ပါနဲ့ … ကြာရင် လလေ … လ … "

"ဟာ … ကြည့်စမ်း … "



www.burmeseclassic.com

www.burmeseclassic.com



တံခွန် ရင်ထိတ်သွားတာ၊ လ ပါးပြင်နုနုလေးပေါ်ကို မျက်ရည်တွေ တစ်ပေါက်ပြီးတစ်ပေါက် စီးကျလာတာကို မြင်လိုက်ရလို့ပါ။

"လနော် ... ဘေးဝိုင်းက ကောင်လေးတွေ လကိုကြည့်နေတာ၊ လမရှက်ဘူးလား ... လငိုနေတာ ဘေးလူတွေ ဘယ်လိုထင်မလဲ ..."

"ထင်ပစေ ... ဘာဖြစ်လဲ ... အဟင့် ..."

ခေါင်းလေးငုံ့ပြီး လ,က ငိုတော့ ...

ဆံပင်ရှည်တွေက မျက်နှာတခြမ်းကို ဖုံးသွားသည်။

"ကိုကြီးတောင်းပန်တယ် ... နောက် အဲလိုမဖြစ်စေရဘူးလို့ ကိုကြီး ကတိပေးတယ် ... အခုလည်း လရဲ့နှုတ်ခမ်းလေးကိုပဲ ကိုကြီးနမ်းမိသွားတာ"

လ, ကိုကြီးကို မုန်းတာ အဲဒီစိတ်ခါတ်။

ဖြူစင်နေတဲ့လရဲ့ နှလုံးသားနုနုလေးထဲကို အဆိပ်ရည်တွေ သွန်ချပစ်ပြီးတော့မှ နောက်မဖြစ်စေရပါဘူးလို့ ကတိပေးတော့ရော ဒီအဆိပ်ရည်တွေရဲ့ ညို့ချက်ပြင်းပြင်းတွေက နှလုံးသားထဲမှာ လွှင့်ပျောက်သွားမယ်လို့များ ကိုကြီးက ထင်ထားခဲ့တာလား။

"ကြားလားဟင်လ ... ကိုကြီးပြောနေတာ"

"သိတယ် ... ကိုကြီး ထပ်မပြောနဲ့တော့ ..."

"အမလေးဗျာ ... အသံကလည်းမာလိုက်တာ ဟား ဟား"

"ဟယ် ... ကြည့်စမ်း ..."

ကိုကြီးရယ်နိုင်သေးတာ လ,အံ့ဩလို့မဆုံး။

ဒီမှာကဖြင့် ခံစားရလွန်းလို့ သေတော့မယ်။





ကိုကြီးတို့ ယောကျာ်းတွေ အဲလိုပဲလား။

လှုံးပျံနေအောင် နှုတ်ခမ်းလေး အနမ်းခံလိုက်ရတဲ့ မိန်းလေးတစ်ယောက်ရဲ့ ရင်ထဲမှာ လှိုင်းပုတ်သံတွေ တစ်ချက်မှ ကြားလိုက်ရဘဲ ငြိမ်သက်သွားခဲ့တယ်လို့များ ကိုကြီးထင်ထားခဲ့လို့ ား။

ရုတ်တရက် ...

မျက်ရည်တွေကျတာလည်း ရပ်သွားသည်။

မျက်နှာလေး တစ်ခြမ်း ဖုံးနေအောင် ဖြာကျနေတဲ့ဆံပင် တွေကို လက်ကိုင်ပုဝါလေးနှင့် စုချည်ပစ်လိုက်စဉ်မှာတော့ ...

နာကြည်းချက်တစ်ခုကလွဲရင် လ,ရင်ထဲမှာ ဘာကျန်တော့ လဲ။

ကိုကြီးရဲ့ တဟားဟားအော်ရယ်နေသံကလေးက ...

လကိုပဲ လှောင်ပြောင်နေခဲ့သလို ...

"ဟား ဟား ... လ,ဖြစ်သွားတာလေးကိုကြည့်ပြီး ကိုကြီး အရမ်းရယ်ချင်နေလို့ ရယ်လိုက်မိတာလေ ... နှုတ်ခမ်းလေးဆူ ... အသံမာမာကလေးနဲ့ ပြန်အော်နေတဲ့ လပုံစံကလေးက တယ် ဟာသမြောက်တယ်"

"ကိုကြီး ... ပါးစပ်ပိတ်ထားလိုက်တော့ ..."

"ဟင် ..."

လ,မျက်နှာလေးက ...

အရမ်းကိုပဲ တည်တင်းလို့နေခဲ့ပြီ။

"လ, ဘာဖြစ်နေတာလဲ"

"ဟင် ... လဖြစ်နေတာကို ကိုကြီးမသိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မသိလို့ မေးတာပေါ့ လရဲ့ ... "

"ကိုကြီးကို မုန်းတယ် ... "

"ဟာ ... လ ... "

ပြောလည်းပြော ထိုင်နေရာကနေ ဆတ်ခနဲထကာ ဆံပင်ရှည်တွေကို လေထဲမှာ ဝဲပျံ့နေအောင်ခါပြီး လ,တစ်ယောက်တည်း ဆိုင်ပြင်ကို ထွက်လာခဲ့ပြီ။

ပြီးတော့မှ ...

စက်ဘီးကို နင်းကာ တစ်ယောက်တည်း ခြံထဲကို အရောက် ပြန်ပြေးခဲ့တဲ့လ။ မျက်ရည်လည်း လ,မကျတော့ပါ။ ကျစရာ မျက်ရည်လည်း လ,ဆီမှာ မရှိတော့ပါ။

ဖြစ်ချင်တော့ ...

ခြံဝမှာတွေ့လိုက်တာ ...

မမချယ်မှုန်းထင် မောင်းလာတဲ့ ဆလွန်းကားလှလှလေး။

"အို ... ကြည့်စမ်း ... "

လ, တအံ့တသြလေးနဲ့ ...

မျက်တောင်ရှည်လေးတွေတောင် ပင့်ကော့လို့ သွားခဲ့ရပြီ။

၆

( ၁၂ )

"ဟင်း ဟင်း ... ဝမ်းသာတယ် ... ဝမ်းသာတယ် အန်တီချို [illegible]ကို ချယ်မှုန်းထင် လာလည်လို့ အန်တီချို ဝမ်းသာတယ် ... [illegible]အောင် ... ဒါ သားရဲ့ကျောင်းက သူငယ်ချင်း ချယ်မှုန်းထင်လေ၊ [illegible]က ချယ်မှုန်းထင် အလုပ်ထဲကို သားအမိနှစ်ယောက် သွား[illegible]ရင်းနဲ့ သားရဲ့ဒိုင်ယာရီစာအုပ်လေး ကျန်ခဲ့လို့ ပြန်လာပို့တာ [illegible]

"ချယ်မှုန်းထင် ဟုတ်လား ... ဒီနာမည်ကို ကိုယ်ကြားဖူး [illegible]လို့ပဲ ... "

ကိုမောင် ပါဝါမျက်မှန်ကြီးတပ်လျက် ချယ်မှုန်းထင်ကို [illegible]တီခုံပေါ်ကနေ မော့ကြည့်နေသည်။ ဒီနာမည်ကြောင့် ချယ်[illegible]ထင်ကို စိတ်ဝင်စားသွားတာလည်း အမှန်ပင်။

"ဟင် ... ကိုမောင် ဘယ်မှာကြားဖူးတာလဲ"

"ဟာ ... သတိရပြီ၊ ဟိုတစ်လောက ဆောက်လုပ်ရေး [illegible]ငန်းရှင်များအစည်းအဝေးမှာ ဆောက်လုပ်ရေးနဲ့ပတ်သက်ပြီး [illegible]သူ့ စာတမ်းတစ်စောင်း ဖတ်သွားတဲ့မိန်းကလေး၊ ဟုတ်[illegible]



www.burmeseclassic.com

www.burmeseclassic.com



တယ်နော် … ချယ်မွန်းထင် … ”

“မှန်တာပေါ့ အန်ကယ် … ”

“တွေ့လား ကိုယ်ပြောတာ … ဒါကြောင့်မို့ ဒီခပ်ဆန်းဆန်း နာမည်လေးကို ကိုယ်ကြားဖူးနေပါတယ်လို့ ကိုယ်ကလည်း အဲဒီ… က ဆောက်လုပ်ရေးလုပ်ငန်းရှင်သူဌေးတစ်ယောက်က အဖော်… တာနဲ့ ကုမ္ပဏီအလုပ်တွေ ပစ်ချပြီး ခဏလိုက်သွားခဲ့တာလေ။ … ကြောင့်မို့ … ဒီမိန်းကလေးကို မြင်ဖူးသလိုဖြစ်နေလို့ ကိုမော… ကြည့်နေတာ … ”

“ထိုင်လေ … ချယ်မွန်းထင် … အန်တီချို ချယ်မွန်း… သောက်ဖို့ အအေးတစ်ခုခု စီစဉ်လိုက်ဦးမယ် … ”

ပျာယာခတ်နေတာ ဒေါ်ပုံ့မွှေးချိုပါ။

အအေးကိုလည်း ကိုလာအေးအေးလေးတစ်ဘူး ဖွင့်ဖော… ကာ အလှဆုံးဖန်ခွက်လေးထဲ လောင်းထည့်သည်။ ပြီးတော့ … လက်ကိုင်ဗန်းကလေးပေါ်တင်ပြီး ကိုယ်တိုင်ချပေးရတာလည်း အမော။

“သောက်လိုက်နော် ချယ်မွန်းလေး … ဟင်း ဟင်း”

အပြုံးတွေကလည်း ချိုနေသည်။

ညှော်ခံရတာလည်း မှီရတဲ့ မျက်နှာမျိုးနဲ့။

ထိုအချိန်မှာ …

ရှုပုတ်တင်းနေတဲ့ မျက်နှာကလေးနဲ့ …

ရေစင်ကြီးအောက်မှာ ထိုင်နေတာ လတစ်ယောက်တည်း…

“ဟင် … လင်းလက်လ … တစ်ယောက်တည်း ဘာလု… နေတာလဲ”

ဒက်ဒီမောင့် ဒရိုင်ဘာ ဦးချစ်ကိုကြီးက မထင်မှတ်ဘဲ လင်…





…တွေ့လိုက်၍ စူးစမ်းသလိုလေးကြည့်ကာ လှမ်းမေးသည်။

“ဟာ … ဦးချစ်ကိုကြီးနော် … သူများကို လာမစပ်စုနဲ့”

“အောင်မယ် … ဒါစပ်စုတာလား။ နင့်မျက်နှာက ရှစ်ခေါက် …နဲ့ထိုင်နေလို့ မေးကြည့်တာ … ”

“မမေးနဲ့ … လုံးဝမပြောဘူး … ”

“ဘာလဲ … နင့်ကိုကြီး တိမ်တံခွန်ရဲ့ ရည်းစားကောင်မလေး …ကို အလည်လာလို့ နင်ပြဿနာရှာဖို့ ထိုင်စဉ်းစားနေတာလား”

“ဟာ … ဦးချစ်ကိုကြီးနော် … ”

လ့မျက်စောင်းလေးက ချက်ချင်းပဲ ဝဲသွားသည်။

“နာတီတယ်နော် ကောင်မလေး … နာတီတယ် … နာတီ …ယ် … ဟား ဟား … ”

“တောက် … ”

မျက်နှာရဲရဲလေးနဲ့ …

မကျေမနပ် တောက်ခေါက်နေတာ လင်းလက်လ။

“လင်းလက်လရေ … လင်းလက်လ … ”

တွေ့လား … အဲဒီမေမေ …

လ့စက်ဘီးနဲ့ တစ်ယောက်တည်း ဆောင့်ဆောင့်အောင့် …အောင့် ဝင်သွားလို့ ခြံထဲမှာ ခွန်နှစ်သံချီအော်ပြီး လိုက်ရှာနေပြန်ပြီ။

လ့စိတ်ညစ်ရတာ အဲဒါပဲ …

“ဟဲ့ … ညည်းကို ငါခေါ်နေတာလေ … ဘာဖြစ်လို့ ပြန် …သူးဘဲ ငြိမ်နေတာလဲ … ”

“ဟာ … မေမေက လ့ဆီကို တည့်တည့်ကြီးလျှောက်လာ… …တဲ့ဟာကို … လက ထူးစရာလိုသေးလို့လား”



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း ... "

မအေကိုတောင် ပြန်ပြောနေတဲ့ လင်းလက်သံ။

"ညည်း ... ညည်း ... တိုက်ဘေးမှာစက်ဘီးထိုးရပ်ပြီး ခြေ ထောက်ဆောင့်ဝင်သွားလို့ ငါလိုက်ကြည့်တာလေ၊ ကိုကြီးတိမ်တံ ခွန်ကို ညည်း ပြဿနာရှာခဲ့ပြန်ပြီလား ... "

"စိတ်ညစ်တယ် ... စိတ်ညစ်တယ် ... "

"အောင်မယ် ... အောင်မယ် ... ရုပ်ကိုက ... ရုပ်ကိုက"

"အား ... အား ... နာတယ်နော် ... မေမေ ... "

ခင်းနှဖူးထိပ်က ဆံပင်တွေကို ဆွဲဆောင့်ပစ်လိုက်မိတဲ့အခ ဒေါသတွေက အလိပ်လိုက်တက်သွားသည်။ ဘယ်ရမလဲ ... ခင် ဘာအချိုးချိုးရင် ဘာတွေဖြစ်နေတယ်ဆိုတာ ဒေါ်ပျံ့မွှေးချို အကုန်သိပြီးသား။

"ညည်း ... အခုချက်ချင်းထ ... "

"အား ... လွှတ်ပါမေမေရဲ့ ... အဟင့် ... ဟင့် ... ဟင့်"

အိမ်ပေါ်ရောက်တဲ့အထိ ဆွဲချခေါ်လာတာ။

အခန်းထဲရောက်မှ နှစ်ယောက်တည်းရှင်းရတော့မည်။

ခင်းနဲ့တိမ်တံခွန် စက်ဘီးနဲ့ထွက်သွားတုန်း ပျံ့မွှေးချိုရော လာပြီး သူ့ဆန္ဒတွေ သူ့ရည်ရွယ်ချက်တွေ ပြောသွားတာလေ။

"အဲဒါပဲ မေရယ် ... ချိုလည်း ကလေးနှစ်ယောက်ရဲ့နော ရေးအတွက်ပဲ အမြဲတွေးပြီး စကားတွေအားလုံးမေ့ကိုပြော"

"ကလေး ... ကလေးနှစ်ယောက်ကို ... ကလေးနှ ယောက်ကို ဟုတ်လားချို ... "

ဟန်မပျက်လေး ကြိုးစားနားထောင်နေရပေမယ့် ရင်ထဲ





ဘလောင်ဆူလာရတဲ့ အတိုင်းအဆက ... နည်းနည်းလေးတော့ သိသာလာသလိုပင်။

ခြေဖျားလက်ဖျားတွေ အေးစက်လာသလို။

မလုံမလဲ မျက်နှာလေးက ဘယ်လိုမှ ဖုံးဖိထားလို့မရ။

"ဟုတ်တယ်လေ မေ ... သားတံခွန်နဲ့လင်းလက်လကို ဒီ အတိုင်း ဆက်လွှတ်ထားလို့ သင့်တော်ပါတော့မလားဆိုတာ စိုးရိမ် နေတာ မေ ... မေသိတဲ့အတိုင်း ကလေးနှစ်ယောက်ရဲ့ အရွယ်တွေ က ကြည့်ရင်း ကြည့်ရင်း တဖြည်းဖြည်းနဲ့ ... "

"ဟင် ... "

ဒီလောက်ပြောရင် ဒေါ်မြတ်လွှန်းမေ သိပြီ။

ရင်ထဲမှာလည်း ဖြေလို့မရအောင် ခံစားလိုက်ရပြီ။

ဒါ ... ဒါဟာ ...

ကလေးနှစ်ယောက်ကို နီးစပ်သွားမှာစိုးလို့ ပြောနေတာ။

အပြောခံလိုက်ရတဲ့ သမီးရှင်တစ်ယောက်ရဲ့ နှလုံးသားထဲ မှာ မီးတောက်ပူပူတွေနဲ့ ဘယ်လောက်ဆူတက်သွားရမလဲဆိုတာ တွေးစားကြည့်ပါဦး။

"ချိုရယ် ... ဆက် ... ဆက်မပြောပါနဲ့တော့၊ ဒီလောက်ဆို မေသိပါပြီ ... ဟင်း ဟင်း ... ဒီလောက်ဆို မေသိပါပြီ ချိုရဲ့ ... "

ဒေါ်မြတ်လွှန်းမေ ပြုံးလိုက် မဲ့လိုက်နှင့် ...

ခံစားခဲ့ရတာ ဘယ်လောက်နာကျင်ဖို့ ကောင်းခဲ့သလဲ။

ဒါကို မသိတဲ့ ခင်းက ...

တိမ်တံခွန့်အနားကိုသွားပြီး ...

ရန်ဖြစ်လိုက် စိတ်ကောက်လိုက် လုပ်နေတာ။



www.burmeseclassic.com

www.burmeseclassic.com



တွေးမိလေလေ ...

ဒင်းရဲ့ ဗိုက်ခေါက်ကို ဆွဲလိမ်ချင်ချင်လေပါပဲ။

"ညည်း ... ညည်းမသိဘူးလားဟင်၊ မိလ ... ငါ ဒီမှာ အ

တွေဖြစ်နေသလဲဆိုတာ ညည်းမသိဘူးလား ... "

"အား ... "

စိတ်နာနာနဲ့ ဗိုက်ခေါက်ကို ဆွဲလိမ်မိတာလည်း အသ

ကုန်။

ဒီလိုဆွဲတော့ လကလည်း အော်သည်။

"မေမေ ... မေမေနော် ... အဟင့် ... ဟင့် ... ဟင့်"

မျက်ရည်ကပါ ချက်ချင်းလိုက်သည်။

ဒေါ်မြတ်လွှန်းမေကတော့ သမီးဖြစ်သူ လင်းလက်လ

ကြည့်ကာ မျက်စောင်းတဝင့်ဝင့်နဲ့။

"ညည်း ... ညည်း ... ငါမေးတာကိုမှန်မှန်ဖြေစမ်း၊ ညည်း

ညည်းနဲ့ ... တိမ်တံခွန် ဖြစ်နေပြီလားဟင် ... ဖြစ်နေပြီလား"

"အမလေး ... မေမေရယ် ... "

"ဖြစ်လား ... ဖြစ်လား ... ညည်းဖြေစမ်း ... "

မေမေ မရမက အတင်းမေးသည်။

ဒါပေမဲ့ ... မဖြေနိုင်တာ လင်းလက်လပါ။

"အဟင့် ... မေမေ ဘာတွေလျှောက်မေးနေတာလဲ"

"ဟင် ... ဘာမေးရမှာလဲ ... ညည်းနဲ့တိမ်တံခွန်ဖြစ်နေပြီ

လားလို့ မေးနေတာလေ ... လူမလစ်နဲ့ လစ်တာနဲ့ ဟိုဘက်အိမ်

သွား ... အမျိုးမျိုးပြဿနာရှာ ... စိတ်ကောက် ... ဟိုကလည်း

ခဏခဏလိုက်လာပြီး ချော့ရ မော့ရ ... လမ်းထိပ်ထွက်မုန့်ကျွေး





နဲ့ ညည်းတို့နှစ်ယောက်ကိုကြည့်ပြီး ငါဘယ်လောက် မျက်စိ

နောက်နေရပြီလဲဆိုတာ ... ညည်းသိရဲ့လားဟင် လင်းလက်လ"

အော်လိုက်တာအသံကျယ်သွားလို့ ကိုယ့်ပါးစပ်ကိုယ်ပြန်

ပိတ်နေရတဲ့အဖြစ်က ဘယ်လောက်တောင် ရင်နာဖို့ကောင်းနေ

လိုက်ပါသလဲ။

ကိုယ့်သမီးကိုယ် ဆုံးမချင်တာတောင် ...

ရဲရဲတင်းတင်း မဆုံးမရဲတဲ့အဖြစ်။

"ညည်း ... ညည်း ... ငါ့ကိုမလိမ်နဲ့၊ ညည်းနဲ့တိမ်တံခွန်

ဖြစ်နေပြီဆိုတာ ငါသိတယ် ... ညည်းကိုလာခေါ်တုန်းက တိမ်တံခွန်

မျက်နှာပျက်နေတာလည်း ငါသတိထားမိတယ် ... ညည်း နား

လည်ဘူးလားဟင် ... လင်းလက်လ ... ဒီခြံကြီးထဲမှာ နိုကိုးနေရ

တဲ့ ညည်းနဲ့ငါ့နဲ့ဘဝကို ပုံ့မွှေးချို ပြောလာရင် ငါခံစားနိုင်မှာမဟုတ်

ဘူး"

"အဟင့် ... ဟင့် ... ဟင့် ... "

မေမေပြောမှ လပိုပြီးတော့ ဝမ်းနည်းလာသည်။

"ညည်း မငိုနဲ့ ... ကိုယ်နဲ့မတူမတန်တာကိုလည်း ညည်း

မမှန်းနဲ့ ... အခုပဲ ညည်းကြည့်စမ်း ... ချယ်မှုန်းထင်ဆိုတဲ့ ကောင်

မလေး လာလည်တာကို ညည်း မကျေမနပ်ဖြစ်သွားတာ ငါသိ

တယ် ... ဒါ ... ညည်း မကျေမနပ်ဖြစ်စရာလား ... ညည်း ပြဿနာ

ရှာစရာလား ... "

မေးရင်း ... အသည်းယားလာကာ ...

လက်ကပါ ပါချင်လာရပြန်သည်။

ဘယ်လိုလုပ်မလဲ ...



www.burmeseclassic.com

www.burmeseclassic.com



ဒီသမီးလေးတစ်ယောက်ကို မွေးထားရတာ ဖြဟ္ဘာဲ ဦးခေါင်းကို ရင်ခွင်မှာ ပိုက်ထားရသလို။

လေထဲပစ်တော့လည်း လေမီးလောင် ...

ရေထဲပစ်တော့လည်း ရေမီးလောင် ...

ကိုင်ထားတော့လည်းမရ၊ ပစ်ချတော့လည်း မဖြစ်နဲ့။ မေ မိရင် မသက်မသာဖြစ်ရတာလည်း ကိုယ့်မှာနေ့တိုင်း ...

ဒီအတိုင်း ဆက်သွားလို့ ...

တစ်ခုခုဖြစ်မလာဘူးလို့ ဘယ်သူက အာမခံမှာလဲ။

"အဟင့် ... လပြဿနာမရှာပါဘူး မေမေရဲ့ ... ဘယ်သူ မှလည်း လစိတ်မကောက်ဘူး၊ လနဲ့ကိုကြီးလည်း ဘာပြဿနာ မဖြစ်ဘူး ... မေမေ့ဟာမေမေ တစ်ယောက်တည်း တွေးချင်တာ တွေးပြီး လကို လာစွတ်စွဲနေတာ"

"ဟဲ့ ..."

ဒေါ်မြတ်လွန်းမေ မျက်ခုံးပင့်ရပြန်ပြီ။

ကြည့်ပါဦး ... ကျေးဇူးရှင်မ ပြောပုံက ...

ကိုယ်ကပဲ စွတ်စွဲနေတာတဲ့။

ဒင်း ... စက်ဘီးကိုထိုးရပ်ပြီး ခြံဆောင့်ဝင်သွားလို့ ကိုယ် ပြောမိတာလေ။ ခြံဝမှာ ချယ်မှုန်းထင်ဆိုတဲ့ ကောင်မလေးနဲ့ ဒင်း မျက်နှာချင်းဆိုင်ကြီး ဆုံသွားတာ၊ ကိုယ် မမြင်လိုက်တာကျနေတာ ပဲ။

"ညည်း ... ညည်း ... ငါ့ကို ခြောင်လိမ်ဖို့မကြိုးစားနဲ့၊ ညည်း ကို ငါမွေးလာတာ ... ညည်း မျက်နှာကို ကြည့်လိုက်တာနဲ့ ညည်း အမွေးဘယ်နှစ်ပင်ရှိသလဲဆိုတာကအစ ငါသိတယ်"





"ကြည့် ... တွေ့လား ... အဲဒီမေမေ ..."

"ညည်း ... ညည်း ငါ့ကို မျက်စောင်းမထိုးနဲ့၊ ဒီမှာ ... ဒီနေ့က စပြီး ညည်းကို ငါအပြတ်သားဆုံး စကားတစ်ခွန်းပဲပြောမယ်၊ ကိုကြီး တိမ်တံခွန် ဘယ်သူနဲ့ပဲ ကြိုက်ကြိုက်ဘယ်သူနဲ့ပဲယူယူ ညည်း ပြဿနာ ရှာစရာအကြောင်း ဘာမှမရှိဘူး ... ဘာဘာညာညာ ရှုတ် ရှုတ်ယှက်ယှက်အသံတွေလည်း ငါမကြားချင်ဘူး ... ဒါပဲ ..."

ဒေါ်မြတ်လွန်းမေ ခပ်ပြတ်ပြတ်ပဲပြောပြီး လှည့်ထွက်လာခဲ့ သည်။ ဒီအကြောင်းတွေကို အကြိမ်ကြိမ်အခါခါထပ်ပြီးတော့လည်း မဆွေးနွေးချင်တော့ပါ။ ရင်ထဲမှာ ဆူးနေသည့် ဆူးတစ်ချောင်းက ပုံ့မွေးချို ပြောခဲ့သည့်စကား။

မကြေမချမ်းနဲ့ ဘယ်လောက်ခံစားခဲ့ရတယ်ထင်သလဲ။

ထိုအချိန်မှာ ပုံ့မွေးချိုကတော့ ...

ချယ်မှုန်းထင်ကို ညှော်ခံရင်း ... ဂုဏ်ယူနေတဲ့ ပီတိပြုံးတွေ က မျက်နှာပေါ်မှာ မဖုံးနိုင်မဖိနိုင်။ အရေးထဲကျမှ သားတော်မောင် တိမ်တံခွန်ကလည်း ပျောက်နေတာ။ ဟန်းဖုန်းကို ဆက်ခေါ်တော့ လည်း ဖုန်းက စက်ပိတ်ထားသတဲ့။

ကိုမောင်ကတော့ ...

လှေ့ကြီးတစ်ခွဲသားနှင့် ...

"သမီးကို အန်ကယ်လေးစားပါတယ် ... ကျောင်းမပြီးသေး တာတောင် စီးပွားရေးလောကထဲ ကြိုတင်ခြေစုံပစ်ဝင်ထားတာ အန်ကယ် သဘောကျတယ် ... သမီးရဲ့အောင်မြင်မှုတွေကိုလည်း မိတ်ဆွေတွေဆီကတစ်ဆင့် အမြဲကြားကြားနေရတာ ... အန်ကယ်



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာတယ် … ဆက်လုပ်ပါ သမီး … အန်ကယ်အားပေးတယ်၊ အိမ်က သားကိုလည်း လက်တွဲခေါ်ဖို့ အန်ကယ် တောင်းဆိုချင်တယ်”

“ဟာ … ချယ် လက်တွဲခေါ်မှာပါ အန်ကယ် …”

“ကျေးဇူးပါကွယ် …”

“ဟော … သား ပြန်လာပြီ …”

တံခွန့်ကိုတွေ့လိုက်တော့မှ ဒေါ်ပုံ့မွှေးချို ပင့်သက်ချနိုင်တော့၏။ ကလေးနှစ်ယောက်ကို ဧည့်ခန်းထဲမှာထားခဲ့ပြီး အပေါ်ထပ်ဘုရားခန်းထဲကို နှစ်ယောက်သား တက်သွားတော့ ကိုမောင်က သူမကို မျက်လုံးပြူးကြည့်ကာ …

“ချို … ဘာလဲဟင် မင်းသားနဲ့ဒီကောင်မလေးက …”

“အို … ဘာရမလဲ … ရှင့်သားနဲ့ဒီကောင်မလေး ချယ်မှုန်းထင်က လိုက်ဖက်တဲ့စုံတွဲလေးမို့ ကျွန်မလွှတ်ထားတာလေ … ရှင် ရှင် သဘောတူထားတဲ့ လနဲ့ဘာဆိုင်လို့လဲ … တခြားစီ … တခြားစီ”

“ချိုရာ … မင်း အဲလိုလုပ်နေတာ၊ မေ့ကို ငါမျက်နှာပူ”

“ဘာ … ဘာပြောတယ်ရှင့် …”

ဒေါ်ပုံ့မွှေးချို မျက်လုံးပြူးခါးထောက်မိရပြီ။

“ဟွန်း … မင်းနဲ့ငါ ရည်ရွယ်ခဲ့တာက …”

“ရှင် … ရှင်ဆက်မပြောနဲ့တော့ကိုမောင် … ဟိုတုန်းက ရှင်နဲ့ကျွန်မ စိတ်ကူးယဉ်ခဲ့တဲ့စီမံကိန်းကို ကျွန်မ အခုဖျက်သိမ်းလိုက်ပြီ၊ ရှင် … ရှင်ပဲ အခုကြည့်လေ၊ ရှင့်သားက စီးပွားရေးဆို ဘာလုပ်တတ်လို့လဲ … ဒါကို လင်းလက်လနဲ့ပေးစားလိုက်ရင် ရှိသမျှ





စည်းစိမ်ပြုတ်ပြီး ရှင်ရောကျွန်မပါ ရာသက်ပန် ရိပ်သာဝင်ရတော့မှာ သေချာတယ် … ရှင့်သားကလည်း အူတူတူနဲ့ ယောင်ခြောက်ဆယ် … လင်းလက်လကလည်း လျှော်တာဖွတ်တာ ချက်တာပြုတ်တာကအစ ဘာတစ်ခုမှ တတ်အောင် မသင်ချင်တဲ့ဟာမလေး … ဒါကြောင့်မို့ ကျွန်မ စိတ်ပြောင်းသွားတာ၊ မေ့ကိုလည်း အရိပ်အမြွက်လေးတော့ ကျွန်မ သတိပေးထားပြီးပြီ … ကဲ အခုပဲ ရှင် ကြည့်စမ်း … ချယ်မှုန်းလေးနဲ့ လင်းလက်လ ဘယ်လောက်ကွာသလဲဆိုတာ … ဟိုက ချက်ချက်လက်လက်လေးနဲ့ စီးပွားရေးသမား … ရှင့်သမီး လင်းလက်လ ရှိသမျှ စည်းစိမ် ဖင်ခုထိုင်ဖြုန်းမယ့်ဟာမလေး …”

“မင်းနဲ့ကတော့ ငါစိတ်ညစ်တယ် ချိုရာ …”

“အို … ရှင်မသိရင် အသာနေစမ်းပါ ကိုမောင် … အားလုံးကို ကျွန်မ စီစဉ်မယ်၊ ရှင် မကန့်ကွက်နဲ့ … အရေးကြီးတာ ရှင့်သားနဲ့ ချယ်မှုန်းထင် နီးစပ်သွားရင် ကျွန်မ ကျေနပ်ပြီ … ဟင်း ဟင်း”

တကယ် ဆုံးဖြတ်ပြီး …

တကယ်လုပ်တော့မှာ ပုံ့မွှေးချိုပါ။

မအေ စီစဉ်တာကို သားကရော လက်ခံမှာတဲ့လား။

ဒီအချက်ကိုပဲတွေးရင်း သူငြိမ်နေမိသည်။

ပြောရရင် …

ဒီသားနဲ့ဒီသမီး နှစ်ယောက်စလုံးက … ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၃ )

"လ ... နင့်မျက်နှာလည်း မကောင်းဘူး"

"ကောင်းပါတယ် ... ဘာဖြစ်လို့လဲ"

"နင် ... နင့်ကိုကြည့်ရတာ တစ်ချိန်လုံးငိုင်နေသလိုပဲ"

သွန်းသွန်းက လ,မျက်နှာလေးကို မေးလေးထောက်ကြည့်ကာမေးသည်။ ပြီးတော့လည်း ... မျက်တောင်မခတ်။

အတန်းထဲမှာ ထိုင်နေတာ ...

လ,နဲ့ သွန်းသွန်းနှစ်ယောက်တည်းလေ။

ကျောင်းတက်ရတာလည်း လ,မပျော်တော့ပါဘူး။

ညကလည်း လူးလူးလိမ့်လိမ့်ကလေးနှင့် အိပ်ရာထဲမှာ ဟိုတွေးဒီတွေး တွေးရင်း ... တစ်ညလုံး အိပ်လို့မပျော်။

ကိုကြီးပေါ့။

လ,နှုတ်ခမ်းကလေးကို ယောင်ယောင်ပြီး ပြန်ပြန်စမ်းရတာလည်းအမော။ လ,မှာတော့ ရင်တွေတလှပ်လှပ်တုန်ပြီး ဘယ်လိုဖြစ်သွားမှန်းတောင်မသိ။ တွေးမိလိုက်တိုင်း ရင်ထဲမှာ လှိုင်းထန်နေရဆဲ။





ခု ... သွန်းသွန်းက မေးနေတော့ ...

လ, ဖြေရမှာ ခက်နေသည်။

ဒီအကြောင်းတွေကို သွန်းသွန်းသိအောင်လည်း လ,က မဖြေချင်။

ဒါကြောင့်မို့ ... ငိုင်တိုင်တိုင်လေးဖြစ်နေတာကို သွန်းသွန်း သတိထားမိသွားတော့ လ, မလုံမလဲဖြစ်သွားရသည်။

"ဟော ... တွေ့လား ..."

"ဟာ ... ဘာလဲ သွန်းသွန်းရာ ..."

သွန်းသွန်းကြည့်နေတာ လူကို မသက်သာလိုကြီး။

"နင် ... နင် တစ်ခုခုဖြစ်နေတာ သေချာတယ်လင်းလက်လနင် ကျောင်းကြို့ပို့ ဖယ်ရီပေါ်က ဆင်းလာကတည်းက နင့်ကိုကြီးကိုတောင် မစောင့်တော့ဘဲနဲ့ ... တစ်ယောက်တည်း ခပ်တည်တည် ဆင်းချသွားတာ ငါမြင်လိုက်တယ် ... နင့်ကိုကြီးတစ်ယောက်တည်း မျက်နှာငယ်ငယ်လေးနဲ့ နောက်မှာကျန်ခဲ့တာ၊ ငါမမြင်ဘူးမထင်နဲ့ ... ပြော ... ပြော ... နင်တို့ ဘာဂ်လားမောင်နှမ ဘာတွေဖြစ်နေသလဲဆိုတာ ငါ့ကိုပြောစမ်း"

"သွန်းသွန်းရယ် ... နင်မဟုတ်တာတွေ မေးမနေစမ်းနဲ့"

"အောင်မယ် ... ဘာလို့မဟုတ်ရမှာလဲ ..."

မျက်တောင်တွေ ပင့်ကပ်သွားအောင်ပဲ သွန်းသွန်း စိုက်ကြည့်သည်။

"ဒီ ... ဒီမှာ စိတ်ညစ်ရတဲ့ကြားထဲ ..."

"တွေ့လား ... တွေ့လား ... မေးရင်းနဲ့ပေါ်လာပြီ"

သွန်းသွန်း ပြုံးသွားတာ ... တစ်ခုခုကိုပဲ သိနေသလိုလို။



www.burmeseclassic.com

www.burmeseclassic.com



"နင် ... နင် မညာနဲ့ လင်းလက်လ ... နင် ဒီလောက်ပြောရင် ငါသဘောပေါက်ပြီ ... နင်နဲ့ကိုကြီး နှစ်ယောက်ကြားမှာ တစ်ခုခု ဖြစ်နေပြီဆိုတာ ဗေဒင်မေးစရာတောင် မလိုတော့ဘူး၊ ဘာလဲဟင် ကိုကြီးက နင့်ကို ချစ်တယ်လို့ ဖွင့်ပြောလိုက်ပြီမို့လား ... "

"ဘာ ... ဘာပြောတယ် သွန်းသွန်း ... "

"ဟား ဟား ... "

သွန်းသွန်း ရယ်ချလိုက်တာ တကယ့်ကို ဟက်ဟက်ပက်ပက်လေး။

"နာတိပါတယ် သာလိကာရယ် ... နင် ငါ့ကိုလိမ်ဖို့ မကြိုးစားစမ်းပါနဲ့ ... ဟား ဟား ... "

လ,မျက်နှာလေးကို ဘယ်လိုထားရမှန်းတောင် မသိတော့ပါ။ ဘာပဲပြောပြော ဒီကိစ္စကို ဘယ်သူ့မှ မသိစေချင်တာ လ,ရဲ့ဆန္ဒ။

ဒါကြောင့်မို့ ... လ, ဖြောင်ပဲ ညာပစ်လိုက်သည်။

"ဟွန်း ... အရေးထဲမှာ နင်ပေါက်ကရတွေ လာပြောမနေနဲ့ သွန်းသွန်း ... မနက်က ငါတစ်ယောက်တည်း ကားပေါ်ကဆင်းလာတာ ကိုကြီးနဲ့ရန်ဖြစ်ထားလို့၊ တစ်ယောက်တည်းဆင်းလာတာ၊ အခု ကိုကြီးက ချယ်မှုန်းထင်ဆိုတဲ့ ဟိုမမနဲ့နှစ်ပါးအကြည်ဆိုက်နေတာလေ ... ဘယ်လောက်အမြင်ကတ်ဖို့ ကောင်းသလဲဆိုတာ နင်စဉ်းစားကြည့်စမ်း ... "

"ဟယ် ... အဲဒါ တကယ် ... "

"တကယ်ပေါ့ သွန်းသွန်းရဲ့ ... "

ပြန်တွေးမိတော့လည်း လ,နှုတ်ခမ်းလေးက သူ့အလိုလိုလေး မဲ့သွားသည်။ မနေ့က ချယ်မှုန်းထင်ကားနဲ့ ပြန်ပါသွားတာ



လ, မသိဘဲနေမလား။ မေမေဆူမှာကြောက်လို့ လ,အခန်းအောင်းပြီး တစ်ညလုံးနေခဲ့ပေမယ့် စိတ်တိုဒေါပွပြီး ကျတဲ့မျက်ရည်က တစ်ညလုံး သုတ်လို့တောင်မကုန်။

မနက်မိုးလင်းတော့လည်း ...

ကိုကြီးကို မစောင့်ဘဲ ဖယ်ရီဂိတ်ကို တစ်ယောက်တည်း ထွက် ... ကိုကြီးရောက်လာတော့လည်း မသိချင်ဟန်ဆောင်။ ကား ပေါ်တက်တော့လည်း ကိုကြီးနားမှာမထိုင်ဘဲ ရှေ့ဆုံးတန်းက လွတ် နေတဲ့ တစ်ခုံမှာ ဝင်ထိုင်၊ အဲလိုနဲ့ ကျောင်းထဲကို လ,ရောက်လာတာ။

ခေါ်စရာလား ... သူများကို တမေ့တမော အနမ်းတွေ ပေးပြီး သူကျတော့ လုပ်ချင်တာလုပ် သွားချင်တာသွားနေတာ ကောင်းသလား။

လ, ကိုကြီးကို မုန်းနေမိတာ အဲဒါ ...

မာမီချိုလည်း အလကားပဲ ...

မမချယ်မှုန်းထင်လာလည်တာကို စကြာဝဠာမင်းကြီးရဲ့ သမီးတော်လာလည်တာကျနေတာပဲ။ အသံစာစာနဲ့တိုက်ထဲမှာ ပျာယာခတ်နေတာ။

မကြားချင် မမြင်ချင် မသိချင်လို့ တိုက်နောက်ဘက်က ဆေးင်ကြီးအောက်မှာ တစ်ယောက်တည်း သွားထိုင်ပြန်တော့ သည်း မေမေက ပြဿနာလာရှာနဲ့ ... လ, ဘယ်လောက်စိတ်ဆင်း ခံခဲ့ရတယ်ထင်သလဲ။

"ဒါ ... ဒါဆို ... နင်ဘယ်လိုခံစားရလဲဟင် လ ... "

သွန်းသွန်းက မေးပြန်ပြီ။ လ, နှုတ်ခမ်းလေး မဲ့ကာ ...

ဗိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း ... ခံစားစရာလား ... လနဲ့က အနေသာကြီး"

"လ ဘာမှမဖြစ်ဘူးပေါ့ ..."

"မဖြစ်ဘူး ... မဖြစ်ဘူး လုံးဝ ဘာမှမဖြစ်ဘူး"

လ, ညာလက်စနဲ့ပဲ ဆက်ညာပစ်လိုက်သည်။

ဟော ... ညနေ အတန်းပြီးလို့ ... ဖယ်ရီပေါ်မှာ ကိုကြီးနဲ့ တွေ့တော့လည်း လက ခပ်တည်တည်။

"ဒါက ဘာဖြစ်နေတာလဲ"

"အို ... ဘာဖြစ်လို့လဲ ..."

"မျက်နှာက ဒီလောက်စူပုတ်သိုးနေတာ"

လဘေးမှာ အတင်းပူးကပ်ဝင်ထိုင်ကာ လ,ဖတ်လက်စ စာအုပ်ကိုလည်း ဖျတ်ခနဲဆွဲယူ၍ လ,ကတော့ ပြန်မလုပါဘူး။ လ, သေချာပေါက်ဖြစ်နေတာ ကိုကြီးနဲ့စကားမပြောချင်တာ။ လစိတ်ထဲမှာ ချဉ်တူးတူးလေးနဲ့ ကိုကြီးကိုအမြင်ကတ်နေတာ။

"လ ..."

"ဟာ ... ဘာဖြစ်နေတာလဲ ..."

လ, ခပ်ဆောင့်ဆောင့်လေးအော်ပစ်တော့ ကိုကြီးမျက်နှာ လွဲသည်။

"ဒီနေ့ ... နင့်အတန်းဘက်ကို ငါလာကြည့်သေးတယ်"

"ဟွန်း ..."

လ နှုတ်ခမ်းလေးပဲမဲ့ကာ ဘာမှပြန်မပြော။

"မတွေ့လို့ ကန်တင်းဘက်လိုက်ရှာတော့လည်း မရှိဘူး"

လ, မကြားချင်ဟန်ပဲ ဆောင်နေလိုက်သည်။

"အဲဒါ ... ဘယ်သွားနေတာလဲ"





"ဒီမှာ ... လဟာလ ဘယ်ပဲသွားသွား ကိုကြီး အပူလား"

"ဘာ ..."

"နောက်တစ်ခါ လ,အတန်းဘက်ကို လုံးဝမလာနဲ့"

"ဟာ ... ဘာလို့မလာရမှာလဲ ..."

"မကြည့်ချင်လို့ ..."

"ဟွန်း ..."

ကိုကြီးကပါ နှုတ်ခမ်းလေးမဲ့သွားသည်။

"နင် ... မကြည့်ချင်လည်းနေပေါ့ ... ငါကတော့ လာရမှာ သူများတွေ ဘယ်လိုပဲထင်ထင် ငါဂရုမစိုက်ဘူး ... နင့်ကို ...ည်း စိတ်မချဘူး ..."

"လာမပြောနဲ့ ... ဒီနေ့ကစပြီး ကိုကြီးကို လ,မေ့ပစ်လိုက်

"တကယ် ..."

တအံ့တသြလေးနဲ့ ကိုကြီးမျက်လုံးဝိုင်းသွားသည်။

ပြီးတော့မှ ... ဝမ်းနည်းသံကလေးဖြင့် ကိုကြီး ပြော၏။

"လရယ် ... နင့်ရင်ထဲမှာ ဘာတွေဖြစ်နေသလဲဆိုတာ နင် ...ဘက်ပြောရင် ငါသိပါပြီ ... မနေ့ကလည်း နင်တစ်နေ့လုံး အပြင် ...မလာတော့ဘဲ အခန်းအောင်းတယ် ... ဒီနေ့လည်း ငါ့ကို ပြော ...သလို မပြောချင်သလိုနဲ့ ..."

ကားပေါ်က ဆင်းတော့လည်း ...

ကိုကြီးရှေ့ကနေ ခပ်သွက်သွက်ပဲ လ,တစ်ယောက်တည်း ...ကိုရောက်အောင် အရင်ဆုံး ပြန်လာတာလေ။

"ဟင် ... လင်းလက်လ ... ညည်း ကိုကြီးရော ..."



www.burmeseclassic.com

www.burmeseclassic.com



သားတံခွန်ကို မမြင်လို့ ခြံဝမှာ ပုတီးစိပ်ရင်း ဒေါ်ပျံ့မွှေးချို မေးမိသည်။ လကတော့ သိတယ်မို့လား မျက်နှာက ရှစ်ခေါက်ချိုး နဲ့။ ကိုယ်မေးတာကိုပဲ ဖြေချင်သလို မဖြေချင်သလို။

"မသိဘူးလေ ..."

"ဟဲ့ ... မသိလို့ရမလား ... အရင်နှစ်ယောက်အတူတူ ပြန်လာနေကြဉစ္စာကို ခုမှ ချွန်ပြီး တစ်ယောက်တည်း ဘာလို့ပြန် လာရတာလဲ"

"ဟာ ... ကိုကြီးနဲ့စကား မပြောချင်လို့ တစ်ယောက်တည်း ပြန်လာတာလေ ... အဲဒါ ဘာဖြစ်လို့လဲ ..."

"ညည်း ... ညည်းနဲ့ရန်ဖြစ်ကြပြန်ပြီလား"

"အဲဒါ ... မာမီချို သိချင်ရင် ကိုကြီးကိုမေးကြည့် ..."

"ကြည့်စမ်း ..."

လ ချာခနဲ လှည့်ထွက်သွားတော့ မျက်လုံးပြူးကျန်ခဲ့ရတာ ပျံ့မွှေးချို ဘယ်လိုလုပ်မလဲ။ ကိုယ့်ကိုလည်း ဂရုမစိုက်။ ကိုယ်မေး တာလည်း အလေးမထား။

"ဟော ..."

သားတံခွန်က နောက်မှာ ...

ပြန်လာတာလည်း ခေါင်းလေးငိုက်စိုက်ချလို့။

တစ်ခုခုဖြစ်လာတာ သေချာတယ်။ ဒီကိစ္စ မေးကိုမေးရ မယ်။

"သားတံခွန် ..."

"ဟာ ... မာမီ ဘာလုပ်နေတာလဲ ..."

မာမီ့ကို ခြံဝမှာ ရုတ်တရက် မြင်လိုက်တော့ တံခွန် လန့်





သွားရ၏။ အထိတ်တလန့်လေးနှင့်လည်း မာမီကို ဖျတ်ခနဲ မော့ ကြည့်လိုက်မိသည်။

"ဘာလုပ်ရမှာလဲ ... မင်းတို့မောင်နှမနှစ်ယောက် တကွဲ တပြားစီ ပြန်လာလို့ ထူးဆန်းတယ်ဆိုပြီး စောင့်ကြည့်နေတာလေ၊ ဟဲ့ ... ပြောစမ်းပါဦး နှစ်ယောက်စလုံး လမ်းမှာဘာဖြစ်လာလို့လဲ"

"ထုံးစံအတိုင်းပေါ့ မာမီရာ ... ဟား ..."

"အမလေး ... အမလေး ... ဒီကောင်မလေးအကြောင်း မေးလိုက်တာနဲ့ မင်းကိုယ်တိုင် ပင့်သက်ကြီးချနေတာ ကြည့်စမ်း၊ မျက်နှာလည်းပျက်လို့ ... ပြောစမ်း ... ပြောစမ်း မဟုတ်မှလွဲရော မင်းတို့နှစ်ယောက်ကြားမှာ ပုံမှန်မဟုတ်ဘဲ တစ်ခုခုဖြစ်နေတာ သေ ချာတယ် ... မျက်နှာတွေ ကြည့်လိုက်တာနဲ့ငါသိတယ် ... ငါသိ တယ် ..."

"ဟာ ... မာမီကလည်းဗျာ"

တံခွန် ဘယ်လိုဖြေရမလဲ။

မာမီစိုက်ကြည့်နေတာ မသင်္ကာတဲ့မျက်လုံးတွေနဲ့။

"မင်း ... မင်း ခေါင်းမခါနဲ့နော်တံခွန် ... ဟိုတစ်ယောက် တွေ့တော့လည်း မျက်နှာမကောင်း၊ ဒီတစ်ယောက်တွေ့တော့ လည်း မျက်နှာ မသာမယာနဲ့ ..."

"ဟိတ် ... သားအမိတွေ ဘာဖြစ်နေတာလဲ"

"ဟော ..."

ကိုမောင် ပြန်လာပြီ။ သားအမိနှစ်ယောက်ကို မြင်တာနဲ့ အားပေါက ကိုမောင် ချက်ချင်းဆင်းသည်။

"အတော်ပဲကွာ ... ဒီမှာပြောစရာစကားတွေ ပါလာလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဘာပြောစရာ စကားတွေလဲ ..."

"လာ ... လာ ... နှစ်ယောက်စလုံး အိမ်ထဲကိုလာ ... အထဲကျမှ ငါပြောမယ် ..."

ကိုမောင် အမူအယာက ထူးထူးဆန်းဆန်းမို့ စိတ်ဝင်စားကာ အိမ်ထဲရောက်အောင် ခပ်သွက်သွက်လေး ဝင်လိုက်တော့မှ။

"အဖြစ်ကတော့ မပြောချင်ပါဘူးကွာ ... ချယ်မှုန်းထင်ဆိုတာ ငါ့ရဲ့လုပ်ဖော်ကိုင်ဖက် အချစ်ဆုံးသူငယ်ချင်းရဲ့ သမီးဖြစ်နေတာကို ဒီနေ့မှ ငါသိလိုက်ရတယ်လေ ချိုရဲ့ ... မင်းကို ငါ ခဏခဏ ပြောဖူးတဲ့ မန္တလေးက ပြောင်းလာတဲ့ ကိုကိုမြင့်ဆိုတာလေ ... အဲဒါ ချယ်မှုန်းထင်က သူ့သမီးအရင်းခေါက်ခေါက်ကြီးတဲ့ ..."

"ဟမ် ..."

"အဲဒါကွာ ... စကားစပ်မိသွားတာနဲ့ သားရေးသမီးရေးကိစ္စတွေပါ အကုန်ပြောဖြစ်သွားတယ် ... ဇေ့စပ်ဖို့လည်း ငါသဘောရလိုက်တယ်"

"ဗျာ ... ဒက်ဒီ ..."

"ငါ့စကားက လွှန်လာခဲ့ပြီကွ ... ဘယ်လိုအကြောင်းပြချက်မျိုးနဲ့မှ နောက်ပြန်ဆုတ်လို့မရတော့ဘူး ... အဲဒီတော့ ဇေ့စပ်ပွဲအတွက်ကိုပဲ မင်းတို့သားအမိတွေ ပြင်ထားလိုက်တော့၊ ဒီမှာက ခြိကျယ်တော့ ဒီမှာပဲလုပ်မယ် ... ကဲ ... ဘာပြောချင်ကြသေးလဲ"

ဝမ်းသာပီတိဖြစ်နေတာ ပုံ့မွှေးချိုပါ။

"သားတံခွန် ... မင်းဒက်ဒီပြောသွားတာ ကြားတယ်နော်"

ပုံ့မွှေးချို မျက်စောင်းဝင့်ဝင့်ကလေးနှင့်ကြည့်ပြီး ပြောလိုက်ပေမယ့် သားတော်မောင်ကတော့ စိတ်ပျက်လက်ပျက်လေးနှင့်





ခေါင်းငိုက်စိုက်လေးချလျှက်။

"မဟုတ်သေးပါဘူးမာမီရာ ... သား ... သားနဲ့ချယ်မှုန်းထင်ခင်တာ ရိုးရိုးသားသား သူငယ်ချင်းတွေလိုပဲခင်တာ၊ မာမီလည်းသိရဲ့သားနဲ့ ... ဒီ ... ဒီကိစ္စကို သားကတော့ စဉ်းစားရဦးမယ်မာမီ ... ချယ်ကိုလည်း တအားမျက်နှာပူတယ် ..."

"အမလေးသားရယ် ... ဥစ္စာပေါ ရုပ်ချော ပညာတတ်လေးချယ့်ကို လက်ထပ်ရမယ့်အရေး မင်းက ချေးများချင်နေသေးလို့လား ဒီလိုအခွင့်အရေးမျိုး မင်းဘဝမှာ အကြိမ်ကြိမ်အခါခါရမယ်များ ထင်နေလို့လားဟင် တံခွန် ... မာမီ့ကို မင်းပြောစမ်း"

"သားမှ ချယ့်ကိုချစ်လို့မရတာ ..."

"ဘာ ... ဘာပြောတယ် ..."

ကိုမောင်က အပေါ်ထပ်ကို တက်သွားလို့ မသိလိုက်ပေမယ့် ကိုယ်က သားနဲ့နှစ်ယောက်ထဲ ပြဿနာတက်ကျန်ခဲ့တာလေ။

သားမှ ချယ့်ကို ချစ်လို့မရတာတဲ့။

ဒုက္ခပါပဲ ... ချယ်လိုမိန်းကလေးတစ်ယောက်ကိုများ ...

ကောင်မလေးကဆို တံခွန် တံခွန်နဲ့ အရေးစိုက်လိုက်ပုံများ ဆက်မောင်းလေး ပြေးမချိတ်ထားရုံတမယ်။

ဒါကိုတောင် ... ဒီကောင်က ...

စိတ်ပျက်လက်ပျက်လေးနဲ့ ပြန်ဖြေနေတာ။

သားကို အသည်းယားရတာလည်း အဲဒါတွေ။

ဒါဆို ... ဒီကောင် ချစ်နေတာ ဘယ်သူလဲ။

လင်းလက်လလား ... ဒါဆိုရင်တော့ သေပြီဆရာပဲ။

"မင်း ... မင်း ချယ်လေးကို ချစ်လို့မရဘူးဟုတ်လား၊ ပြော



www.burmeseclassic.com

www.burmeseclassic.com



စမ်း … ငါသဘောတူတဲ့ ချယ်လေးကို ချစ်လို့မရဘူးဆိုတော့
က ဘယ်သူ့ကို ချစ်လို့ရနေလို့လဲ …”

“ဟာ … မာမီနော် … အသံကျယ်ကြီးနဲ့ စွတ်အော်
ကျွန်တော် ရှက်တယ် … ဘေးလူတွေကြားသွားရင်လည်း
မကောင်းပါဘူး”

“ဘာမကောင်းတာလဲ … ဘာမကောင်းတာလဲ … မိ
မြင့်စေချင်လို့ မိုးပေါ်တင်တာကို မျက်လုံးမှိတ် ဖွတ်ခုန်ချပို့
မင်းစိတ်ထဲမှာ တွေးမနေနဲ့ … မင်းဘာတွေဖြစ်နေတယ် ဘာ
ကြံစည်နေတယ်ဆိုတာ ငါမသိဘူးမှား ထင်နေလို့လား”

“မာမီရာ … မာမီတို့လုပ်တာ ကျွန်တော် အရမ်းစိတ်
တယ်ဗျာ”

နောက်ဆုံးမှာတော့ …

လွယ်လာတဲ့ ကျောပိုးအိတ်ကို ဧည့်ခန်းမှာပဲ ဒီအတိုင်း
ခဲ့ပြီး ကားကို ကိုယ်တိုင်မောင်းကာ ဝေဖြိုးတို့ ငြိမ်းချမ်းတို့
ရပ်ကွက်ကိုပဲ ထွက်လာခဲ့တဲ့ တိမ်တံခွန်။

တံခွန်ကိုမြင်တော့ ဝေဖြိုးတို့ မျက်လုံးပြူးသွား၏။

“ဟာ … ဟေ့ကောင် မလာစဘူး အလာထူး၊ ဒီဘ
ဘယ်လိုလုပ်ပြီး ခြေဦးလှည့်လာတာလဲ … ပြောပါဦး … ဒီ
ထူးထူးဆန်းဆန်း …”

သူငယ်ချင်းတွေကလည်း အံ့သြနေကြသည်။

စောစောကပဲ ကျောင်းကပြန်လာတာ …

အခု ဒီကောင် အိမ်နဲ့ဘာဖြစ်လာလို့လဲ။

ပြောရရင် ဝေဖြိုးမွေးနေ့အတွက် ဒီည ကျွေးမယ်ဆိုပြီး





အားတာတောင် မလာနိုင်တော့ဘူးကွာလို့ ပြောသွားတဲ့ကောင်က
ပြောမဆို ဝုန်းဝုန်းဒိုင်းဒိုင်း ရောက်ချလာတာဆိုတော့ … ထူးဆန်း
နေတာ အမှန်ပဲဖြစ်နေသည်။ ကားပေါ်ကဆင်းလာတဲ့ တံခွန်ကို
ကြည့်ကာ ငြိမ်းချမ်းက ရယ်ကြဲကြဲမျက်နှာနှင့် …

“ဘာလဲ … ဟေ့ကောင် … လင်းလက်လဆိုတဲ့ကောင်မ
လေးက မင်းကို လက်မခံနိုင်ဘူးပြောလိုက်လို့ ငါတို့ဘက်ကို ပြေး
လာတာမဟုတ်လား … ကဲ … မျက်နှာလည်းမကောင်းဘူး ပြော
စမ်း … မင်းဘာတွေဖြစ်လာတာလဲ …”

“စိတ်ဓာတ်ကျသွားလို့ မင်းတို့ကိုသတိရပြီး ထွက်လာတာ”

“ဘာပြောတယ် တံခွန် …”

“ကြည့်စမ်း … ဒီကောင် …”

ကြားလိုက်ရတာ အားလုံး အံ့သြလို့။

“ဟော … ဟိုမှာ ကျော်သက်လည်း လာနေပြီ … ကဲ လူ
လည်းစုံပြီဆိုတော့ အကောင်းဆုံးစားလို့ သောက်လို့ ကောင်းမယ့်
ဆိုင်တစ်ဆိုင်ဆိုင်ကို ချိတက်ကြတာ အကောင်းဆုံးပဲ … ကဲ …
ငါတို့ခြံထဲမှာပဲ မင်းကားကို ရပ်ထားခဲ့တော့ကွာ၊ တံခွန် ငြိမ်းချမ်း
ကားနဲ့ပဲ ငါတို့ စုသွားမယ်”

မွေးနေ့ရှင် ဝေဖြိုးက ရှေ့က ဦးဆောင်သည်။

ဆိုင်ကိုရောက်တော့မှ …

စားစရာ သောက်စရာတွေမှာကြတာ အပြင်းတွေရော
အပျော့တွေရော စုံသလားမမေးနဲ့။

“ဟေ့ကောင် … ရေခဲလည်း မှာဦးလေကွာ”

တံခွန် ဗိုင်းထဲမှာ ထောင်ထားသည့် ယစ်ရွှေရည်ပုလင်းကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရင်း အိမ်မှာဖြစ်လာသည့် ခံစားချက်က ရင်ထဲကို လှိုက်တ…
လာသည်။

"တံခွန် … မင်း တစ်ခွက်တော့အားပေးနော်"

"ဟာ … ဝေဖြိုး၊ ဒီကောင် တစ်ခွက်နဲ့ရမလား၊ စိတ်ည…
လို့ တို့ဘက်ကိုထွက်လာတဲ့ဟာ နှစ်ခွက်လောက်တော့ ဒီကော…
အသာလေးပဲ …"

"ဟား … ဟား … ဒီညတော့ အေးဆေးပဲပေါ့ …"

"ကဲ … ပြောစမ်းကွာ တံခွန် … ဒီနေ့ အိမ်မှာ ဘာ…
စိတ်ညစ်စရာ ကြုံလာရသလဲဆိုတာ …"

ဝေဖြိုးက မေးပြီ။

တံခွန် ပြောပြလိုက်တော့ သူငယ်ချင်းတွေအားလုံး မျ…
လုံးတွေပြူးလျှက် အံ့သြကုန်ကြသည်။ ပိုဆိုးတာက ဒီအဖြစ်အပ…
နောက်ကွယ်မှာ ရှိနေသည့် မမေ့နိုင်စရာ အကြောင်းအရာ…
တစ်ခု။

"အေးပေါ့ တံခွန်ရာ … မျှော်လင့်မထားတဲ့အချိန်မှာ…
ပြဿနာပေါ်လာပြီဆိုတော့ ငါတို့ကလည်း မင်းအမှတ်တမဲ့ဖြစ်…
တဲ့ ကိစ္စလေးတစ်ခုကို ပြောပြလိုက်ရုံပဲရှိတော့တာပေါ့ … ဒီလို…
တံခွန် …"

ကျော်သက်က သူသိထားတဲ့ဇာတ်လမ်းလေးတစ်ခု…
ရှင်းပြသည်။ ထိုအကြောင်းအရာလေးကို နားထောင်နေစဉ်…
တံခွန့်ရင်တွေ တဖျတ်ဖျတ်တုန်လျှက်။ မယုံနိုင်လောက်အော…
ခံစားလိုက်ရတာက အတိုင်းအဆမဲ့ဗျာပင်။

"မင်းသိရင်လည်း အံ့သြသွားမယ်ဆိုတာ ငါနားလည်တ…





ဒီဇာတ်လမ်းနဲ့ ဒီခံစားချက်တွေဖြစ်တာလာ ချယ်မှုန်းထင်မွေးနေ့က စခဲ့တာ … သူ့လက်ဖမိုးလေးမှာ သေရာပါအမာရွတ်ကလေးရခဲ့တာ၊ လင်းလက်လကြောင့် ရခဲ့တာဆိုပြီး မင်းညီမလေး လင်းလက်လကို ချယ်မှုန်းထင်က အရမ်းနာကြည်းသွားခဲ့တာလေ … အဲဒီအဖြစ်အပျက်နောက်ပိုင်းမှာ ချယ်မှုန်းထင်က မင်းနဲ့အနီးကပ်ဆုံးနေရာအထိရောက်အောင် တိုးကပ်လာခဲ့တာ … ရည်ရွယ်ချက်က လင်းလက်လ နှလုံးသားထဲမှာ အမာရွတ်နက်နက်လေးတစ်ခု စွဲထင်သွားအောင် ပြန်လက်စားချေဖို့ … ပြောရရင် ချယ်မှုန်းထင်ဆိုတာ လျှို့လျှို့ဝှက်ဝှက်လေးနဲ့ သိပ်သိပ်သည်းသည်းလေး နေတတ်သလောက် နာကြည်းချက်ကလည်း အရမ့်းပြင်းထန်တယ်လေ တံခွန်"

"ငါ … ငါ … ဒါတွေအားလုံးကို ချယ်မှုန်းထင် မေ့ပစ်လိုက်ပြီလို့ပဲထင်ခဲ့တာ၊ ဒါနဲ့ နေပါဦး … ဒီခံစားချက်တွေကို မင်းတို့က ဘယ်လိုလုပ်သိခဲ့တာလဲဟင် … ချယ်ကလည်း ငါ့ကိုဘာတစ်ခွန်းမှ ပြောခဲ့တာ မဟုတ်ဘူး …"

"အေး … မင်း ဒီလိုမေးတော့မယ်ဆိုတာ ငါတို့ကလည်း သိတာပေါ့ တံခွန် … မင်းမေးရင် ပြန်ဖြေရမယ့်အဖြေကလည်း ငါတို့မှာရှိခဲ့ပြီးသား … ငါတို့ တက္ကသိုလ် ပထမနှစ်စတက်တုန်းက ချယ်မှုန်းထင်ကို ကျောင်းပို့ကျောင်းကြိုလုပ်ပေးသွားတဲ့ ပုဂ္ဂိုလ်လေးတစ်ယောက်ကို မင်းမှတ်မိတယ်မို့လား … သူ့နာမည်က ဇေယျာကျော်လေ … အသားဖြူဖြူ ဆံပင်အလည်ခွဲလေးနဲ့ပုဂ္ဂိုလ်လေး"

"ဟာ … အဲဒါ ငါမှတ်မိတယ်လေ … ကျော်သက် …"

"အဲဒါ … ချယ်မှုန်းထင်ရဲ့ ရည်းစားဦး …"



www.burmeseclassic.com

www.burmeseclassic.com



ဘာရယ်မဟုတ်ဘဲ ကျော်သက်ပြောမှ ရင်ထဲမှာ ဆူးတစ်ဆူး စိုက်ဝင်သွားသလို တံခွန် ခံစားလိုက်ရ၏။ သိထားခဲ့တာမှန်ပေမယ့် နှစ်တွေကြာသွားတော့ အမှတ်တမဲ့လေး ဖြစ်သွားရတဲ့ကိစ္စတစ်ခု။

ဟုတ်တာပဲ ... အဲဒီတုန်းက ချယ်နဲ့ဗေယျာကျော် တွဲခဲ့သေးတာပဲ။ နောက်မှသာ ဟိုလိုလို ဒီလိုလိုနဲ့ ဗေယျာကျော် ပျောက်သွားခဲ့တာ။

"ဟုတ်ပြီလေ ... ကျော်သက် ... ဗေယျာကျော်က ငါတို့ အခုကိစ္စနဲ့ ဘယ်လိုပတ်သက်နေလို့လဲ ... "

တံခွန် မရှင်းလို့ မေးလိုက်မိတာပါ။

ဒါကို ကျော်သက်က ခပ်မဲ့မဲ့လေးပြုံးရင်း ဖြေပါသည်။

"ပတ်သက်တာမှ နည်းနည်းလေးတောင် ပတ်သက်တာ မဟုတ်ဘူး တံခွန် ... အကြီးအကျယ် ပတ်သက်သွားလို့ ဒီဇာတ်လမ်းနောက်ကွယ်က အဖြစ်အပျက်တွေကို ငါတို့ပါ သိလာရတာ ဒါကို ဗေယျာကျော်က ရင်ဖွင့်သွားတာလေ ... "

"ဟင် ... ဘယ်လိုဖွင့်သွားတာလဲ ... "

"လင်းလက်လကို မကျေနပ်လို့ တံခွန့်ကို မရရအောင် လက်ထပ်ယူမယ့်အစီအစဉ် ... ဒါကိုပြောပြီး ဗေယျာကျော်ကို ဘလိုင်းကြီး အဆက်အသွယ်ဖြတ်သွားတာတဲ့ ... ဗေယျာကျော် အောင့်သက်သက်နဲ့ ဘယ်လောက်ခံစားသွားရမလဲဆိုတာ မင်းစဉ်းစားကြည့်စမ်း ... ဒါ ... ချယ်မှုန်းထင်က လင်းလက်လကို ဘယ်လောက်ကြိတ်ပြီးတော့ မုန်းနေသလဲဆိုတာ သက်သေပြသွားတာ ဒီအကြောင်းကို ဗေယျာကျော် လာပြောတော့ ငါတို့လည်း အံ့သြသွားတယ် ... ကဲ ... ချယ်မှုန်းထင် ဘယ်လောက်အညိုးကြီးသလဲ





ဆိုတာ ဟန်ဆောင်လည်း ကောင်းသလို မာယာလည်းများတယ်"

"ငါ ... ငါ ချယ်မှုန်းထင်နဲ့ ပတ်သက်လိုက်မိတာ မှားသွားပြီထင်တယ် ကျော်သက်ရာ ... ငါဘယ်လိုလုပ်ရမလဲဆိုတာ မင်းတို့ အကြံပေးကြပါဦး ... "

"ဟာ ... ငါတို့က ဘယ်လိုအကြံပေးရမှာလဲ၊ ဒီစေ့စပ်ပွဲကို လက်မခံနိုင်ရင်လည်း လက်မခံနိုင်ဘူးပြောပြီး အပြတ်ငြင်းလိုက်လေ"

ကျော်သက် ပြတ်ပြတ်သားသားပြောသည်။

ဝေဖြိုးနဲ့ ငြိမ်းချမ်းကလည်း ခေါင်းလေးတွေကိုယ်စီ ညိတ်ပြီးတော့ ကျော်သက်စကားကို ဝင်ထောက်ခံ၏။

မဆုံးဖြတ်နိုင်တာ တံခွန် ...

အရေးကြီးတာ ဒက်ဒီနဲ့မာမိ နှစ်ယောက်စလုံးရဲ့ဆန္ဒ။

သူ ခေါင်းခါလိုက်တာနဲ့ ...

"ဘာလဲ တံခွန် ... မင်းကိုယ်တိုင်က ချယ်မှုန်းထင်ကို ချစ်လမ်းနေလို့လား၊ ငါ ... မင်းကို အပြတ်ပဲပြောမယ်၊ ချယ်မှုန်းထင်မှာ နှလုံးသားမရှိဘူး၊ ကျစ်လစ်သိပ်သည်းပြီးတော့ လှို့ဝှက်တဲ့ ဟန်ဆောင်အပြုံးတွေပဲရှိတယ်၊ သူ့လက်ဖမိုးလေးပေါ်က အမာရွတ်လေးကိုကြည့်ပြီး နှုတ်ခမ်းလေးမဲ့မဲ့သွားတာ မင်းသတိမထားမိဘူးလား၊ သူ့ဒိုင်ယာရီထဲမှာ လင်းလက်လကို အသေမုန်းတဲ့အကြောင်း ရေးထားတာ ငါတို့တောင် နိုးဖတ်လိုက်သေးတယ် ... ဗေယျာကျော် ပြောတာကျတော့ လင်းလက်လ ဓာတ်ပုံကို ဟန်းဖုန်းနဲ့ရိုက်ပြီး ဓာတ်ပုံပြန်ထုတ်ထားတယ်တဲ့ ... အဲဒီဓာတ်ပုံကို အမြဲမည်းရောင် ဆော့ပင်နဲ့ ကြက်ခြေခတ်ပြီး သူ့အခန်းထဲမှာ အမှတ်တရ ချိတ်ထား



www.burmeseclassic.com

www.burmeseclassic.com



တဲ့အထိ ချယ်မှုန်းထင်က နာကြည်းနေတာတဲ့ ... ”

“ဒီ ... ဒီလောက်တောင်ပဲလားကွာ ... ”

တံခွန် ... ရင်နင့်သွားမိသည်။

“ဒီထက်တောင် ဆိုးသေးတာပေါ့ တံခွန် ... ”

ကျော်သက် အပီအပြင်ပဲ ပြောနေသည်။

“ငါလည်း ဒါတွေအားလုံးကို သိခဲ့တာ ဓေယျာကျော်ကိုယ်တိုင် သူ့ရင်ထဲက ခံစားချက်တွေကို အသေအချာ ရင်ဖွင့်ပြောသွားလို့ သိခဲ့တာ ... အခု မင်းနဲ့ဇေ့စပ်တော့မယ့်အဆင့်ထိ ဖြစ်လာတာလည်း ချယ်မှုန်းထင်ဘက်က စနစ်တကျ အကွက်ချစီစဉ်သွားတာပဲ ဖြစ်ရမယ် ... ”

တံခွန် စိတ်ညစ်ညစ်နဲ့ ...

ယမကာတွေ တစ်ခွက်ပြီးတစ်ခွက် သောက်နေမိသည်။

“ဟေ့ကောင် ... မင်းအရမ်းများနေပြီ”

ငြိမ်းချမ်းက သတိပေးပေမယ့် တံခွန် မရတော့ပါ။

တံခွန်ရဲ့ မျက်ဝန်းထဲမှာတော့ ...

လရဲ့ ပုံရိပ်ကလေးနဲ့ သိပ်သည်းလျှို့ဝှက်လွန်းတဲ့ ချယ်မှုန်းထင်ရဲ့ပုံရိပ်ကလေးက သူတပြန် ကိုယ်တပြန် ချာချာလည်နေသည်။

သို့သော် ... အများဆုံး လွှမ်းမိုးထားတာတော့ ...

အပြစ်ကင်းစင်လွန်းတဲ့ လရဲ့ ပုံရိပ်ကလေးပါပဲ။

အဲဒီညမှာတော့ ...

## အခန်း ( ၁၄ )

စိတ်တိုနေတာ လင်းလက်လ ...

တစ်ယောက်တည်း ဒေါပွနေတာ လင်းလက်လ ...

လကို အိမ်မှာတစ်ယောက်တည်း ထားခဲ့ပြီး မေမေနဲ့မာမီချို ဘုရားကျောင်းမှာ ဆွမ်းချက်ဖို့ ညသွားအိပ်ကြသတဲ့လေ။

လမှာတော့ ဗိုက်ဆာလွန်းလို့ ...

တစ်ယောက်တည်း အူခေါက်နေတာ သေတော့မယ်။

အရေးထဲမှာ ...

ကိုကြီးကလည်း ဘယ်သဝေထိုးနေမှန်းမသိ။

ညရှစ်နာရီထိုးမှ ...

ဟိုဘက်တိုက်ကြီးထဲဝင်ပြီး အိုးခွက်တွေလှန်တော့မှ ...

“ဂျလောင် ... ”

“ဒေါင် ... ဒေါင် ... ”

“ဟဲ့ ... နောက်ဖေးက ဘယ်သူလဲဟင် ပူစီမလား ... ဒီလောက်ကျွေးထားတာတောင် ဟင်းတွေလာခိုးစားနေပြန်ပြီလား”

ဒေါ်ဌေး လှမ်းအော်နေတဲ့အသံ။



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ပူစီမ မဟုတ်ပါဘူး ဒေါ်ငွေးရဲ့ ... လလေ ... လ လ ... လင်းလက်လ ... "

"ဟယ် ... လ ... ဒီအချိန်ကြီးမှာ ကြည့်စမ်း ... "

ဒေါ်ငွေး မျက်လုံးပြူးကာ ...

မီးဖိုခန်းထဲက အမြန်ပြေးဝင်လာရသည်။

"ဒုက္ခပါပဲ ... ဒီမှာ ကိုကြီးတံခွန်က ဒီအချိန်ထိ ပြန်မလာသေးလို့ စောင့်နေရတဲ့ဟာကို ကြောင်အိမ်ထဲကဟာတွေက ညည်းကိုကြီးအတွက် ချန်ထားတာ ... တော်ကြာ သူ့အတွက် မကျန်ရင် ပြဿနာရှာနေဦးမယ် ... မနိုက်နဲ့ ... မနိုက်နဲ့ ... ကြောင်အိမ်ထဲက ဟာတွေသွားမနိုက်နဲ့ ... ညည်း စားချင်ရင် အုပ်ဆောင်းထဲက ဟာပဲစား ... "

"ဟာ ... အုပ်ဆောင်းထဲက ဟာတွေက သူများစားပြီးသား အကျန်တွေ ... လ,မစားချင်ဘူး ... "

"အမလေးဟယ် ... ဒါ စောစောကမှ ဒက်ဒီမောင် စားပြီးထားခဲ့တဲ့ဥစ္စာကို ... ဒီမှာ ... ကြက်ကြော်လည်း နှစ်တုံးရှိသေးတယ်၊ ပုဇွန်ချဉ်ပေါင်လည်း အဆင်သင့် ... ငါးပိကြော်လေးတောင် ဒီမှာ အများကြီးရှိနေတဲ့ဥစ္စာကို ... "

"အဟင့် ... ဗိုက်ဆာလိုက်တာနော် ... "

"လာ ... လာပါ ကျေးဇူးရှင် ... စားချင်ရင် ဒီခုံမှာလာထိုင်လိုက် ... ဒေါ်ငွေး ညည်းလေး စားချင်တာမှန်သမျှ အကုန်ထည့်ပေးမယ် ... ဟုတ်ပြီလား ... "

"ကြောင်အိမ်ထဲမှာ ဝက်လက်ပေါင်းရှိတယ်လေ ... "

တွေ့လား ...





ဟိုတစ်ယောက်အတွက် ချန်ထားတာကို မျက်စောင်းထိုးနေပြန်ပြီ။

"လ,ရယ် ... တကယ်ပါပဲ ... အဲဒါ ညည်းကိုကြီး စားချင်တယ်ဆိုလို့ ရှယ်ပေါင်းပေးထားတာလေ ... "

"ဟာ ... သူက ဒီအချိန်ထိမှ ပြန်မလာတော့တဲ့ဟာကို"

"ဟုတ်ပါရဲ့နော် ... ဘယ်အချိန်ရှိနေပြီလဲ ... "

မီးဖိုခန်းနံရံမှာ ချိတ်ထားသည့် နာရီက ညကိုးနာရီထိုးခါနီးကိုပင် ညွှန်ပြနေ၏။ လ,နှုတ်ခမ်းလေးဆူကာ ထမင်းစားပွဲမှာ ငူငူကြီး ထိုင်နေမိသည်။

အလကား ကိုကြီး ...

ညနေက ကားကိုတစ်ယောက်တည်း မောင်းထွက်သွားတာ လ,မမြင်တာကျနေတာပဲ။ မျက်နှာထားက တင်းတင်း အိုက်အင်ကြီးတစ်ခွဲသားနဲ့။

ခုတလော ...

ကိုကြီး ခြေလှမ်းတွေပျက်နေတာ လသိနေတာ ဟိုဘက်သူတာတောင်လွန်သေး။ ဒါပေမဲ့ ... လ,မပြောပါဘူး။ ဘာဖြစ်လဲ ကိုကြီးလည်း လုပ်ချင်တာလုပ် သွားချင်တာသွား။ လ,လည်း လုပ်ချင်တာလုပ် သွားချင်တာသွားမယ်။

"ထည့်ပေးနော် ... အဲဒီဝက်လက်ပေါင်းတွေ၊ လ,တစ်ယောက်တည်း အကုန်စားပစ်မယ် ... "

"အမလေး ... မလုပ်ပါနဲ့ ... "

ရှိတာမှ လေးတုံး။

နှစ်တုံးကို ထည့်ပေးလိုက်ပြီး နှစ်တုံးကိုတော့ ကပ်ကပ်သပ်



www.burmeseclassic.com

www.burmeseclassic.com



သပ်လေး ချန်ထားလိုက်ရသည်။ ဟိုက အချိန်မတော် အချိန်တော်မှ ပြန်လာပြီး ဘာရှိသေးလည်းအော်ရင် ကိုယ်ပဲ ပျာယာခတ်နေအောင် စီစဉ်ပေးရဦးမှာ။

"စားနော်လ ... ဒီနေ့တော့ ဒီလောက်ပဲ စားလိုက်ဦး ... လ,ကြိုက်ရင် နောက်တစ်နေ့ကျမှ ဒေါ်ငွေး ထပ်ချက်ပေးမယ်"

"အောင်မယ် ... ဒီအိမ်မှာ လ,ဏောဏော လာစားမယ် ... ဒေါ်ငွေးက ထင်နေလို့လား။ ဟွန်း ... အခုလာစားတာ မေမေ့ကိုရော တစ်ခြံလုံးကိုရော ဒေါ်ပွနေလို့ လာစားတာ၊ လတို့က ဒီအိမ်ကို လာတဲ့ညှော်သည်ထဲမှာ မျက်နှာငယ်ရတဲ့ ညှော်သည်ပါ ... လ,လာလို့ ဘယ်သူက ပျာယာခတ်မှာလဲ ... မာမီချို့ဆိုရင် လ,ကိုပဲ တစ်ချိန်လုံး မျက်စောင်းထိုးနေတာ ... "

"ဟော ... ကြည့် တွေ့လား ... ပြောပုံက ... "

ဒေါ်ငွေး သဘောပေါက်လိုက်တာ။

ဘာကိုရည်ရွယ်ပြီး လ,ပြောနေသလဲဆိုတာကိုပါ။

အိမ်ကို လာလည်သွားတဲ့ ချယ်မှုန်းထင်ဆိုတဲ့ ကောင်မလေး တစ်ယောက်ကို ရည်ရွယ်ပြီး လ,ပြောနေတာလေ။

ဟွန်း ... ဒါကို လ, မနာလို တိုရှည်ဖြစ်နေပြီပေ့။

ချယ်မှုန်းထင်က လ,အကြောင်းမေးလို့ လနေတဲ့ တိုက်ဘေးက သစ်သားအိမ်ကလေးကိုတောင် ဒေါ်ငွေး လက်ညှိုးထိုးပြလိုက်မိသေးရဲ့။

ဒါကို ချယ်မှုန်းထင်က ...

အိမ်ကလေးကိုကြည့်ပြီး နှုတ်ခမ်းလေးမဲ့သွားသေးတယ်လေ။ ကိုယ်လည်း ငယ်ရာက ကြီးလာတာပဲ။ လူငယ်ချင်းပြိုင်နေ



BURMESE CLASSIC



ကိုယ်မသိဘဲနေပါ့မလား။

ခက်နေတာက လင်းလက်လ ...

ကလေးစိတ်လေးက ခုထိလည်းမကုန်။

အားရအောင် စားပြီးတာနဲ့ ကိုယ့်ကိုတောင် နှုတ်မဆက်ဘဲ ဒီအတိုင်း ချာခနဲ လှည့်ထွက်သွားတာပဲကြည့်။

ဆံပင်ရှည်ကြီးတွေ တယမ်းယမ်းနဲ့။

ကိုယ်လုံးလေး ဖူးတင်းနေတာက တစ်နေ့တခြားလေးင် ပိုလှလာသလိုပင်။

နောက်ဆုံးမှာတော့ လ,စားသွားတဲ့ ပန်းကန်တွေဆေးရင်း န်းထဲမှာ ဒေါ်ငွေးတစ်ယောက်တည်း ကျန်ခဲ့သည်။

"ဟင် ... "

အိမ်လေးပေါ် လှမ်းအတက်မှာ လ,မျက်လုံးပြူးသွားသည်။

တံခါးဝလေးမှာ ယောကျ်ားစီး ဖိနပ်တစ်ရံ။

"ဘုရားရေ ... "

လ,အခန်းထဲကို ကြည့်လိုက်တော့ ...

အိပ်ရာထက်မှာ ပက်လက်လန်ကျနေတဲ့ ကိုကြီး။

ကြည့်ပါဦး ... တစ်ခန်းလုံး အရက်နံ့တွေ တူးတူးခါးခါးပြန့် ကိုယ်တိုင်ပင် အထိတ်ထိတ်အလန့်လန့်လေးနှင့် အသက်ရှူပါသွားသည်။

"ကို ... ကိုကြီး ဘယ်တုန်းက ရောက်နေတာလဲ ... "

လ,မေးတာလည်း ကိုကြီး မဖြေနိုင်ပါ။

လ,ဝင်လာတာလည်း ကိုကြီး သိပုံမရပါ။

ခက်နေတာက အိမ်မှာ မေမေ မရှိတော့။ အခန်းထဲမှာ လနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီး နှစ်ယောက်တည်း။

"အဟင့် ... ဒုက္ခပါပဲ ကိုကြီးရယ် ..."

လမှာတော့ တစ်ယောက်တည်း ခြေမကိုင်မိ လက်မကိုင်မိ လေးနဲ့ နားရွက်လေးကိုင်လိုက် ခေါင်းလေးကိုင်လိုက်လုပ်ကာ ကိုကြီးအနားကို မဝံ့မရဲလေး တိုးကပ်သွားမိသည်။

"ကိုကြီး ... ကိုကြီး ..."

ပခုံးလေးကို ကိုင်လှုပ်ပြီး ခေါ်ကြည့်တော့လည်း ကိုကြီးဆီက ပြန်ထူးသံ မကြားရ။ ပိုဆိုးတာက ခြေထောက်တစ်ဖက်က ခုတင်အောက်မှာကျနေတာ ဒီအတိုင်း။

လ,မနေသာလို့ ...

ကိုကြီးခြေထောက်ကို အတင်းဆွဲမ ကိုကြီးတစ်ကိုယ်လုံးကို ပြုတ်မကျအောင် ဟိုဘက်ကို စောင်းတိုးလိုက်တော့ ...

"အို ... ကိုကြီး ..."

ကိုကြီးက လ,ကိုယ်လုံးလေးကို ခပ်တင်းတင်းလေး ဆွဲ ဘက်ထားလိုက်ပြီ။

"ချစ် ... ချစ်တယ် လရယ် ..."

"ဟင်း ... ဟင်း ..."

"ဟာ ... ဟာ ... ကိုကြီးနော် ..."

လ, ပြန်ရုန်းနေတာ ဘယ်လိုမှ ပြန်ရုန်းလို့မရ။

ကိုကြီးအနမ်းတွေက ကြမ်းလာတော့ လ,မျက်လုံးပြူးလာသည်။ လ, တစ်ကိုယ်လုံး အေးစက်လာသည်။

"ကိုကြီး အရမ်းချစ်တယ် ..."

"ငယ်ငယ်လေးကတည်းက လကိုပဲ ချစ်ခဲ့တာ"

ဖိုးလပြည့်တာပေ



"လကိုပဲ ကိုကြီးလက်ထပ်မယ်ကွာ"

"ဟင့်အင်း ... ဟင့်အင်း ..."

ကိုကြီးရဲ့ ကြမ်းတမ်းသော တုန့်ပြန်မှုတွေအောက်မှာ လ ...ယ်လိုမှ ရင်ဆိုင်တုန့်ပြန်နိုင်စွမ်း မရှိတော့ပါ။ လက်ရှိအခြေအနေ ... လဖြစ်သွားခဲ့တာ ကိုကြီးလက်ထဲက သက်မဲ့အရုပ်ကလေး။

"ကိုကြီးရယ် ... အဟင့် ... ဟင့် ... ဟင့် ..."

နောက်ဆုံးမှာတော့ ...

လူမှန်းမသိအောင် မူးနေတဲ့ ကိုကြီးရဲ့နံဘေးမှာ တရှုံ့ရှုံ့ ...နဲ့ ထိုင်ငိုနေမိတဲ့ လကို ဘယ်သူတွေက ချော့မော့နှစ်သိမ့်ပေး ...လဲ။

အခန်းထဲမှာ ကိုကြီးကို ထားခဲ့ပြီး ...

ဘုရားခန်းလေးရှေ့မှာ တစ်ယောက်တည်း စောင်ခြုံအိပ် ...ဘဝ။

ယူလိုက်တဲ့သူက ...

ယူလို့ယူမှန်းမသိအောင် မူးနေခဲ့ပေမယ့် ...

ပေးလိုက်ရတဲ့ ကောင်မလေးတစ်ယောက်ရဲ့ ခံစားချက် ...ကိုတော့ ဘယ်သူက သက်သေထူ ခံစားနားလည်ပေးနိုင်တော့ ...။

"ဟာ ... ငါဘယ်ရောက်နေတာလဲ ..."

မနက်မိုးလင်းမှ အိပ်ရာက ကမန်းကတန်းထလာတာ တံခွန် ...အားဝဲယာကို ကြည့်လိုက်မိပြီးတော့မှ ရှက်ရှက်နဲ့ပြုံးလိုက်မိတာ ...ယ်လေ။

သေချာသွားပါပြီ ...

ဖိုးလပြည့်တာပေ

www.burmeseclassic.com

www.burmeseclassic.com



ညက မူးမူးနဲ့ ခြံထဲကို ဘယ်လိုကဘယ်လို ပြန်ရောက်လာမှန်းမသိဘဲ လတို့အိမ်မှာ ဝင်အိပ်နေခဲ့မိတဲ့အဖြစ်။

ဒါဆို ... လကရော ဘယ်မှာသွားအိပ်နေလဲ။

ကြီးမေကိုလည်း အရမ်းအားနာဖို့ ကောင်းနေပါပြီ။

"ဟောဗျာ ... "

သူ အခန်းထဲက ကပျာကယာထွက်ကာ ကြည့်လိုက်တော့မှ လက ဘုရားခန်းလေးရှေ့က ကြမ်းပြင်မှာ တစ်ယောက်တည်း အိပ်နေတာကိုး။

သူ မနိူးတော့ဘဲ တိုက်ကြီးပေါ်ကို ပြေးတက်လာကာ ရေကို တစ်ဝကြီး ချိုးပစ်လိုက်သည်။

"တီ ... တီ ... "

ရေသုတ်နေတုန်း ဟန်းဖုန်းလေး မြည်လာလို့ ကောက်ကိုင်လိုက်တော့ စောစောစီးစီး ဆက်နေတဲ့ ဝေဖြိုးဆီက ဖုန်း။

"မောနင်း ဝေဖြိုးရေ ... ပြော ... ပြော ... "

"အောင်မယ် ... အခုမှ ပြော ... ပြောလုပ်မနေနဲ့ ညက လူမှန်းမသိအောင် မူးပြီးတော့ ပြန်သွားတဲ့ကောင်က ငါတို့ရှေ့ ကားနှစ်စီးနဲ့ မင်းကို ငါကိုယ်တိုင် မောင်းပို့ထားခဲ့တာလေ၊ မင်း ကားကို ခြံထဲမှာ တိတ်တိတ်လေးရပ်ပေးပြီးတော့မှ ငါတို့နောက် တစ်စီးနဲ့ပြန်ဒိုးသွားတာ ဘယ်လိုလဲ ... အိမ်မှာအေးဆေးပဲလား"

"ဟား ဟား ... အေးဆေးပါကွ ... "

"အေးဆေးရင်လည်း ပြီးရောလေ ... တံခွန် ငါသတိရ ဆက်လိုက်တာ မောနင်းသူငယ်ချင်း ဆီးယူ ... "





"မောနင်း ... မောနင်း ... "

ဝေဖြိုးပြောမှ ခြံထဲကို သူဘယ်လိုပြန်ရောက်လာသလဲဆိုတာ သဘောပေါက်သည်။ ဟန်းဖုန်းလေးကို စားပွဲပေါ်ပစ်တင်လိုက်ပြီး အဝတ်အစားကိုပါ သူလဲလိုက်သည်။ သူရယ်ချင်နေတာက လဘယ်လောက်စိတ်ကောက်ဒေါပွနေမလဲ ဆိုတာကိုပါ။

နောက်မှပဲ လကို သူမေးတော့မည်။

ခုလောလောဆယ် ဗိုက်ထဲမှာ ဆာသလိုရှိတာနှင့် အောက်ဆပ်က ထမင်းစားခန်းထဲကို သူပြန်ဆင်းခဲ့သည်။

"ဟင် ... မောင်တံခွန် ညက ဘယ်အချိန်ပြန်ရောက်လဲ"

"ဟင် ... ကျွန်တော်ပြန်လာတာ ဒေါ်မွေး မသိဘူးလား"

"ခြံထဲမှာ ကားကို ဒီအတိုင်းရပ်ထားခဲ့လို့ မမေးတော့တာ၊ ဘာလဲ ... အခုမှ ဗိုက်ဆာလို့ အပေါ်ထပ်က ပြေးဆင်းတာလား ဟုတ်လား"

"ဒါပေါ့ ဒေါ်မွေးရာ ... အခု ဘာရှိလဲ ... "

"ပဲပြုတ်ထမင်းကြော်လေးကို ကြက်ဥကြော်လေးနဲ့ ပြင်ပေးထားတယ်လေ ... ကော်ဖီနဲ့မုန့်လည်း စားပွဲမှာအဆင်သင့်ချပြီးသား ... "

"မိုက်တယ် ဒေါ်မွေးရာ ... ဘဲရိုးဖွတ်ပဲ ... "

ဒါဆို ... ညက လ,တို့ အိမ်ဘက်မှာ သူသွားအိပ်တာ ဘယ်သူမှ မသိလိုက်ဘူးဆိုတဲ့သဘောပေါ့ ...

သူ မပြောတော့ဘဲ ဒီအတိုင်းပဲ ထားလိုက်သည်။

"ဟင် ... သား နိုးပြီလား ... "

"ဟာ ... နိုးပြီလေ ... ဒက်ဒီ ... "



www.burmeseclassic.com

www.burmeseclassic.com



ဒက်ဒီကပါ ဘရိတ်ဖတ် စားဖို့ အခန်းထဲဝင်လာသည်။

ဒက်ဒီကိုမြင်ရတာလည်း ကြည်ကြည်လင်လင်လေး... ဒက်ဒီကတော့ အသက်ငါးဆယ်ကျော် ခြောက်ဆယ်နီးပါး ... လာတာတောင် အမြဲတက်ကြွလန်းဆန်းနေတတ်သူ။

"ဘာလဲ ဒက်ဒီ ... သုဝဏ္ဏလေ့ကျင့်ရေးကွင်းမှာ ... ဂေါက်ရိုက်ကျင့်ပြီး ပြန်လာတာလား ..."

"ဒါပေါ့ကွ ... များများတော့ မရိုက်ပါဘူးကွာ၊ ဒီနေ့ ... အလုံးတစ်ရာလောက်ပဲ ရိုက်ပြီးပြန်လာတာ"

"ဟွန်း ... ဒက်ဒီကတော့ တကယ်လန်းတယ်"

နဖူးမှာ ချွေးလေးစို့နေပေမယ့် ဒက်ဒီမျက်နှာလေးက ... ဆန်းတက်ကြွနေတာ အရမ်းသိသာနေသည်။

ဝတ်ထားတာလည်း ...

တီရှပ်လက်တိုလေးကို ဘောင်းဘီတို အဖြူပွပွလေးနဲ့ ... ဝတ်ထားတာလေ။ ဒက်ဒီကတော့ အမြဲဒီလိုပါပဲ။

"အေး ... ဒက်ဒီလန်းတာထက် မင်းဘဝလေး လန်းဖို့ ... ပိုအရေးကြီးတယ်လေကွာ ... ဒီမနက်လည်း ချယ်မှုန်းထင်... နဲ့ ဖုန်းဆက်ချိန်းပြီး ဒက်ဒီတို့နှစ်ယောက် ဂေါက်အတူတူရိုက်ခဲ့တာ"

"ဗျာ ..."

ဒါကိုတော့ သူအံ့ဩသွား၏။

ဒီအဆင့်ထိတောင် ဒက်ဒီတို့လူကြီးနှစ်ယောက်က ကျွမ်း... ပတ်သက်နေပြီလား။

"ရိုက်ရင်းနဲ့ သားရေး သမီးရေးကိစ္စတွေလည်း အေး... ဆေးဆေး ဆွေးနွေးခဲ့တယ်ဆိုပါတော့ကွာ ..."





ပြုံးသနာပဲ ...

သူ မျက်ခုံးလေးပင့်တက်သွားရသည်။

"သူတို့ဘက်ကလည်း ဒက်ဒီသားကို တော်တော်သဘော ကျပါတယ်၊ ဒက်ဒီကလည်း နောက်နှစ်လ ကျော်ငြင်းပြီးတာနဲ့ လက် ဆက်ပွဲကိစ္စတွေ စီစဉ်ဖို့ ကတိပေးခဲ့တယ်"

"ဗျာ ... ဒက်ဒီ ..."

သူ မာမီ့ကိုသာ ငြင်းရဲပေမယ့် ဒက်ဒီရှေ့မှာတော့ မငြင်းရဲ ပါ။

"ဘာလဲကွ ... ဒက်ဒီစကားကို နားထောင်ပြီး တဗျာဗျာနဲ့ မင်းဘယ်လိုဖြစ်နေတာလဲ ... ဒက်ဒီတို့လူကြီးတွေ စီစဉ်တာ အရမ်း မြန်နေလို့ မင်းမျက်နှာပူနေတာလား၊ ဟွန်း ... အတောင်အလက်စုံ လို့ မိန်းကလေးတစ်ယောက်ကို လက်ထပ်တာ ရှက်စရာမလိုပါဘူး ကွာ ... အရေးကြီးတာ လက်ထပ်ခြင်းတစ်ခုရဲ့ အဓိပ္ပာယ်ကို လေး လေးနက်နက် သိထားဖို့ပဲ လိုတယ် ..."

"ဗျာ ... ဒက်ဒီ ... ဘယ်လိုလက်ထပ်ခြင်းရဲ့ အဓိပ္ပာယ်လဲ"

သူ စိတ်မသက်မသာလေးနဲ့ပဲ ဒက်ဒီကို မျက်တောင်လေး တော့ကြည့်ကာ မေးမိသည်။ ဒက်ဒီက ကော်ဖီခွက်ကို ကောက်ကိုင် ကာ တစ်ငုံမော့သောက်လိုက်ရင်း ...

"ဟွန်း ... သားက လူပျိုဆိုတော့ ဒက်ဒီကပဲ ရှင်းပြရတော့ မှာပေါ့ ... ဥပမာ သားမာမီချို့ကိုပဲကြည့် ..."

ဒက်ဒီက နံဘေးမှာ ဘယ်သူတွေရှိနေသလဲဆိုပြီး မျက်လုံး လေးဝေ့ကာ ကြည့်လိုက်သေး၏။ ပြီးမှ စကားကို အေးအေးပဲ



www.burmeseclassic.com

www.burmeseclassic.com



ဆက်ပြောသည်။

"တကယ်ဆို ... သားမာမီနဲ့ဒက်ဒီကို နှစ်ဖက်လူကြီး
သဘောတူလို့ပေးစားလိုက်တာလေ ... ပြောရရင် အဲဒီအချိန်
ဒက်ဒီမှာ အရမ်းချစ်ခဲ့ရတဲ့ ချစ်သူတစ်ယောက်ရှိခဲ့တာပေါ့ ... ရှိလို့
ဒက်ဒီဆုံးဖြတ်ချက်တွေ မပြတ်မသားဖြစ်ခဲ့ရတယ်၊ ချစ်သူကို
လွှတ်ချင်တဲ့စိတ်နဲ့ မိဘကိုတောင် ဒက်ဒီ အတိုက်အခံလုပ်ခဲ့တ
အဲလိုနဲ့ တစ်နေ့မှာတော့ ဒက်ဒီချစ်သူရှိနေတဲ့ အိမ်ကလေးကို ဒ
ရောက်သွားခဲ့တယ် ... အိမ်ရှေ့တံခါးက ပွင့်နေလို့ ဧည့်ခန်းထဲ
ဒက်ဒီတစ်ယောက်တည်း အသံမပေးဘဲ တိတ်တိတ်လေး ဝင်
နေခဲ့တယ် ... အဲဒီအချိန်မှာ ဒက်ဒီရောက်နေတာကို မသိတဲ့ ဒ
ချစ်သူက အိမ်ဖော်မိန်းကလေးတစ်ယောက်ကို ကိုယ့်မှာရှိသမျှ
နဲ့ ရိုင်းစိုင်းဆဲဆိုပြီး အိမ်ဖော်မလေးကို နှိပ်စက်နေတာလေ ...

"ဟာ ... ဖြစ်ရလေ ဒက်ဒီရယ် ..."

"ပြောရမယ်ဆိုရင် ဒက်ဒီချစ်သူက ချောလည်းချောပါတ
လုလည်းလုပါတယ်၊ ဒါပေမဲ့ ... ချစ်သူ ဒက်ဒီရှေ့မှာကျတော့
ကျေးသိမ်မွေ့သယောင်လေးနဲ့ ဒက်ဒီကို ဆွဲဆောင်ထားတာ
သူရဲ့ အတွင်းအစွမ်းတွေကို ဘယ်သူမှမသိအောင် ဖုံးကွယ်
တာကို ဒက်ဒီက သတိမထားမိသလို ဖြစ်နေခဲ့တာ၊ ခုလို သိလို
ရတော့ ဒီမိန်းကလေးကို လက်ထပ်လိုက်ရမှာ ဒက်ဒီကြောက်သွ
တယ် ... ယူပြီးတာနဲ့ အိမ်ဖော်မလေးကို ဆက်ဆံသလို ဒက်ဒီ
ဆက်ဆံတော့မှာ ..."

"အဲဒီတော့ ဒက်ဒီ ဘယ်လိုဆုံးဖြတ်လိုက်သလဲ ..."

"အိမ်က ပေးစားတဲ့ သားမာမီကိုပဲ ဒက်ဒီလက်ထပ်ဖို့ ခေါ်





ညိတ်သဘောတူလိုက်ရတာပေါ့ သားရယ် ... သားမာမီဆိုတာ
အတွင်းသိ အဆင်းသိ ဖြစ်နေတာလေ ..."

"ဒက်ဒီ ဆိုလိုချင်တာက ..."

"လက်ထပ်ခြင်းတစ်ခုရဲ့ အဓိပ္ပာယ်ကို ဒက်ဒီပြောနေတာ
လေ သားရဲ့ ... အဲဒီလက်ထပ်ခြင်းဆိုတာ သူနဲ့ကိုယ် ချစ်တာ မချစ်
တာထက် နှစ်ပေါင်းများစွာ အတူတူလက်တွဲဆက်ဆံသွားဖို့ ဖြစ်နိုင်
မဖြစ်နိုင်၊ စဉ်းစားဆုံးဖြတ်တတ်ဖို့ အရေးကြီးတယ်ဆိုတဲ့ အချက်ဟာ
လက်ထပ်ခြင်းတစ်ခုရဲ့ အဓိပ္ပါယ်ပဲ ... ဒက်ဒီကတော့ အဲလိုပဲ ခံယူ
ထားတယ်၊ ဒက်ဒီ အဓိက ပြောချင်တာက ချယ်မှုန်းထင်ကိုလည်း
ချစ်တာ မချစ်တာထက် လက်တွဲဆက်ဆံသွားဖို့ ထာဝရ ခရီးဖော်
အဖြစ်နဲ့ရွေးချယ်လိုက်စေချင်တယ် ... ကဲ ... သားကို ဒီလောက်
ပြောရရင် ဒက်ဒီကျေနပ်ပြီ ... ဒက်ဒီ သွားမယ် ..."

"ဒက် ... ဒက်ဒီရာ ..."

နဖူးပြင်လေးကြား၊ လက်ချောင်းကလေးတွေ ထိုးသွင်းကာ
ခေါင်းလေးငိုက်စိုက်ကျ ကျန်ခဲ့ရတဲ့ တံခွန်။

ဘာပဲပြောပြော ...

ဒက်ဒီကတော့ ချယ်မှုန်းထင်ကိုပဲ ရွေးချယ်သွားခဲ့ပြီ။

ဒါပေမဲ့ ... သူတကယ်ချစ်ခဲ့တာက ...

သူ့ဘဝရဲ့မိုးကောင်းကင် အမြင့်ကြီးပေါ်မှာ ...

အစဉ်ထာဝရ ... တောက်ပနေခဲ့တဲ့ လင်းလက်လ ... ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၅ )

"ကဲ … နင်ဘာဖြစ်နေသလဲဆိုတာ ငါ့ကိုပြောစမ်း"

လ, ပန်းအိအိလေးကို နောက်ကနေ ခပ်သွက်သွက်ဖက်ပြီး အတင်းဆွဲလှည့်ကာ မေးလိုက်ပေမယ့် ယိုင်သွားတဲ့ ကိုယ်နေဟန်ထားကို ခပ်ဆတ်ဆတ်လေးပဲ လှည့်ထိန်းကာ လ,က မျက်နှာထားမာမာလေးနှင့် ဒီအတိုင်း ဆက်လျှောက်သည်။

ပြီးတော့ … မေးနေတာလည်း မဖြေ။

သူ့မျက်နှာကိုလည်း လှည့်မကြည့်။

"လ,နော် … နင့်ကို ငါမေးနေတယ်နော် … "

နောက်တစ်ကြိမ် ထပ်အော်မေးတော့လည်း ဒီအတိုင်း။

ပြောရရင် … ကျောင်းကြိုပို့ဖယ်ရီကားဂိတ်ကို လတစ်ယောက်တည်း လှစ်ခနဲ ထွက်သွားလို့ တံခွန်က မျက်နှာပျက်ပျက်လေးနှင့် နောက်ကနေ ပြေးလိုက်ခဲ့ရတာပါ။ ဒါကို သိသိကြီးနှင့် လက အရေးမစိုက်လို့ တံခွန် ဒေါပွကာ မျက်နှာလေးပါ ရဲသွားသည်။

"နင် … နင် ငါ့ကို တကယ်ပြဿနာရှာတယ်သိလားလ။





မနေ့ကတစ်နေ့လုံးလည်း ခြံထဲကို ထွက်လာမလားဆိုတာ ငါကြည့်နေတာ လုံးဝမထွက်ဘူး … ညကျတော့လည်း တစ်အိမ်လုံး မီးတွေအမှောင်ချပြီး အစောကြီးအိပ်တယ် … ဟော … ဒီမနက် ကျောင်းသွားတော့လည်း အလစ်မှာ တစ်ယောက်တည်းခိုးထွက်သွားတယ်၊ ဘာလဲ … လမ်းထိပ်ကွမ်းယာဆိုင်နားမှာ အမြဲစောင့်နေတဲ့ ဟိုကလေကချေကောင်တွေ နင့်နောက်ကို မလိုက်လိုက်အောင် နင်တမင်ပဲပေးနေတာလားဟင် … လင်းလက်လ ငါမေးတာဖြေစမ်း"

ဒေါသကြောင့် အသားတွေ တဆတ်ဆတ်တုန်ကာ …

လ, ကျောပိုးအိတ်ကြိုးလေးကို တအားဆွဲလှုပ်ပစ်လိုက်မိတဲ့အထိ သူ့စိတ်တွေက ယောက်ယက်ခတ်သွားသည်။

"ဟုတ်တယ်လေ … အဲဒါ ဘာဖြစ်လဲ … "

"ဟာ … ဘာဖြစ်ရမလဲ … "

သူ မျက်လုံးပြူးကာ လကို အထိတ်တလန့် လှည့်ကြည့်မိ၏။

"အဲဒီနားမှာ နင့်ကိုအမြဲစောင့်ကြည့်ပြီး အလစ်သုတ်ဖို့ ချောင်းနေတဲ့ကျားတွေရှိနေတာ နင်မသိဘူးလား … ဒါကို နင်သိသိကြီးနဲ့ ငါ့ကိုမစောင့်ဘဲ တမင်အလစ်မှာ ထွက်သွားတယ် … အဲဒါ နင်ကောင်းလား … "

"ကောင်းတယ် … "

"ဘာ … ဘာ … "

သူ ဆတ်ဆတ်ခါသွားတာ မျက်နှာတစ်ခုလုံးပါ ရဲဗလောင်းခတ်သွားသည်။ သူ့စိတ်လည်း မထိန်းနိုင်တော့ပါ။ လမ်းကြီးပေါ်မှာ လူတွေ ဝိုင်းကြည့်နေတာကိုလည်း မရှက်နိုင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



လ,ရှေ့ကနေ ဖျတ်ခနဲ ဝိတ်ရပ်လိုက်ပြီးတော့ ...

ပခုံးလေးနှစ်ဖက်ကို ဆွဲကိုင်လှုပ်ယမ်းမေးလိုက်သည်။

"ပြန်ပြောစမ်း လင်းလက်လ ... ဘာကောင်းတာလဲ၊ ငါ့ကို အရွဲ့တိုက်နေတာကို ကောင်းတယ်လို့ နင်ပြောနေတာလား ... နင်လုပ်ချင်တာ လျှောက်လုပ်နေတာကို ကောင်းတယ်လို့ နင်ထင်နေတာလား"

"ဟာ ... ဟာ ... ကိုကြီး ဘယ်လိုဖြစ်နေတာလဲ ... "

လ,ခြေစုံရပ်ကာ အသံတုန်တုန်လေးနဲ့ ပြောလိုက်ရပေမယ့် ကိုကြီးရှေ့မှာ တစ်ကိုယ်လုံး ခွေယိုင်လဲကျချင်နေတာ လပဲ အသိဆုံး။ ပြောရရင် ... ခံစားချက်ပေါင်းများစွာနဲ့ ...

လ,အသည်းနှလုံးထဲမှာ နာကျင်နေခဲ့ရတာပါ။

ဒီလို နာကျင်နေခဲ့တာကို ကိုကြီးမသိခဲ့ဖူးမို့လား။ မှုံးမှုံးရှူးနဲ့ ပန်းနုနုလေးတစ်ပွင့်ကို ချွေချင်တိုင်း ချွေသွားခဲ့တဲ့ ညလေးတစ်ညကို ကိုကြီး မသိခဲ့တာ လပိုပြီးတော့ ရင်နာတယ်။

ရပါတယ် ကိုကြီး ... ဒီကိစ္စကို ဘယ်သူမှမသိအောင် လ မျိုသိပ်ထားလိုက်ပါတော့မယ်။ လ,ထိုက်နဲ့ လ,ကံပဲ ရှိပါစေ။

"နင် ... နင် ... ငါဘာဖြစ်နေတယ်ဆိုတာ မသိဘူးလားဟင် လ ... နင် ပြောစမ်း ... မှန်တေတေမျက်နှာနဲ့ နင် ငါ့ကို ပြန်မော့မကြည့်နဲ့ ... ဘာလဲ ... ဟိုနေ့ညက လူမှန်း သူမှန်းမသိအောင်မူးနေလို့ နင်အခန်းထဲမှာ အိပ်ပျော်သွားတာ၊ ဒါကို နင်ပြဿနာရှာနေတာလား ... အေး ... ငါအရက်တွေသောက်လာလို့ နင်ဒေါသနေတယ်ဆိုရင်လည်း ငါခံရမှာပဲ၊ ငါကတော့ ဘာမှမသိတော့ဘူး အိပ် ပျော်သွားလိုက်တာ ... အိပ်မက်ထဲမှာတောင် နင့်ကို





တအားဖက် ထားလိုက်မိသေးတယ် ... "

"အော် ... ဟော် ... တော်တော်ကောင်းတဲ့ အိပ်မက်လေးပွန်း ... "

လ,ရင်နာနာနဲ့ နှုတ်ခမ်းလေးကို မဲ့လိုက်မိရပါချေပြီ။ အိပ်မက်လေးတဲ့ ... အိပ်မက်ထဲမှာတောင် နင့်ကို တအားဖက်ထားလိုက်မိသေးတယ်တဲ့။ ကောင်းပါတယ် ... ကိုကြီး ဘာမှမသိခဲ့တဲ့အတွက် ဒီဇာတ်လမ်းကို ဘာမှထပ်ဆက်နေစရာ မလိုတော့ဘူးဆိုတာ လ, နားလည်တယ်။

အရေးကြီးတာ ... ကိုကြီးကို လ,မေ့လိုက်ဖို့ပါ။

ဒီမနက်မှာ မေမေ အသိပေးလိုက်တဲ့ စကားတစ်ခွန်းက အလှင်လတ်လတ် မိုးကြိုးပစ်ချခံလိုက်ရသလို ... လ,ခံစားခဲ့ရတယ်ဆိုရင် ကိုကြီး ဘာပြောမလဲဟင်။

"မိလ ... "

"ရှင် ... မေမေ ... "

"ညည်း ... ကျောင်းသွားဖို့ ပြင်ဆင်နေတာလား"

"ဟုတ် ... မေမေ ... "

ထူးထူးဆန်းဆန်း မေမေ အခန်းထဲထိ ဝင်လာတာ။

ဘာမှမသိဘဲ ကြောင်တောင်တောင်လေး ပြန်ကြည့်လိုက်မိသေး။ အနားရောက်လို့ ဟင်းခနဲနေအောင် မေမေ သက်ပြင်းချလိုက်တော့မှ ...

"ဟင် ... မေမေ ဘာဖြစ်လို့လဲ ... "

"ဟင်း ဟင်း ... ငါပြောတယ် ... အစကတည်းက ညည်းကိုပြောတယ် ကိုကြီးတံခွန်နဲ့ ကင်းကင်းနေပါ ... ကင်းကင်းနေပါ



www.burmeseclassic.com

www.burmeseclassic.com



လို့ ... ခုတော့ ... ခုတော့ ကောင်းကြသေးရဲ့လားဟင် တံခွန် ... တံခွန့်ကို ချယ်မှုန်းထင်ဆိုတဲ့ကောင်မလေးနဲ့ ဈေးစပ်ပြီး ကျောင်းပြီးတာနဲ့ ပေးစားလိုက်တော့မယ်တဲ့ ...”

“ဘုရားရေ ...”

လ,တစ်ကိုယ်လုံး သိမ်ငယ်သွားသလို ခံစားလိုက်ရတာ နာကျင်အေးစက်မှုတွေများစွာနဲ့ ... ။

“အဲဒါ ... အဲဒါ ညည်းမသိမှာစိုးလို့ ငါလာပြောတာ၊ နောက်ဆုံးကျတော့ ပွဲ့မွေးချို့ စိတ်ဓာတ်က အဲဒီစိတ်ဓာတ်ပဲ ... အဲဒါ ဟိုဘက်တိုက်ထဲသွားပြီး ညည်း ... သည်းသည်းလှုပ်ပြမနေနဲ့၊ သူ့ဟာသူ ဘယ်သူနဲ့ပေးစား ပေးစား ... ညည်း ဝမ်းသာပြရမယ်၊ တိမ်တံခွန်ထက်သာတဲ့ ယောကျ်ားတစ်ယောက်ကို ညည်းခေါင်းခေါက်ယူပြရဲ့ရမယ် ... ဟဲ့ ... ငါပြောတာ ကြားလား ...”

ကံကောင်းလို့ ... ခေါင်းခေါက်မခံခဲ့ရတဲ့ လရဲ့အဖြစ်။

ဒါကြောင့်မို့ လ,တစ်ယောက်တည်း ကျောင်းဖယ်ရီကားဂိတ်ကို ထွက်လာခဲ့တာပါ။ ဒါကို ကိုကြီးက ငိုချင်လျှက်လက်တို့လိုက်လုပ်နေတာ လ,ဘယ်လိုပြောရမလဲ ... လ,အရမ်းမုန်းသွားတဲ့ ကိုကြီးရဲ့မျက်နှာကို လဘယ်လိုမော့ကြည့်ရမလဲ။

ကိုကြီးရယ် ... လ,ရှေ့ကနေ အမြန်ဆုံးထွက်သွားပါတော့။

လ, ကိုကြီးနဲ့ မျက်နှာချင်းမဆိုင်ပါရစေနဲ့။

တောင်းပန်ပါတယ် ကိုကြီးရယ် ...

လ နှုတ်ခမ်းမဲ့မဲ့လေးနဲ့ ပြန်ပြောလိုက်ရင် နာနာကျင်ကျင့်လေး ရပ်နေမိတာ ကျောက်ဆစ်ရုပ်လေး တစ်ရုပ်လိုပင်။

“ဟုတ်တယ်လေ ... အိပ်မက်က ဒီအတိုင်းမက်လို့ အမှန်





အတိုင်း ကိုကြီးပြောလိုက်တာ ... နင်တို့ အိမ်ကလေးပေါ်ရောက်သွားတာလည်း ငါမသိလိုက်ဘူး၊ အိပ်ရာကလန့်နိုးသွားလို့ ပြူးပြူးပြဲပြဲ ကြည့်လိုက်တော့မှ ဘုရားခန်းရှေ့မှာ နင်စောင်ခြုံကွေးနေတာတွေ့လို့ ငါတောင် ပြုံးလိုက်မိသေးတယ်”

“ဟွန်း ...”

တွေ့လား ... ကိုကြီးပြောပုံက ...

နင် စောင်ခြုံကွေးနေတာတွေ့လို့ ငါတောင် ပြုံးလိုက်မိသေးသတဲ့။ ကောင်းပါတယ် ... ဖြစ်ခဲ့သမျှတွေအားလုံးကို ဒီအတိုင်းထားလိုက်တာ အကောင်းဆုံးပဲ ... ကိုယ့်ရင်ထဲက ခံစားချက်တွေကိုလည်း လ, ဘာမှမပြောချင်တော့ပါဘူး။

“ဖယ်နော် ကိုကြီး ... လရှေ့က အခုဖယ် ...”

“မဖယ်ဘူး ...”

“ကျွတ် ...”

လ,နားရွက်လေးကုတ်ကာ စုတ်သပ်လိုက်ပေမယ့် ကိုကြီးကတော့ လကို လမ်းဖယ်ပေးမယ့်ပုံမပေါ်။

“အမလေး ... ကျွတ်တွေ ခြွတ်တွေလုပ်မနေနဲ့၊ ခင်ဗျားလေးရဲ့အထာကို ဒီကကောင်က ရိုးနေပြီ၊ ကျုပ်မေးတာကိုပြောရင်ပြော မပြောလို့ကတော့ ဟွန်း ... ဟင်း ...”

လက်ကိုလည်း ဖြန့်ဆန့်ထားသည်။

အရပ်မြင့်မြင့်ကြီးနဲ့လည်း ရှေ့ကနေ ဝိတ်ကာထားသည်။

“ဟာ ... ကိုကြီး ဘာဖြစ်နေတာလဲ”

လ,အော်တာလည်း ကိုကြီးမဖြုံ။

“ဒီမှာ ဖြစ်နေတာက ငါမဟုတ်ဘူး နင် ... ဟိုတစ်နေ့က



www.burmeseclassic.com

www.burmeseclassic.com



စိတ်မထိန်းနိုင်လို့ နမ်းလိုက်မိပြီးကတည်းက နှင့်ပုံစံလေးနဲ့ နှင့်အချိုးလေးက ပြောင်းသွားတာ၊ အေး … ငါချစ်ခဲ့တာကို နှင်လက်မခံနိုင်လည်း ငါ့အချစ်တွေအားလုံးကို ဒီနေ့ကစပြီး ပြန်ရုတ်သိမ်းတယ် … မောင်နှမလိုပဲ ဆက်မင်ဆိုလည်း ခင်မယ် …”

“ဘာ … ဘာရယ် …”

“ဟွန်း … လင်းလက်လရယ် … ငါဒီလောက်လေး ချစ်တယ်ပြောမိတာနဲ့ နှင် ငါ့ကိုတစ်ချိန်လုံး ရန်လုပ်နေတာ၊ ငါမသိဘဲနေပါ့လား … ဂျူကိုင်ပြီး တောင်းပန်မှ ကျေနပ်မယ်ဆိုလည်း ဂျူကိုင်ပြီးတော့ တောင်းပန်ပါတယ်”

“သြော် … သြော် …”

လ ကြောင်တောင်တောင်လေးဖြစ်သွားရတာ အေးစက်နာကျင်မှုတွေများစွာနဲ့ ကိုကြီးပြောနေတဲ့စကားတွေက လနှလုံးသားတွေကို တဖျတ်ဖျတ်လေးနဲ့ တဆတ်ဆတ်လေး နာသွားအောင် ပြောနေတဲ့စကားတွေ ဖြစ်နေခဲ့ပြီပေါ့။

မောင်နှမလိုပဲ ဆက်ခင်မတဲ့။

ဂျူကိုင်ပြီးတော့လည်း တောင်းပန်သတဲ့။

“ဟွန်း … အဲဒါ ကိုကြီး တကယ်ပြောတာနော်”

“တကယ်ပြောတာပေါ့ လင်းလက်လရဲ့ …”

လ, ဟန်ဆောင်ရယ်ချပစ်လိုက်ဖို့ပဲ ဆုံးဖြတ်လိုက်မိပြီ။

“ဟား ဟား … ကိုကြီးရယ် … ကိုကြီး အဲလိုပြောတော့မယ်ဆိုတာ သိလို့ … လကလည်း ကိုကြီးပြောအောင် တမင်စိတ်ကောက်ပြနေတာ၊ ကဲ … ရှေ့ကဖယ်ပါ၊ နောက်ဆိုရင် ကိုကြီးလည်း အေးဆေးနေ၊ လ,လည်း အေးဆေးနေမယ် …”





မလုံမလဲလေးနဲ့ ဟန်ဆောင်ပြုံးနေရတဲ့အဖြစ်ဟာ တကယ့်ကိုပဲ ဆိုးဝါးလွန်းလိုက်တာနော်။ ကိုကြီးကတော့ … လ, စိတ်ကောက်ပြေချင်ဟန်ဆောင် လိုက်တာကို တကယ်ယုံသွားခဲ့ပြီ။

“တကယ်ပဲကွာ … တကယ်ပါပဲ … ငါမှာတော့ သူနှုတ်ခမ်းလေးနမ်းလိုက်မိတာလေးနဲ့ပဲ ခြေသလုံးဖက်ပြီး တောင်းပန်ရတော့မယ်ထင်ထားခဲ့တာ၊ အခုလည်း … နှင် ငါ့ကိုပြန်မချစ်နိုင်မှန်းသိလို့ ချယ်မှုန်းထင်ကိုပဲ ငါ့ဘဝရဲ့ အိမ်ထောင်ရေးခရီးဖော်အဖြစ်နဲ့ လက်တွဲဖို့ ဆုံးဖြတ်လိုက်ပါပြီ”

“အမလေး … သိတယ် သိတယ် … အဲဒါလည်း ကျွန်တော်မျိုးမ အားလုံးသိတယ် … အရေးထဲမှာ ကြော်ငြာလာဝင်မနေနဲ့”

“နှင် … ဘာမှမဖြစ်ဘူးနော် …”

“အို … ဘာဆိုင်လို့ဖြစ်ရမှာလဲ … လနဲ့ကိုကြီးက မောင်နှမတွေပဲဥစ္စာ … ကိုကြီး မိန်းမယူတာ လနဲ့အနေသာကြီး”

“လရယ် … နှင်ဟာလေ တကယ့်ညို့ချက်ပြင်းတဲ့ နှင်းဆီလေးတစ်ပွင့်လိုပဲ … အခုမှောက်လိုက် အခုလှန်လိုက်နဲ့၊ နှင် ငါ့ကိုဟန်ဆောင်ပြောနေတာတော့ မဟုတ်ပါဘူးနော် … လင်းလက်လ”

မသက်သာသလိုလည်း လ,မျက်နှာလေးကို ကိုကြီး တစ်ချက်ကြည့်သည်။ ပန်းချင်း ထိမသွားအောင်လည်း ကိုကြီးတမင် ရှောင်လျှောက်လိုက်တာ လ, သတိထားလိုက်မိ၏။

“ဟာ … မဆောင်ပါဘူး ကိုကြီးမိန်းမယူတာ လက စိတ်ဆင်းရဲပြနေစရာလား”

“ဟင် … ဟိုအစတုန်းက နှင်ပြောတော့ ချယ်မှုန်းထင်နဲ့ပတ်သက်တာတောင် မကြိုက်ဘူးဆို … ဘယ်မိန်းမကိုပဲယူယူ နှင်



www.burmeseclassic.com

www.burmeseclassic.com



သဘောမတူဘူးဆို ... အခုမှ ဘယ်လိုဖြစ်ပြီး သဘောတွေ ခွင်
ကောင်းသွားတာလဲ"

"ဟင် ... အဲဒါ ကိုကြီး မသိသေးဘူးလား ..."

"မသိလို့မေးနေတာပေါ့ လင်းလက်လရဲ့ ..."

"ဟား ဟား ... အဲဒါ ကိုကြီးတကယ်တုံးတယ်သိလား ကိုကြီးကို အီးပေါလောကြီးလို့ ပြောရင်လည်း ကိုကြီးခံနိုင်မှာ မဟုတ်ဘူး ... မယုံရင် ဟိုရှေ့ဓာတ်တိုင်အောက်ကို ကြည့်လိုက်"

"ဟင် ... ဘယ်ဓာတ်တိုင်လဲ ..."

ကိုကြီး နားမလည်နိုင်သလို လပြတဲ့ ဓာတ်တိုင်အောက်ကို အပြုံးအပြ လှမ်းကြည့်သည်။

"တွေ့လား ကိုကြီး ... ကော်လံပြတ်လက်ရှည်အဖြူလေးကို ပုဆိုးအပြာကွက်လေးနဲ့တွဲဝတ်ထားပြီး ရပ်နေတဲ့ကောင်လေး"

"ဟာ ... တွေ့တယ်လေ ..."

"အဲဒါ ... လနောက်ကို တကောက်ကောက်လိုက်နေတဲ့ ကောင်လေး ..."

"ဘာ ... ဘာပြောတယ် လင်းလက်လ ..."

ကိုကြီး မျက်နှာပျက်လျက် မေးကြောတွေကို ထောင်ထသွားတာ တကယ့်ကို ရယ်စရာကောင်းတဲ့ ဟာသဇာတ်လမ်းတစ်ပုဒ်ပါပဲ။

"ဒီကောင် ... ဒီကောင် ... နင်နောက်ကိုလိုက်တယ်"

"ဟုတ်တယ်လေ ... လကလည်း သူ့ကိုသဘောကျလို့ အဖြေပေးတော့မှာ ... ပြောချင်တာက ကိုကြီးလည်း မိန်းမယူ လလည်း ကိုယ်ကြိုက်တဲ့ ရည်းစားကိုယ်ထားမယ် ဒါပဲ ... ကိုကြီး





ကိုလည်း လမနှောက်ယှက်ဘူး ... လကိုလည်း ကိုကြီးမနှောက်ယှက်နဲ့ ..."

"အောင်မာ ... ဒီလို လမ်းဘေးက ကောင်ကိုများ နင်က"

"ဟာ ... ကိုကြီးနော် ..."

ကိုကြီး ပေါက်ကွဲသွားတာ ... ရုတ်တရက်မို့ လ,တားလိုက်နိုင်တောင် မရ။

မျက်နှာကြီးရဲလျက် ရှူးရှူးရှားရှားနှင့် ဓာတ်တိုင်အောက်ကို ရှေ့က အရင်ရောက်အောင် လျှောက်သွားတော့ မျက်နှာငယ်ငယ်လေးနှင့် ကိုကြီးနောက်ကို လ,ပြေးလိုက်ခဲ့ရပြီ။

"ကိုကြီး ... ကိုကြီး ..."

လ,အော်လည့်း ကိုကြီး လှည့်မကြည့်တော့ပါ။

ပြဿနာပဲ ... လ,က ကိုကြီးကို တွေ့တဲ့ကောင်လေး လက်ညှိုးထိုးပြပြီး မခံချင်အောင်ပြောလိုက်တာလေ ... ဒုက္ခပါပဲ။

"ဟာ ... ကိုကြီး ..."

ကိုကြီးက မပြောမဆို ထိုကောင်လေးရဲ့ အင်္ကျီကော်လံစနှစ်ဖက်ကို ခပ်တင်းတင်းလေး ဖျစ်ညှစ်ဆုပ်ကိုင်ပစ်လိုက်ပြီ။

"ဟေ့ကောင် ... မင်းလား ... ငါ့ညီမနောက်ကို လိုက်တာ"

"ဗျာ ..."

"ဒီမှာ တွေ့လား ... လက်သီး ... နောက်တစ်ခါလိုက်ရဲလိုက်ကြည့် ..."

"ဟာ ... ကျွန်တော် ... ကျွန်တော် ဘယ်မှာလိုက်လို့လဲဗျ"

"ကဲ ... မလိုက်ဘူးဆိုလည်း ထိုးတယ်ကွာ ... ထိုးမယ်"

"ခွပ် ... ခွပ် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟာ … ရှုတ်ကုန်ပါပြီ ကိုကြီးရယ် … အဟင့်ဟင့် …"

လ,ဘာပြောရမှန်းလည်းမသိ။ ဘာလုပ်ရမှန်းလည်းမသိ။

လ,အနားကို ရောက်သွားတော့ ရုပ်ရည်သန့်သန့်လေးနဲ့ အရပ်မြင့်မြင့် ကောင်လေးကို ကိုကြီးက နှစ်ချက်တောင် ထိုးပ… လိုက်ပြီ။

"ဟို … ဟို … ရှင့်ကို လ,တောင်းပန်တယ်နော် …"

လ,ထိုကောင်လေးကို တောင်းပန်တာ ကိုကြီးကလက်မ… ကောင်လေးက သွေးစွန်းသွားတဲ့ နှုတ်ခမ်းလေးကိုပွတ်ရင်း ကြော… တောင်တောင် အမူအယာကလေးနှင့် လကို ငေးကြည့်လိုက် … ကိုကြီးကို ငေးကြည့်လိုက် ဖြစ်နေသည်။

"မတောင်းပန်နဲ့ … နောက်တစ်ခါဆို မင်းသေပြီပဲ …"

လ,လက်ကို ဆွဲထွက်သွားတော့ … ကိုကြီးနောက်ကို လ… ဒရွတ်တိုက်လေး ပါသွားသည်။ တစ်လမ်းလုံး လ,ကို ဆူပူကြိမ်… မောင်းလာတာလည်း လ ဘယ်လိုမှ နားမခံသာတော့ပါ။

"ဟွန်း … လမ်းဘေးမှာရပ်စောင့်နေရတဲ့ ကောင်ကိုမှ… နင်က ရည်းစားထားချင်ရတယ်လို့ … ဘယ်က ကလေကချေ… လည်းမသိ၊ ရုပ်ကလေးချောတာလောက်နဲ့ နင်သွားကြိုက်ဖို့ မ… စားနဲ့ … ဒီကောင်နဲ့ ရှုတ်ရှုတ်ယှက်ယှက် နင်ပတ်သက်ရဲ ပ… သက်ကြည့် …"

လ, စိတ်မကောင်းဖြစ်သွားတာ …

လ,ကြောင့် ထိုကောင်လေး မဆီမဆိုင် အထိုးခံသွားရတာ…

"ဟွန်း … ကိုကြီးတော်တော်ရိုင်းတယ် …"

"ဘာ …"





"လ ထားမယ့်ရည်းစားကို ကိုကြီးအဲလို ရိုင်းရင် ကိုကြီးယူမဲ့ မိန်းမကိုလည်း လ,ရိုင်းပြမယ် …"

"ဩော် … ဩော် … နင်က နင့်ကောင်ကိုထိတော့ တော် ဆော်နာနေတာပေါ့။ ဟုတ်လား … ဒီမှာ ငါက နင့်ကို မောင်နှမ စိတ်မျိုးနဲ့ နင့်ကို ကာကွယ်စောင့်ရှောက်ပေးနေတာ၊ နင့်ဘဝ ပျက် သွားမှာစိုးလို့ ဆုံးမနေတာ …"

"ဘုရား … ဘုရား …"

ကိုကြီးစကားကြောင့် လ,ဘုရားတမိရပါပြီ။

နင့်ကို မောင်နှမစိတ်နဲ့ ကာကွယ်နေတာတဲ့။

ကိုကြီးရယ် … ကိုကြီးနဲ့လဟာ …

မောင်နှမတွေ မဖြစ်နိုင်တော့တာ ဘုရားသိတယ်လေ။

လ, ဖြစ်စေချင်တာ …

လ,ကို အဲဒီစိတ်နဲ့ စောင့်ရှောက်ပေးစေချင်တာမဟုတ်ဘူး၊ လ,ဘဝ တစ်သက်တာလုံးမှာ တိတ်တိတ်လေးချစ်လာခဲ့ရတဲ့ ကိုကြီးကို စွန့်လွှတ်လိုက်ရမှာ ကြောက်တဲ့ အချစ်စိတ်တွေနဲ့ ကာ ကွယ်စေချင်ခဲ့တာ။

ဘုရား … ဘုရား … ဘုရားရှင် ကယ်တော်မူပါ …

ဒီဇာတ်လမ်းမှာ … ဘယ်သူမှ မမြင်ရတဲ့ မျက်ရည်တွေနဲ့။

အခန်းကျဉ်းကလေးထဲမှာ လ,တစ်ယောက်တည်း မကျန် ခဲ့ပါရစေနဲ့။ လ,မျက်လုံးလေး ဝိုင်းကာ …

အေးစက်စက်လေးပဲ ကိုကြီးကို ငေးကြည့်နေခဲ့မိပြီ။

www.burmeseclassic.com

## အခန်း ( ၁၆ )

"ဟာ ... တံခွန်ရာ ... လ,ကို မင်းဘာလို့ အဲလိုသွားပြော
လိုက်ရတာလဲ၊ ဖွင့်ပြောတုန်းက ပြောလိုက်ပြီးမှ တောင်းပန်ပြီးပြ
ရုတ်သိမ်းလိုက်တယ်ဆိုတော့ ... လ,က မင်းကို ဘယ်လိုထင်သွား
မလဲ ... "

"မတတ်နိုင်ဘူး ကျော်သက်ရာ ... သူလက်မခံနိုင်တာကြီး
ကို ငါအတင်းရှေ့ဆက်ရမှာ ခက်သွားလို့ပါ ... "

သူ စိတ်ဓာတ်ကျကာ ...

ကျော်သက်တို့အဖွဲ့ကို ဖွင့်ပြောမိလိုက်ရတဲ့အထိ ဖြစ်သွား
သည်။ ဒီအကြောင်းသိသွားတော့ ကျော်သက်တို့တစ်ဖွဲ့လုံး ခေါ
တစ်ခါခါ သက်ပြင်းတချချနှင့် သူ့ကိုပဲ တစ်ယောက်တစ်ပေါက် ဝိုင်း
အပြစ်တင်ကြသည်။

"ဟုတ်တယ် တံခွန် ... ဒီကိစ္စက မင်းအရမ်းမှားသွားပြီ
တာ သိသာတယ် ... လကလည်း မင်းကို အထင်လွဲသွားပြီဆို
ဗေဒင်မေးစရာ မလိုတော့ဘူး ... မင်းကွာ ကိုယ့်ရင်ထဲက နှလုံးသား
ကို လိမ်ညာနေစရာလား၊ အခု ... မင်းက လမုန်းသွားမှာကြော





ပြီး ကိုယ့်စကားကိုယ် ပြန်ရုတ်သိမ်းလိုက်တယ်ဆိုတော့ လ,က
လည်း မင်းကို ဘယ်လောက်ချစ်ချစ် ဟန်ဆောင်နေလိုက်တော့
မှာပေါ့ ... "

"အေး ... ဘာပဲပြောပြော ဒီပွဲမှာ အရေးကြီးတာက ချယ်
မှုန်းထင်ပဲလေ ... တံခွန် ... "

"ဘယ် ... ဘယ်လို ဝေဖြိုး ... "

သူ့အကြည့်တွေ ဝေဖြိုးဘက် ချာခနဲ ရောက်သွားသည်။

"အခု ... ချယ်မှုန်းထင်က လင်းလက်လ အတန်းဘက်ကို
သွားနေပြီ ... "

"ဟာ ... ကြည့်စမ်း ... "

သူ ... မျက်နှာပျက်ကာ ...

ရင်ထဲမှာလည်း ပူသွားသည်။

ချယ်မှုန်းထင်က လတို့ အတန်းဘက်ကို သွားနေပြီတဲ့။

ဒီလိုသွားတာ ဘာရည်ရွယ်ချက်တွေနဲ့လဲ။

"ချယ် ... ချယ် ... ဘာသွားလုပ်တာလဲဟင် ဝေဖြိုး ... "

"ငါလည်း ... အဲဒီဘက်က လျှောက်လာလို့ တွေ့လိုက်တာ
ခင်းသိပါတယ် ... လင်းလက်လဆိုတဲ့ ကောင်မလေးကို ချယ်မှုန်း
ထင် ဘယ်လောက်မုန်းနေသလဲဆိုတာ ... "

"ပြဿနာပဲ ဝေဖြိုးရာ ... "

သူထပ်ပြီးတော့ စိတ်ညစ်သွားရတာလဲ အမှန်ပင်။

လ,အပေါ်မှာ နာကြည်းနေတဲ့ ချယ်မှုန်းထင်။ သူ လ,ကို
တစ်ခုခုပြဿနာရှာချင်လို့ သွားတာလားဆိုတာတော့ သူလည်း
ဝေခွဲတတ်ပါ။

www.burmeseclassic.com



နောက်ဆုံးမှာတော့ ...

သူ လိုက်သွားခဲ့မိတာ လကို စိတ်မချလို့။

ချယ်ကလည်း ခပ်တည်တည်ပါပဲ။

ဒက်ဒီပြောစကားအရ တံခွန်နဲ့ချယ့်ကို လက်ထပ်ပေးစား ဓနစပ်ပွဲတောင် မကြာခင်လုပ်တော့မှာဆိုတော့ ... ဒါကို လင်းလ လဆိုတဲ့ ဟိုကောင်မလေး သိထားသင့်တယ်လေ။

ဒါဟာ ... ချယ်ရဲ့ အဆုံးမဲ့ ရည်ရွယ်ချက်ပါပဲ။

လက်ဖမိုးပေါ်က သေရာပါ အမာရွတ်ကလေးကိုမြင်တိုင်း နင့်သည်းနေအောင် နာကျင်ခံစားခဲ့ရတာတွေအားလုံးအတွ လင်းလက်လဆိုတဲ့ ကောင်မလေးရဲ့ နှလုံးသားထဲမှာ သေရွာ ဒဏ်ရာလေးတစ်ခု ရသွားစေချင်ခဲ့တာ ချယ်ရဲ့ အဓိကမျှော်မှန်းချ ပါပဲ။

ဒီရည်ရွယ်ချက် ဒီမျှော်လင့်ချက်တွေရှိခဲ့လို့လည်း တံခွန် နီးနီးကပ်ကပ် အရောဝင်ဆက်ဆံခဲ့တာ လုပ်ငန်းခွင်ထဲအထိ သွားပြီး ဒက်ဒီနဲ့ရော မာမီနဲ့ပါ တံခွန့်ကို မိတ်ဆက်ပေးခဲ့တာ။

တံခွန်နဲ့ လက်ထပ်ခွင့်ရဖို့ ...

ဒက်ဒီဆီမှာ မရှက်မကြောက် တောင်းဆိုခဲ့တာ။

ဒါတွေအားလုံးကို ချယ်လုပ်ခဲ့တာ။

ခံစားချက်ပြင်းပြင်းနဲ့ ရည်ရွယ်လုပ်ခဲ့တာပါပဲ။

ခုတော့ ... လင်းလက်လဆိုတဲ့ကောင်မလေး ဘာတတ် သေးလဲ။ ချယ်မှုန်းထင်ဆိုတဲ့ မိန်းမတစ်ယောက်ရဲ့ နာနာကြည်း ကြည်း တုန့်ပြန်မှုတွေကို လင်းလက်လဆိုတဲ့ ကောင်မလေးတ ယောက်ကိုယ်တိုင် မျက်ရည်စက်လက်နဲ့ ဒူးထောက်အညံ့ခံသွာ





စေရမယ်။

ဒါဟာ ... ချယ်မှုန်းထင်ရဲ့ အတ္တဗေဒပဲ။

ချယ်မှုန်းထင်ရဲ့ ရှုးသွပ်ခံစားမှုတွေပဲ။

ဟော ... ကြည့်စမ်း ဟိုမှာ လင်းလက်လ။

ကျောင်းသူလေးတွေ အုပ်လိုက်ကြားထဲမှာ လင်းလက်လ ဆိုတဲ့ ကောင်မလေးတစ်ယောက်ကို တွေ့လိုက်တာနဲ့ ချယ်နှုတ် ခမ်းလေးက သူ့အလိုလိုလေး ဟွန့်ခနဲ မဲ့တက်သွားသည်။ ပြီးတော့ လည်း ... ချယ်လက်ထဲမှာ ကိုင်လာသည့် အနီရောင်ရင့်ရင့်နှင်းဆီ လေးတစ်ပွင့်ကို တအားရှိုက်နမ်းလိုက်မိ၏။

လ,ကလည်း ချယ်မှုန်းထင်ဆိုတဲ့ မိန်းမတစ်ယောက်ကို မြင် လိုက်တော့ အံ့ဩကာ မျက်တောင်လေးတွေ ကော့ပျံ့လျက်။

"ဟင် ..."

နံဘေးမှာ အတူရှိနေသည့် သွန်းသွန်းကလည်း ချက်ခြင်း သဘောပေါက်သွားသည်။ လ, လက်မောင်းလေးကို တင်းတင်း လေးဆွဲချိတ်ကာ ဟိုဘက်ကို လှည့်ထွက်သွားဖို့ ခြေလှမ်းလေး ပြင် လိုက်တော့ ...

"ဟိတ် ... လင်းလက်လ ..."

ချယ် ခေါ်လိုက်ပါပြီ။

ဒီလို မသိချင်ဟန်ဆောင် လှည့်ထွက်သွားလို့ ဘယ်ရမလဲ။ ချယ် နှုတ်ခမ်းမဲ့မဲ့လေးနှင့် ရှေ့ဆက်လှမ်းကာ သူမတို့နှစ်ယောက် နားအထိ ရောက်အောင်လျှောက်သွားသည်။

"ခဏလောက်နေပါဦး ..."

ချယ် ဂရုမစိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒီပြဿနာကောင်မလေးကို ပြောစရာရှိတာတော့ ချယ် ပြောရမည်။ ချယ်ရင်ထဲမှာ ပြောစရာရှိနေတဲ့ စကားတွေကိုပြောလို့ မကျေနပ်လည်း လဲသေလိုက်ပေ့ါ။

ချယ်ပေးချင်တာ တစ်သက်တာ နာကျင်မှု။

"ဟို ... ဟို ... ဘာလဲဟင် ... မမချယ်မှုန်းထင် ... "

လ,ကတော့ ကိုယ့်ထက်အသက်အရွယ်ကြီးသူမို့ မမလို့ခေါ် လိုက်ပေမယ့် ရင်ထဲမှာနာသွားရတာက အထက်စီးက ကြည့်လိုက် တဲ့ ချယ်မှုန်းထင်ရဲ့ မျက်ဝန်းစူးလှဲ့လှဲ့ကြီးတွေကြောင့်ပါပဲ။ ဘာလဲ ဟင် ... ဘာဖြစ်လို့ လ,ကို ဒီလိုလှမ်းခေါ်လိုက်တာလဲ။

"တို့ ... မင်းနဲ့တွေ့ချင်လို့ တမင်လာရတာ ... "

ချယ် ပြုံးပြလိုက်မိပေမယ့် နာကျင်စွာပါ။

"ဟိုလေ ... ကိစ္စရှိလို့လားဟင် ... မမ ... "

လ,ကလည်း ဟန်မပျက်လေး ပြန်မေးလိုက်ပေမယ့် ရင်ထဲ မှာ ခပ်ရှရှလေး ဖြစ်နေသည်။ ပြောရရင် ... လ,က ချယ်မှုန်းထင်ဆို တဲ့ မမနဲ့ ရင်မဆိုင်ချင်။

ကိုကြီးကိုလည်း စိတ်နာနေသည်။

"ဟွန်း ... ကိစ္စရှိလို့လာတာပေ့ါ ... ဖြစ်နိုင်ရင် ကန်တင်း ဘက်ကို ခဏသွားရအောင် ... "

လ,ပြုံးလိုက်မိတာ နာကျင်စွာလေးနဲ့ပါ။

ချယ်မှုန်းထင် ဒီလောက်ပြောရင် လ,သဘောပေါက်ပြီ။

"မမရယ် ... လ,ကို ဦးနှောက်စားချင်လို့ မမလာတာလား ဟင် ... "

"အို ... မဟုတ်ပါဘူး ... "





"ဒါဆို ဘာလဲဟင် ... မမ ... "

"တို့နဲ့တံခွန် ခေ့စပ်တော့မယ်ဆိုတာ မင်းကို တရားဝင် အသိပေးချင်လို့ တို့လာတာ ... "

"ရှင် ... "

ချယ်က ပြောရင်း လက်ထဲက နှင်းဆီလေးကို လေထဲပစ် မြောက်လိုက်ကာ ပြန်မကျခင်မှာပင် လေထဲမှာပဲ ဆွဲဖမ်းလိုက် သည်။

ကန်တင်းကို ရောက်သွားတော့လည်း ...

ချယ်နဲ့လ ... မျက်နှာချင်းဆိုင် ထိုင်မိသည်။

ပြောရရင် ... ချယ်ကတော့ ခပ်တည်တည်ပါပဲ။

လက်ထဲက နှင်းဆီလေးကို တစ်သျှူးဗူးထဲ ထိုးစိုက်ကာ

"တို့ ဒီနေ့ မင်းနဲ့တွေ့ချင်တာ ... တို့ရင်ထဲက ခံစားချက်တွေ ကို မင်းသိအောင် ပြောပြထားချင်လို့ တွေ့ချင်တာလေ လင်းလက် လ ... တို့ဘယ်တော့မှ မင်းကို အရှုံးမပေးနိုင်ဘူးဆိုတာ သိစေချင် လို့ ... "

"ရှင် ... "

မင်းကို ဘယ်တော့မှ ...

အရှုံးမပေးနိုင်ဘူးဆိုတာ သိစေချင်လို့တဲ့။

ရပါတယ် ချယ်မှုန်းထင် ... ။

လင်းလက်လဆိုတဲ့ ကောင်မလေးတစ်ယောက်ကို

ပြိုင်ဘက်တစ်ယောက်အဖြစ်နဲ့ ရွေးချယ်သတ်မှတ်လိုက် မယ်ဆိုရင်လည်း ဒါကို လက်ခံလိုက်ဖို့ လ,ဘက်က အဆင်သင့်ပါပဲ။

ဒါပေမဲ့ ... ဒီဇာတ်လမ်းမှာ လင်းလက်လက ...



www.burmeseclassic.com

www.burmeseclassic.com



"ဟောဒီမှာ … မင်းကြည့်လိုက်လေ လင်းလက်လ … "

"ဟင် … "

မမချယ်မှုန်းထင်က လမြင်အောင် သူမရဲ့လက်ဖမိုးလေးကို ထောင်ပြသည်။ လ,တအံ့တဩတွေ့လိုက်တာ လှပအိစက်တဲ့ ဝင်းနှစ်နှစ် လက်ဖမိုးလေးပေါ်က ကန့်လန့်ဖြတ် အမာရွတ်အစင်းကြောင်းကလေး။

"ဒါ … ဒါ … "

"ဟွန်း … "

ချယ့်နှုတ်ခမ်းလေးက ဟွန့်ခနဲ မဲ့သွားသည်။

ပြီးတော့ … မျက်တောင်ရှည်တွေပါ ဖျတ်ခနဲ ကော့သွား၏။ နှုတ်ခမ်းစွန်းမှာပေါ်လာတာ အပြုံးမဲ့မဲ့လေး။

"ဒါ … မင်းပေးသွားတဲ့ နာကြည်းမှု သင်္ကေတလေးတစ်ခုပဲလေ လင်းလက်လ … ဒီအမာရွတ်လေးကိုမြင်တိုင်း တို့နှလုံးသားထဲမှာ မင်းကို … "

လ, သိပါပြီ။

ဒီလောက်ဆို လ,နားလည်ပါပြီ။

ဒီခံစားချက် ဒီနာကြည်းချက်တွေကြောင့် ကိုကြီးကို လ,ဆီကနေ သိမ်းပိုက်ရယူသွားခဲ့တယ်ဆိုတဲ့ အဓိပ္ပာယ်လား ချယ်မှုန်းထင်။

"တစ်နေ့မှာ ဒါတွေဖြစ်လာလိမ့်မယ်လို့ တို့ဘယ်တုန်းကမှ မရည်ရွယ်ခဲ့ပါဘူး လင်းလက်လ … ဒါပေမဲ့ကွာ မင်းနဲ့မှ တိုက်တိုက်ဆိုင်ဆိုင် တို့တွေဆုံဆည်းခဲ့ရတာယ် … ပြောရမယ်ဆိုရင် ချယ်မှုန်းထင်ဆိုတာ ကိုယ့်ပါးကို တစ်ချက်ရိုက်ရင် ကိုယ်က နှစ်ချက်ပြန်ရိုက်





လိုက်ရမှ ကျေနပ်နေတတ်တဲ့ မိန်းကလေး … အခု တို့စားပွဲပေါ်မှာ ထိုးစိုက်ထားတဲ့ နှင်းဆီလေးလိုပဲ … နှင်းဆီဆူးရဲ့အဆိပ်က ပြင်းသလို မာယာတွေရနံ့တွေနဲ့ လှည့်စားသိမ်းပိုက်တဲ့ နေရာမှာလည်း ညို့ချက်က ပြင်းတယ် … "

"ဟွန်း … "

ချယ်မှုန်းထင် … ဒီလိုပြောလာတာကိုတော့ လ,ဘယ်လိုမှ ခံစားနိုင်တော့ပါ။ နှုတ်ခမ်းလေးကို တစ်ချက်မဲ့လိုက်ရင်း ချယ်မှုန်းထင်ဆိုတဲ့ မိန်းမတစ်ယောက်ရဲ့ မျက်ဝန်းတွေကိုပဲ စူးတင်းနေအောင် ဖျတ်ခနဲ မော့ကြည့်လိုက်မိပြီ။

"ဟုတ်တယ် မမ ချယ်မှုန်းထင် … နှင်းဆီတွေ မာယာများတာ ညို့ချက်ပြင်းတာ လူတိုင်းသိပေမယ့် လတို့နှစ်ယောက်မှာ ဘယ်သူက နှင်းဆီလည်းဆိုတာ အဖြေမပေါ်သေးတာကိုတော့ မမချယ်မှုန်းထင် လက်ခံထားပေးဖို့တော့လိုတယ် … "

"ဘယ် … ဘယ်လို လင်းလက်လ … "

"လပြောတာ ရှင်းရှင်းလေးပါ မမချယ်မှုန်းထင် … တစ်ခုတော့ မမချယ်မှုန်းထင် နားလည်အောင် လ,ထပ်ပြောလိုက်ချင်သေးတယ် … လမှာရှိတဲ့ မာယာတွေက မိန်းမတစ်ယောက်ရဲ့ တန်ဖိုးကို ဘယ်တော့မှ မချတဲ့မာယာတွေ … လှည့်စားခြင်းတွေနဲ့ ဘယ်လိုယောကျ်ားမျိုးကိုမှ မြူဆွယ်ဖျားယောင်းတာ မရှိတဲ့ မာယာတွေပဲ … လ,မှာရှိတယ် … "

"အောင်မလေးနော် … အရေးထဲမှာ မင်းက တို့ထက်တောင် စကားပိုတတ်ပြနေလိုက်သေးတယ်၊ ဟား ဟား … မင်းလို ယောကျ်ားလေးတစ်ယောက်ရှေ့မှာ လက်လက်ထပြီး ရှပ်ပြတာ ရှုပ်ပလာလုပ်နေတဲ့ ကောင်မလေးတစ်ယောက်က ဂုဏ်သိက္ခာနဲ့



www.burmeseclassic.com

www.burmeseclassic.com



တည်တည်တန့်တန့်နေတဲ့ ဘယ်လိုယောကျ်ားမျိုးကို ဖျားယောင်းသွေးဆောင်နိုင်မှာလဲ … ခုပဲ မင်းသိပ်ကို အူတိုခဲ့တဲ့ တိမ်တံခွန်က တောင် တို့နဲ့စေ့စပ်ဖို့ ခေါင်းညိတ်သဘောတူလိုက်ပြီလေ … ဒါကို တောင် မင်းက ဘာခံစားချက်မှ မရှိတဲ့မျက်နှာထားလေးနဲ့ ညို့ချက်ပြင်းတာ ပြိုင်ချင်သေးလို့လား … ”

“ဒီမှာ မမချယ်မှုန်းထင် … ”

“ဟုတ်ကဲ့ပါရှင့် … ပြောပါ … ပြောပါ … ”

သွန်းသွန်းကလည်း တစ်ချိန်လုံး နဘေးကနေ လ,လက်မောင်းလေးကိုဆွဲထားတာ ခုထိ မလွှတ်သေး။ ဒီနှစ်ယောက်ကြားထဲမှာ ရင်ထိတ်နေရတာ သွန်းသွန်းပါ။ သွန်းသွန်း သနားနေရတာ လ,ကိုပဲလေ။

ဒီနေ့ အတန်းထဲကို လ,ရောက်လာကတည်းက …

မျက်နှာလေးညှိုးနေကာ မျက်ဝန်းလေးတွေ ငေးကြောင်ကြောင်နဲ့။ ဘာဖြစ်လာတာလည်းလို့ သွန်းသွန်းက မေးတော့လည်း လ,က မဖြေ။

သွန်းသွန်း အံ့ဩနေတာက …

ကိုကြီး တိမ်တံခွန်နဲ့ မမချယ်မှုန်းထင် စေ့စပ်ကြတော့မယ်ဆိုတဲ့စကား။ ဒါဆို … လမျက်နှာမကောင်းတာ အဲဒီကိစ္စလေးကြောင့်ပေါ့။

လ,က ကိုကြီးတိမ်တံခွန်ကို သိပ်ချစ်တာလေ။

လ,ခံစားနေရတာ ဧဒင် မေးစရာမလို။

“မမချယ်မှုန်းထင်ကို လတစ်ခုပဲ နောက်ဆုံးပြောမယ်၊ လ,သိပ်ချစ်ခဲ့တဲ့ လရဲ့ကိုကြီး တိမ်တံခွန်ကို လအနားကနေ အရှက်မဲ့တဲ့မျက်နှာနဲ့ ဘယ်သူကပဲ ဖဲ့ထုတ်သွားစမ်းပါစေ လင်းလက်လဆို





တဲ့ ကောင်မလေးတစ်ယောက်က မျက်ရည်တစ်စက်ကျပြီး ကျန်ခဲ့မယ်လို့ မမချယ်မှုန်းထင် လျှော့တွက်ထားခဲ့သလား … ဟွန်း … ဝေးသေးတယ် မမချယ်မှုန်းထင် … မမချယ်မှုန်းထင် ညို့ချက်ပြင်းတာလောက်ကို လင်းလက်လတို့က အေးဆေးပဲဆိုတာ အကြွင်းမဲ့ယုံထားလိုက်”

“ဪ … ဟော် … ”

ချယ် နှားထောင်နေမိတာ နှုတ်ခမ်းမဲ့မဲ့လေးနဲ့။

“လ, နောက်ဆုံးတစ်ခုပဲ ပြောချင်တာက ကိုယ့်ကိုမချစ်လို့ ခွဲခွာသွားတဲ့ယောကျ်ားတစ်ယောက်ကို ကိုယ့်ကိုချစ်လာအောင် မျက်ရည်ခံထိုး အသနားခံပြမယ့် မိန်းမထဲမှာ ဘယ်တော့မှ လ,မပါစေရဘူး”

“ကြည့်စမ်း … ”

“ကဲ … လ, ပြောချင်တာက အဲဒါပါပဲ … သွားမယ် သွန်းသွန်း … ”

“သွားစရာ မလိုဘူးလ … ”

“ဟင် … ကိုကြီး … ”

လ,ထွက်သွားမယ့်လမ်းမှာ သွားလို့မရအောင် ကိုကြီးက ပိတ်ကာထားလိုက်ပြီ။

တံခွန်ကလည်း ချယ်နဲ့လ ပြဿနာဖြစ်နေမှာကြောက်လို့ အသည်းအသန် နောက်ကလိုက်လာခဲ့တာပါ။

“ဖယ်နော် ကိုကြီး … ”

လ,က ရှောင်ထွက်သွားဖို့ ကြိုးစားပေမယ့် …

တံခွန်က နှစ်ယောက်စလုံးကို ပိတ်ရပ်ထားသည်။

“မဖယ်ဘူးလ … နင်ကိုငါ ရှင်းပြမယ် … ”



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဘာရှင်းစရာလိုတော့လို့လဲ ... ဒီမှာ ကိုကြီးနဲ့ စေ့စပ်တော့မယ်ဆိုတဲ့အကြောင်း ခပ်ကြွားကြွားလေး လာပြောနေလို့ စိတ်မပါဘဲ နားထောင်နေရတာ ... ရတယ် ... ကိုကြီးကြိုက်တဲ့ သူနဲ့စေ့စပ်ရုံမကလို့ တစ်ခါတည်းပဲ လက်ထပ် လက်ထပ် ... လနဲ့က အနေသာကြီး ... အရေးကြီးတာ လ,ရှေ့ကနေ ကိုကြီး အခု ဖယ် ..."

"ဟာ ... လ ..."

လ, အတင်းထွက်သွားလို့ ကိုကြီးမျက်လုံးပြူးကာ နောက်မှာကျန်ခဲ့ပြီ။ ပထမတော့ လ,စိတ်ကို တင်းထားလို့ ဘာမှမဖြစ်ပေမယ့် အတန်းထဲကို ပြန်ရောက်မှ လမျက်လုံးထဲက ခုန်ပေါက်ကျလာတဲ့ မျက်ရည်တွေက ...

"ဟင် ... လ ... နင် ... နင် ငိုတယ် ..."

သွန်းသွန်းမေးတာကိုလည်း လ,မဖြေနိုင်တော့ပါ။

သွန်းသွန်းက မျက်လုံးလေးဝိုင်းကာ တအံ့တဩလေး ကြည့်နေပေမယ့် နောက်ထပ်လည်း စကားသံ မထွက်နိုင်တော့။

သေချာသွားတာက ...

ကိုကြီး ရက်စက်သွားတာကို ...

လ, မခံစားနိုင်တော့တာ။

လ, မျက်လုံးထဲမှာ ပြေးမြင်မိတာ မေမေ ... ။

အခန်း ( ၁၇ )

"လနော် ... ညည်းကို မာမီချိုပြောနေတယ်၊ မာမီချိုပြောတဲ့စကားကို ညည်းနားထောင်စမ်း ..."

မာမီချိုရှေ့မှာ မေမေလည်း မျက်နှာပျက်နေသည်။

ဒက်ဒီမောင်ကတော့ ဧည့်ခန်းထဲမှာ ခေါက်တုန့်ခေါက်ပြန် လျှောက်ရင်း မျက်နှာပုပ်ပုပ်နဲ့ပဲ စိတ်တွေပါ ရှုတ်ထွေးနေရသည်။

ဘာတတ်နိုင်မလဲ ... ဇာတ်လမ်းက ဒီအတိုင်းပဲ ဆက်သွားရတော့မယ့်ဥစ္စာ။ လူကြီးတွေ ဟိုဘက်ဒီဘက်ပြောထားဆိုထားစီစဉ်တွေ ဆွဲထားပြီးမှ နောက်ကြောင်းပြန်လှည့်ဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်။

ပြောရရင် ... ဒီနေ့ဟာ ...

ချယ်မှုန်းထင်ဆိုတဲ့ မိန်းကလေးတစ်ယောက်ကို ...

မိသားဖသားပီပီ ကန်တော့ပွဲအုန်းပွဲနဲ့ ကိုယ့်ဘက်က သွားတောင်းရမယ့်နေ့ ... ။ ဒါကို ... မနက်မိုးလင်းကတည်းက ...

ဟိုလူ အော်လိုက် ဒီလူအော်လိုက်နဲ့ ချိုက စီစဉ်နေတာ။ ကိုယ်ကတော့ ပြင်ပြီးပါပြီ။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သွားဖို့လည်း ကိုယ်က အဆင်သင့်ဖြစ်နေပြီ။ မဖြစ်သေးတာ သမီးလင်းလက်လ။ စေ့စပ်ပွဲကို မလိုက်ချင်ပါဘူးပြောလို့ ချိုနဲ့ ပူညံပူညံဖြစ်နေတာ။

"မရဘူး ... မရဘူး ... ညည်းမလိုက်ချင်လို့မရဘူး၊ ဘယ်နှယ့်တော် ... ကိုယ့်ကိုကြီးစေ့စပ်ပွဲကို ရှိတဲ့ညီမလေးက မလိုက်ချင်ဘူးပြောတော့ ရှိတာမှ ဒီညီမလေးတစ်ယောက်တည်း ပါမလာတော့ ကောင်းမလား ... အများအမြင်မှာ သင့်တော်မလား ... "

"လိုက်မှာပါ ချိုရယ် ... သမီးက ဆိုးလို့ရလို့ဆိုးနေတာ မေ သိတယ် ... လိုက်မယ် ... လိုက်မယ် ဒီစေ့စပ်ပွဲကို မေပါလိုက်မယ် ... ဟင်း ဟင်း ... "

ဒေါ်မြတ်လွန်းမေတစ်ယောက် လူတွေရှေ့မှာ ဟန်ဆောင်ပန်ဆောင်ပြောနေရပေမယ့် စိတ်ထဲကကြိတ်ပြီး ဒေါပွနေရတာ။ အိမ်က သမီး လင်းလက်လကိုပဲလေ။ မနက်မိုးလင်းလို့ အိပ်ရာထချိန်ကတည်းက လိုက်ရမယ်ဆိုတာ သိသိကြီးနဲ့ မှန်တင်ခုံရှေ့မှာ ဒီအတိုင်း ငူငူကြီးထိုင်နေခဲ့တာ။

"ညည်း ... ညည်း ပြဿနာမရှာနဲ့နော် ... မိလ ... တံခွန်စေ့စပ်တာ ညည်းနဲ့ဘာဆိုင်လဲ ... ညည်းဘာတွေ စိတ်ဓာတ်ကျနေစရာလိုသလဲ ... ညည်း ဘာတွေ ခံစားနေစရာလိုသလဲ၊ ညည်း ငါ့ကိုပြောစမ်း ... "

မေးတော့လည်း မဖြေ။

မျက်ခွံလေးတွေ မို့မို့အစ်အစ်ကလေးနဲ့ ညကလည်း ငိုထားခဲ့သလားမသိ။ ဆံပင်ပွံ့ပွံ့ကလေးက ဖီးသင်ထားတာမရှိဘဲ ဒီအတိုင်း ကျောပြင်လေးနောက်မှာ အိကျနေသည်။ ဒီပုံစံလေးကို ကြည့်လိုက်





တာနှင့် အခန်းထဲမှာ ဒင်းတစ်ညလုံး ငိုခဲ့တယ်ဆိုတာ ဗေဒင်မေးနေစရာ မလို။ ဒေါ်မြတ်လွန်းမေ သိထားပြီးသားပါ။

ဒါနဲ့ပဲ ... အတင်းပြင် အတင်းအဝတ်အစားလဲ ခိုင်းလိုက်တော့မှ ကိုယ့်နောက်မှာပါလာတာ ရူရူအောင့်အောင့်မျက်နှာထားလေးနဲ့။ ချို ရှေ့ရောက်တော့မှ ပိုဆိုးသွားသည်။

ချိုက ကန်တော့ပွဲလေးကို လကိုယ်တိုင် ရှေ့ကရွက်ပြီး လိုက်ခဲ့ရမယ်ဆိုလို့ လ,အကြောက်အကန် ငြင်းနေတာ၊ တစ်ခြံလုံး ရှုက်ပွက်ညံသွားသည်။

"အဟင့် ... မာမီချို သက်သက်မဲ့ လကို နှိပ်စက်နေတာ၊ ဒီကန်တော့ပွဲကြီးကို လ,ကရွက်ပြီး လိုက်ရအောင်,လက သတို့သားလောင်းအမေလား"

"ဟဲ့ ... မာမီချိုက လူကြီးလေ ... "

ဒေါ်ပျံ့မွှေးချို မျက်တောင်တွေ ကော့ပျံလျှက်။

ဘယ်လို လင်းလက်လလဲ ... ဒီမှာရှိတာက လူငယ်ထဲက ဆိုလို့ လတစ်ယောက်တည်း ရှိတာလေ။

ရွက်ရမှာလည်း ချယ်မှုန်းထင်တို့ခြံထဲကို ကားထိုးရပ်လိုက်မှ ကန်တော့ပွဲလေးကို ခြေလှမ်းလေး ငါးဆယ်လှမ်းလောက်လေး လှမ်းပြီး တိုက်ထဲကို ရွက်ဝင်ရမှာ။

ဒါကို ... ပြဿနာရှာ ငြင်းဆန်နေစရာလား။

သူတို့က ဒီခြံထဲမှာ မှီခိုနေရတဲ့သူ။ ငယ်ငယ်လေးကတည်းက အတူနေခဲ့ပြီး မောင်နှမနီးပါးအထိ ဘယ်လိုပဲ သံယောဇဉ်တွေ ဖြစ်ခဲ့ ဖြစ်ခဲ့ သားတံခွန်ရဲ့ ရှေ့ရေး နောင်ရေးထက် အရေးကြီးတာ ဘာရှိမှာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ဟိုတုန်းက ဘယ်လိုပဲ လင်မယားနှစ်ယောက်တိုင်ပင်ပြီး ညည်ရွယ်ထားထား … အချိန်တန်လို့ မသင့်တော်ဘူးထင်ရင် ဖျက်သင့် ဖျက်ရမှာ ကိုယ့်တာဝန်။

ခုလည်း … ဒက်ဒီမောင်နဲ့ ကြိတ်တိုင်ပင်ပြီး ချယ်မှုန်းလေးကိုပဲ ချွေးမအဖြစ်နဲ့ အသိအမှတ်ပြုဖို့ ရွေးချယ်လိုက်တာ။

မေ့ကို အားနာပေမယ့် ဘာတတ်နိုင်မှာလဲ။

အရေးကြီးတာ ကိုယ့်သားရဲ့ရှေ့ရေး …

"ညည်းလေး … ညည်းလေး … မာမိကို စိတ်ဆင်းရဲအောင် မလုပ်စမ်းပါနဲ့ လင်းလက်လလေးရယ် … ကိုကြီးတံခွန်ကို ညည်းလေးချစ်တယ်မို့လား … သူ့အိမ်ထောင်လေးနဲ့သူ အေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင်ဖြစ်သွားတာ ညည်းလေးမြင်ချင်တယ်မို့လား လက်ထပ်ပွဲကျတော့လည်း ညည်းလေးပဲ … သတို့သမီးအရန်လေး လုပ်ပေးရဦးမှာလေ … ရှက်လိုက်နော် လ,လေး … လူကြီးတွေ မျက်နှာပျက်အောင် မလုပ်ချင်စမ်းနဲ့ …"

"ဟွန်း …"

အရေးထဲမှာ ရှိုးစမိုးနဲ့ ဆင်းလာတဲ့ ကိုကြီးကိုမြင်တော့ … လ နှုတ်ခမ်းလေးက ဟွန့်ခနဲ မဲ့တက်သွားလိုက်တာ နှုတ်ခမ်းမွှေးလေးတစ်ဖက်တောင် ကွေးလို့။

ဘာလဲဟင် ကိုကြီး … ချယ်မှုန်းထင်နဲ့ စေ့စပ်ရတော့မယ် ဆိုလို့ ကိုကြီးကပါ ပျော်နေပြီပေါ့။

"သွားမယ်လေ မာမီ … ကျွန်တော် အဆင်သင့်ဖြစ်ပြီ"

"သွားမယ် … သွားမယ် … ဟိုမှာ လိုက်ကြမယ့်လူကြီးတွေ ကားပေါ်ကစောင့်နေကြတာ … အရမ်း အားနာဖို့ကောင်းနေပြီ"





"ကဲ … လာ …"

"အဟင့် … ဟကန်တော့ပွဲကြီးကို လ,မရွက်ချင်ပါဘူးဆိုမှ" ငိုမဲ့မဲ့လေးနဲ့ လိုက်လာခဲ့တဲ့လ။

တစ်လမ်းလုံး နှုတ်ခမ်းလေးက စူပုတ်တင်းနေသလို ဒေါ်မြတ်လွှန်းမေမှာလည်း လကို ကြည့်ကာ မျက်စောင်းလေး တဝင့်ဝင့်နဲ့။

ကားကို ဒက်ဒီမောင်က မောင်းပြီး ချိုက ရှေ့ခန်းမှာထိုင်ကာ လနဲ့ကိုကြီးတံခွန်ကို နောက်ခန်းမှာ ဒေါ်မြတ်လွှန်းမေနှင့်အတူ သုံးယောက်သား စီးလာခဲ့ရပေမယ့် ဟိုနှစ်ယောက်ကတော့ တစ်ယောက်မျက်နှာတစ်ယောက်က မကြည့်ဘဲ မျက်နှာလွဲနေကြတဲ့ အဖြစ်။

ဒါပေမဲ့ … မနေနိုင်လို့ စကားစလာတာ တံခွန်ပါ။

ရင်ထဲမှာ ကြိတ်ခံစားနေရတာကို တံခွန်ကလွဲရင် ဘယ်သူက သိနိုင်မှာလဲ။ လ,ကို ဘယ်လိုပဲ ချစ်ခဲ့ချစ်ခဲ့ တစ်ဖက်သတ် အချစ်ကလေးနဲ့ပဲ ဒိဇာတ်လမ်းကို ရပ်ပစ်ဖို့ တံခွန်က ဆုံးဖြတ်ခဲ့ပြီး သားပါ။

အဓိက အချက်က … သူချစ်ခဲ့တာကို လက လက်မခံခဲ့တာပဲလေ။ တွေးမိတိုင်းလည်း တံခွန် ဝမ်းနည်းလို့မဆုံး။

"လ …"

ကြီးမေကိုကျော်ကာ လကိုလှည့်ကြည့်ရင်း တံခွန်ခေါ်မိသည်။ ခေါ်ပေမယ့် လ,က မထူး။

နှုတ်ခမ်းလေးက ပိုလို့တောင် စူတင်းသွားခဲ့သလိုပင်။

"လ, နင့်ကို ခါခေါ်နေတယ်လေ …"



www.burmeseclassic.com

www.burmeseclassic.com



"မခေါ်နဲ့ ..."

တွေ့လား ... ဒေါ်မြတ်လွန်းမေ ဗိုက်ခေါက်ဆွဲလမ်းချင်တာ အဲဒါ။ လူကြီးတွေရှေ့မှာလည်း ဒင်းကမရှောင်။

"ငါ မင်္ဂလာဆောင်တဲ့နေ့ကျရင် သတို့သမီးအရန်လေး နင် လုပ်ပေးရမှာနော် ..."

"ဟာ ... ဘာဆိုင်လို့လဲ ..."

ဒက်ဒီမောင်က ကားမောင်းရင်း ပြုံးသည်။

"ဆိုင်ဆိုင် မဆိုင်ဆိုင် နင်ပဲလုပ်ပေးမယ့်သူရှိတာ ..."

"မလုပ်ဘူး ... မကျေနပ်ရင် လဲသေလိုက် ..."

"ဟဲ ..."

အဲလို လင်းလက်လ။ လူကြီးတွေကို အားနာရကောင်းမှန်း လည်းမသိ။ ချယ်မှုန်းထင်တို့ရှိရာ ခြံထဲကို ကားဝင်လိုက်တော့ ... နေကြတာ လူတွေအများကြီးလေ။

ဒါကို ... လ, ကန်တော့ပွဲကြီး ရွက်လိုက်တော့ ...

"အမလေးဟယ် ... ဒယီးဒယိုင်နဲ့ မှောက်တော့မယ်၊ ကြည့် စမ်း ... ကြည့်စမ်း ..."

ဒီမြင်ကွင်းကို မြင်လိုက်တော့ မျက်လုံးပြူးသွားတာ ချယ်... ဖြစ်သည်။ ဝမ်းသာတယ် ... ခုတော့ ... မင်းဘာတတ်နိုင်သေး... လင်းလက်လ။

ဒီနေရာဟာ မင်းလို ဒွတ်ဆတ်ဆတ် မာကြောကြော... ကောင်မလေးတစ်ယောက်အတွက် အသင့်တော်ဆုံး နေရာတစ်... လေ။ ဒီကန်တော့ပွဲကို မင်းကိုယ်တိုင်ရွက်ဖို့ မာမီချို့ကို တို့ကိုယ်... တောင်းဆိုခဲ့တာ။

ဖိုးလပြည့်တာပေ



"ဟင်း ဟင်း ကြွကြွပါရှင် ... ကြွကြွပါ ..."

"ကိုမောင် ... လာ ... လာ ... ဒီဘက်ကိုလာ ..."

နှစ်ဖက်လူကြီးတွေ ဧည့်ခန်းမှာဆုံကြတော့ ကန်တော့ပွဲ ကြီးချကာ လ,က ဘယ်ရောက်သွားမှန်းမသိ။

ဒေါ်မြတ်လွန်းမေ ထိုင်ရအခက် ထရအခက်နဲ့ ဒင်းလုပ်ပုံကို ... စိတ်ထဲက တနုံ့နုံ့ဖြစ်နေရသည်။

တကယ်တမ်းကျတော့ ...

လ,က ကားပေါ်မှာ တစ်ယောက်တည်းသွားပြန်ထိုင်နေ တာပါ။ ဒါကို အလိုက်မသိတဲ့ ချယ်မှုန်းထင်က ဟိုလိုလို ဒီလိုလို အပြင်ကိုထွက်လာပြီး လနှင့်အတူ ကားနောက်ခန်းမှာ ဝင်ထိုင် လိုက်တော့ ပိုဆိုးသွားသည်။

"ဟင် ..."

ချယ်မှုန်းထင်ကို မြင်တော့ ... လ,က အေးဆေးပါ။

မျက်နှာလေးကို ပြန်ပြင်ရင်း ဟန်ဆောင်ပြုံးလေးပဲ ပြုံးပေး လိုက်သည်။

"မမချယ်မှုန်းထင် ... ဘာလာလုပ်တာလဲ ..."

"ဘာလုပ်ရမှာလဲ ... ကန်တော့ပွဲချပြီးကတည်းက မင်းလေး ပျောက်သွားလို့ လိုက်ရှာနေတာလေ ... ဟောဒီမှာ စေ့စပ်ပွဲမှာ ... တဲ့ ရေခဲမုန့်လေး စားကြည့်ပါဦး ..."

"ဟယ် ... ကိုကြီးတို့ စေ့စပ်ပွဲက ရေခဲမုန့်ကျွေးတာ ဟုတ် ... ..."

လပျော့သွားသယောင် ဟန်ဆောင်မျက်နှာထားလေးကို ... ဆင်းပေးလိုက်တော့ ... မမချယ်မှုန်းထင် လကိုကြည့်ကာ မျက်

www.burmeseclassic.com

www.burmeseclassic.com



မှောင်လေးပင် ကြုံသွား၏။ လကို မယုံလို့ ကြည့်နေတဲ့သဘော

လကတော့ ခပ်တည်တည်ပဲ ...

ချယ်မှုန်းထင် လက်ထဲမှာကိုင်လာတဲ့ ရေခဲမုန့်ခွက်က[illegible] ကို ဝမ်းသာအားရ လှမ်းယူပြလိုက်တော့ ချယ်မှုန်းထင် မျက်[illegible] လေး ပျက်သွားတာ အရမ်းသိသာသွားခဲ့ပြီ။

“အတော်ပဲကွ ... ဟား ဟား ... ဒီမှာဗိုက်ဆာနေတာ[illegible]”

“ဟင်း ... ”

လ,ကို ချယ်ဘယ်လို နားလည်ရတော့မလဲ။

စေ့စပ်ပွဲနေ့ကိုရောက်မှ လ,က ထူးထူးခြားခြား အူမြူးနေ[illegible] လား။ ပြဿနာပဲ ... ချယ် ... လ,မျက်နှာလေးကို မျက်တော[illegible] မခတ်ဘဲ စိုက်ကြည့်နေမိ၏။

ရေခဲမုန့်တစ်ခွက်လည်း တစ်ခါတည်းပြောင်သလင်းခါ[illegible] သည်။

“ရေခဲမုန့်က တော်တော်ကောင်းတယ်နော် မမချယ်မှု[illegible] ထင် ... ဟို ... ဟိုလေ ဟဲဟဲ ... ရှိသေးရင် နောက်ထပ်တ[illegible] လောက် ... ”

“ကုန်ပြီ ... ”

“ဟာ ... မမကလဲ ... ”

ချယ် အမြင်ကတ်လို့ ပြောလိုက်မိတာ။

“စေ့ ... စေ့စပ်ပွဲက ပြီးသွားပြီလားဟင် မမချယ်မှုန်း[illegible]”

“ပြီးသွားပြီလေ ... လူကြီးတွေ စားကြသောက်ကြနဲ့ [illegible] တွေပြောနေလို့ ဒီဘက်ကို ထွက်လာတာ ... ”

“ဟာ ... ဒါဆို မမကို ကိုကြီးလိုက်ရှာနေမှာပေါ့”





“ရှာပါစေ ... ရတယ် ... တံခွန်က ပြဿနာမရှိဘူး”

“ဟင် ... ဘယ်သူက ပြဿနာရှိလို့လဲ ... ”

“မင်းလေးက ပြဿနာရှိတာ ... ”

“မမနော် ... လ,ဘာဖြစ်လို့လဲ ... ”

“မင်း ... မင်း ... တို့ရှေ့မှာ ဟန်ဆောင်နေတာလားဟင်”

ချယ် ... ပွင့်ပွင့်လင်းလင်းပဲ မေးလိုက်မိပြီ။

မမေးလို့လည်း မရတော့ဘူးလေ။ ချယ် မြင်နေရတဲ့ လင်းလက်လ မျက်နှာလေးက ဘာပူပင်သောကမှမရှိဘဲ ပေါ့ပေါ့ပါးပါး လေးဖြစ်နေတဲ့ မျက်နှာမျိုး။ ရေခဲမုန့်တစ်ပွဲကို ပြောင်သလင်းခါအောင် စားသွားတာပဲကြည့်။

“ဟာ ... လက ဘာဖြစ်လို့ ဟန်ဆောင်နေရမှာလဲ မမရဲ့၊ လ,ဘာမှမဖြစ်ပါဘူး၊ လက်ဖဝါးပေါ်မှာ ရသွားတဲ့အမာရွတ်ကလေးကြောင့် လကို လက်စားချေတာဆိုရင် မမမှားသွားပြီ ... ဟားဟား ... ကိုကြီးက ရုပ်ကလေးပဲချောတာ၊ ပြီးတော့လည်း သုံးရက်နေမှ ရေတစ်ခါချိုးတဲ့ကိုကြီး ... ”

“ဘာ ... ဘာပြောတယ် လင်းလက်လ ... ”

“မမက ကိုကြီးအကြောင်းကို ဘာမှမသိဘဲ အတင်းလိုချင်နေလို့ ကိုကြီးရဲ့လျှို့ဝှက်ချက်ကို လ,ပြောပြတာလေ ... နောက်ထပ်လည်း မမမသိသေးတာတွေ ကိုကြီးမှာ အများကြီးရှိသေးတယ်”

“ဘာတွေလဲ ... ဘာတွေလဲ ... ”

“အိပ်ရင်လည်း ဖားပြုတ်ကြီးတွေ သံပြိုင်အော်သလို အရမ်းဟောက်တယ် ... အဲလိုအော်ရင် မမ ခံနိုင်မလား”



www.burmeseclassic.com

www.burmeseclassic.com



"ဘုရားရေ ... ကြည့်စမ်း ... "

"လင်းလက်လရေ ... လင်းလက်လ ... "

"ဟော ... ဟော ... ဟိုမှာ လ,ပျောက်သွားလို့ မေမေ ထွက်အော်နေပြီ ... သွားမယ်နော် မမ ... တာ့တာ ... တာ့တာ"

ပြောသွားတာကြည့် ...

ကားပေါ်က ဆင်းသွားတာလည်း ခုန်ပေါက်မြူးထူးလို့။

"ညည်း ... ညည်း ... တစ်ယောက်တည်း ဘယ်မှာသွားထိုင်နေတာလဲဟင် ... လင်းလက်လ ... "

မေမေ မျက်လုံးပြူး မျက်ဆံပြူးနဲ့ လကိုကြည့်ကာ မေးပြီ

"ဟာ ... ဘယ်မှာထိုင်ရမှာလဲ မေမေရဲ့ ... အိမ်ထဲမှာ မျက်စိနောက် နားနောက်လို့ ကားထဲမှာ အေးအေးဆေးဆေးတစ်ယောက်တည်း ဖိမ်ကျပြီးထိုင်နေတာ ... ဟဲ ဟဲ ... အဲဒါ မမချယ်မှုန်းထင်က ရေခဲမုန့်တစ်ခွက် လာပေးလို့တောင် အပြတ်ဝိတ်ပစ်လိုက်ပြီ"

"ညည်း ... ညည်း ဘာမှမဖြစ်ဘူးနော် ... "

"ဟာ ... မေမေနော် ... "

မေမေ့ကို လ,မျက်စောင်းလေးဝဲသွားအောင် ကြည့်ပစ်လိုက်သည်။ ဘယ်ဆိုးလို့လဲ ... မနက်က မျက်နှာနဲ့အခုမျက်နှာ တခြားစီ။ ဟောကြည့် ... ပီကေတစ်ခုကိုတောင် ပြုံးပြုံးလေးဝါးပြနေလိုက်သေး။

"သွား ... သွား ဟိုမှာ မာမီချို ... ညည်းကိုမေးနေပြီ"

ပြောရရင် ... ရယ်ရယ်မောမောလေးနဲ့ ဈေးစပ်ပွဲကနေ အောင်မြင်စွာ ပြန်လာခဲ့ကြပေမယ့် အပြန်မှာ ငေးငေးငိုင်ငိုင်လေး





ဖြစ်နေတာ ကိုကြီးလေ။

လ,ကတော့ မသိချင်ဟန်ပဲ ဆောင်နေလိုက်ပါသည်။

"လ, နင် နေဦး ... "

ခြံထဲပြန်ရောက်လို့ ကားပေါ်ကဆင်းတော့ လ,လက်ကလေးကိုဆွဲထားတာ ကိုကြီး။

"ဟင် ... ဘာလုပ်မလို့လဲ ... "

လကတော့ အေးအေးဆေးဆေးပဲ။ မျက်နှာလည်း မပျက်ပါဘူး။ ရင်ထဲမှာ ဘယ်လိုပဲ ခံစားရ ခံစားရ ...

ကိုကြီးနဲ့လနဲ့ ကြားမှာရှိနေတဲ့ သံယောဇဉ်တွေက ဒီအတိုင်းဆက်ထားဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တော့တဲ့ဥစ္စာ။

ကိုကြီးလက်ကိုပဲ လ,ဖယ်ချပစ်လိုက်သည်။

"လ, စာကျက်ရဦးမယ် ကိုကြီး ... "

"လရယ် ... "

လ ကျောခိုင်းပြီး ချာခနဲ လှည့်ထွက်လာတာ ...

ကိုကြီးရှေ့မှာ ဟန်မဆောင်နိုင်တော့လို့ ... ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၈ )

"ဟွန်း ... ဒီမှာဗျ ... ဒီမှာ ... ဒီမှာ"

ထုံးစံအတိုင်း ...

ကျောင်းသွားဖို့ လ,တစ်ယောက်တည်း ထွက်အလာ ...

လမ်းမကျယ်ကြီးကို အရောက်မှာ ...

လ,နောက်က ပေါ်လာတဲ့အသံတစ်သံ ...

လ,ချာခနဲလှည့်ကြည့်လိုက်တော့ ... လ,စိတ်ထဲမှာ မြင်ဖူးသလိုလိုနေတဲ့ ... လ,နဲ့ ရွယ်တူကောင်လေးတစ်ယောက် ... ။

"ဟင် ... ရှင် ဘယ်သူလဲ ... "

"ဩော် ... ခင်ဗျားက ကျွန်တော့်ကိုတောင် မမှတ်မိတော့ဘူးဆိုပါတော့ ... ဒီမှာ ... မျက်နှာကို သေသေချာချာကြည့်လိုက်ပါဦး ... ဟိုတစ်နေ့က ခင်ဗျားကြောင့် ဘလိုင်းကြီး အထိုးခံလိုက်ရတာလေ ... "

"ရှင် ... "

"ကံကောင်းလို့ ... သွားတွေ ကျွတ်ထွက်မသွားတာ ... "

သူ ဒီလောက်ပြောရင် လ,သိပြီ ... ။





ဟုတ်တာပေါ့ ... ဟိုတစ်နေ့က လ,ကြောင့် ဘုမသိဘမသိ အထိုးခံလိုက်ရတဲ့ကောင်လေး ... လ,မှာတော့ တောင်းပန်ချိန်တောင် မရလိုက်တော့ပဲ ... ကိုကြီးဆွဲခေါ်ရာနောက်ကို ပါသွားခဲ့တာလေ ... ။

"အို ... ဟုတ်ပါရဲ့ ... ဆောရီးနော် ... ဆောရီး ... ဆောရီးအဟင်း ... ဟင်း ... "

လ,က အပြုံးကလေးနဲ့ နှစ်သိမ့်ဖို့ ကြိုးစားလိုက်ပေမယ့်

"ဟွန်း ... ခင်ဗျားအခုမှ ဆောရီးလာလုပ်မနေနဲ့ ... ကျွန်တော် မကျေနပ်လို့ ခင်ဗျားတို့နှစ်ယောက်ကို စောင့်နေတာ"

"ဟင် ... ဘာလုပ်မလို့လဲ"

"ပြဿနာကို ဖြေရှင်းမလို့ပေါ့ဗျ ... "

အဲဒါမှ ... ဒုက္ခပဲ ... ။

ကောင်လေးကိုကြည့်တော့ ... ရိုးရိုးသားသား ရည်ရည်မွန်မွန် မျက်နှာထားလေးနဲ့ ... သူ အလကား သက်သက်မဲ့ အထိုးခံလိုက်ရတာမို့ ... အခုထိ ကျေနပ်ပုံမပေါ် ... ဘာပဲပြောပြော အကယ်တောင်းပန်သင့်တာ ... လ,က တောင်းပန်သင့်တာလေ။

လ,မဟုတ်တာ ဖွလို့ ... သူ အထိုးခံရတာ ... ။

"ဟို ... ဟိုလေ ... ကို ကိုကြီးက ... လ,ကို နှောင့်ယှက်တဲ့လူထင်လို့ ... မှား ... မှားပြီးတော့ ထိုးမိတာ ... လ, လတောင်းပန်တယ်နော် ... "

"လ,ဟုတ်လား ... "

"ဟိုလေ ... ကျွန်မနာမည်က ... လင်းလက်လ ... "

"ဟွန်း ... မှားပြီးတော့ထိုးမိတာဆိုလည်း ... ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ဘာပြောလို့ ရတော့မှာလဲ ... ခင်ဗျားကလည်း တောင်းပန်နေပြီ ဆိုတော့ ကျွန်တော်ကျေနပ်ရတော့မှာပေါ့ ... ကဲ ... သွားမယ်ဗျာ ခင်ဗျားလည်း သွားတော့ ... "

"ဟင် ... "

တော်တော် စကားပြော ပြတ်တဲ့လူ ... ။

ပြောပြီးတာနဲ့ လှည့်ထွက်သွားဖို့ ခြေလှမ်းပြင်လိုက်ပြီး ...

ထိုအချိန်မှာပဲ ... လ, စိတ်ကူးလေးတစ်ခုပေါ်သွားသည်။ ကိုကြီးကို ... မုန်းမုန်းနဲ့ အရွဲ့တိုက်ချင်နေတဲ့ စိတ်ကူးလေ ... ။

"ဟာ ... ရှင်မသွားနဲ့ဦးလေ ... "

"ဗျာ ... "

သူ ပြန်လှည့်လာတာ ... နားမလည်သလို မျက်နှာထားလေးနဲ့ ... ပြီးတော့လည်း လ,မျက်ဝန်းတွေကို စူးစူးလဲ့လဲ့ စိုက်ကြည့်သည်။

"ခင်ဗျား ... ခင်ဗျား ... ကျွန်တော့်ကို ဘာဒုက္ခပေးချင်သေးလို့လဲ ... ဒေါ်လင်းလက်လ ... "

ကြည့်ပါဦး ...

လူကိုခေါ်တာတောင် ဒေါ်လင်းလက်လ ... တဲ့။

လ,မျက်နှာလေးက ပြုံးချင်သလိုလေးတောင် ဖြစ်သွားရသည်။

"ကဲ ... ပြောလေဗျာ ... "

"ဟို ... ဟိုလေ ... ရှင့်ကို တောင်းပန်ရတာ အားမရသေးလို့ ... ဟိုရှေ့နားက စားသောက်ဆိုင်လေးမှာ တစ်ခုခုလိုက်စားရင်း ... ရှင်နဲ့ ကျွန်မ မိတ်ဖြစ်ဆွေဖြစ် စကားပြောကြမယ်လေ"





"ဗျာ ... "

သူ မျက်လုံးလေး ပြူးသွားသည်။

"မိတ် ... မိတ်ဖြစ် ဆွေဖြစ်ဟုတ်လား"

"ဟုတ်တယ်လေ ... ရှင့်ကိုကြည့်ရတာ ခင်ဖို့ကောင်းလို့ ရှင်နဲ့စကားပြောကြည့်ချင်သွားတာ ... ရှင့်ကို ကျွန်မကတိပေးတယ် ရှင် ဒီတစ်ခါ ဘာမှမဖြစ်စေရဘူး ... "

"ဟုတ်ရဲ့လားဗျာ ... "

သူ ခေါင်းလေးကို ခပ်ဖွဖွလေးကုတ်နေပုံလေးက ရယ်ချင်စရာ။ ပြောရရင် ... သူ့ပုံစံလေးက တကယ့်ကို ခင်မင်ချင်စရာလေးပါပဲ ... ။

"ကောင်းပြီလေဗျာ ... ခင်ဗျားက စ,ပြီး ဖိတ်ခေါ်လို့သာ ကျွန်တော်လိုက်ရမှာ ... ကျွန်တော်က ဖြစ်နိုင်ရင် ဘယ်မိန်းကလေးနဲ့မှ ပတ်သက်ချင်တာ မဟုတ်ဘူး ... နားအေးပါးအေး ခပ်ရှင်းရှင်းပဲ နေချင်တာဗျ ... "

ဒီလို ပွင့်ပွင့်လင်းလင်း ပြောတာကိုတော့ လ,ကိုယ်တိုင်ကသည်း သဘောကျသွားသည်။ မဆိုးပါဘူး ... ဒီလူ တော်တော်ခင်ဖို့ကောင်းတဲ့လူ ... ။

စားသောက်ဆိုင်ကို ရောက်သွားတော့ ... လူရှင်းပြီး စကားပြောလို့ကောင်းတဲ့ နေရာကိုပဲ လ,ကရွေးလိုက်သည်။

သူကတော့ မရဲတရဲလေးပဲပေါ့ ... ။

"ရှင် ဘာစားမလဲဟင် ... "

"ဟာ ... ရတယ် ... ခင်ဗျားကြိုက်တာပဲမှာလိုက်"

"နန်းကြီးသုပ်နှစ်ပွဲမှာမယ်နော် ... "



www.burmeseclassic.com

www.burmeseclassic.com



လ,ကပဲ ဦးဆောင်ကာ မှာလိုက်ရသည်။

"ကဲ ... ရှင်နာမည်လေးပြောပါဦး"

"နောင်နောင်ဖော် ... ခင်တဲ့လူတွေကတော့ နောင်လို့ပဲ ခေါ်တယ် ..."

"အို ... လ,ကလည်း ခင်တယ်လေ ... ဒါကြောင့်မို့ နောင်လို့ပဲ ခေါ်မယ်နော် ..."

ကိုကြီးကို အရွဲ့တိုက်ချင်လို့ ဒီလမ်းရွေးလိုက်တာ မှန်ပေမယ့် ဒီအလုပ်တွေက လ,မကျွမ်းကျင်တဲ့ အလုပ်တွေလေ ... အပြင်မှာ တစိမ်းယောကျာ်းလေးတစ်ယောက်နဲ့ နှစ်ယောက်တည်း တွဲထိုင်ဖူးတာဆိုလို့ ... ဒါ ပထမဆုံး ...။

ကံကောင်းသွားတာက နောင်နောင်ဖော်ဆိုသည့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်လေးက ရိုးသားမှုရှိနေသည့် ယဉ်ယဉ်ကျေးကျေး လူတစ်ယောက် ဖြစ်နေခဲ့တာပင် ...။

"ခေါ်ဗျာ ... ခေါ်ခေါ် ... ခင်ဗျားကြိုက်သလိုခေါ် ... ဟုတ်ပြီလား ... ကျွန်တော်ကတော့ ခင်ဗျားနဲ့ ကျွန်တော်လို့ပဲ ရိုးရိုးရှင်းရှင်း ပြောမယ် ... အပိုပြောတာတွေ ဟန်ဆောင်ပြောတာတွေ ကျွန်တော် လုံးဝ ဝါသနာမပါဘူး ..."

"သိပါတယ်နောင်ရယ် ... နောင်ပုံစံလေးကို ကြည့်လိုက်တာနဲ့ ရှင်းရှင်း ပြတ်ပြတ်နေတတ်တဲ့ နောင့်ပုံစံလေးကို လ,နားလည်သဘောပေါက်ပါတယ်"

"ဒါနဲ့ ... နေပါဦးဗျ ..."

"ဟင် ... နောင် ဘာမေးချင်လို့လဲ ..."

"ဒီနေ့ ခင်ဗျားကိုကြီးမပါဘူးလား ..."





"မပါဘူးလေ ... နောင် ..."

ကိုကြီးဆိုလို့ ရင်ထဲမှာ နင့်နင့်လေးတော့ နာသွားသည်။ လ,တို့နှစ်ယောက်ကိုမြင်ရင် ကိုကြီး ဘာပြောမလဲ ...။ အူနကျွဲခတ်မလား ...။

"ကျွန်တော် ခင်ဗျားကို ခင်ရမှာတော့ တကယ်ကြောက်တယ် ... သိလား ... ဒေါ်လင်းလက်လ ... ခင်ဗျားကိုကြီးက တကယ်ကြမ်းတယ် ..."

"အဲဒါ ... အစ်ကိုအရင်း မဟုတ်ဘူး ..."

"ဘာ ..."

"တစ်ခြံတည်းမှာ ငယ်ငယ်လေးတည်းက အတူတူနေလာ ... မောင်နှမတွေလိုဖြစ်နေတာ ... ကိုကြီးက နောက်ဆုံးနှစ် ... က ပထမနှစ်လေ ..."

"ခင်ဗျားကိုတော့ တော်တော်ချစ်ပုံပဲနော် ..."

"မယုံနဲ့ ... ကိုကြီးက အလကား အာဖုံကွီး ..."

"ဟွန်း ..."

နှုတ်ခမ်းလေးမဲ့ကာ လ,ပြောမိသည်။

"နေပါဦး ... နောင်ကရော အခုဘာလုပ်နေလဲ ... ကျောင်း ...ပဲလား ..."

"ဟုတ်တယ် ... စာပေးစာယူ ဒုတိယနှစ်တက်ရင်း ... ...တစ်ခုမှာ အလုပ်လုပ်နေတာ ... ဒီနေ့ တမင်အလုပ်မသွား ... ခင်ဗျားတို့နဲ့တွေ့ချင်လို့ စောင့်နေတာ ..."

"ကျေနပ်တယ်နော် ... နောင် ... လ,တောင်းပန်တာ"

"ဟာ ... ကျေနပ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



နောင် ဖြေနေတာ ဟုတ်ဟုတ်သလဲ … ။

လ,မျက်နှာကိုလည်း ခုထိ ရဲရဲတင်းတင်း မကြည့်ဘဲ … မျက်နှာလေး လွှဲလွှဲပြီးတော့ ပြန်ဖြေနေတာ … နောင်က ရှက်တ… လို့ပါ။

နောင့်ဘဝမှာ …

ရွယ်တူကောင်မလေးတစ်ယောက်နဲ့ ပတ်သက်မိတာ … ဒါ First time ပဲလေ … နောင်က အေးအေးပဲ နေတယ်သလို … ရှုပ်ရှုပ်ထွေးထွေး အလုပ်တွေလည်း မလုပ်တတ်ခဲ့သူ … ။

အဝတ်အစား ဝတ်တော့လည်း … ရှပ်လက်ရှည်လေး… စတိုင်ပန် ဘောင်းဘီရှည်လေးတွေနဲ့ အမြဲတွဲဝတ်တတ်ပေမယ့် … ချမ်းသာ ပြေလည်သူတော့ မဟုတ် … ပြီးတော့လည်း နောင့်… အဖေဆိုတာ မရှိတော့ပါ … ။

ဒါကြောင့်မို့ …

နောင်ဆယ်တန်းအောင်တော့ စာပေးစာယူ သင်တန်း… တက်ကာ … ကုမ္ပဏီတစ်ခုမှာ နောင် အလုပ်ဝင်နေခဲ့တာ… သည်။ သေချာတာက အမေ့အတွက် ပိုက်ဆံရှာပေးချင်စိတ်… များပြီး … ရည်းစားထားဖို့တာတွေလည်း နောင်လုံးဝစိတ်မ… တာပင် … ။

“ဟိုတစ်နေ့ကတော့ ကျွန်တော်ရှက်သွားတာအမှန်ပဲ … တစ်ခုခုမှားနေပြီဆိုတာ … သိပေမယ့် ကျွန်တော် ဘာမှ … ပြန်ပဲ ကျွန်ခဲ့တာ … ခင်ဗျားတို့ ထွက်သွားတာ … အရမ်းမြန်… လို့ပါ … ကျွန်တော်စဉ်းစားတယ် တွေးရင်းတွေးရင်းနဲ့ ကျွန်… စိတ်ထဲမှာ တနုံ့နုံ့ဖြစ်လာတယ် … ဒါနဲ့ ခင်ဗျားတို့နှစ်ယော…





…ကြောင်းကို ပတ်ဝန်းကျင်မှာ မသိမသာစုံစမ်းရင်း မေးကြည့်လိုက် …တော့ ခင်ဗျားက ငယ်ငယ်လေးကတည်းက တအားဆိုးတာတဲ့ …တစ်မြို့လုံးမှာလည်း ခင်ဗျားဗိုလ်ပဲတဲ့ …

“ဟာ … နောင်နော် … ”

ရုတ်တရက် ကိုကြီးနဲ့မှားပြီး နောင့်ပခုံးစွန်းလေးကို လ,ထု …ိတော့မလို။ ဘာပဲပြောပြော နောင်နဲ့စကားပြောနေရတာလေးကို …,ပျော်လာမိသလိုပင်။

“ဒါဆို နောင်က လ,အကြောင်းတွေ သိနေတာပေါ့”

“နည်းနည်းပါးပါး သိတာပါဗျာ … ”

ခဏလေးနဲ့ နှစ်ယောက်သား ရယ်ရယ်မောမောလေး ဖြစ် …သွားသည်။

လ,ကတော့ သိတယ်မို့လား …

နောင့်ကို ခုတုံးလုပ်ချင်တာ … အကြံနဲ့လေ။

ပြီးတော့လည်း ဒီရက်ပိုင်းအတွင်းမှာ လ,စိတ်တွေလေနေ …သည်။ ကိုကြီးကို အရွဲ့တိုက်ချင်တာ တစ်ခုနဲ့ … လ,ရည်းစားထား …လိုက်ရင် ကောင်းမလား … ။

“နောင် … ”

“ဟာ … ပြောလေ … ခင်ဗျားဘာပြောချင်လို့လဲ”

“လ,ကို မခင်ချင်ဘူးလားဟင်”

“ဟာ … ပြဿနာပဲ”

“လ,ကတော့ နောင့်ကို တကယ်ခင်တယ်သိလား”

“ကျွန်တော် … ကျွန်တော့် ဘယ်လိုပြောရမလဲ … ခေါ်လင်း …တ်လ,ရယ် … ကျေးဇူးပြုပြီးတော့ ကျွန်တော့်ကို ရှော်မုန်အောင်



www.burmeseclassic.com

www.burmeseclassic.com



မလုပ်ပါနဲ့ … ကျွန်တော် တောင်းပန်ပါတယ် … ခင်ဗျားပုံစံလေး မျက်နှာလေးက တအားလန်းတော့ … ကြာရင် ကျွန်တော်မလွှ ဘူး … ဖြစ်လာမှာ သေချာတယ် … တော်ပြီဗျာ … ကျွန်တော် သွားတော့မယ် … ”

“ဟာ … နောင်”

နောင်က ပြတ်ပြတ်သားသားပဲ လှည့်ထွက်သွားတော့ ယောင်ချာချာလေးနဲ့ လ,တစ်ယောက်တည်း ဆိုင်မှာကျန်နေ တာလေ … ။

“ဘယ်လိုဖြစ်တာလဲဟင် … လင်းလက်လ”

“ဟာ … ကိုရန်ဦးငယ်”

လ,စားပွဲနားကို မထင်မှတ်ဘဲရောက်လာကာ ကိုကြီး အတန်းထဲက ကိုရန်ဦးငယ် … ။

လ,ကို လက်ပိုက်ရင်း ပြုံးကြည့်နေတာ ခနီးခနဲ့အပြုံး

“စောစောက ဒီဝိုင်းက ထွက်သွားတဲ့ ပုဂ္ဂိုလ်လေးက လ ပတ်သက်တယ်ဆိုပါတော့ … ”

“ဟင် … ကိုရန်ဦးငယ် တွေ့လိုက်တယ်”

“ဟွန်း … တွေ့တာပေါ့ … တွေ့လို့ ကိုယ်ဟိုဘက်ဝိုင်း နေ အကြာကြီး စောင့်ကြည့်နေတာ … ကဲ ပြောပါဦး … ဒီ ပုဂ္ဂိုလ်လေးက ဘယ်သူလဲ … ”

“ခင်တာပါ … ”

လ, ရိုးရိုးရှင်းရှင်းလေးပဲ ဖြေလိုက်သည်။

ဒါကို ကိုရန်ဦးငယ်က ပိုင်စိုးပိုင်နင်း … လ,ငယ်ထိပ် ကို ဖျက်ခနဲလှမ်းပုတ်ကာ …





“ဟာ … ဒီလို ခင်လို့ရမလား … ကိုယ်ကလည်း လ,ဆီက ခင်မင်ခွင့်လေးကို တောင်းထားတဲ့ လူတစ်ယောက်ပဲဟာ”

ပြောပြီး လှုတ်သွားတဲ့ခုံလေးမှာ ကိုရန်ဦးငယ် ဝင်ထိုင် သည်။ လ,အတွက် ပြောစရာ ဘာလိုတော့မှာလဲ … ။

အရေးကြီးတာက ကိုကြီးမကြိုက်တာတွေအားလုံး လ, လျှောက်လုပ်ခွင့် ရရင်ပြီးတာပဲလေ … ။

ကိုကြီးဒေါ်ပွလေ … ။

လ,က ကျေနပ်လေပေါ့ … ။

“ဟာ … ကိုရန်ဦးငယ်ကိုလည်း လ,က ခင်ပါတယ် … ကိုရန်ဦးငယ်ရဲ့ … ဘယ်လိုလဲဟင် … ဒီဆိုင်ကိုလာတာ ကိုရန်ဦး ငယ် တစ်ယောက်တည်းပဲလား … ”

“တစ်ယောက်တည်းပဲပေါ့ လ,ရဲ့ … ကိုယ့်မှာ တွဲစရာအဖော် မရှိတာ … ဒီနေ့လည်း ကျောင်းတက်ရမှာပျင်းလို့ တစ်ယောက် တည်း ဒိုးလာတာ … မြို့ထဲမှာ ရပ်ရှင်သွားကြည့်ရင် ကောင်းမလား လို့ … ”

“ဟင် … ဘာကားလဲ”

“အာဒံရယ် … ဧဝရယ် … ဒဿရယ်”

“ဟာ … လ,လည်း ကြည့်ချင်တယ်”

လ,စိတ်လေလေနဲ့ ကိုရန်ဦးငယ်နောက်ကိုပဲ လိုက်သွား တော့မည်။ ဖြစ်ချင်တာဖြစ် … ကိုရန်ဦးငယ်ဆိုတာကလည်း ဂုဏ် သိက္ခာတွေနဲ့ အဆင့်အတန်းရှိတဲ့ နောက်ဆုံးနှစ် တက္ကသိုလ်ကျောင်း သား တစ်ယောက်ပဲလေ … ။

“ကြည့်ချင်ရင် လိုက်ခဲ့လေ … လ”

www.burmeseclassic.com



ဒီလိုနဲ့ပဲ ...

ကိုရန်ဦးငယ်ခေါ်ရာနောက်ကို လ,ပါသွားသည်။

ဒါကို မသိတဲ့ တံခွန်က ...

ကျောင်းမှာ လ,ကို မတွေ့လို့ဒေါပွနေတာ ...

"တောက် ... ဒီကောင်မလေး ငါ့ကို တကယ်ပြဿနာ ရှာ
တယ် သွန်းသွန်းရာ ... ကျောင်းသွားတယ်ဆိုပြီး ဖယ်ရီပေါ်မှာ
လည်း မတွေ့ဘူး ... ကျောင်းထဲလည်း မလာဘူး ... "

တံခွန် မျက်နှာလေးရဲနေကာ ဘာလုပ်ရမှန်းလည်းမသိ

ကန်တင်းမှာရော ... စာသင်ဆောင်အလွှတ်တွေဘက်
ရော ... သွားရှာတာလည်း မတွေ့ ... ။ သွန်းသွန်းကို သွား
တော့လည်း လ,ရောက်မလာဘူးဆိုလို့ ပိုဒေါပွသွားတာ ...

ကဲ ... ဘယ်လိုလုပ်မလဲ ... ။

"စိတ်ဓာတ်ကျတယ် သွန်းသွန်းရာ ... တကယ်ပဲ"

သွန်းသွန်းက သူ့ကိုကြည့်ကာ ရယ်လျှက် ... ။

"အခုမှ ကိုကြီးစိတ်ဓာတ်ကျနေတော့ရော ဘာလုပ်လို့
လဲ ... လ,ပြောတာကတော့ ကိုကြီးလည်းလုပ်ချင်တာလုပ်
သူလည်း လုပ်ချင်တာ အကုန်လျှောက်လုပ်တော့မယ်တဲ့ ... ကို
ကိုလည်း တအားမုန်းပစ်လိုက်ပြီတဲ့ ... "

"ဟွန်း ... လုပ်ချင်တာ လျှောက်လုပ်ရအောင် သူ
ကလေးလား ... အခုလည်း ဘယ်သွားလို့သွားနေမှန်းမသိဘူး
တွေ့လို့ကတော့ ... ကွာ ... ဟား"

ဆံပင်တွေကို ဆွဲဖွကုတ်ပစ်ရင်း ...

သွန်းသွန်းရှေ့က လှည့်ထွက်လာခဲ့တော့လည်း ဒေါ





ပြေမသွား ... အိမ်ကို ဖုန်းဆက်မေးတော့လည်း ကျောင်းသွားတာ
ပြန်မလာသေးဘူးတဲ့ ... ။

ဒါနဲ့ပဲ အတန်းထဲကို ပြန်လာတော့ ...

"ဟင် ... တံခွန် ... ဘယ်သွားနေတာလဲ"

ချယ်က သူ့ကိုတွေ့တွေ့ချင်း လှမ်းမေးသည်။

"လ, ပျောက်နေလို့ သွားရှာတာ ... "

"ဟား ... ဟား ... တံခွန်ရာ ... လ,ပျောက်နေတာများ
သွားရှာနေစရာလား ... ခုပဲ အတန်းထဲက ကောင်တွေ တီးတိုး
တီးတိုးပြောနေတာ ... ရန်ဦးငယ်က ဧယျာကိုဆီကို Hand Phone
နဲ့ဆက်ပြီး ပြောသွားတယ် ... တံခွန်ညီမ လင်းလက်လနဲ့ နှစ်
ယောက်တည်း ရုပ်ရှင်ရုံထဲ ရောက်သွားပြီတဲ့ ... "

"ဘာ ... ဘာပြောတယ်ချယ် ... "

"အဲဒါ ... ရန်ဦးငယ်နဲ့ ပေါင်းတဲ့သူငယ်ချင်းတွေဆီက လာတဲ့
နောက်ဆုံး စက်ရုပ် သတင်းပဲ ... "

"တောက် ... "

သူ တောက်ခေါက်ရုံကလွဲလို့ ဘာတတ်နိုင်တော့မှာလဲ။

"တံခွန်နော် ... လင်းလက်လ,လုပ်ချင်တာလုပ်တာ ...
တံခွန်က မဆီမဆိုင်ဒေါပွနေစရာလား ... သူ့ဟာသူ လွှတ်ထား
လိုက် တံခွန်ဝင်ပါစရာမလိုဘူး ... "

နှုတ်ခမ်းမဲ့မဲ့လေးနဲ့ပြောပြီး ချယ်က မျက်နှာလေးကိုပါ မှုန်
ကုတ်ထားသည်။ ဖြစ်နေတာက ချယ်အနားမှာလည်း သူမနေချင်။

သူ့စိတ်တွေက ... လ,ဆီကိုပဲ ရောက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရန်ဦးငယ်ဆိုတဲ့ကောင်က နာမည်ပျက်တွေအများကြီးနဲ့ ...

ရည်းစားတွေထည်လဲတွဲလာတာလည်း တစ်ပုံကြီး ...

လ,ကို ဒီအကြောင်းတွေပြောပြီး အတန်တန်မှာထားခဲ့ပါ လျှက်နဲ့ ... ခုတော့ ကြည့်ပါဦး ... ရာရာစစ ... ဒီကောင်နဲ့မှ ...

"ကိုယ်ဝင်ပါတာတော့ မဟုတ်ဘူးလေ ... ချယ် ... ဒါပေမယ့် ..."

ချယ်နားလည်အောင် ဘယ်လိုရှင်းပြရမှာလဲဆိုလည်း ... သူ မသိတော့ပါ။ ပြောရရင် ... ချယ်က လူကြီးစုံရာနဲ့ တရားဝင်စေ့စပ် ထားခဲ့တဲ့ မိန်းကလေးကျောင်းက သူငယ်ချင်းတွေကိုတောင် ရက် စတောရင့်တစ်ခုမှာ အတင်းကျွေးနိုင်းလို့ ကျွေးခဲ့ရပြီးပြီ ...

ကိုယ့်အတွက် နောက်ပြန်ဆုတ်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ် နိုင်တော့ ... ဒက်ဒီတို့ မာမီတို့ကလည်း လက်ခံမှာမဟုတ် ... ။

"ဒါပေမယ့် ... ဘာဖြစ်လဲဟင် ... တံခွန် ... ဆက်ပြောလေ မဖုရားမလေး လင်းလက်လကို ရန်ဦးငယ်လက်ထဲပါသွားတယ်ဆို ပြီး တံခွန် အူနကျွဲခတ်နေတာလား ... လုပ်မနေနဲ့ ... သူကရော တံခွန်ကို နည်းနည်းလေးတောင် သံယောဇဉ်ရှိလို့လား ... ချယ်တို့ စေ့စပ်တဲ့နေ့ကဆို ... ဘာခံစားချက်မှ မရှိတဲ့ မျက်နှာလေးနဲ့ ရေခဲ မုန့်တစ်ပွဲစားတာတောင် မလောက်လို့ ... နောက်တစ်ပွဲတောင် ထပ်တောင်းနေသေးတယ် ..."

ချယ်က ... မဲ့ကာရွဲ့ကာပြောရင်း ... ခပ်လှောင်လှောင် လေးရယ်သည်။ ချယ်ရယ် ... ကိုယ်က ရှုံးနေခဲ့သူပါကွာ ... လ,နဲ့ ပတ်သက်ပြီးတော့ ကိုယ်မခံစားနိုင်တဲ့စကားတွေ မင်းမပြောပါနဲ့။

တကယ်ဆို ကိုယ်ဟာ ...





လ,ကိုပဲ ချစ်ခဲ့တဲ့သူပါ ... ။

လ,က မချစ်နိုင်ဘူးပြောနေလို့ ... မိဘတွေရဲ့ဆန္ဒကို ကိုယ် ခေါင်းညိတ်ခဲ့ရတာပါကွာ ... ။

ဒါကိုတော့ မင်းနားလည်စေချင်တယ် ချယ် ... ။

"ကိုယ်ပျော်တယ် လ,ရယ် ... ကိုယ်နဲ့လ နှစ်ယောက်တည်း လျှောက်လည်ခွင့်ရလိုက်တာ ... ကိုယ့်အတွက်တော့ အိပ်မက် မက်နေသလိုပဲ ... တံခွန်သိသွားရင်တောင် ... ကိုယ့်ကို ပြဿနာ ရှာနေမှာစိုးရတယ် ..."

"ဂရုစိုက်နေစရာလား ... ကိုရန်ဦးငယ် ... ဟွန်း ... လ,က တော့ မကြောက်ဘူး ... ဘာဖြစ်လဲ ကိုယ်ဟာ ကိုယ် ... ကိုယ်တွဲ ချင်တဲ့သူနဲ့ တွဲတဲ့ဟာကို ..."

"ဟာ ... ကြည့်စမ်း ... လ,တကယ် သတ္တိရှိတယ်ကွာ ... ကိုယ်ထင်တောင် မထင်ဘူး ... ကိုယ်ကတော့ လ,ကို စ,တွေ့ လိုက်တဲ့နေ့ကတည်းက ကိုယ်တစ်ကိုယ်လုံးကို ဖျက်ဖျတ်ခါ အေးစက်သွားအောင် လ,က ဆွဲဆောင်သွားတာ ..."

"ဟာ ... မဟုတ်ဘဲနဲ့ ..."

"ဘာလဲ ... လ,မယုံလို့လား ..."

"ဟာ ... ဟာ ... ယုံတယ် ... ယုံတယ် ... လ,ကို ဖက် မထားပါနဲ့ ..."

သွက်လိုက်တဲ့ ကိုရန်ဦးငယ် ...

လ,မှာတော့ ကိုရန်ဦးငယ်ကြမ်းလာမှာစိုးလို့ ... ရှောင်ရ တိမ်းရ လက်တွေကို အတင်းဖယ်ထုတ် ... ဖယ်ချလိုက်နေရတာ။

www.burmeseclassic.com



မလွယ်ပါလားဟင် … ။

ယောကျာ်းလေးတွေအားလုံး ဒီလိုပဲလား … ။

ရုပ်ရှင်လွှတ်တော့မှ ပဲ … ။

သက်ပြင်းကို ဟင်းခနဲချလိုက်မိတဲ့ လင်းလက်လ … ။

ဒါပေမယ့် ပိုဆိုးသွားတာက ရုပ်ရှင်လွှတ်လိုက်ချိန်မှာ …

လ,က မျက်လုံးလျှင်တော့ …

ရုံပြင်က လူအုပ်ကြီးကြားထဲမှာ ကိုကြီးကို မြင်လိုက်ရပြီး လ, တစ်ကိုယ်လုံးအေးစက်သွားသည်။

"ဟာ … ကိုကြီး … ဟိုမှာ ကိုကြီး … "

ကိုကြီး မမြင်ခင် လူအုပ်ကြီးကြားထဲကနေ … ပုန်းလျှိုးကွယ်လျှိုးပြေးထွက်လာခဲ့တာ … လ,တစ်ယောက်တည်းပါ။

ပြေးမိပြေးရာပြေးလာတော့ …

ဘယ်နေရာတွေ ရောက်လို့ ရောက်သွားမှန်းလည်း လ,မသိ။

"ဟိတ် … မပြေးနဲ့ နေဦး … "

"ဘုရားရေ … "

အသံနှင့်အတူ လ,လက်မောင်းလေးကို ဖျက်ခနဲလှမ်းဆွဲလို့ ကြည့်လိုက်တော့ … လ,နောက်ရောက်နေတာ ဘယ်သူဖြစ်ရမလဲ …

နောင်လို့ခေါ်တဲ့ နောင်နောင်ဇော် … ။

အခန်း ( ၁၉ )

"အဲဒါပဲ အမေရာ … ဒီကောင်မလေးနာမည်က လင်းလက်လတဲ့ … အိမ်မပြန်ရဲဘူးဆိုလို့ … လမ်းမှာတွေ့ပြီး အိမ်ကိုခေါ်လာတာ … *အမေထင်သလို ကျွန်တော်ခိုးပြေးလာတာ မဟုတ်ဘူး၊* ဒီကောင်မလေးကို မယုံရင် မေးကြည့် … "

"နောင်နောင်ပြောတာ ဟုတ်ရဲ့လား … သမီး"

ဒေါ်သန္တာစိုး မယုံလို့မေးရပြီ … ။

"ဟုတ် … ဟုတ်ပါတယ် အန်တီ … အိမ်ကိုမပြန်ရဲသေးလို့ ဘယ်သွားရမှန်းမသိတာနဲ့ … နောင့်ကို တောင်းပန်ပြီး ခေါလိုက်လာတာ … မိုးချုပ်ရင် လ,ပြန်ပါ့မယ် … "

"အိုကွယ် … "

ဒေါ်သန္တာစိုး ရင်မောနေမိတာ … ။

မိန်းကလေးက ဖြူဖြူသန့်သန့် သွက်သွက်လက်လက်ဘလေးနဲ့ ချစ်စရာကောင်းလွန်းနေလို့ ရင်မောသွားမိတာပါ။

ဒီလို မိန်းကလေးက …

ကျောင်းပြေးပြီး ရုပ်ရှင်သွားကြည့်သတဲ့လား … ။

www.burmeseclassic.com



ပြီးတော့လည်း အိမ်မပြန်ရဲလို့တဲ့ ... ။

"ဖြစ်မှဖြစ်ရလေ ... သမီးလေးရယ် ... ကြံကြံဖန်ဖန် သားနောင်နောင်နဲ့မှ လမ်းမှာတွေ့လာရတယ်လို့ ... မကြောက်နဲ့ မကြောက်နဲ့ ... ဒေါ်ဒေါ်ကိုလည်း ဘာမှအားနာစရာ မလိုဘူး ... အိမ်ရှေ့မှာ ထိုင်ပြီး အေးအေးဆေးဆေး စကားပြောကြ ... ဒေါ်ဒေါ် လက်ဖက်သုပ်ပေးမယ် ... "

သားခေါ်လာတဲ့ ညေ့သည်ဆိုတော့ ...

ဒေါ်သန္တာစိုး ... ညေ့ခံရပြီပေါ့ ...

"ကဲ ... ခင်ဗျားတွေ့တယ်နော် ... ဒေါ်လင်းလက်လ ... ကျွန်တော့်အမေက ဘယ်လောက်ရိုးသားပြီးတော့ အေးအေးချမ်းချမ်းကလေး နေတတ်တယ်ဆိုတာ တစ်ခုပဲရှိတာက ခင်ဗျားမြင်တဲ့အတိုင်း ကျွန်တော်က ဆင်းရဲပါတယ်ဗျာ ... "

"အို ... နောင်ရယ် ... လှနဲ့ခင်တာ ဆင်းရဲတာတွေ ချမ်းသာတာတွေ မလိုပါဘူး ... နောင်ရဲ့ အခု ဆင်းရဲပေမယ့် တစ်နေ့ကျရင် မချမ်းသာဘူးလို့ ပြောနိုင်မလား ... နောင့်လိုပဲ လှတို့ကလည်း မချမ်းသာပါဘူး ... နောင်နဲ့ တူတာက လှမှာက အဖေမရှိတော့ဘဲ အမေပဲရှိတော့တာ ... နေရတာလည်း နောင့်ကိုပြသနာရှာသွားတဲ့ ကိုကြီးတို့ခြံထဲမှာ ကပ်နေရတာလေ ... "

"ဟာ ... အဲဒါ ခင်ဗျားတကယ်ပြောတာ ... "

နောင် ချာခနဲလှည့်ကြည့်ကာ တအံ့တသြလေးဖြစ်လို့ ...။

"တကယ်ပြောတာပါနောင်ရဲ့ ... "

ခင်ခင်မင်မင် ရင်းရင်းနှီးနှီးကလေးပဲ ... လှ,ဘဝလေးကို အမှန်အတိုင်းပဲ ရှင်းပြလိုက်မိသည်။ နောင်က ရိုးသားမှတော့ လှ,





ဘက်က ဘာတွေကွယ်ဝှက်ထားစရာ လိုတော့မှာလဲ ... နောင်ဆင်းရဲတာကိုလည်း ကိုယ်ချင်းစာမိသည်။

နောင်တို့သားအမိနေတာ ... ပျဉ်ထောင်သွပ်မိုး အိမ်ကလေးဆိုပေမယ့် ... လှ,တို့အိမ်ကလေးလောက်ပင် ကျယ်ကျယ်ဝန်းဝန်းရှိလှတာ မဟုတ် ... ။ ခြံဝိုင်းကလေးကလည်း ကျပ်သိပ်နေတဲ့ အိမ်တန်းကလေးရဲ့ အလည်မှာ ... ။

ဟိုဘက်အိမ် ... ဒီဘက်အိမ်က ကလေးတွေရဲ့ ဆူညံ အော်ဟစ်နေသံကိုလည်း ကျယ်ကျယ်လောင်လောင်လေး ကြားနေရပါသည်။ ဒါကို စဉ်းစားရင်း လှ,ပြုံးမိ၏။

ဘာပဲပြောပြော ... ကိုရန်ဦးငယ်လို မဟုတ်ဘဲ ... လှ,အပေါ်မှာ အခွင့်အရေး လုံးဝမယူသည့် နောင့်ကိုတော့ လှ,ပိုပြီးလေးစားမိသလိုပင် ... ။

"ခင်ဗျားဗျာ ... ဒီလောက်သူများခြံထဲမှာ ကပ်နေရတာတောင် ကျောင်းပြေးပြီး စိတ်ထဲထင်တာတွေ လျှောက်လုပ်နေရသလား ... ဘာလဲဟင် ... ခင်ဗျားရည်းစားနဲ့ ချိန်းပြီး ရုပ်ရှင်သွားကြည့်တာလား ... "

"အို ... မဟုတ်ပါဘူး"

"ဒါဖြင့် ... ဘာလို့ ကျောင်းပြေးတာလဲ ... "

"စိတ်ညစ်လို့ ... "

"ဟွန်း ... "

နောင်က နှုတ်ခမ်းလေးမဲ့ကာ မျက်နှာကို တစ်ဘက်သို့လွှဲသွားသည်။ လွှဲပြီးတော့မှ လှ,မျက်နှာကို မကြည့်ဘဲ နောင်ပြောလိုက်တာက ...

"ကမ္ဘာပေါ်မှာ ပြေးကြည့်လိုက်ရင် ကိုယ့်အနားက အမေ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်းရှိတော့တာ ... နေရတော့လည်း သူများခြံထဲမှာ ဒါကို မွေးထားတဲ့သမီးလေးက စိတ်ထဲထင်တာ လျှောက်လုပ်နေ စရာလား ... ခင်ဗျားအမေသိသွားရင်ရော ဘယ်လောက် ဒေါပွနေ လိုက်မလဲ ... ခင်ဗျားသေပြီပဲ ... ဟင်း"

နှုတ်ခမ်းလေးမဲ့လျှက် ... လ,ဘက်ကို မျက်နှာလေးပြန် လှည့်လာသည်။

"အခုဆိုရင် အချိန်တန်လို့ ... သမီးအိမ်ပြန်မလာရင် ... ခင်ဗျားအမေက စိတ်ပူပြီး မျှော်နေတော့မှာ ... ကဲ ပြောစမ်းပါဦး ခင်ဗျားမှာ စိတ်ညစ်စရာ ဘာတွေရှိနေလို့လဲ ..."

"ဒီလိုပေါ့ ..."

"တွေ့လား ... ဖြေပုံက ..."

"နောင်က ... စပ်စုတာလားဟင် ..."

လ,ပြောတော့ နောင်ဒေါပွသွားသည်။

"ဒီမှာ ခင်ဗျားကို စိတ်ဝင်စားလို့ စပ်စုနေတာ မဟုတ်ဘူး။ ခင်ဗျားလေး လုပ်နေကိုင်နေတဲ့ အပေါက်က ကျွန်တော့်ညီမလေး သာဆိုရင် ရိုက်ပေါက်ဖြစ်နေလို့ပြောတာ ..."

နောင်က စကားပြောရင် အဲလိုငွတ်ဆက်ဆက်လေး ပြော တတ်သူပါ ... လ,ကတော့ နောင့်ပုံစံလေးကိုကြည့်ကာ ပြုံးမိသည်။

ဘာပဲပြောပြော ... နောင်နဲ့ခင်မင်ရင်းနှီးခွင့်လေး မထင် မှတ်ဘဲ ရလိုက်တာကိုတော့ လ,သဘောကျပါသည်။

သို့သော် ... ကိုကြီးထက် ပိုပြီးတော့ နောင့်ကို သံယောဇဉ် ဖြစ်မှာတော့မဟုတ်။

"နောင်ရယ် ... လ,ကို စိတ်မဆိုးပါနဲ့ ... ခုတလော လ,စိတ် တွေ လေနေလို့ ... တစ်နေရာရာကို ထွက်သွားချင်နေတာ ..."





ကျောင်းပြေးတာလည်း ဒါပထမဆုံး အကြိမ်ပါ ..."

ဒီဘက်မှာ နောင်နဲ့လ,က ...

တစ်ယောက်ဘဝကို တစ်ယောက်က ရင်ဖွင့်နေဆဲ ...

ဟိုဘက်မှာတော့ တံခွန်နဲ့ ရန်ဦးငယ်က အကြီးအကျယ် ပြဿနာတက်နေတာလေ ...။

"တကယ်ပါ ... တံခွန်ရာ ... ငါ မင်းကို မလိမ်ပါဘူး ... မင်းပြောသလိုပဲ ... ငါနဲ့လင်းလက်လ,ရုပ်ရှင် ကြည့်မိတာမှန်တယ် ဒါပေမယ့် ရုပ်ရှင်လည်းလွှတ်ရော ငါ့ဘေးနားကနေ ... ဘယ်ရောက် သွားမှန်း မသိအောင် ... လင်းလက်လ, ပျောက်သွားတယ် ... ဒါပဲ ကျန်တာ ဘာမှမဖြစ်ဘူး ... လင်းလက်လနဲ့ ငါလည်း ဘာမှ မဟုတ်ဘူး ... မင်း စိတ်ထဲထင်တာတွေ ရမ်းတုတ်ပြီးတော့ ငါ့ကို စွပ်စွဲမနေနဲ့ ..."

"မင်း ... မင်းကွာ ... ဟား ..."

ရန်ဦးငယ်ကို ထိုးပစ်ဖို့အထိ လက်ရွယ်ပြီးမှ ဒေါသကို ထိမ်း လိုက်ရတာ ... တိမ်တံခွန်ပါပဲ ...။

"ငါ ... ငါပြောတာ ယုံပါ တံခွန်ရာ ... မင်းညီမကို ငါ လက်ဖျားလေးနဲ့တောင် မထိပါဘူး"

"ဟောကောင် ... ထိလို့ရော ရမယ်ထင်နေသလား ..."

တံခွန်ကိုတော့ ရန်ဦးငယ်ကလည်း ကြောက်ပါသည်။

သို့သော် ... ဒေါသမပြေနိုင်တာတော့ သူလည်းဘာမှမတတ် နိုင်။ သူငယ်ချင်းတွေ ဝိုင်းဖြောင့်ဖြလို့ တံခွန် တောက်တစ်ချက် ခေါက်ပြီး ထွက်လာခဲ့ရပေမယ့် ... ပျောက်သွားတဲ့ လ,ကို ဘယ်မှာ လိုက်ရှာရမှန်းလည်း မသိ ...။

ဖုန်းဆက်တော့လည်း ခြံထဲကို မရောက်လာသေးဘူးတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလုပ်ရမလဲ ... တကယ်ပြဿနာရှာတဲ့ လင်းလက်လ ... ။ သူ့ကြောင့် ချယ်နဲ့လည်း စကားများခဲ့ရပြီးပြီ ... ။

သူ ခြံထဲကို ပြန်ရောက်လာချိန်ထိ ... လ,က ရောက်မလာသေး ... ။ ကြီးကြီးမေကလည်း ရင်ဘတ်စည်တီးပြီး မျက်လုံးပြူးမျက်ဆန်ပြူးနဲ့ ... ။

"ဘုရား ... ဘုရား တော်တော်ပြဿနာရှာတဲ့ ဟာမလေး။ သိမယ် ... သိမယ် ... ဒင်း ပြန်လာမှ ... ဒင်း ပြန်လာမှ ... ဟင်း ဟင်း ..."

တံခွန်ခြံထဲမှာ နေလို့ မရတော့ ... လမ်းမထိပ်အထိ ထွက်စောင့်နေမိတာ ဒီကောင်မလေးကို ဒေါပွရလွန်းလို့ပါ ... ။

ဟော ... ကြည့် ... ပြန်လာတော့လည်း နံဘေးမှာ ကောင်လေးတစ်ယောက်နဲ့ ...

"ဟာ ... ကြည့်စမ်း ..."

ကိုယ့်ကို မြင်တာတောင် နှစ်ယောက်စလုံးက ဂရုမစိုက်။

"နောင် ... ဟိုမှာ ကိုကြီးစောင့်နေပြီ ..."

"ဟွန်း ... ကောင်းပြီလေ ... ဒါဆို ကျွန်တော်တာဝန်ကျေပြီပေါ့ ... ကောင်းပါတယ် ... ကျန်တာ ခင်ဗျားကိုကြီးနဲ့ခင်ဗျား ဆက်ရှင်းတော့ ... ကျွန်တော်သွားမယ် ..."

နောင်ကလည်း စကားအပိုပြောတတ်သူ မဟုတ်တော့ ... ချာခနဲလှည့်ထွက်ရင်း ... လာရာလမ်းကိုပဲ မျက်နှာမူလိုက်သည်။

"အောင်မယ် ... အောင်မယ်"

တံခွန် ဒေါပွသွားတာ ... လိုက်လာတဲ့ အကောင်က ကိုယ့်ကို ဂရုမစိုက်သလို လှည့် ထွက်သွားလို့ပါ။ ဟွန်း ... ရမလား ... ဒီလိုမျိုး ချိုးသွားလို့ဖြစ်မလား ... ။





"ဟိတ် ... ဟိတ် မင်းခဏနေဦး"

မျက်လုံးပြူးရတာ လင်းလက်လ,လေ ...

"ဟာ ... ကိုကြီးနော် ... နောင့်ကို ပြဿနာမရှာနဲ့"

လ,တားနေတာကို လက်မခံဘဲ ... နောက်လှည့်ထွက်နေတဲ့ နောင့်ကို လျှစ်ခနဲနေအောင် ကိုကြီးက ပြေးလိုက်သွားခဲ့ပြီ။

နောင်က နှုတ်ခမ်းလေးမဲ့မဲ့လေးနဲ့ ... လှည့်ကြည့်ကာ ခြေလှမ်းတွေကို တန့်ခနဲရပ်ပစ်လိုက်သည်။

"ဟွန့် ..."

နောင် ဂရုမစိုက်ပါဘူး ... ။

ဟိုတစ်ခါပဲ ဘလိုင်းကြီးစော်ကားလို့ရမယ် ... ဒီတစ်ခါဆိုရင်တော့ လုံးဝဆောရီးပဲ ...

"ဘာလဲ ... ခင်ဗျား ဘာမေးစရာရှိလို့ ... ကျွန်တော့်နောက်ကို ပြေးလိုက်လာတာပဲ ..."

နောင် ခပ်တည်တည်ပဲ မေးပစ်လိုက်သည်။

"မင်း ... မင်း ... လ,ကို လမ်းမှာတွေ့ပြီး လိုက်နောက်ယှက်တာလား ..."

"ကွိုင်ပဲ ..."

နောင် ... ဂရုမစိုက်သလို ပြုံးပစ်လိုက်တာ လ,ကိုကြီးမေးတာကို သဘောကျသွားလို့ပါ ... ။

"အဲဒါ ... ခင်ဗျား သိချင်ရင် ... ခင်ဗျား ညီမလင်းလက်လကို မေးကြည့် ... ခင်ဗျားသိချင်တာတွေအားလုံးကို သူက အဖြေပေးလိမ့်မယ် ..."

"မင်း ..."

"ဟာ ... ခင်ဗျား ကျွန်တော့်အသားကို မထိနဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့ နောင်သဘောပေါက်ကာ ခြေတစ်လှမ်း နောက်ဆုတ်သည်။ လင်းလက်လဆိုတဲ့ ဟိုပြဿနာမလေးက နှစ်ယောက်ကြားမှာ အမောတကောပြေးလာပြီး ဝင်ရပ်သည်။

"နောင်မပြောနဲ့ ... လ,ပဲ ပြောမယ်"

လ, မျက်နှာထား တင်းတင်းလေးနဲ့ပဲ ကိုကြီးဘက်ကို မျက်နှာလှည့်သည်။

"ဒီမှာ ... ကိုကြီး ..."

လ, မျက်နှာလေးရဲနေတာ ကိုကြီးကတော့ မြင်မှာပါ ...။

"သူ ... ဘယ်သူလဲဆိုတာ ကိုကြီးသေသေချာချာ ကြည့်လိုက်ပါဦး ... ဟိုတစ်ခါ လမ်းမှာ ကိုကြီးမမေးမမြန်း ... မစူးစမ်းဘဲ ထိုးပစ်ခဲ့တဲ့ နောင်နောင်ဇော်ဆိုတာလေ ..."

"ဘာပြောတယ် ..."

..တံခွန်တစ်ကိုယ်လုံး ပိုပြီးတော့တောင် ထူပူသွားခဲ့ပြီ။

"နင် ... နင် ... ရန်ဦးငယ်နဲ့ ရုပ်ရှင်ကြည့်ပြီး ဒီကောင်နဲ့ပါ မကြေပွဲ ထပ်နွှဲနေတာပေါ့လေ ... ဟုတ်လား လင်းလက်လ"

"ကိုကြီးနော် ... စေတနာနဲ့ပြန်လိုက်ပို့တဲ့ နောင့်ကို ကိုကြီး မစော်ကားနဲ့ ... နောင်,က လ,အိမ်မပြန်ရဲလို့ တမင်လိုက်ပို့တာ"

"သြော် ... သြော်"

ကိုကြီး မခိုးမခန့် ရယ်လိုက်တာ နာနာကျင်ကျင်ကလေးပါ။

"စေတနာ ဟုတ်လား ... ဘာစေတနာလဲ"

"ခင်ဗျား ..."

နောင် ဒေါပွကာ မျက်နှာလေးပါ ရဲသွားရပြီ ...။

"ခင်ဗျား ... မစော်ကားနဲ့နော် ..."

"ဟော့ကောင် ... မင်းက ပြန်လိုက်ပို့ရအောင် ... လင်းလက်





လ,က အိမ်မပြန်တတ်လို့လား ..."

"ခင်ဗျား ... ခင်ဗျား"

ကြားထဲက လက မနေနိုင် ...။

"နောင် ... နောင်ရယ် ... ကိုကြီးပြောတာကို စိတ်မဆိုးပါနဲ့ ... လ,တောင်းပန်ပါတယ် ... ကိုကြီးက တစ်ခုခုဖြစ်မှာစိုးလို့ ပြောနေတာပါ ..."

"ဒီမှာ ... ခင်ဗျားသိတာဖို့က ခင်ဗျားညီမ လင်းလက်လ, အမ်းပေါ်မှာ အဖော်မပါဘဲ ... တစ်ယောက်တည်း လျှောက်သွားနေတာတွေ့လို့ ခဏထိမ်းသိမ်းထားပြီး ... ရိုးရိုးသားသား ပြန်လိုက်ပို့ပေးတာ ကျွန်တော့်နာမည် နောင်နောင်ဇော် ... ခင်ဗျား ညီမကို စိတ်လည်း မဝင်စားဘူး ... ပတ်သက်ဖို့ အစီအစဉ်လည်း လုံးဝမရှိဘူး ... အဲဒါ ခင်ဗျား ယုံထားလိုက် ..."

"ကြားတယ်နော် ကိုကြီး ..."

"နင် ... နင့် ငါ့ကို တော်တော်ဒုက္ခပေးတယ်သိလား"

"နောင် ... ကျေးဇူးနော် ... နောက်မှ နောင်တို့အိမ်ကို လာလည်မယ်"

"မလည်နဲ့ရတယ် ... ခင်ဗျား ကျွန်တော့်ကိုမေ့လိုက်"

နောင် ခပ်ပြတ်ပြတ်ပဲပြောပြီး တစ်ခါတည်းလှည့်ထွက်သွားသည်။ လ,တို့နှစ်ယောက် ရပ်ကျန်ခဲ့တဲ့ နေရာလေးကိုလည်း နောင် လုံးဝပြန်လှည့်မကြည့်တော့ပါ ...။

"ပြောစမ်း ... လင်းလက်လ, နင်ဘာလုပ် ..."

လ,ပခုံးလေးနှစ်ဘက်ကို ဆွဲလှုပ်ယမ်းရင်း ကိုကြီးက မေးလိုက်ပေမယ့် ... မေးတာ စကားအဆုံးထိမရောက်ဘဲ တစ်ဝက်တစ်ပျက်မှာတင် ရပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း ... လ, ရုပ်ရှင်သွားကြည့်တာလေ ... ဘာဖြစ်လဲ"

"နှင် ... နှင် ငါ့ကို ရွဲ့နေတာလား ... ငါနဲ့ ချယ် စေ့စပ်လိုက်တာကို နှင်မကျေမနပ်ဖြစ်ပြီး ... လုပ်ချင်တာတွေ လျှောက်လုပ်နေလား ..."

"ဟာ ... အဲဒါနဲ့ဘာမှ မဆိုင်ဘူး ..."

လ, ကိုကြီးလက်ကိုပုတ်ချပစ်ရင်း ဖြောင်ပဲငြင်းပစ်လိုက်သည်။ လ,ဆုံးဖြတ်ထားတာက ... လ,ရင်ထဲမှာ ခံစားနေရတာတွေကို ... ဟောဒီ ကမ္ဘာလောကကြီး တစ်ခုလုံးမှာရှိသမျှ လူတွေ ဘယ်သူမှ မသိစေရဆိုတာပါပဲ ...။

ဒါကို တင်ပြနေစရာလိုလား ...။

ကိုယ့်ကို တကယ်မချစ်ခဲ့တဲ့ ယောကျ်ားတစ်ယောက်ကို ခြေသလုံးဖက် မျက်ရည်ခံထိုးပြီး ... အရှက်မရှိတဲ့ မျက်နှာနဲ့ အသနားခံနေမယ်ထင်နေလို့လား ...။ ခေါက်ထားလိုက်စမ်းပါ ...။

လင်းလက်လဆိုတာ မာနသိပ်ကြီးတဲ့ ကောင်မလေး ...

"နှင် ... နှင် ငါ့ကို မညာနဲ့နော် ... လင်းလက်လ ... ငါသိတယ် ... နှင့် မျက်နှာကို ကြည့်လိုက်ကတည်းက နှင့်ရင်ထဲမှာ ဘာတွေ ဖြစ်နေလည်းဆိုတာ ငါနားလည်တယ် ..."

"ကိုကြီးနော် ... လ,ကို အပိုတွေလာနှိုးမနေနဲ့ ... လ,ဘာမှ မဖြစ်ဘူးလို့ ကိုကြီးကို ဘယ်နှစ်ခါပြောရမလဲ ... ကိုကြီးနဲ့ချယ် စေ့စပ်တာ ... လ,က ထိုင်ငိုနေမယ်ထင်လို့လား ... ဝေးသေးတယ် ကိုကြီးကလေး တစ်ဒါဇင်ရသွားလည်း လ,ကအေးဆေးပဲ ..."

"ဟာ ... လ ... လင်းလက်လ"

ကိုကြီးကို မစောင့်တော့ဘဲ လ,တစ်ယောက်တည်း ထွက်လာတာ ... ဘာဖြစ်လဲ ... ကိုကြီးနောက်က ပြေးလိုက်လာတာ





သိပေမယ့် ... လ, လှည့်မကြည့်တော့ပါ ...။

"ဟင် ..."

ခြံရှေ့ရောက်လို့ ကြည့်လိုက်တော့ ...

လ,ကို နှုတ်ခမ်းကိုက် ကြည့်နေတဲ့ မေမေ ...။

"ညည်း ... ညည်း ပြန်လာသေးတယ်နော် ဟင်း ... ဟင်း"

ဒေါ်မြတ်လွှန်းမေ ဒေါသဖြစ်လိုက်ရတာ မပြောပါနဲ့တော့။

ဒင်း ... လုပ်တာ ခြံထဲမှာ ဘယ်လောက်မျက်နှာပူနေရတယ်ထင်သလဲ ... ချိုကလည်း လ,ပြန်မလာသေးဘူးလား၊ လ, မလာသေးဘူးလားနဲ့ ခဏခဏ လာလာမေးနေလို့ ကိုယ့်မှာ ဖြေနေရတာအမော ...။

လ,ကျောင်းမတက်ဘဲ ကောင်လေးတစ်ယောက်နဲ့ ရုပ်ရှင်သွားကြည့်တယ်ဆိုတဲ့ သတင်းက ဒီခြံထဲမှာ တအံ့တသြနဲ့ စက်ရုပ်သတင်းတစ်ပုဒ်လို့ ဖြစ်နေတဲ့ဥစ္စာ ...။ အမေလုပ်တဲ့လူက ဘယ်လောက်ထူပူနေလဲဆိုတာ စဉ်းစားကြည့် ...

"မေမေနော် ... လ,ဘာဖြစ်လို့လဲ ..."

"အမလေးဟယ် ... ကြည့်စမ်း ... ပြောပုံက လ,ဘာဖြစ်လို့လဲတဲ့ ..."

ဒေါ်မြတ်လွှန်းမေ မျက်လုံးမပြူးဘဲ နေပါတော့မလား။

"ညည်း ... ညည်း ကျောင်းပြေးတယ်ဆို ..."

"ဟာ ... ကျောင်းပြေးတာ မဟုတ်ပါဘူး မေမေရဲ့ ... အာဒံရယ် ဧဝရယ် ... ကောင်းတယ်ဆိုလို့ ကိုကြီးတို့အတန်းထဲက သူငယ်ချင်းတစ်ယောက်ကို အဖော်ခေါ်ပြီး သွားကြည့်တာ ...။

"ကြည့်စမ်း ..."

လ,ခပ်တည်တည်ပဲ ... ရှေ့ကပိတ်ထားတဲ့ မေမေ့ကို ကျော်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ခြံထဲဝင်လာတော့ ... မာမီချိုကပါ ... လှမ်းအော်သည်။

"ဟဲ့ ... လ, ညည်းပြန်လာပြီလား"

"ဟာ ... ပြန်လာပြီလေ ... မာမီချို ... "

"အာဒံနဲ့ ဧဝကောင်းလား ... "

"ပြေတီဦး တအားမိုက်တယ် ... စိုင်းစိုင်းလည်း ဂွတ်တယ်"

"အေး ... ပြေတီဦးပဲ မိုက်မိုက် ... စိုင်းစိုင်းပဲ ဂွတ်ဂွတ် ... ညည်းကို ကြိမ်လုံးတစ်လုံး သွပ်တော့မှာ ... ညည်း မေမေပဲ ... ဟင်း ဟင်း ... အရွယ်ကလေးက ရောက်လာပြီဆိုတော့ စိတ်... မျောက်စိတ်ပေါက်လာပြီပေါ့ ... "

ဘုရားရေ ... ကြည့်စမ်း ... လ,ကို မာမီချို မကြားတကြား... အော်ပြောသွားတာ ... လူကိုများ မျောက်စိတ်ပေါက်လာပြီတဲ့...

လ,ပြန်မပြောချင်လို့ ဝင်လာခဲ့ပေမယ့် ... မေမေ ဒေါင်း... မောင်းတိနောက်က လိုက်လာတာလည်း လ,သိသည်။

လ,အခန်းထဲဝင်ပြီး လွယ်အိတ်ကို စားပွဲပေါ် ပစ်တင်လိုက်... တော့မှ ...

"ဒေါက် ... "

"ဂျောက် ... "

"ဟင် ... မေမေ အဟင့် ... ဘာလုပ်တာလဲ"

မေမေ အခန်းတံခါးဂျက်ကို ဒေါက်ခနဲ ဂျောက်ခနဲ အသံ... မြည်သွားအောင်ကိုပဲ ပိတ်ချပစ်လိုက်ပြီ ... ။

"ညည်း ... ညည်းနဲ့ငါနဲ့ စာရင်းရှင်းစရာရှိလို့ ပိတ်ပစ်လိုက်... တာ ... ၊ တံခွန်စေ့စပ်တာကို ညည်းမကျေနပ်လို့ တံခွန်ကို အ... တိုက်နေတာ ငါသိတယ် ... ဒါ ညည်းလုပ်စရာလား ... ညည်းခံ... နေစရာလား ... "





"အား ... မေမေနော် ... နာတယ် ... အဟင့်ဟင့်"

မေမေ လ,ဗိုက်ခေါက်လေးကို ဆွဲလိမ်ပစ်လိုက်တာ ... အသားကုန်ပါပဲ ... လ,မခံနိုင်တော့လို့ အော်ပစ်လိုက်တာ မျက်လုံးပြူးပြီး ခြေဖျားလေးပါ ကြွတက်သွားသည်။

"ပြောစမ်း လင်းလက်လ ... သူ့အမေ ကိုယ်တိုင်က ညည်းနဲ့သဘောမတူလို့ သူတို့သဘောမကျတဲ့ ကောင်မလေးနဲ့ စေ့စပ်ပေးလိုက်တာ ... ညည်းက သွက်သွက်ခါ လက်လက်ထ,ဖြစ်နေစရာလား ... ဖြစ်နေစရာလား ... "

"အား ... အား"

ဒေါ်မြတ်လွန်းမေ ... ဒေါသကြောင့် အသားတွေတဆက်ဆက်တုန်လာသလို ... လက်ဆ ပြင်းပြင်းနဲ့လည်း ဒင်းဗိုက်ခေါက်ကို အသားကုန်ဆွဲလိမ်ပစ်လိုက်သည်။

ကိုယ်လည်း ငယ်ရာကကြီးလာတာပဲ ... ။

မကျေနပ်ရင်တောင် သူသိအောင် အထွန့်တက်ရဲ့ပြစရာ လိုသလား ... ပုံ့မွှေးချိုက ဘယ်လိုထင်မလဲ ... ။ ဒက်ဒီမောင်ကရော ဘာပြောမလဲ ... သိက္ခာကျစရာရှိရင် ကိုယ့်သမီးပဲ သိက္ခာကျမှာ။

ဒါကို ဒေါ်မြတ်လွန်းမေ အသည်းတွေယားပြီး ကျလိကျလိ ဖြစ်နေတာပါ ... ။

"အဟင့် ... နာတယ် မေမေရဲ့၊ လွှတ်ပါ ... မေမေပြောသလိုလည်း မဖြစ်ပါဘူး ... ကိုကြီးကိုလည်း လ,ပြောပြီးပြီ ... လ, အေးဆေးပဲဆိုတာ မမချယ်မှုန်းထင်လည်း လ,သဘောတူတာ တယ် ... အဟင့် ... ဟင့် ... ဟင့်"

"ညည်း ... ညည်း ... တကယ် ဘာမှမဖြစ်ဘူးနော်"

"မဖြစ်ဘူး ... မဖြစ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘုရားရှူးနော် ... "

"ရှူး ... ရှူး ... ကြိုက်သလောက်ရှူး ... "

"မိုးကြိုးပစ် ... "

"ပစ် ... "

"မိလ္လ,ရယ် ... ညည်းကြောင့် ငါဒိုချင်တယ် ... အခု ငါ ဘာတွေဖြစ်နေပြီလဲဆိုတာ ညည်းသိရဲ့လားဟင် ... ညည်းနဲ့ငါ ထမင်းနပ်မှန်အောင် စားနေရတဲ့ ငါ့ရဲ့စာပုံနှိပ်စက်ကလေးလေ"

"ဟင် ... မေမေ ပုံနှိပ်စက် ဘာဖြစ်လို့လဲ ... "

"တရားမဝင် နှစ်လုံးထီ သုံးလုံးထီ စာရွက်တွေရိုက်လို့ပြီး ... သက်ဆိုင်ရာက ချိတ်ပိတ်အရေးယူတာ ခံလိုက်ရပြီလေ"

"*ဘုရားရေ* ... "

"အဲဒါ ... မေမေတို့ ထမင်းငတ်ပြီ သမီးရဲ့ ... ဟီး ဟီး"

လ, ပါးစပ် အဟောင်းသားကလေး ပွင့်လျက် ...

လ, ဘာလုပ်ရတော့မှာလဲ ... ။

အခန်း ( ၂၀ )

"သိတယ် ... သိတယ် ... တစ်နေ့နေ့မှာ ဒီလိုအချိုးမျိုးတွေ ဖြစ်လာတော့မယ်ဆိုတာ မာမီသိလို့ ... ချယ့်လေးကိုပဲ မာမီရွေး *ချယ်လိုက်တာ* ... "

ဒေါ်ပျံ့မွှေးချို မျက်နှာထားက မဲ့ကာရွဲ့ကာ ဖြစ်နေသည်။

ဒက်ဒီမောင်က သတင်းစာဖတ်ရင်း သားအမိနှစ်ယောက် စကားဝိုင်းထဲ ဝင်လည်းမပါ။ ဝေဖန်တာလည်း ဘာမှမလုပ်ဘဲ မကြားသလို မသိသလိုလုပ်နေသည်။ လ,ဟာ ကိုယ့်သမီးအရင်း အချာ မဟုတ်ခဲ့တာ မှန်ပေမယ့် ... သမီးရင်းလေး တစ်ယောက်လို သဘောထားလာခဲ့တာကိုတော့ လွယ်လွယ်နဲ့ဖြတ်မပစ်ချင်တာ ဒက်ဒီမောင်ရဲ့ ဆန္ဒ ... ပြီးတော့လည်း မြတ်လွန်းမေမှာ စီးပွားရေး အပူသောကတွေနဲ့ ...

"ကိုမောင်နော် ... သားပြောတာ ရှင်လည်းကြားတယ် နော်"

"ကြားတယ်လေ ... ဘာဖြစ်လို့လဲ ... "

လှည့်မကြည့်ဘဲ ပြန်ပြောနေတာက စိတ်မပါသလို ... ။



www.burmeseclassic.com

www.burmeseclassic.com



သတင်းစာလည်း လက်ကမချ ... သောက်လက်စ ကော်ဖီခွက်ကလည်း စားပွဲပေါ်မှာ ဒီအတိုင်း ...။ တံခွန်ကလည်း ပြောနေပေမယ့် ခေါင်းငိုက်စိုက်ကျနေသည်။

"ဟာ ... ဘာဖြစ်ရမလဲ ... ရှင့်သမီး လင်းလက်လ,လေးတွဲနေတဲ့ ကောင်လေးက တစ်ယောက်တောင် မဟုတ်ဘူး ... နှစ်ယောက်တောင်တဲ့ ..."

"ဟုတ်လို့လား ..."

"တွေ့လား ... ပြောနေတာတောင် ... ရှင်က မယုံသလိုနဲ့"

မလှုပ်တလှုပ်လုပ်နေလို့ ... စိတ်ပျက်ရတာ ... ဒေါ်ပုံ့မွှေးချို ...

"ဟာ ... ယုံတာ မယုံတာပြောနေတာ ... မဟုတ်ဘူးဝေလေ၊ သူလည်း တက္ကသိုလ်ကျောင်းသူတစ်ယောက်တောင် ဖြစ်နေပြီပဲ ဥစ္စာ ... သူ့မှာလည်း သူပေါင်းရမယ့် အပေါင်းအသင်း သူငယ်ချင်းဆိုတာ ရှိနေမှာပဲ၊ ဒါကို မင်းတို့က တစိပ်ကိုတစ်အိတ် လုပ်ပြီးပြောနေမှာကြောက်လို့ ... ငါသတိပေးနေတာ ... အေး ကျောင်းမတက်ဘဲ သွားချင်ရာလျှောက်သွားတာကိုတော့ ငါကန့်ကွက်တယ် ... မိန်းကလေးတစ်ယောက်အနေနဲ့ မလုပ်သင့်ဘူး ... ဆိုတာလည်း ငါသဘောတူတယ် ..."

ပြောချင်တာပြောပြီးမှ ... သတင်းစာကို ပစ်ချကာ ... ကော်ဖီခွက်ကို ကောက်ကိုင်သည်။ ဒီအိမ်မှာ ရှုပ်ရှုပ်ထွေးထွေးတွေလည်း ဒက်ဒီမောင် မကြားချင် ...။ ပုံ့မွှေးချိုက လ,ကိုပဲအပြစ်တင်ချင်နေတာ ဒက်ဒီမောင် မသိဘဲနေမလား ...။

သူလည်း ... ငယ်တော့တာမဟုတ် ...။

တက္ကသိုလ်ကျောင်းသူတစ်ယောက်မှာ အဖော်အပေါင်း သူ





ငယ်ချင်းတွေတိုးလာလည်း မဆန်း၊ ဒက်ဒီမောင်အတွက် တစ်ခုပ်ဆန်းနေတာက မျက်နှာလေးရှုပုတ်ပုတ်နှင့်သားတံခွန် ခေါင်းငိုက်စိုက်ကျနေတာပင်။

"အဲဒါ ရှင်သိထားရင် ပြီးတာပဲလေ ... ကိုမောင် ချိုကတော့နောက်ဆက်တွဲပြဿနာတွေ ဖုံးမနိုင်ဖိမရပေါ်လာမှာပဲစိုးတယ်၊ ဒီခေတ်လူငယ်တွေက ပြောလို့ရတာ မဟုတ်ဘူး ... ခြေသွက်လက်သွက်လေးတွေက များတယ် ..."

"လ, ဒီလောက် မမိုက်ပါဘူး ... မင်းအပိုတွေပြောမနေနဲ့"

ပြောပြီးတာနဲ့ လက်ကျန်ကော်ဖီကို တကျိုက်တည်းမော့သောက်ကာ ... ဒက်ဒီမောင် အပေါ်ထပ်ကို့ တက်သွားသည်။

ညှေ့ခန်းမှာ ကျန်ခဲ့တာ ... ပုံ့မွှေးချိုတို့ သားအမိ နှစ်ယောက်တည်းပါ ... ထုံးစံအတိုင်း ပုံ့မွှေးချိုက မဲ့ကာရွဲ့ကာနှင့်။

"ဟွန်း ... တံခွန်နော် ..."

ပြောချင်နေတာ အသည်းယားလို့ ...။

"ဘာလဲ ... မာမီရာ"

မာမီနဲ့လ, ကြားမှာ စိတ်မာတ်ကျရတာ ... တံခွန် ...

"မင်း ... ဟိုဘက်အိမ်ကို လုံးဝ မသွားနဲ့တော့ ..."

"စိတ်ညစ်တယ် မာမီ ..."

"အောင်မယ် ... ဘာ စိတ်ညစ်တာလဲ"

ပုံ့မွှေးချို မကျေနပ်တာလည်း အဲဒါ ...။

သူကပဲ ... စိတ်ညစ်သတဲ့ ...။

"မင်း ... မင်း ... မာမီရှေ့မှာလာပြီး ခေါင်းငိုက်စိုက်ကျပြမနေနဲ့ ... မင်းဟာမလေး လုပ်နေတာကရော အချိုးပြေလို့လား၊ တစ်ယောက်နဲ့ရုပ်ရှင်ကြည့်တာ အားမရသေးလို့ နောက်ကောင်



www.burmeseclassic.com

www.burmeseclassic.com



လေးတစ်ယောက်နဲ့ ထပ်ပါသွားတာ ကောင်းသလား ... မင်းစဉ်းစားကြည့်စမ်း ... ဒါတွေကို ဘာသဘောနဲ့လျှောက်လုပ်နေတာလဲ၊ မင်းနဲ့ ချယ် စေ့စပ်လိုက်လို့ မာမီတို့ကို ဆန့်ပြနေတာသေချာတယ်၊ အဲဒါ ... မင်း သွားလည်းမချော့နဲ့ ... အရောလည်း မဝင်နဲ့ ပစ်ထားလိုက် ... "

"မာမီရာ ... "

သူ ခေါင်းကိုပဲ ဖွကုတ်နေမိသည်။

တကယ်လည်း သူစဉ်းစားလို့မရတာ ... လ,လုပ်နေတဲ့ ရည်ရွယ်ချက်တွေကိုပါ။ သူဒေါအပွဆုံးဟာ ရန်ဦးငယ်ဆိုတဲ့ ကောင်နဲ့ ပတ်သက်သွားတာကိုပဲလေ ... "

ရန်ဦးငယ်ဆိုတာ နာမည်ပျက်တွေ တစ်ပုံတစ်ပင်ကြီးနဲ့ ...

ရည်းစားကို တစ်ယောက်ပြီးတစ်ယောက် ပြောင်းထားနေတတ်သူ ...။ မိန်းမကြမ်းကြေကြေနဲ့ ကောင်မလေးတွေကို အခွင့်အရေး ယူဖို့ပဲ ချောင်းနေတတ်သူ ...

ဒါကိုမှ လ,သွားပတ်သက်ခဲ့တာ ... တံခွန်ရင်နာလို့မဆုံး။ ဖြစ်ပြီးတာတွေ ဖြစ်ပြီးမှတော့ ဒေါပွ တောက်ခေါက်နေတော့ရော ဘာထူးတော့မှာလဲ ... လ,ကိုလည်း ကြီးကြီးမေ ကြိတ်ဆူနေသံကြားသည်။

ပြန်လာကတည်းက ... သားအမိနှစ်ယောက်စလုံး တံခါးတွေပိတ်ကာ အိမ်ပြင်ကို ထွက်လာတာလည်း မတွေ့ ... ။

ဒါဆို လ,ကရော ဘာလုပ်နေလဲ ...

"တီ ... တီ"

"ဟင် ... "





Hand Phone မြည်သံလေးကြားလို့ ကောက်ကိုင်လိုက်တော့ ချယ့်ဆီကလာတဲ့ Phone ...

"ဟဲလို ... ပြောလေချယ်"

"လင်းလက်လ ... ပြန်လာပြီလား"

လင်းလက်လ,တဲ့ ... ။

ကြည့်စမ်း ... ချယ်ကလည်း ဒီသတင်းကိုပဲ စိတ်ဝင်စားနေတာလေ ... ။

"ဟာ ... ပြန်လာပြီလေချယ် ... "

"တခြားကောင်လေးတစ်ယောက်နဲ့ တွဲပြီးပြန်လာတာဆို"

သူ မျက်ခုံးလေးပင့်ကာ အံ့သြသွားမိသည်။

"ဟင် ... အဲဒါ ဘယ်သူပြောတာလဲ"

"ဘယ်သူပြောရမှာလဲ ... တံခွန်ရဲ့၊ စောစောကပဲ ... မာမီချို ဖုန်းဆက်ပြောလို့ ချယ်သိလိုက်တာလေ ... "

လက်စသတ်တော့ တရားခံက မာမီ ... ။

"လုပ်မနေနဲ့တံခွန် ... လင်းလက်လ,က သူ့သမိုင်းကို သူရေးနေတာ ... အရေးကြီးတာ ချယ်တို့လက်ထပ်ပွဲအတွက် ဝတ်စုံတွေ အဆင်သင့်ချုပ်ထားဖို့က အရေးကြီးတယ် ... အဲဒါ ကိုယ်တိုင်းတွေ ယူဖို့ ဒီဇိုင်နာဆီကိုသွားရမယ်၊ သတို့သားအရံသုံးယောက်နဲ့ သတို့သမီးအရံ သုံးယောက်လည်းထည့်မယ်တဲ့ ... အဲဒါ သတို့သမီးအရံထဲမှာ လင်းလက်လကို ပါအောင်ထည့်နော် ... "

"ဟင် ... လ,ကို အရံနေရာမှာထားမယ်"

"အို ... မထည့်လို့ရမလား၊ ဒါမှ သူနောက်ဆုံး ဘယ်နေရာမှာ နေရမလဲဆိုတာ သဘောပေါက်သွားမှာလေ ... ချယ်ကတော့ သနားတယ် ... အဲဒါ သူ့ကိုပါခေါ်သွားရမယ် ... ကျန်တဲ့လူတွေ



www.burmeseclassic.com

www.burmeseclassic.com



ချယ်စီစဉ်မယ် ...”

“လ,လ,က အဲဒါကို လက်ခံပါ့မလား ...”

“အို ... လက်မခံလို့ မရဘူး”

နောက်ဆုံးချယ်က အတင်းအကြပ်တွေ ထည့်ခိုင်းနေလို့ မာမီနဲ့တိုင်ပင်တော့ ... ။

“အို ... ဒါ လ,လုပ်ရမှာလေ ... မလုပ်ရင်ဘယ်ကောင်းမလဲ ကိုယ်တိုင်းယူဖို့ မာမီ အခုတစ်ခါတည်း သွားပြောမယ် ...”

မာမီက ... ခြေသွက်လက်သွက်နဲ့ပဲ ... လ,တို့ အိမ်ကလေး ဘက်ကို ထွက်သွားပြီ ... ။

“ဟဲ့ ... တံခါးတွေလည်း စောစောစီးစီး ပိတ်လို့ပါလား၊ ဟင် ... မေ ... မေ မရှိဘူးလား ...”

“ဟာ ... ရှိပါတယ် ချို့ရဲ့ ... နေဦး နေဦး ချို တံခါးဖွင့်လိုက်ဦးမယ် ...”

ချို့ အသံကြားလို့ တံခါးကို သွက်သွက်လေး ပြေးဖွင့်ရတာ မေပါ ... ဘာပဲပြောပြော စိတ်ဓာတ်ကျနေလို့ ဒေါ်မြတ်လွန်းမေ တံခါးပိတ်ထားတာ ... ။

ပြောရရင် ပုံ့မွေးချိုဆိုတာ ဒီခြံကြီးရဲ့ အရှင်သခင်မ တစ်ယောက်ပဲလေ ... သူက ဖွင့်တော့ဆို ဖွင့်လိုက်ရုံပဲရှိတော့တာပေါ့။

“ဒေါက် ...”

“ဂျောက် ...”

“ဝင်လေ ... ချို”

ဟန်မပျက် ဖိတ်ခေါ်လိုက်ရပေမယ့် ဖို့ရို့ဖားလျားဖြစ်လက်စ ဆံပင်တွေကိုလည်း ဒေါ်မြတ်လွန်းမေ ခုထိ မရှင်းနိုင်သေးပါ။

“ဟဲ့ ... မေ ... နင့်သမီး လင်းလက်လရော ...”





“သူ့အခန်းထဲမှာ ရှိတယ်လေ ချို ... ချိုဘာကိစ္စရှိလို့လဲ”

“အို ... ဘာကိစ္စရှိရမှာလဲ ... သားတို့ မင်္ဂလာပွဲမှာ လ,ကို သတို့သမီးအရံလေး လုပ်ခိုင်းရမှာလေ ... အဲဒါ ကိုယ်တိုင်းသွားပေးရမှာမို့လို့ အဆင်သင့်လုပ်ထားဖို့ လာပြောတာ ... ခဏနေရင် ချယ်လေးလာခေါ်မယ် ...”

“ပြောလိုက်မယ် ... ပြောလိုက်မယ် ...”

တွေ့လား ... ကိုယ့်သမီးက သတို့သမီးအရံတဲ့ ...

ကောင်းပါတယ်လေ သူတို့ခြံထဲမှာ ကိုယ်ကကပ်နေရတော့ ဆေးစက်ကျရာ အရုပ်ထင်ရတော့မှာပဲပေါ့ ... ။

ချို ပြန်ထွက်သွားတော့မှ ...

“ညည်း ... ညည်း ကြားတယ်နော် လင်းလက်လ ...”

“ဟွန်း ... ကြားသားပဲ ...”

“ကြားတယ် မလုပ်နဲ့ ... အဝတ်အစားလဲပြီး အဆင်သင့် ပြင်ထား ... ခေါ်ရင်သွား ခိုင်းတာလုပ် ... ပြဿနာမရှာရင်ပြီးရော”

မကောင်းတတ်လို့ လ,လိုက်ရမဲ့ပေမယ့် ...

သိတယ်မလား ... လ,ရဲ့ ဟန်ဆောင်မှုတွေက ...

“ဟင်း ... ဟင်း ... ဒီလောက် ကြီးကျယ်မြင့်မြတ်ခမ်းနားတဲ့ လက်ထပ်မင်္ဂလာပွဲကြီးမှာ ... သတို့သမီးအရံလုပ်ခွင့်ရလို့ မမချယ်မှုန်းထင်ကို လ,က အရမ်းကျေးဇူးတင်နေတာ ...”

“လ ... လက ပျော်နေတယ်ပေါ့လေ ...”

“ဟား ... ဟား ... ပျော်တာပေါ့ မမရဲ့ ...”

လ,က တမင်လန်းအောင်ပြင်ထားပြီး ... ဝတ်လာတာ လည်း လက်တန်းကြိုးကိုယ်ကြပ် အင်္ကျီလေးနဲ့မို့ ... လ,ပုံစံလေး



www.burmeseclassic.com

www.burmeseclassic.com



ကြွရှနေတာ ... အရမ်းသိသာနေသည်။ တံခွန်ကတော့ မျက်တောင်တွေပင့်လျှက် လ,ကို စိုက်ကြည့်ကာ ...

"ဘာလဲဟာ ... ကြီးကြီးမေ ဒီလောက်ဆူထားတာတောင်နင်က ခုထိအူမြူးနေတုန်းပဲလား ... "

"ကိုကြီးနော် ... လ,ပျော်နေတာ ကိုကြီး မမြင်ချင်လို့လား"

ခုထိလည်း ကိုကြီးမျက်နှာကို လ,မကြည့်ပါ ... ။

လ,မျက်ဝန်းလေးက မမချယ်မှုန်းထင်ဘက်ကို ရွေ့သွားလိုက် ... မာမီချို မျက်နှာလေးဆီ ရောက်သွားလိုက်နှင့် ကားပေါ်မှာ ထိုင်တော့လည်း လနဲ့မာမီချို နောက်ခန်းမှာ နှစ်ယောက်တည်း ... ကိုကြီးက ... ကားကို မောင်းနေပါသည်။

"ကဲပါ ... ဒီမောင်နှမနှစ်ယောက် ရန်ဖြစ်မနေကြနဲ့ ... "

"ဟာ ... ရန်ဖြစ်တာ မဟုတ်ဘူးလေ ... မာမီ၊ မာမို့သမီးဖြစ်နေတဲ့ မျက်နှာကိုပဲ ... မာမီကြည့်ပါလား ... ကြီးကြီးမေ ဆော်မလော်တီးတာတောင် အချိုးကဘယ်မှာ ပြင်လို့လဲ ... "

"ကိုကြီးနော် ... "

လ, ဒီတစ်ခါပဲ ... ကိုကြီးကို မျက်စောင်းရွယ်ပေးလိုက်သည်။

"လ, သတို့သမီးအရံ လုပ်ပေးတာ ... ဟို အစကတည်းက မာမီချိုကို ပြောထားလို့ လုပ်ပေးတာ ... ကိုကြီးမြန်မြန် မိန်းမရသွားလေ ... လ,အတွက်က ပိုကောင်းလေပဲ ... "

တံခွန် လ,ကို စိတ်ပျက်ရတာ အဲဒါတွေပါ ... ။

လ,မချစ်တာကို သိလေ ... ကိုယ့်မှာ ခံစားရလေ ... ပိုဆိုးတာက ... လ, ဟန်ဆောင်နေသလားဆိုတာ ... ခိုးကြောင်ခိုးဝှက်





လေးနဲ့ လ,ကို အကဲခတ်ရတာအမော ... ။

"သား ... တံခွန် ... "

"ဗျာ ... မာမီ"

"ကိုယ်တိုင်ပေးပြီးတာနဲ့ ... မာမီတို့ကို စားသောက်ဆိုင်တစ်ခုခုကို လိုက်ပို့ပေးလေ ... ချယ်လေးကို မာမီကျွေးချင်လို့"

"ဟာ ... ရပါတယ် မာမီရဲ့"

"ဟား ... ဟား ... ကောင်းတယ် ... ကောင်းတယ် ... မိ အစီအစဉ်ကို အပြတ်ထောက်ခံတယ် ... ဗိုက်ဆာနေတာနဲ့တော်ပဲ ... "

ဒေါ်ပုံ့မွေးချို အံ့ဩနေတာ ... လ,ကိုပါပဲ ... ။

လ,က တံခွန်မိန်းမယူတာ ဘယ်မှာပြဿနာရှာလို့လဲ ...

ခေါ်တော့လည်း တက်တက်ကြွကြွ ပျော်ပျော်ရွှင်ရွှင်လေးလိုက်လာတာ ... ဒါကို မယုံတာ ချယ်မှုန်းထင်ပါ ... ။

မိန်းကလေးချင်းပဲ သိတာပေါ့ ... ။

ဟွန်း ... ဒီဇာတ်လမ်းမှာ မင်းလေးက ညို့ချက်ပြင်းနိုင်လား ... တို့ကပဲ ညို့ချက်ပြင်းနိုင်မလား ... ။

စောင့်ကြည့်ကြသေးတာပေါ့ လက်လင်းလ ... ။

ဒီဇိုင်နာ မိုးမိုးဆီ ရောက်တော့လည်း ... လင်းလက်လ,က ခံစားချက်မှ မရှိတဲ့ ပုံစံလေးနဲ့ တက်တက်ကြွကြွပါ ... ။

စားသောက်ဆိုင်မှာ ထိုင်တော့မှ ...

"မင်း ... မင်း သိပ်ပျော်နေသလားဟင် ... လင်းလက်လ"

"မပျော်လို့ ငိုနေရမလား ... "

တွေ့လား ... တမင်သက်သက် ဘုဂလန့်ဖြေလိုက်တာ ချယ်ကတော့ လ,အထာကို သိပြီးသားပါ ... ။



www.burmeseclassic.com

www.burmeseclassic.com



မာမီချို ရေအိမ်ဘက်သွားချင်တယ်ဆိုလို့ ... တံခွန် အဖော်လိုက်သွားတာနဲ့ စားသောက်ဆိုင် စားပွဲဝိုင်းကလေးမှာ နှစ်ယောက်တည်း ကျန်ခဲ့ရတဲ့အဖြစ် ...

"ဒီပြိုင်ပွဲမှာ ... မင်းရှုံးသွားပြီဆိုတာတော့ မင်းသိမှာပေါ့"

"ဘယ် ပြိုင်ပွဲလဲ ... "

"ဟာ ... မင်း မသိဘူးလား ... "

ချယ် မျက်တောင်လေးကော့ကာ တအံ့တသြမေးလိုက်ပေမယ့် ...

"မသိဘူးလေ ... "

နှုတ်ခမ်းရူရူတင်းတင်းလေးနဲ့ မကြည်ကြည်လေး ကြည့်ကာ ပြန်ဖြေနေတဲ့ လင်းလက်လ ...

"ဒီအမာရွတ်လေးကြောင့် ဖြစ်လာရတဲ့ ပြိုင်ပွဲပေါ့ လင်းလက်လရဲ့ ... ဒီပြိုင်ပွဲမှာ မင်းနေခွင့်ရှိနေတဲ့နေရာက သတို့သမီး အရံနေရာမှာပဲ ရှိနေရမယ်ဆိုတာ မင်းသေချာပေါက် သိထားမှာပဲ လို့တယ် ... "

"ဟွန်း ... သတို့သမီးနေရာမှာ မနေချင်လို့ပါ ... "

"ဘာ ... ဘာပြောတယ်"

ချယ် အထိတ်တလန့်လေးနဲ့ မျက်တောင်ပင့်ရပြီ ... ။

သတို့သမီးနေရာမှာ မနေချင်လို့တဲ့ ...

"မင်း ... မင်း ဒီပွဲကိုဖျက်ဖို့ အနုနည်းနဲ့ ကြိုးစားနေတာလား ဟင် ... လင်းလက်လ ... မင်းပြောစမ်း တို့ မင်းလှုပ်ရှားမှုတွေကို မသင်္ကာလို့စောင့်ကြည့်နေတာ ... မာမီချိုနဲ့ တံခွန်ရှေ့မှာ မင်းဘာမှ မသိသလိုပဲ ဟန်ဆောင်ပြုပြု ... မင်းရင်ထဲမှာ ဘာတွေခံစားနေရသလဲဆိုတာ တို့အားလုံးသိတယ် ... မင်း မလိမ်နဲ့ ... "

ဗိုးလပြည့်စာပေ



"ဟွန်း ... လိမ်စရာလား ... "

လ, နှုတ်ခမ်းလေးကို မဲ့လိုက်မိရပြန်ပြီ ... ။

"လ,ချစ်တဲ့ ကိုကြီးကို အရှက်မရှိတဲ့ မျက်နှာနဲ့လုသွားတာ ခမချယ်မှုန်းထင်က လုသွားတာလေ ... ဟွန်း ... ကမ္ဘာပေါ်မှာ ယောကျ်ားတွေများ ပေါလွန်းလို့ ... သူများနဲ့ လက်ထပ်မယ့် ယောကျ်ားကို ဘယ်တော့မှ မမက်ဘူး နားလည်လား ... "

"ဟယ် ... ကြည့်စမ်း"

လ,ပြောပြီးချိန်မှာ မာမီချိုနဲ့တံခွန် ပြန်ရောက်လာလို့ ဘာတစ်ခွန်းမှ ဆက်မပြောဖြစ်တော့ဘဲ ချယ်စကားတွေရပ်သွားသည်။

"ဟင် ... မှာထားတဲ့ အစားအသောက်တွေ တစ်ခုမှ ရောက်လာသေးဘူးလား ... "

"မရောက်သေးဘူး မာမီချို ... ဟင်း ... ဟင်း"

အောင့်သက်သက်လေးပဲ ချယ် ပြုံးလိုက်ရသည်။

မတတ်နိုင်ဘူးလေ ... တံခွန်နှင့်မာမီချိုရှေ့မှာတော့ အေးအေးဆေးဆေးလေးနဲ့ပဲ ဟန်ဆောင်နေလိုက်ရတော့မှာပေါ့ ... ရပါစေတော့ လင်းလက်လ ... ပွဲက ... မပြီးသေးပါဘူး ... ။

မင်းလေး ... မျက်ရည်ပေါက်ပေါက်ကျတဲ့အထိ ဒီပွဲကိုတို့က ဆက်ကသွားမယ်ဆိုတာ ... မင်းလေး ယုံထားလိုက်စမ်းပါ ... လင်းလက်လရယ် ...။ ချယ် စိတ်ထဲကပဲ ... တေးထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၂၁ )

ဒီလိုနဲ့ပဲ ...

မင်္ဂလာပွဲရက်က နီးကပ်လာခဲ့ပြီ ... ။

တစ်နေ့တစ်နေ့ ... မာမီချို ခိုင်းသမျှအလုပ်တွေကို လုပ်ရတာ လ,ပါပဲ ...

"ဟဲ့ ... လင်းလက်လ ... မလာသေးဘူးလားဟင် ... လင်းလက်လ ... သွားစမ်း ... သွားစမ်း ... ဒီကောင်မလေးကို မြန်မြန်သွားခေါ်စမ်း ... ဒီအချိန်ထိ အိပ်ရာထဲမှာ နှပ်နေလား မသိဘူး"

မငွေး ... လင်းလက်လ,တို့ အိမ်ကလေးဘက်ကို ပြေးရသည်။ အိမ်မှာက ခုတလော ရှင်းလို့လင်းလို့ မပြီးနိုင်အောင် ဖြစ်နေရတာလေ ... ။

ပိုဆိုးတာက ...

ဒေါ်ပုံ့မွှေးချိုရဲ့ ချွေးမလောင်းလေး ချယ်မှုန်းထင်က ဒီခြံထဲမှာပဲ နေမယ်မိန့်တော်မူလိုက်လို့ သူတို့အသစ်စက်စက် နေမောင်နှံနေမယ့် အခန်းကို ရှင်းရလင်းရ မွမ်းမံရနဲ့ ... လ,ရော မငွေး





ပါ အားရ နားရတယ်ဆိုတာ ရှိလို့လား ... ။

ခုလည်း ... မိုးလင်းတာနဲ့ ...

ဒေါ်ပုံ့မွှေးချို အသံက တိုက်ထဲမှာ ညံနေသည်။

"လ,ရေ ... လ၊ လင်းလက်လ မနိုးသေးဘူးလား ... "

လ,က နိုးလို့ဖြင့် သွားပွတ်တံကိုင်ကာ နောက်ဖေးရေတိုင်ကီလေးဘေးမှာ ငုတ်တုတ်ကလေးပါ ... ။

မေမေက ... ဈေးကို အစောကတည်းက ထွက်သွားတာ ခုထိလည်း ပြန်မလာ ... ။

"ဟာ ... လ,ဒီမှာ နိုးနေပြီလေ ... ဒေါ်ငွေးရဲ့၊ စောစောစီး အိမ်ရှေ့က ဘာလို့လာအော်နေတာလဲ ... ဒုက္ခပါပဲ"

လ,က ငိုမဲ့မဲ့ မျက်နှာကလေးဖြင့် ညည်းသည်။

ဒေါ်ငွေးကလည်း နောက်ဖေးရေတိုင်ကီနားထိ တန်းဝင်လာ၏။

"ဝေ့ ... "

"အမလေး ... "

လ,ရေတိုင်ကီဘေးမှာ တဝေ့ဝေ့အနံ့နေတာ မြင်တော့ ဒေါ်ငွေး မျက်လုံးပြူးသွားသည်။

"လ,ရယ် ... ညည်းလေး ဘယ်လိုဖြစ်နေတာလဲဟင် ... အစာတွေများပြီး ရင်ပြည့်နေတာလား ... ရတယ် ... ရတယ် နေနေ ... ဒေါ်ငွေး ကျောလေးကိုဖိပေးမယ် ... "

ဒေါ်ငွေးပြူးပြူးပြာပြာနဲ့ ကျောလေးနှိပ်ပေးတာလည်းမှေ့

"ဝေ့ ... ဝေ့"

ကြည့်လိုက်တော့ အစာတွေပြန်အန်ထွက်နေတာလည်း



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်။

ဒေါ်ငွေးစိတ်ထဲမှာ ထင့်ခနဲတော့ တချက်ဖြစ်သွားသည်

"ဟင် ... "

လ,မျက်နှာလေးကို ကြည့်လိုက်တော့လည်း မျက်တွင်းလေးတွေက ချောင်လို့ ... မျက်ဝန်းလေးတွေက ဖြူဖျော့လို့ ...

"လ ... လ ... နေမကောင်းဘူး ... ဒေါ်ငွေးရယ်"

"ဒုက္ခပါပဲ ... လရယ်၊ မမမေ ... မမမေရော မရှိဘူးလား ... ဟင် ... ဈေးသွားနေတာလား ... "

"အေ့ ... အေ့"

"ဟော ... အနံ့ပြန်ပြီ ... "

"ရ ... ရတယ် ... ဒေါ်ငွေး၊ မနှိပ်နဲ့တော့ ... လ,သက်သာပြီ၊ ဟင်း ... ဟင်း"

လ,ကြိုးစားပြီး ဒေါ်ငွေးကိုပြုံးပြလိုက်ပေမယ့် ရင်ဘတ်မှာ ဖြစ်နေတဲ့ ဝေဒနာအတိုင်းအဆက ဘယ်လိုပြန်ပြောရမှန်းမသိတဲ့ ဝေဒနာမျိုး ... ။

"သက် ... သက်သာတယ် မလုပ်နဲ့လေ ... လ, ဒီနေ့ ကိုကြီးတံခွန်တို့ စုံတွဲနေမယ့် အခန်းမှာ မင်္ဂလာခန်းဝင်ခုတင်ကြီး အဆင်သင့်ဖြစ်နေအောင် ပြင်ထားရတော့မှာ ... အဲဒါ မမချို ခေါ်နိုင်းလိုက်လို့ ... လ,ကို ဒေါ်ငွေးလာခေါ်တာလေ ... မကောင်းရင် လ,နေခဲ့ ... ဒရိုင်ဘာ ဦးစိုးကို ခေါ်ပြီး ဒေါ်ငွေး နှစ်ယောက်ပဲ ပြင်လိုက်တော့မယ် ... "

"ဟာ ... ရပါတယ် ... ဒေါ်ငွေး ... လ,လိုက်မယ်"

"လ,ရယ် ... "





ချောင်ကျသလိုဖြစ်နေတဲ့ လ,မျက်နှာကလေးကို ကြည့်ကာ ဒေါ်ငွေးပင့်သက်ချမိသည်။

ဘုရား ... ဘုရား ...

မကြားဝံ့ မနာသာတွေ ဖြစ်မလာပါစေနဲ့ ... ။

လ,လေးကို သနားလို့ပါ ... ။

လ,လေးကို ကယ်တော်မူပါဘုရားသခင် ... ။

"ဟဲ့ ... မငွေး လ,ရော ... လ,ဘယ်မှာလဲ"

"မျက်နှာသစ်ပြီးရင် လိုက်ခဲ့မယ်တဲ့ ... "

မမချိုကို ကြည့်ကောင်းအောင်ပဲ မငွေးဖြေလိုက်သည်။ အပိုစကားတွေလည်း ဒေါ်ငွေး မပြောချင်တော့ပါ ... ။

အကောင်းဆုံးက ...

ကိုယ်လုပ်ရမယ့် အလုပ်ကို လုပ်တာ အကောင်းဆုံးပဲ ...။

"ဟင် ... လ, ညည်းလာပြီလား"

"မာမီချို ခေါ်တယ်ဆို"

"ခေါ်တယ်လေ ... ခေါ်တယ် ... သွား ... သွား အပေါ်ဆိပ်က ညည်းကိုကြီးဘေးက မာစတာဘက်ရွှမ်းအခန်းထဲကို ဝင်သွား အဲဒီမှာ မငွေးကို ဝိုင်းကူလုပ်ပေးလိုက် ... "

"ကိုကြီးရော ... ဟင် ... ကိုကြီး ... "

"မမေးနဲ့ ... ညည်းလုပ်စရာရှိတာပဲသွားလုပ် ... "

လ,မေမေရဲ့ စာပုံနှိပ်တိုက်လေး ချိတ်ပိတ်ခံလိုက်ရပြီးကတည်းက ... မာမီချိုရဲ့ ဆက်ဆံရေးက လ,တို့သားအမိအပေါ်မှာ ပြောင်းသွားခဲ့တာလေ ... မေမေမှာ ပိုက်ဆံပြတ်သွားတော့ မာမီချိုဆီမှာပဲ မျက်နှာလေးအောက်ချကာ ချေးငှားရ တောင်းရဆွဲရနဲ့



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးမှာတော့ … မေမေရော လ,ပါ မာမီချို့ နိုင်းသမျှအလုပ်တွေ ပိုင်းကူလုပ်ပေးရင်း … ခြံအကူ အလုပ်သမားဘဝကို မသိမသာ ရောက်လာခဲ့ရတဲ့အထိ လ,တို့သားအမိနှစ်ယောက်ရဲ့ ဘဝလေးက နေ့ချင်းညချင်း နိမ့်ကျသွားခဲ့သည်။

ခုလည်း … ကြည့်ပါလား … ။

ဒေါ်ငွေနဲ့အတူ အလုပ်တွေ ပိုင်းကူလုပ်ပေးရမယ်တဲ့ … လ,မပြောတော့ပါဘူး … အရင်လိုလည်း လ,မဆိုးချင်တော့ပါဘူး

လ,လိမ္မာအောင် နေတော့မယ်ဆိုကာမှ … ။

"ဟိတ် … မဏာနေဦး … "

"ဟင် … ကိုကြီး"

လ,ကို ရိပ်ခနဲမြင်လိုက်လို့ သူ့အိပ်ခန်းထဲကနေ အပြေးအလွှား ထွက်လာတာ ကိုကြီးပါ … ကိုကြီးကို လ, မမြင်တာတောင် တော်တော်ကြာနေပြီပဲ … ။

"ဘာလုပ်မလို့လဲ … "

"အောင်မယ် … ခေါ်နေတာတောင် ပြန်မေးနေရသေးတယ်၊ မလိုချင်ဘူး … နင့်ကို ငါမေးစရာရှိလို့ ခေါ်တာ … လာ"

"ဟာ … ဟာ … ကိုကြီးနော်"

လ,ရုန်းလို့တောင် မရတော့ဘဲ ကိုကြီးအတင်းဆွဲခေါ်တဲ့ အခန်းထဲကို လ,ပါသွားခဲ့ပြီ။ ဒုက္ခပါပဲ … မာမီချို့မြင်သွားရင် လ,တို့နှစ်ယောက်ကို ဘယ်လိုထင်သွားတော့မလဲဟင် … ဒေါ်ငွေလည်း ဟိုဘက်အခန်းထဲကနေ နားစွင့်နေတော့မှာ … ။

ကိုကြီးက … မရပါ … ။





လ,မျက်နှာလေးကို ရွှန်းရွှန်းလဲ့လဲ့ စိုက်ကြည့်ကာ အတင်းဖက်ဖို့ကြိုးစားနေသည်။ လ,ကြောက်ကြောက်နဲ့ အတင်းပြန်ရုန်းကာ ကိုကြီးပခုံးတွေကို တဘုန်းဘုန်းထုရိုက်နေမိသည်။

"ဟာ … လွှတ်နော်"

လ,အော်လည်း ကိုကြီးက မလွှတ် … ။

"ကို … ကိုကြီးကို မညာပါနဲ့ လ,ရယ်၊ ကိုကြီးလေ … လ,နဲ့ စကားပြောချင်လို့ အမြဲတမ်းချောင်းနေတာ … တစ်နေ့တစ်ခြား ကိုကြီးသိလာတာ … ချယ်မှုန်းထင်ကို ကိုကြီးဘယ်လိုမှ ချစ်လို့မရဘူးဆိုတာပဲ … ကိုကြီး တကယ်ချစ်တာလ, ကိုကြီးရင်ထဲမှာ အမြဲတမ်း ထွန်းလင်းတောက်ပနေတာ လင်းလက်လ … "

"ဟင့်အင်း … ဟင့်အင်း … ကိုကြီး လ,ကို မချစ်ပါနဲ့"

လ, ရုန်းလည်းရုန်း ခေါင်းလေးကိုလည်း အဆက်မပြတ်ခါပြီး ငြင်းတော့ … လ,ပါးပြင်လေးကိုနမ်းဖို့ လ,ကိုယ်လုံးလေးကို အတင်းသိမ်းကြုံးဖက်သည်။

ပါးလေးကိုလည်း ဘယ်ပြန်ညာပြန်ကြီး နမ်းသည်။

"မရဘူးလ, ကိုကြီး လ,ကို တအားချစ်တယ် … "

"ဟာ … ကိုကြီးနော် … ကိုကြီးကို လ,အပြတ်ပြောနေတယ် … ကိုကြီးကို လ,မချစ်ဘူးလို့ … ဘယ်နှစ်ခါပြောရမလဲ … လ,မှာ ချစ်သူရှိတယ် … ကိုကြီးချစ်တာ … Sorry ပဲ … "

"ဘာ … ဘာပြောတယ်လ, လ,မှာချစ်သူရှိတယ် … "

အခုမှ …

ကိုကြီးနဲ့လ, လူချင်းပြန်ကွာသွားသည်။

ပြီးတော့ ကိုကြီးမျက်ဝန်းတွေလည်း အရောင်ပြောင်းသွားခဲ့



www.burmeseclassic.com

www.burmeseclassic.com



ဓါ။

လ,က ပြိုပျက်သွားတဲ့ အကျႌစ,လေးကို ပြန်ဆွဲဆန့်ရင်း ဆံပင်ရှည်တွေကိုလည်း လက်ကိုင်ပဝါလေးနဲ့ သပ်သပ်ရပ်ရပ်ကလေးဖြစ်သွားအောင် ပြန်စည်းပစ်လိုက်သည်။

ပြီးတော့မှ နောက်တစ်လှမ်းဆုတ်ကာ ...

"ဟုတ်တယ် ... လ,မှာ ချစ်သူရှိတယ်၊ အဲဒါကြောင့်မို့ ကိုကြီးနဲ့မတွေ့အောင် လ,တမင်ရှောင်နေခဲ့တာ ... လ, ဆေးအေးပဲ နေပါရစေ ... ကိုကြီး လ,ကို မေ့လိုက်ပါ ... "

"ဟင် ... လ ... "

လ,ကိုကြီး မျက်နှာကို မကြည့်တော့ဘဲ လှည့်ထွက်လာခဲ့တော့ ... တွေဝေငေးငိုင်ခြင်းများစွာနဲ့ ကိုကြီးကျန်နေခဲ့ပြီပေါ့ ...

"ဒေါ်ဒွေး ... "

"ဟင် ... လ,လေး ရောက်လာပြီလား ... "

"လ, ဘာလုပ်ပေးရမလဲဟင် ... ဒေါ်ဒွေး ... "

"အို ... သတို့သား သတို့သမီးနေမယ့် ဒီအခန်းလေးကို ဗိုလ်ဆန်ဆန်စတိုင်လ်လေးနဲ့ ကြွရှုနေအောင် ပြင်ဆင်ပေးရမှာလေ ... ဒီမှာ သတို့သမီးချယ်မှုန်းထင်လေးက အခန်းမှာ ဆင်မယ့်ပစ္စည်းတွေကို အိပ်ရာခင်းတွေ လိုက်ကာတွေမကျန် အကုန်ချပေးထားတာ ... "

"ဟွန်း ... "

မင်္ဂလာခန်းဝင်ပစ္စည်းတွေကိုကြည့်ပြီး ... လ, နှုတ်ခမ်းလေးက ခပ်တွန့်တွန့်လေး မဲ့ကွေးသွားသည်။

ဒါပေါ့လေ ...





ညို့ချက်ပြင်း သူကြီးဆိုတော့ ...

အောင်ပွဲခံဖို့ ... ရှင့်ဘက်က ပြင်ဆင်ခွင့်ရသွားပြီပေါ့ ...

ကျေနပ်ပါတယ် ... မမချယ်မှုန်းထင် ...

လ,အတွက် ဒီအရှုံးဟာ မှတ်ကျောက်အတင်ခံရတဲ့ အရှုံးဆိုတာ တစ်နေ့နေ့မှာ မမချယ်မှုန်းထင်သိလာပါလိမ့်မယ် ... တကယ်ဆို လ,မှာ ချစ်သူမရှိပါဘူး ... ကိုကြီးတစ်ယောက်ကလွဲလို့ ဘယ်သူ့ကိုမှလည်း လ,မချစ်ခဲ့ဘူး ... ။

အဲဒါ ... လ,ရဲ့ မှန်သောသစ္စာစကားပါ ... ကိုကြီးရယ် ...

ကိုကြီးကို ဘယ်လောက်ပဲချစ်ချစ် ... အဆင့်အတန်းခွဲတဲ့ မာမီချိုရဲ့ လုပ်ရပ်တွေကို မခံစားနိုင်တော့လို့ ကိုကြီးကို မေ့ဖို့ လ,ကြိုးစားနေမိတာပါ ... ။

"ဟင် ... လ, ဘာစဉ်းစားနေတာလဲ ... ဒီမှာ ဒေါ်ဒွေးကို ဝိုင်းကူဦးလေ ... "

"ဩော် ... ဩော် ... ဟုတ်ကဲ့ ဒေါ်ဒွေး"

"ဟင် ... လ,ရယ် ... လ,ကိုကြည့်ရတာ ငေးငေးငိုင်ငိုင်လေးနဲ့ ဒေါ်ဒွေးအားမရလိုက်တာနော် ... နေမကောင်းရင် ဟိုအခန်းထောင့်က ခုံလေးမှာထိုင်နေလေ ... လုပ်စရာရှိတာတွေအားလုံးဒေါ်ဒွေးပဲ လုပ်လိုက်မယ် ... "

"ဟာ ... ရပါတယ် ဒေါ်ဒွေးရဲ့ ... လ,လုပ်နိုင်ပါတယ်၊ ခန်းဝင်ခြင်ထောင်ကြီးနဲ့ အိပ်ရာခန်းတွေ လ,ကိုပေး ... လ,ခင်းပေးမယ် ... "

လ,ခြင်ထောင် အပြာနုရောင်လေးနဲ့ အိပ်ရာခင်းအပြာရောင်လေးကို ဒေါ်ဒွေးလက်ထဲက ဆွဲယူလိုက်ပေမယ့် ရုတ်တရက်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းထဲမှာ မိုက်ခနဲဖြစ်သွားကာ ...

"ဟာ ... မူးလိုက်တာ ... "

"ဟင် ... လ ... လ"

လ,မခံစားနိုင်တော့လို့ အိပ်ရာလေးပေါ် လဲကျသွားခဲ့ပြီ။ အထိတ်တလန့် အော်လိုက်သံနှင့်အတူ လ,ကို ဒေါ်ဌေးပြေးဖက်လိုက်တာကို လ,သိလိုက်သည်။

"လ,သတိထား ... ဒေါ်ဌေး အနားမှာရှိတယ်"

"လ ... လ ရုတ်တရက်ခေါင်းမူးသွားလို့ပါ ဒေါ်ဌေး ... အား ... မူးလိုက်တာ ဒေါ်ဌေးရယ် ... "

"ဆေးခန်းသွားမှဖြစ်မယ် ... လ,ကို ဒေါ်ဌေးလိုက်ပို့မယ်"

"ရတယ် ... ဒေါ်ဌေး လ,အားနည်းသွားလို့ဖြစ်တာပါ"

လ,မအီမသာလေးနဲ့ပဲ မင်္ဂလာခန်းဝင် ခုတင်ကြီးကို အလှဆုံးလေးဖြစ်အောင် ပြင်ဆင်ပေးလိုက်သည်။

ဒေါ်ဌေးကတော့ ...

လ,မျက်နှာကလေးကို အရိပ်တကြည့်ကြည့်လေးနဲ့ပါ ...

ညနေပိုင်းရောက်တော့ ...

လ,တစ်ယောက်တည်း ဆေးခန်းသွားပြသည်။

ထွက်လာတဲ့ အဖြေက ...

လ,မှာ ကိုယ်ဝန်ရှိနေပြီတဲ့ ...

လ, အိမ်မပြန်ရဲတော့ဘဲ ရောက်သွားတာ ... နောင်တို့အိမ်ကလေးဆီကိုပါပဲ ...

"နောင်ရယ် ... လ,ကို ကယ်ပါ ... အဟင့် ဟင့်"

နောင်ကလည်း အိမ်မှာ တစ်ယောက်တည်း ... ။





နောင့်မေမေ ဒေါ်သန္တာစိုးက တရားခွဲဆီ

"ခင်ဗျား ... ခင်ဗျား ... ဘာဖြစ်လာတာလဲဟင်

လ, ဒီအချိန်က ကျွန်တော့်အိမ်ကို ခင်ဗျားလာလည်ရမယ့် အချိန်လား ... အပြင်မှာ မှောင်နေပြီဗျ ... "

နောင် လင်းလက်လကို ခင်ပေမယ့် ...

ပတ်ဝန်းကျင်က အထင်လွဲမှာတော့ နောင် မခံစားနိုင်။ နောင်က အမှန်တရားသမား ဘဝကိုလည်း ပြတ်ပြတ်သားသား ကျော်လွှားရင်ဆိုင်ရဲသူ ... ။

မဟုတ်တာ မမှန်တာ ဘာမှ မလုပ်ခဲ့ဘူး ... ။

"လ,လကို မောင်းမထုတ်ပါနဲ့နော် ... လ,အိမ်ကို မပြန်ချင်တော့လို့ နောင့်ဆီကို အပြေးထွက်လာခဲ့တာ ... "

"ဗျာ ... "

နောင် မျက်လုံးလေးပြူးကာ နှုတ်ခမ်းလေးတွေပါ ဝိုင်းဟသွားသည်။

လ,ကိုကြည့်ကာ နောင်ဘာပြောရမှန်းမသိ ... ။

လ,ကိုလက်ထပ်ပါ ... တဲ့ ... ။

"လ,လေ နောင့်ကို အားကိုးလို့ ... နောင့်ဆီကိုပဲ လ,ပြေးလာတာပါ ... နောင် လက်မထပ်ဘူးဆိုရင် လ,ရေထဲပဲ ခုန်ချပြီး သတ်သေလိုက်တော့မယ် ... "

"ဟာဗျာ ... မဆီမဆိုင် ကျွန်တော် လက်မထပ်တာနဲ့ပဲ ခင်ဗျားကိုယ် ခင်ဗျား သတ်သေစရာလား ... ခင်ဗျား ... ခင်ဗျား ဘာတွေဖြစ်လာသလဲဆိုတာ ... ကျွန်တော့်ကို အမှန်အတိုင်းပြောဗျာ ... ခင်ဗျားပြောမှ ကျွန်တော်ကူညီမယ် ... ကျွန်တော် ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



ကို ခင်ခဲ့တာလည်း ရိုးရိုးသားသား ခင်ခဲ့တာ ... ဦးနှောက်မစားပါနဲ့ဗျာ ... ကျွန်တော် တောင်းပန်ပါတယ် ... ”

နှောင် ... လ,ကိုကြည့်နေကာ ရိုးသားဖြူစင်သော စိတ်ထားလေးနဲ့ပါ ... လ,ကတော့ နှောင့်ကိုမကြည့်ရဲပါ။

နှောင့်ရှေ့မှာ မျက်နှာလေးအုပ်ကာ ရှိက်ငိုရင်း ဖြစ်ခဲ့သမျှတွေ အကုန်လုံး ဖွင့်ပြောလိုက်ဖို့ပဲ ... ဆုံးဖြတ်လိုက်မိသည်။

“လ,လ ... နှောင့်ကို လိမ်လည်း မလိမ်ရဲပါဘူး ... ညာလည်း မညာရဲပါဘူး ... အဟင့် ဟင့် ... အခုလေ ... လ,မှာ လ,မှာ ကိုယ်ဝန်ရှိနေလို့ ... ”

“ဘာ ... ဘာပြောတယ် လင်းလက်လ ... ”

နှောင် ထိုင်နေရာကနေ ဖုန်းခနဲထ,ရပ်လိုက်မိရပြီ ... ။

“ခင်ဗျားမှာ ... ကိုယ်ဝန်ဟုတ်လား၊ ခင်ဗျားပုံစံလေးနဲ့ ခင်ဗျားကို ... ခင်ဗျားကို ဘယ်သူစော်ကားလိုက်တာလဲဟင် ... လင်းလက်လ, ခင်ဗျား ကျွန်တော့်ကိုပြောစမ်းပါ ... အဲဒီကောင်ကို ကျွန်တော်အခုယူနိုင်းမယ် ... အဲဒီကောင်ကို ကျွန်တော် အခု လက်ထပ်နိုင်းမယ် ... ”

နှောင် ... ဒေါသဖြစ်ပေါက်ကွဲရတာ မျက်နှာလေးပါရဲလို့

လ,တဟင့်ဟင့်လေး ရှိုက်ရင်း ဖြစ်ခဲ့သမျှတွေအားလုံးကို နှောင် နားလည်အောင် အစ,အဆုံး ရှင်းပြလိုက်တော့ ... ။

“ဘုရားရေ ... ခင်ဗျားနဲ့ဖြစ်ခဲ့တာ ... ကိုကြီးဟုတ်လား၊ သူက ... အမူးလွန်နေလို့ ... ဒီလိုဖြစ်သွားတာကို မသိခဲ့ဘူးဆိုတော့ ခင်ဗျား ပြဿနာကို ဘယ်သူလာရှင်းတော့မှာလဲ ... ဟိုကလည်း လက်ထပ်ဖို့ ရက်ပိုင်းပဲလိုတော့တယ် ... ကျွတ် ... ခင်ဗျားဗျာ”





နှောင် တကယ်လည်း လ,အတွက် ... ယူကြုံးမရဖြစ်ကာ ခံစားနေရတာပါ ... လ,ပြောတာကတော့ သူပဲ အနှစ်နာခံ ရှောင်ပေးလိုက်တော့မယ်တဲ့ ... ။

“အဟင့် ... နှောင်ရယ် ... လ,ကို သနားရင် လ,ရှင်းပြတာလေးကို ဆုံးအောင်နားထောင်ပေးပါနော် နှောင် ... မာမီချိုက လ,နဲ့သဘောမတူတာ သိနေလို့ ... ယောကျ်ားတစ်ယောက်ကို အောက်ကျခံ လက်မထပ်ချင်တော့တာ ... အဲဒါ လ,ရဲ့မာနပဲလေ၊ နှောင် ... ပြီးတော့လည်း ဒီကိုယ်ဝန်ဟာ ကိုကြီးနဲ့နေခဲ့တာပါလို့၊ ဘယ်သူ့ကို သက်သေထားပြီး လ,ပြောရတော့မှာလဲ နှောင့်ဆီကိုပဲ လ,ထွက်လာခဲ့တာပါ နှောင်ရယ် ... အဟင့် ... ဟင့် ဟင့် ... ဒါကြောင့်မို့ ဒီကိုယ်ဝန်ဟာ နှောင်နဲ့ရတဲ့ ကိုယ်ဝန်ပါလို့ နှောင်ဝန်ခံပြီး လ,ကို ဟန်ဆောင်လက်ထပ်ပေးပါ ... ဒီအိမ်မှာ နှောင်ခိုင်းတာမှန်သမျှကို လ,လုပ်ပါ့မယ် ... အဝတ်လျှော်ဆိုလည်း လ,လျှော်ပါ့မယ် ... ထမင်းချက်ဆိုလည်း လ,ချက်ပါ့မယ် ... အဟင့် ဟင့် နှောင့်ကျေးဇူးကို လ,ဘယ်တော့မှ မမေ့ပါဘူး နှောင်ရယ်”

“ဝေါ့ ... ဝေါ့”

“ဟာ ... ဟာ ... လင်းလက်လ”

ရင်ထဲမှာ မခံစားနိုင်တော့လို့ ...

လ,ထိုးအန်လိုက်မိရပြန်ပြီ ... ။

နှောင့်မှာတော့ ... ပြူးပြူးပျာပျာကလေးနှင့် ... လရှေ့မှာ ဘာလုပ်လို့ လုပ်ရမှန်းလည်း မသိ။

တကယ်သနားဖို့ကောင်းနေတာ လင်းလက်လ ...

သူ့ကိုကြီး တိမ်တံခွန်ဆိုတဲ့ လူတစ်ယောက်ကို ငယ်ငယ်



www.burmeseclassic.com

www.burmeseclassic.com



လေးကတည်းက ချစ်လာခဲ့တာမှန်ပေမယ့် အရွယ်တွေရောက်လာတော့မှ ... မတူမတန်သလို ခွဲခြားဆက်ဆံခံလိုက်ရတာ လ,ကလည်း သူ့မာနလေးနဲ့သူပဲလေ ... ။

ဘာပဲပြောပြော ... ။

လ,နေတဲ့ တစ်ခြံလုံးက အပြင်မှာ လရှုပ်လို့ပွေလို့ ဒီကိုယ်ဝန်ရလာတယ်လို့ပဲ ... လက်ညှိုးငေါက်ငေါက်ထိုးပြီး ဝိုင်းပြောကြတော့မှာ ... ။ ဒါကို ကိုကြီးနဲ့ရခဲ့တာပါလို့ ... လ,ဘယ်လိုဖြေရှင်းရမလဲ ... ။

သူသား မင်္ဂလာပွဲကို အညိုးနဲ့ထောင်ချောက်ဆင် ဖျက်ပါတယ်ဆိုပြီး ခြံထဲကမောင်းထုတ်ခဲ့ရင်ရော လ,တို့သားအမိနှစ်ယောက် ဘယ်မှာသွားနေကြမလဲ ... ။

"တီ ... တီ"

"အိမ်ရှင်တို့ ရှိလားခင်ဗျာ ... အိမ်ရှင်တို့ ... "

"ဒါ ... နောင်နောင်ဇော်တို့ အိမ်ဟုတ်ပါတယ်နော်"

ထိုအချိန်မှာပဲ ...

အိမ်ပေါ်ကို တက်လာတဲ့ အသံတွေနဲ့ မျက်နှာတွေက ...

"ဟင် ... ကိုကြီး"

"ကဲ ... တွေ့ပြီနော် ... ကြီးမေ ... ကြီးမေ သမီးဘယ်လောက်ဆိုးတယ်ဆိုတာ ကျွန်တော်မပြောဘူးလား ... အိမ်ကနေအလစ်မှာ ခိုးထွက်သွားပြီး ဒီကောင်လေးနဲ့လာချိန်းတွေ့နေတာ"

တံခွန်ကတော့ ...

လ,ပျောက်သွားလို့ စိတ်ပူပြီး ကြီးမေနဲ့နှစ်ယောက်သား





လိုက်ရှာနေတာပါ ... နောက်ဆုံးမှာတော့ ထင်ထားတဲ့အတိုင်း နောင်နောင်ဇော်ဆိုတဲ့ ဟိုဖြူဖြူချောချော ကောင်လေးအိမ်မှာ ရောက်နေတာလေ ... ။

"လ,ရာ ... နင် ဘာလို့လူကြီးတွေကို စိတ်ပူအောင်လုပ်နေတာလဲဟင် ... ငါတို့က ဒီအိမ်အထိ လာရှာရတာ ... ဒီညီလေးကိုလည်း အားနာဖို့ကောင်းတယ် ... ညီလေး ခွင့်လွှတ်ကွာနော် ... သင်းလက်လကို ကိုယ်တို့ ပြန်ခေါ်သွားပါရစေ ... "

တံခွန်က တောင်းတောင်းပန်ပန်ပြောပေမယ့် ...

ကြီးမေကတော့ ထုံးစံအတိုင်း ...

"ညည်း ... ညည်း အခုပြန်လိုက်ခဲ့ ... "

"အား ... နာပါတယ် မေမေရဲ့"

ဒေါ်မြတ်လွန်းမေ စိတ်မထိန်းနိုင်တော့လို့ ဒင်းဆံပင်တွေကို ဆောင့်ဆွဲပစ်လိုက်တာ လ,အော်ရင် ... ခုံစောင်းလေးမှာ လဲကျသွားသည်။

"ဟာ ... မလုပ်ပါနဲ့ ကြီးမေရာ ... "

လ,ရှေ့ကနေ တံခွန်ဝင်ကာရပ်မိသည်။

နောင်ကတော့ စကားတစ်လုံးမှ ဝင်မပြောဘဲ ... ခေါင်းညိတ်ရိုက်လေးချကာ သည်အတိုင်းလေးပဲ ထိုင်လို့ ... လ,ကို သနားမယ့် သူလည်း ဘာတတ်နိုင်မှာလဲ ... အခု ပြန်ခေါ်သွားလည်း ... သူ့ဆီကိုပဲ ပြန်ရောက်လာမှာလေ ... ။

သူကတော့ ဆုံးဖြတ်ပြီးသားပါ ... ။

ဒီပြဿနာကို လ,ဘယ်လိုမှ မဖြေရှင်းနိုင်တော့ဘူးဆိုလည်း ...ကောင်းဆိုထားတဲ့ အချက်ကို သူဘက်က လိုက်လျောပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



ဖို့ပဲ ကျန်တော့တာပေါ့ ... ။

"ဟွန်း ... ညီလေးရာ တစ်မျိုးတော့မထင်ပါနဲ့ ... လ,က ငယ်ငယ်လေးကတည်းက ခြံထဲမှာ အမြဲဗိုလ်ကျပြီး နေလာတာဆို တော့ လ,ဆိုးသမျှဒဏ်ကို ကိုကြီးတို့က အမြဲခံလာရတာလေ ... ပြီးတော့လည်း ကိုကြီးက လ,ကိုအရမ်းချစ်တာ"

"အဟင့် ... "

လ,ရှိုက်သံလေးပေါ်လာတာ တံခွန်ရင်ထဲမှာ နင့်ခနဲတောင် ခံစားလိုက်ရသည်။ လ,ရယ် နင့်ချစ်သူနဲ့နင့်ကို ငါဘယ်တော့မှ မနှ ပါဘူး ... ပြောရရင် နင်ကမှ ငါ့ကို တကယ်မချစ်ခဲ့တာလေ ပြီးတော့လည်း နင့်ရင်ထဲက မောင်နှမစိတ်ကို ငါရိုက်မချိုးရက် ဘူး ... နင်မပူပါနဲ့ ... ကြီးမေကိုလည်း ငါနားချပေးမယ် ... ။

"ညည်း ... ညည်းမငိုနဲ့နော် မိလ ... "

ကားပေါ်ကို အတင်းဆွဲတင်တာ ဒေါ်မြတ်လွန်းမေပါ ... ခြံရှေ့မှာ ကားထိုးရပ်လိုက်တော့ ...

"ဟာ ... ဒီမှာ ... လ,ပြန်ပါလာပြီ ... မမချို ... "

ဒေါ်ငွေးက ဝမ်းသာအားရ တိုက်ဘက်ကိုလှည့်ကာ အော် ပြောနေသည်။

"အို ... လ,ကို တွေ့လာပြီလား ... "

ကားပေါ်က အဆင်းမှာပဲ ...

လ, ဝေ့ါခနဲ အန်ချလိုက်ပြန်ပြီ ... ။

"ဝေ့ါ ... "

"ဟာ ... လ"

လ,ကိုကြည့်ကာ ဒေါ်ငွေးမျက်တောင် မခတ်နိုင်တော့သ





ဒေါ်ပုံ့မွှေးချိုရော ဒေါ်မြတ်လွန်းမေပါ မျက်တောင်တွေပင့်လျက်။

"လ ... လ ... ဘာဖြစ်တာလဲ"

"ဟဲ့ ... လ, နေမကောင်းဘူးထင်တယ်၊ ဒေါက်တာ ထွန်း ပပကို အခုချက်ချင်း ဖုန်းဆက်စမ်း ... တံခွန် သွား သွား ... မင်း ကိုယ်တိုင် သွားဆက် ... "

"ဘုရား ... ဘုရား"

စိတ်ထဲက ကြိတ်ပြီး ဘုရားတနေတာ ဒေါ်ငွေးပါ ... ။

ဘုရားရှင်ကယ်တော်မူပါ ... ။

မိုးမီးလောင်မယ့် စကားတွေ ... ။

ဒီခြံထဲမှာ မကြားပါရစေနဲ့ ... ။

လ,လေးရယ် ...

ဒီစကားတွေ ကြားလာရရင်လည်း ...

မင်းလေးဘက်မှာ ဒေါ်ငွေးတစ်ယောက်လုံးရှိ ... ရှိ ... ။

"ဝေ့ါ ... ဝေ့ါ"

"အို ... လ,လေး"

ဒေါ်ငွေးက လ,လေးကို ပြေးပွေ့လိုက်ရပြီ ...

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၂၂ )

"အဲဒါ ... မိုက်ဦး"

"အဲဒါ ... မိုက်ဦး ... "

"ဖြန်း ... "

"ဖြန်း ... "

"အဟင့် ... "

ပါးပြင်လေးနှစ်ဖက်စလုံးပေါ် ခပ်ကြမ်းကြမ်းထိတွေ့ဖြတ်သန်းသွားသည့် လက်ဝါးရိုက်ချက်တွေကြောင့် နေရာလေးမှာတင် လ, ပုံလျက်သားလေး ခွေခေါက်လဲကျသွားသည်။

ဒါကိုကြည့်ပြီး မျက်နှာလွှဲသူက လွှဲသည်။

အံကြိတ်တောက်ခေါက်ရင်း ယူကြုံးမရဖြစ်နေတာ တိမ်ထဲ ခွန်ကလွှဲရင် ဘယ်သူရှိရဦးမှာလဲ ... ဒေါ်မြတ်လွန်းမေကတော့ အားလုံးရှေ့မှာ မျက်ဝန်းတွေနီစွေးလျက် ... ပိုးပိုးပေါက်ပေါက် ကျနေခဲ့ရတဲ့အဖြစ် ... ။

"မမမေရယ် ... လ,လေးကို မရိုက်ပါနဲ့ ... မဒွေး တောင်းပန်ပါတယ် ... အဟင့် ဟင့် ... "





ဒေါ်မွေးပါ ... မျက်ရည်ကျရပြီ ... ။

ဒေါ်ပုံ့မွေးချိုကတော့ ... လက်နောက်ပစ်ရင်း ဧည့်ခန်းမှာပဲ ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်လျက် ...

ကိုမောင်ကတော့ ဒေါက်တာထွန်းပပဆီက အဖြေကို သိပြီးတာနှင့် စကားတစ်လုံးမှ မပြောတော့ဘဲ ... အပေါ်ထပ်ကိုဘဲ ခေါင်းငိုက်စိုက်ချကာ တက်သွားသည်။

"မရိုက်လို့ရမလား ... မရိုက်လို့ရမလား ... ဒါ ဘယ်လောက်များ ရှက်ဖို့ကောင်းတဲ့ ကိစ္စလည်းဆိုတာ ... ဒင်းလေး စဉ်းစားမိရဲ့လားဟင် ... ပြောစမ်း ... မိလ ညည်း ... ညည်း ဘယ်သူနဲ့ ဖြစ်ခဲ့တာလဲ ... "

"မေရယ် ... ဒေါသကို ထိန်းစမ်းပါ ... လ,မှာလည်း ချစ်ရခင်ရမယ့်သူရှိနေလို့ ဒီကိစ္စတွေ ဖြစ်လာတာပဲ နေမှာပါ ... ချိုထင်တာတော့ အခု ... မေတို့ပြန်လိုက်ခေါ်လာတဲ့ အိမ်က ... နောင်နောင်ဇော်ဆိုတဲ့ ကောင်လေးနဲ့ဖြစ်လာတာ နေမှာပေါ့ ... ဟိုတစ်ခါ လ,လျှောက်သွားတုန်းကလည်း ဒီသူငယ်လေးပဲ ပြန်လိုက်ပို့တာလေ ... ဟုတ်လားဟင် ... လ, မာမီချိုကို အမှန်အတိုင်းပြောစမ်း"

ဒေါ်ပုံ့မွေးချို ဝင်မေးတာ အားလုံးသံသယရှင်းသွားအောင် ဝင်မေးတာပါ ... ။ ဒီလိုမှ မမေးရင် ကိုယ့်သားနဲ့လည်း ဘာလိုလို သံသယဖြစ်နေမှာလေ ... ဒီလိုတော့လည်း ဒေါ်ပုံ့မွေးချို အထင် မခံနိုင်ပါဘူး။ သားတံခွန်က ...

ချယ်နဲ့တင့်တောင်းတင့်တယ် ခမ်းခမ်းနားနား လက်ထပ် တော့မယ့်ဟာ ... ပြီးတော့ ကိုယ့်သားက မိဘက ဒါဆိုဒါ လိမ်လိမ် မာမာလေးနဲ့ ခေါင်းညိတ်ခဲ့သူ ... မိဘစကားကို မြေဝယ်မကျ နား



www.burmeseclassic.com

www.burmeseclassic.com



နှထောင်ခဲ့သူ … ။

သားနဲ့ချယ် … ဘယ်လောက်လိုက်ဖက်တဲ့ စုံတွဲလေးလဲ။

"အဟင့် … "

လ,ကတော့ ကြမ်းပြင်မှာ ဒူးကလေးထောက်ကာ ထိုင်ရင်း မျက်ရည်လေးသုတ်လို့ပါ … ဒါကို ဒေါ်ဌေးက လ,နောက်မှာ ထိုင်ပြီး ဆံပင်လေးတွေကို သပ်သပ်ရပ်ရပ်လေး ဖြစ်သွားအောင် ရှင်းထုတ် စုစည်းပေးသည်။

"လ,လေး … လ … "

"အဟင့် … "

မျက်ရည်ကိုလည်း လ,သုတ်ပါသည်။

တဟင့်ဟင့်လေးနဲ့ ခေါင်းလေးငုံ့ချကာ ရှိုက်ငိုပါသည်။

"ဟဲ့ … ပြောလေ … ညည်း အခုမှ ငိုချင်းချမနေနဲ့"

ဒေါ်ပျံ့မွှေးချိုဆီက ရက်ရက်စက်စက် အော်လိုက်သံ …

"လ … လ … ငိုတာ ဘယ်သူ့ကိုမှ လ,အသနားခံနေတာ မဟုတ်ပါဘူး … လ, လ သတ္တိရှိပါတယ် … လ အပြစ်ကိုလည်း လ,ခံရဲပါတယ် … "

"ဒီ … ဒီကိုယ်ဝန်က နောင်နဲ့ရတဲ့ … ကိုယ်ဝန်က … နောင် နောင်နဲ့ရတဲ့ ကိုယ်ဝန်ပါ … "

"ဘာ … ဘာပြောတယ် … နောင်နဲ့ ဟုတ်လား … တောက် … ငါ့ကွာ … "

"ဂုန်း … "

"ဒုန်း … "

"ဟာ … တံခွန် ဘာဖြစ်တာလဲ … ဘယ်သွားမလို့လဲ"





ချယ်ဝင်လာလာချင်း … တံခွန့်ဒေါသတကြီးထွက်သွားတာ မြင်လိုက်တော့ … ချယ်ဘာမှန်းမသိဘဲ ကပျာကယာ တားလိုက်မိတာ ဖြစ်သည်။ ချယ်က … အခုမှ ခြံထဲကိုရောက်လာတာပါ။

"ချယ် … မင်း မလိုက်နဲ့ … ဖယ်စမ်း"

ချယ်ကို တွန်းဖယ်ပြီး ကားစက်နှိုးကာ တံခွန်တစ်ယောက်တည်း မောင်းထွက်လာခဲ့တာ နောင်နောင်ဇော်ဆိုသည့် ဟိုပုဂ္ဂိုလ်လေးဆီကိုပါပဲ။ လ,ကို ကိုယ်က ချစ်ခွင့်မရခဲ့ပေမယ့် … ။

ဒီလို အခွင့်ရေးယူ စော်ကားခဲ့တာကိုတော့ တံခွန် ဘယ်လိုမှ ခွင့်မလွှတ်နိုင်ပါဘူး … စောစောကပဲ ဒီပုဂ္ဂိုလ်လေးရှေ့မှာ လ, အသနားခံ ငိုယိုပြောနေတာ တံခွန်ကိုယ်တိုင် မျက်ဝါးထင်ထင် တွေ့ခဲ့ရတာလေ … ။ စော်ကားတုန်းက စော်ကားပြီးမှ … ။

လက်မခံနိုင်ဘူးပြောလို့ လ,က ငိုယိုတောင်းပန်နေတာနေမှာပေါ့ … သူနဲ့ကြီးမေ ပြန်ခေါ်တော့လည်း နည်းနည်းလေးတောင် ကန့်ကွက်တားဆီးမှုတွေ မရှိဘဲ လ,ကို အသာတကြည်ပြန်ထည့်ပေးလိုက်တာလေ … ။

ဒါကို … ဒီကောင်နဲ့ … စာရင်း မရှင်းလို့ ရမလား … ။

လ,ရယ် … မင်းအတွက် ကိုကြီးမခံစားနိုင်တော့ဘူး သိလားကွာ။ ကိုကြီးဖြေလို့လည်း မရတော့ပါဘူး … ။

ခြံထဲက မောင်းထွက်လာစဉ်က ဝေါခနဲပူးခနဲ မောင်းထွက်လာခဲ့သလောက် … နောင်တို့ အိမ်လေးရှေ့မှာ ထိုးရပ်လိုက်တော့လည်း အရှိန်းပြင်းစွာနဲ့ ဝေါခနဲထိုးရပ်သွားခဲ့တာပင် … ။

သူ … ကားပေါ်ကနေ ဒေါသတကြီးဆင်းတော့ …

နောင်က … အိမ်တံခါးဝမှာ လက်ပိုက်ရပ်လျက် …



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ခင်ဗျား ... ဘာလာလုပ်တာလဲ ... ကိုကြီး ..."

"ဟော့ကောင် ... ငါ ဘာလာလုပ်တယ်ထင်သလဲ"

"ဟာ ... ဟာ ... ကိုကြီးနော် ... ခင်ဗျား"

သူ ... ဘာမပြောညာမပြောနှင့် နောင့်အင်္ကျီကော်လံစတွေကို စုချုပ်ကိုင်ပစ်လိုက်တော့ ... နောင့် မျက်နှာလေးက ဂရုမစိုက်သလိုလေးနှင့် နှုတ်ခမ်းကလေးတွေကပါ ... တွန့်မဲ့သွားသည်။

"မင်း ... မင်း ငါ့ကို မခိုးမခန့်လုပ်ပြမနေနဲ့ နောင်နောင်ဇော် ငါသိပ်ချစ်ခဲ့တဲ့ ငါသိပ်ကိုတန်ဖိုးထားခဲ့တဲ့ လင်းလက်လ,လေးကို မင်းစော်ကား အနိုင်ကျင့်ခဲ့တာ ... ငါ လုံးဝ မကျေနပ်လို့ မင်းဆီကို ငါပြန်လာတာလေ ..."

"ဘာပြောတယ်ဗျ ..."

"ဖြောင်း ..."

ရုတ်တရက် သူ့လက်တွေကို ပြတ်ပြတ်သားသား ဖြောင်း နဲ့ ရိုက်ချပြီး နောက်တစ်လှမ်းဆုတ် ရှောင်ထွက်သွားတာ နောင် နောင်ဇော်ပါ ...

ဒီလို အပြောခံလိုက်ရတာကိုလည်း နောင်က ... မခံစားနိုင်ပါ ... ။ လင်းလက်လဆိုတဲ့ ကောင်မလေးက အကူအညီတောင် လို့သာ ... နောင် ခေါင်းညိတ်သဘောတူခဲ့ရပေမယ့် တကယ်တမ်း ကျတော့ မတရားလုပ်တာကိုလည်း မခံချင် ... ။

နောင်က ဘယ်ကိစ္စပဲဖြစ်ဖြစ် ... ။

ရိုးရိုးသားသား ပြတ်ပြတ်သားသား ဖြေရှင်းတတ်သူ ...

ဘွင်းဘွင်းရှင်းရှင်း ပြောတတ်သူ ...

"ကိုကြီးနော် ... ခင်ဗျား စကားပြောရင် လူတစ်ယော





ဂုဏ်သိက္ခာကို ထိခိုက်ပြီး မပြောနဲ့နော် ... ဟိုတစ်ခါလည်း လမ်းပေါ်မှာ မမေးမမြန်းပဲ ကျွန်တော့်ကို ပေါ်တင်ကြီး သိပ်သွားတာ၊ ခင်ဗျားကို မေ့မယ်ထင်လို့လား ... ခုလည်း လာပြန်ပြီ၊ ငါချစ်တဲ့ ငါသိပ်ကို တန်ဖိုးထားတဲ့ လင်းလက်လကို စော်ကားအနိုင်ကျင့်တာ မခံချင်လို့တဲ့ ... ခင်ဗျား တော်တော်အပြောကောင်းတဲ့လူ ... ခင်ဗျားတော်တော် မျက်နှာပြောင်တဲ့လူ ..."

"မင်း ... မင်း ဘာပြောတာလဲ ဟော့ကောင် ... မင်း စကားပြောတာ ဆင်ဆင်ခြင်ခြင်ပြောစမ်း ... တိမ်တံခွန်ဆိုတာ ကိုယ့်ဂုဏ်သိက္ခာနဲ့ကိုယ် နေခဲ့တာ ... မင်းလို ချို့ချို့တဲ့တဲ့လေးနဲ့ လမ်းပေါ်မှာ လျှောက်သွားနေတာ မဟုတ်ဘူး ..."

"ဟား ... ဟား"

နောင်ရယ်ချလိုက်တာ ခွက်ထိုးခွက်လှန်လေးပါ။

ကိုကြီးရာ ... ခင်ဗျား ... တကယ်ရယ်ဖို့ကောင်းလိုက်တာဗျာ ... ဟာသပဲ ... ။

"ဟော့ကောင် ... မင်း မင်း မရယ်နဲ့နော် ..."

"ကိုကြီး ... ခင်ဗျား ရှေ့မတိုးနဲ့"

"တိုးတယ်ကွာ ... ဘာဖြစ်လဲ"

သူ တစ်လှမ်းထပ်တိုးလိုက်တော့ နောင်က တစ်လှမ်းထပ်ဆုတ်သွားသည်။

"ဒီမှာနောင် ... ငါ့ကိုကြည့်ပြီး ဟာသလုပ်မနေနဲ့ မင်းနဲ့ငါနဲ့ကြားမှာ ... ဟားတိုက်ရယ်နေစရာ အကြောင်းမရှိဘူး ... အရေးကြီးတာ လ,ခံစားနေရတဲ့ ပြဿနာကို မင်းဘယ်လိုတာဝန်ယူဖြေရှင်းပေးမလဲဆိုတာ သိချင်လို့ ငါလိုက်လာတာ ... မင်း လက်ထပ်ရ



www.burmeseclassic.com

www.burmeseclassic.com



မယ် ... လင်းလက်လကို သေတပန်သက်တစ်ဆုံး မင်းတာဝန်ယူရမယ် ... မယူလို့ကတော့ ဟောဒီမှာ လက်သီး ... "

"ဟား ... ဟား ... "

နောင် နောက်တစ်ကြိမ် ထပ်ပြီးတော့ ရယ်ချလိုက်ပြန်ပါပြီ ... ။

"မင်း ... မင်း"

ဒီကောင် အမူအယာနဲ့ ရယ်မောသံကို 'တံခွန်ဘယ်လိုမှ သည်းခံနိုင်စွမ်း မရှိတော့ပါ။ ဒါကြောင့်မို့ နောင့် အင်္ကျီကော်လံစ တွေကို နောက်တစ်ကြိမ် ဆွဲချုပ်ပစ်လိုက်တာ ... ထိုးဖို့ လက်ရွယ်ပစ်လိုက်တော့ ...

"အို ... အို ... သားတံခွန် ... မလုပ်နဲ့ ... မလုပ်နဲ့"

"ဟော့ကောင် ... တံခွန် မင်းအခုရပ်လိုက်စမ်း ... "

မထင်မှတ်ဘဲ အိမ်ပေါ်တက်လာကာ ...

ဒေါ်ငွေး ဦးဆောင်တဲ့ ခြံထဲက မိသားစုဝင်တွေ ...

ဒေါ်ပုံ့မွှေးချိုက ရှေ့ဆုံးကနေ တံခွန့်ကိုအတင်းဝင်ဆွဲသည်။ ဒက်ဒီမောင်က အထိတ်တလန့် အော်သံနှင့်အတူ တံခွန့်ကို လှမ်းတား၏။ ဒက်ဒီမောင့်နောက်မှာတော့ ...

ချယ်မှုန်းထင်ရော လ,ရော ... ဒေါ်မြတ်လွန်းမေရော အားလုံးကတော့ စိုးရိမ်ထိန့်လန့်နေကြတဲ့ မျက်ဝန်းကလေးတွေနဲ့ တံခွန်ထွက်သွားရာ နောက်ကို အသည်းအသန် လိုက်လာခဲ့ကြတာ ဖြစ်သည်။ တံခွန် ပြဿနာရှာနေမှာစိုးလို့ပါ ... ။

အားလုံးထဲမှာ ရင်အထိတ်ရဆုံးကတော့ လင်းလက်လ,ရယ်ပဲပေါ့ ... ။





"ကိုကြီးရယ် ... အဟင့် ဟင့် ... ဟင့် နောင့်ကို ပြဿနာမရှာပါနဲ့နော် ကိုကြီး ... လ,တောင်းပန်ပါတယ် ... ဒါတွေအားလုံးကို နောင်နဲ့လနဲ့ နှစ်ယောက်တည်း ရှင်းမယ် ... "

"လ, နင် ... ဘာမှ ဝင်မပြောနဲ့ နင့်ဘဝလေးကို ဒီကောင်ဖျက်ဆီးခဲ့တာလေ ... နင့်ကို ကြောရှုံကြဲချင်လို့ ဒီကောင်စော်ကားခဲ့တာ ... တော်တော် အရှက်မဲ့တဲ့ကောင် ... တော်တော် သိက္ခာမရှိတဲ့ကောင် ... "

"ခင်ဗျား လွန်ပြီနော် ... ကိုကြီး ... "

လူတွေ အများကြီးရှေ့မှာ အပြောခံလိုက်ရတော့ နောင်ရဲ့ သည်းခံနိုင်မှုတွေက ပျောက်ဆုံးသွားသည်။ တကယ်တမ်းကျတော့ ဒီဇာတ်လမ်းမှာ နောင် ဘယ်သူ့ကို အားနာနေစရာလိုသလဲ။

"ဒီမှာ ... ခင်ဗျားပြောတာကို ငြိမ်ခံနေလို့ ... နောင်နောင်ဇော်ဆိုတဲ့ ကျွန်တော်က အပြစ်မရှိတဲ့ လင်းလက်လ,ဆိုတဲ့ ကောင်မလေးကို စော်ကားထားတယ် ထင်နေလို့လား ... ဒီမှာ ခင်ဗျား ယုံထားလိုက် ... ကျွန်တော် ခပ်ပြတ်ပြတ်ပဲ ... ခင်ဗျားတို့အားလုံးကို အသိပေးမယ် ... လင်းလက်လကို စော်ကားတာ အရက်တွေ လူမှန်းသူမှန်း မသိအောင်သောက်ပြီး မူးရူးနေတဲ့ ကုမ္ပဏီပိုင်ရှင် သူဌေးသား အထက်တန်းစားက စော်ကားတာ ... "

"ဟာ ... နောင် ... အဲဒါ မပြောနဲ့လေ ... "

လ,လှမ်းတားပေမယ့် နောင်က မရတော့ပါ ... ။

လ,ပါးစပ်အဟောင်းသားကလေးနဲ့ပဲ ... နောင့် မျက်နှာလေးကို မျက်တောင်မခတ်ဘဲ ငေးကြည့်နေခဲ့ရပြီ ... ။

"မင်း ... မင်း ဘယ်လိုပြောလိုက်တာလဲ"

www.burmeseclassic.com



နားထောင်နေသူတွေအားလုံး အသက်ရှူမှားလျက် ... ။

"ဟာ ... ဘယ်လိုပြောရမှာလဲ၊ ခင်ဗျားကို ခပ်ရှင်းရှင်းပဲ ကျွန်တော်ပြောလိုက်တာလေ ... ဒါကို ခင်ဗျား မသိဘဲနဲ့ ကျွန်တော့်ကို စွတ်ပြီးတော့ သိက္ခာတွေချမနေနဲ့ ... ခင်ဗျားတစ်ခုပဲနားလည်ထားရမှာက ပိုက်ဆံမရှိလို့ ဆင်းရဲတိုင်း မြေကြီးပေါ်မှာ ကိုယ့်မာနနဲ့ကိုယ် ရပ်တည်နေတဲ့သူတွေ အများကြီး ... ကျွန်တော်ပြောမယ် ညနေက လင်းလက်လ ကျွန်တော့်ဆီကိုလာတာ ... အဲဒီ ကုမ္ပဏီပိုင်ရှင်သူဌေးသားက ချမ်းသာတဲ့ကောင်မလေး တစ်ယောက်နဲ့ လက်ထပ်တော့မှာမို့လို့ ... မင်္ဂလာပွဲပျက်မသွားအောင် ကျွန်တော့်ကို နာမည်ဝင်ခိုင်းနေတာ ... "

"ဟင် ... "

လ,တစ်ကိုယ်လုံးလည်း အေးစက်နေခဲ့ရပြီ ... ။

"ကျွန်တော်ကတော့ ရှင်းတယ် ... မဟုတ်တာ လုပ်တာလည်း ဝါသနာမပါဘူး ... ကဲ လင်းလက်လ, ခင်ဗျားကို အရက်မူးမူးနဲ့ စော်ကားသွားတာ ... ဘယ်သူလဲဆိုတာ ခင်ဗျားပွင့်ပွင့်လင်းလင်း ပြောလိုက် ... ခင်ဗျားဘယ်သူ့ကိုမှ ကြောက်နေစရာမလိုဘူး။ ခင်ဗျားပြောလို့မှ သူတို့လက်မခံရင် ခင်ဗျားကို ကျွန်တော်လက်ထပ်မယ် ... ခင်ဗျား ဗိုက်ထဲမှာ လွယ်ထားတဲ့ ရင်သွေးကို ဖခင်ရင်းတစ်ယောက်ထက်တောင် ပိုချစ်တဲ့ အချစ်တွေနဲ့ သေတပန်သက်တစ်ဆုံး ကျွန်တော်စောင့်ရှောက်သွားမယ် ... ကဲ ခင်ဗျားပြောလိုက် ... "

"ဟင့်အင်း ... ဟင့်အင်း ... အဲလို အမှန်အတိုင်းပြောရမယ်ဆိုရင် ရေထဲကိုပဲခုန်ချပြီး လ,ကိုယ်လ, သတ်သေပစ်လိုက်တော့





မယ် ... "

"ကဲ ... ခင်ဗျား မပြောရင် ကျွန်တော်ပဲပြောလိုက်တော့မယ် ... အဲဒီလူက တခြားလူတော့မဟုတ်ဘူး ... ခင်ဗျားပဲ ကိုကြီး၊ ခင်ဗျား သူငယ်ချင်းတွေနဲ့ မွေးနေ့ညမှာ လူမှန်းသူမှန်းမသိအောင် သောက်ပြီး ... လင်းလက်လ, အခန်းထဲမှာ ဝင်အိပ်ခဲ့တဲ့ညလေ၊ အဲဒီညက အဖြစ်အပျက်တွေကို ခင်ဗျား မသိတော့ဘူးလား ... ခင်ဗျားမေ့နေပြီလား ... "

"ဟော့ကောင် ... မင်း ... မင်း"

"ခွပ် ... ခွပ်"

"ဟာ ... တံခွန် ... မလုပ်နဲ့ မလုပ်နဲ့ ... "

လက်သီးချက်က ပြင်းပေမယ့် ... နောင်က ... လက်တုန့်မပြန်ဘဲ ... နှုတ်ခမ်းလေးမဲ့ကာ ဒီအတိုင်းပဲ စိုက်ကြည့်သည်။

"မင်း ... မင်း မဟုတ်တာတွေ လုံးဝမပြောနဲ့ ... ငါစော်ကားမိခဲ့တာမှန်ရင် ... လ,ကို လက်မထပ်ရဲစရာအကြောင်း ငါ့မှာမရှိဘူး ... "

"ဒါပေါ့ဗျာ ... သက်သေမရှိတော့ ခင်ဗျားပေါ်တင်ပဲ ငြင်းလို့ရသွားတာပေါ့ ... လ,ကလည်း ဒါကိုပဲ စိုးရိမ်ခဲ့လို့ ကျွန်တော့်ကို အကူအညီ လာတောင်းတာ ... ရပါတယ် ... ကိုယ့်တာဝန် ကိုယ်မယူရဲတဲ့ အောက်တန်းကျတဲ့ လူတစ်ယောက်နဲ့လည်း ကျွန်တော်ဆက်ပြီးတော့ စကားမပြောချင်တော့ဘူး ... လာ ... လင်းလက်လ, ခင်ဗျား ဒီနေ့ကစပြီး ကျွန်တော့်အိမ်မှာပဲ နေလိုက်တော့ ... ခင်ဗျားတို့ အားလုံးလည်း ကျွန်တော့်အိမ်ပေါ်ကနေ ... အခုဆင်းသွားကြတော့ ... "



www.burmeseclassic.com

www.burmeseclassic.com



"အဟင့် ... ဟင့် ... ဟင့်"

လ,ရဲ့ ရှိုက်သံလေးကသာ ကျယ်ကျယ်လောင်လောင်လေး ပေါ်ထွက်လို့ လာခဲ့ရပါပြီ ... ။ ထိုအချိန်မှာပဲ နောက်ထပ်ပေါ်လာတဲ့ စကားသံလေးက ...

"ဟုတ်တယ် ... တိမ်တံခွန် နောင်နောင်ဖော်ပြောတဲ့ စကားကို ဒေါ်ငွေးထောက်ခံတယ် ... ဒီလို ထောက်ခံလို့ ဒေါ်ငွေး အလုပ်ပြုတ်ချင်လည်း ပြုတ်ပါစေ ... အဲဒီညက မင်းပြန်မလာလို့ ဒေါ်ငွေးစောင့်နေတာ ... လ,တို့အိမ်ကလေးပေါ်ကို မင်းတက်သွားတာလည်း ဒေါ်ငွေးမြင်တယ် ... အရက်တွေမူးမူးနဲ့ မမှားသင့်တာတွေ မှားသွားတာလည်း ... ဒေါ်ငွေးသိတယ် ... နောက်ဆုံး ကုန်ကုန်ပြောရရင် ... ငြင်းဆန်နေတဲ့ လ,ရဲ့အသံလေး ပျောက်ကွယ်သွားပြီးတော့မှ ... တဟင့်ဟင့်လေးနဲ့ ရှိုက်ငိုနေတဲ့ အသံလေးအထိ ဒေါ်ငွေး နားနဲ့ ဆက်ဆက်ကြားခဲ့ရတယ်ဆိုရင် မင်းယုံလိုက်စမ်းပါ"

"ဘုရားရေ ... "

ချယ်မှုန်းထင်ဆီက ပေါ်ထွက်လာတဲ့ ဘုရားတ,သံလေး။

ဒေါ်ပုံ့မွေးချို မျက်လုံးတွေ ဝိုင်းလျှက် ... ။

"ရှက်ဖို့ကောင်းလိုက်တာ တံခွန်ရယ် ... ချယ် ... ချယ် အရမ်းရှက်တယ် ... လက်ထပ်ပွဲကို ဖျက်သိမ်းဖို့ ဒက်ဒီကို အခုပဲ ချယ် သွားပြောမယ် ... နင် ... နင် တကယ်ညို့ချက်ပြင်းတာပဲနော် လင်းလက်လ ... ဒီပွဲမှာ ငါရှုံးပါတယ် ... ကဲ ချယ်သွားတော့မယ် တံခွန် ... "

"ဟာ ... ချယ်လေး"

ငိုသံပါကြီးနဲ့ လှမ်းအော်လိုက်တာ ဒေါ်ပုံ့မွေးချို ...





"လ ... ရယ်"

လူကြီးတွေ ရှိနေတာကို သတိမထားမိတော့ဘဲ လ,ကို ပြေးဖက်လိုက်တာ တံခွန်ရယ်လေ ... ဒီလို ပြေးဖက်လိုက်တော့ ...

လ,ရဲ့ ခါးလေးကတော့ ခြေဖျားလေးကပါ မြောက်ကြွသွားသည်။

"ကိုကြီးရယ် ... အဟင့် ... ဟင့် ... ဟင့်"

"လ,ရယ် ... ကိုကြီးကို ဘာလို့ အမှန်အတိုင်းဖွင့်မပြောခဲ့တာလဲ ... ကိုကြီးက လ,မချစ်ဘူးထင်လို့ ... မာမီတို့ စီစဉ်တာကို လက်ခံခဲ့တာလေ ... "

"လ ... လ ... အရမ်းချစ်တာကို ကိုကြီးမသိဘူးလားဟင်"

"လ,ရယ် ... မင်း မင်း တကယ်ဟန်ဆောင်ကောင်းတယ် သိလားကွာ ... "

တံခွန် ကြည့်လိုက်တော့ ...

အိမ်ပေါ်မှာ လူကြီးတွေ တစ်ယောက်မှ မရှိတော့ပါ ... ။

"အဟွန်း ... ဟွန်း ... ဟွန်း"

ကျန်နေခဲ့တာ ... မခိုးမခန့်မျက်နှာလေးနဲ့ နောင်နောင်ဖော် တစ်ယောက်တည်း ... ။

"ဟေ့လူ ... ဒါ ကျွန်တော့်အိမ်နော် ... ကန်တော်ကြီးလည်း မဟုတ်ဘူး ... အင်လျားကန်လည်း မဟုတ်ဘူး ... ခင်ဗျားကို စိတ်တိုင်းကျ ချစ်ချင်ရင် အပြင်မှာ လွတ်လွတ်လပ်လပ် ထွက်ချစ်ကြ"

"နောင်ရာ ... ညီလေးရာ ... ကိုကြီး ညီလေးကိုတောင်းပန်ပါတယ်ကွာ"

"ရပါတယ်ဗျာ ... "



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးတို့ မင်္ဂလာပွဲမှာ ကိုကြီးကို ကူညီတဲ့အနေနဲ့ သတို့သားအရံလေး လာလုပ်ပေးပါလားကွာနော် ... ညီလေး"

"နေပါစေဗျာ ... ခင်ဗျားတို့ အဆင်ပြေသွားရင် ကျွန်တော်ကျေနပ်ပါပြီ ... ကဲ သွားတော့ဗျာ ... ခင်ဗျားတို့မသွားရင် ကျွန်တော်သွားတော့မယ် ... အဲဒီကျမှ အိပ်ခန်းထဲဝင်ပြီး အားရပါးရချစ် ..."

"ဟာ ... ညီလေး"

"နောင် ..."

ကဲ ... ဘယ်လိုလုပ်မလဲ ...

နောင်က ပေါ်တင်ကြီးထားခဲ့ပြီး ... ရှောင်ထွက်သွားတာလေ ...

"လှရယ် ... ကိုကြီး တကယ်ချစ်တယ်ကွာ"

"ဟာ ... ကိုကြီးနော် ..."

"တကယ်လည်း ညို့ချက်ပြင်းတဲ့ လင်းလက်လေ ...း ... ကဲ ... အဲဒါ ပြင်းဦး ပြင်းဦး ..."

"အို ... အို ..."

လှနှုတ်ခမ်းလေးကိုပဲ သူ တအားနမ်းလိုက်ပါပြီ ... "

စာချစ်ပရိသတ်အပေ... တို...

လေးစားချစ်ခင် ကျေးဇူးတ...

လွန်...

www.burmeseclassic.com